www.free4readers.com

The Speaker
သတင်းဂျာနယ်
news journal
Vol(2) No(43) ၁၃၈၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် (၁၀) ရက်
October ( 4 - 10 ) 2018

# ရန်ကုန်တိုင်းအစိုးရကို ဒေါက်ဖဲလှန်လိုက်သည့် စာရင်းစစ်ချုပ်အစီရင်ခံစာ

■ စာ (၁၅) သို့




## အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ငါးအကြီးကြီး နှစ်ကောင် ကြော်တော့မည်ဟု သတင်းထွက်ပေါ်

■ စာ (၂) သို့

## ရေဝတီဘဏ်သို့ ရှစ်ဘီလီယံနှင့် ကမ္ဘောဇဘဏ်သို့ ကျပ်သန်း ၅၅၀၀ ပြန်ဆပ်ရန်အတွက် လူပုဂ္ဂိုလ်အရ ချေးထားခြင်းကြောင့် ရန်ကုန်တိုင်းလွှတ်တော် သဘောမတူ

■ စာ (၅) သို့

## ဆောက်လုပ်ရေးလုပ်ငန်းရှင်များကို အခွန်လျှော့ကောက်ရန် စီစဉ်နေဟုဆို

■ စာ (၄) သို့

## နိုင်ငံတော်အလံ အလေးမပြုသူများကို ထောင်သုံးနှစ်နှင့်အထက် ချမှတ်နိုင်

■ စာ (၄) သို့

## သမ္မတဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည် Facebook သုံးစွဲခြင်း မရှိ

■ စာ (၃) သို့

## နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီးသန့်တွေ့ဆုံ ဟု သတင်းထွက်ပေါ်

■ စာ (၃) သို့

## ပိုးလေးတစ်ကောင်နဲ့ နှင်းဆီတစ်ပွင့်

ဦးဝင်းထိန်

သမ္မတကတော်အတွက် နှင်းဆီပန်းခူးတဲ့ အချိန်ဟာ အလွန်ဆုံးကြာလှ ငါးမိနစ်ပေါ့။ အဲဒီ အချိန်ကလေးကပဲ သမ္မတ CDH ရဲ့အသက်ကို ကယ်လိုက်တာပါ . . .

■ စာ (၁၂) သို့

## ပြည်သူ့ရင်ပြင် သဘာဝဥယျာဉ်ကမ္ဘာ မြေငှားရမ်းမှု နိုင်ငံတော်မှ ၁၂ ဘီလီယံနစ်နာ

■ စာ (၃) သို့

Amazing Chaung Tha Resort
A Taste of Paradise

Amazing Chaung Tha Resort ရဲ့ 50% Discount

October လ ပရိုမိုးရှင်းလေးအဖြစ် အခန်းအမျိုးအစားအားလုံးကို 50% Discount လျှော့ချပေးနေတာဖြစ်တဲ့အတွက် အတန်ဆုံးဈေးနှုန်းတွေမို့ လက်လွှတ်မသွားသင့်သည့် အခွင့်အရေး

[01st to 15th Oct 2018]

Room Rate Starts from 40,000Ks/45,000Ks per room/night
*(inclusive tax & Breakfast)*



အမှန်အကန်တန်လွန်းတဲ့အတွက် အခန်းလွှတ်မသွားရအောင် အခုပဲ ဘိုကင်လုပ်နိုင်ပါပြီရှင့် . . .

Reservation : 09 777 123 700, 09 777 123 800, 09 777 123 900

www.free4readers.com

# နိုင်ငံတော်ဘဏ္ဍာငွေများကို မိမိထင်သလို သုံးစွဲထားခြင်းကြောင့် တိုင်းဒေသကြီးအစိုးရသည် ပေးအပ်ထားသည့် အာဏာကို ကျော်လွန် အသုံးပြုနေကြောင်း ဒေါ်စန္ဒာမင်း ပြော

နိုင်ငံတော်ဘဏ္ဍာငွေများကို မိမိထင်သလို သုံးစွဲထားခြင်းကြောင့် တိုင်းဒေသကြီးအစိုးရသည် ပေးအပ်ထားသည့် အာဏာကို ကျော်လွန်အသုံးပြုခြင်းဖြစ်ကြောင်း ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်စန္ဒာမင်းက ထောက်ပြပြောဆိုလိုက်သည်။

"၆၄ဘီလီယံ၊ ၇၀ဘီလီယံကို လွှတ်တော်မှာ တောင်းခံစဉ်အခါက ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ရင်းနှီးမြှုပ်နှံငွေ ထည့်ဝင်ကာ စီးပွားရေးလုပ်ငန်းတွေ လုပ်ဆောင်မယ်လို့ ပြောဆိုတင်ပြပြီး တောင်းခံထားတာဟာ ယခုစာရင်းစစ်ချုပ် အစီရင်ခံစာအရ သိရှိလိုက်ရတာကတော့ YMD ကုမ္ပဏီဟာ Project တွေ လုပ်ဆောင်ရန်အတွက် Initiative Cost တွေသုံးထားတာကို တွေ့ရှိရပါတယ်၊ ဥပမာအားဖြင့် အခမ်းအနားနဲ့ အခြားကုန်ကျစရိတ်အတွက် ၅၉ သန်း၊ လူမှုရေးကုန်ကျစရိတ်အတွက် ၁၉၅ သန်း၊ စာရင်းစစ်ကြေးကုန်ကျငွေအတွက် ၃၃ သန်း စသည်ဖြင့် မြေပြင်မှာတော့ မည်သည့်လုပ်ငန်းမှ လုပ်ဆောင်ပေးခြင်းမရှိဘဲနဲ့ ၁၀၇၇.၃၅ သန်းကို သုံးစွဲပြီးနေကြောင်း တွေ့ရှိရပါတယ်။ ဒီလိုသာ စီးပွားရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံခြင်းမလုပ်ဘဲ အခြေခံအကြောင်းတွေအတွက် အသုံးပြုလိုက်မယ်ဆိုရင် ၆၄ ဘီလီယံကနေ ကျွန်မတို့ အကျိုးအမြတ်ပြန်လည်ရရှိဖို့ လမ်းမမြင်ပါဘူး"ဟု ၎င်းကပြောသည်။

ဆက်လက်၍ ဒေါ်စန္ဒာမင်းက "ထို့အတူ လွှတ်တော်မှ ခွင့်ပြုချက်ပေးထားခြင်းမရှိတဲ့ NYDC ကုမ္ပဏီဟာ ဝင်ငွေရရှိမှုလုံးဝမရှိသေးဘဲ လစာစရိတ်က သန်း ၅၀၊ အထွေထွေ စရိတ်ကတော့ ခုနစ်သန်း၊ City Plan စရိတ်က ၃၂ သန်း၊ NYDC ကို Lunch လုပ်တဲ့စရိတ်က သုံးသန်း၊ NYDC နှင့် C4 ကုမ္ပဏီ Sign ထိုးတဲ့စရိတ်က တစ်သန်း၊ စုစုပေါင်း ၉၃သန်း သုံးစွဲထားပြီးတော့ Cash In Land တော့ ၁၁.၁၂၁ သန်း ကိုင်ဆောင်ထားခြင်းဟာ နိုင်ငံတော်ဘဏ္ဍာငွေတွေကို မိမိထင်သလို သုံးစွဲထားခြင်းဖြစ်တာကြောင့် တိုင်းဒေသကြီးအစိုးရဟာ ပေးအပ်ထားတဲ့အာဏာကို ကျော်လွန်ပြီး အသုံးပြုခြင်းဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြလိုက်ပါတယ်"ဟုပြောသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့၌ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်ရဲ့ ဖြည့်စွက်ရန်ပုံငွေမှ တောင်းခံထားသော ၆၄ ဘီလီယံ၊ ဘီလီယံ ၇၀ နှင့် ပတ်သက်၍ ဒေါ်စန္ဒာမင်းက ဆက်လက်ဆွေးနွေးရာတွင် ထည့်သွင်း ပြောဆိုခြင်းဖြစ်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ရန်ကုန်မြို့သစ်တည်ဆောက်ရေးလုပ်ငန်းအား အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၅၁ ရာခိုင်နှုန်းထည့်ဝင်ကာ ရန်ကုန် Yangon Metropolitan Development Co.Ltd ဖွဲ့စည်းရန်အတွက် ၆၄ ဘီလီယံကို တောင်းခံခဲ့ရာ လွှတ်တော်မှ YMD အတွက် ၆၄ ဘီလီယံကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် မဟာရန်ကုန်မြို့တော်သစ် တည်ဆောက်ရေး အကောင်အထည် ဖော်ဆောင်ရွက်ရန် အတွက် လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရန် ယနေ့ထက်တိုင် အခွင့်အရေးမပေးသေးဘဲ အစိုးရကတော့ ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သော ကုမ္ပဏီအဖြစ် New Yangon Development Co.Ltd (NYDC) ကို တည်ထောင်ခဲ့ကြောင်း ဒေါ်စန္ဒာမင်းက ထပ်မံပြောသည်။

"စာရင်းစစ်ချုပ်ကြီးတင်ပြထားချက်အရ NYDC ကုမ္ပဏီဟာ ၆၄ဘီလီယံထဲက နေပြီးတော့ ၁၀ဘီလီယံကို အသုံးပြုရန် လွှဲအပ်ပေးထားကြောင်း တွေ့ရှိရပါတယ်။ ၎င်းကိစ္စအတွက်လည်း လွှတ်တော်ကို ခွင့်ပြုချက် တောင်းခံခြင်း မရှိကြောင်း တွေ့ရှိရပါတယ်"ဟု ၎င်းက ပြောသည်။ ရန်ကုန် Yangon Metropolitan Development Co.Ltd (YMD) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအရ နိုင်ငံတော်၏ မတည်ငွေနှင့် ပါဝင်ဖွဲ့စည်းမည့် ကုမ္ပဏီဖြစ်သည့်အလျောက် ၁၉၅၀ ပြည့် အထူးကုမ္ပဏီ အက်ဥပဒေအရ YMD ကို ဖွဲ့စည်းထားကြောင်း လွှတ်တော်သို့ တင်ပြထားခြင်းရှိကြောင်း၊ ၁၉၅၀ ပြည့်အထူးကုမ္ပဏီ အက်ဥပဒေပုဒ်မ ၄ အရ နိုင်ငံတော်သမ္မတက သဘောတူ ခွင့်ပြုသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကုမ္ပဏီဖွဲ့စည်းမှုကို ပုဒ်မ၄ အရ သမ္မတ၏ ခွင့်ပြုမိန့်ရရှိခြင်း ရှိ၊ မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေါ်စန္ဒာမင်းက မေးမြန်းထားသည်။

"အစုရှယ်ယာများကို အစိုးရအဖွဲ့ ကိုယ်စား အစုရှင်များအဖွဲ့အဖြစ် ဦးမြင့်သောင်း၊ ဒေါ်နီလာကျော်၊ ဦးမျိုးအောင်ဌေး၊ ဒေါ်မေမေသွယ်၊ ဦးမြင့်နိုင်၊ ဦးဝင်းအောင် စသည်ဖြင့် အမည်နာမများဖြင့် နိုင်ငံတော်ရဲ့ အစုရှယ်ယာတွေကို ခွဲဝေယူထားတာဟာ ဘယ်လိုမှမသင့်တော်တဲ့ကိစ္စဖြစ်သလို အစိုးရအဖွဲ့ကိုယ်စား အစုရှင်များထဲမှာ စီးပွားရေးလုပ်ငန်းရှင် ဦးဝင်းအောင်ကို ထည့်သွင်းထားခြင်းဟာလည်း အထူးကုမ္ပဏီအက်ဥပဒေပုဒ်မ၄အရ ကုမ္ပဏီရဲ့ ပထမအဖွဲ့ဝင်များအဖြစ် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ခွင့်ပြုမိန့်ရရှိထားခြင်း ဖြစ်ပါသလားလို့ လွှတ်တော်ဥက္ကဋ္ဌကြီးက တစ်ဆင့် မေးမြန်းလိုက်ရပါတယ်"ဟု ၎င်းက ဆိုသည်။

စာရင်းစစ်ချုပ်သည် တိုင်းဒေသကြီးအစိုးရ၏ ရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်းအဖွဲ့အစည်းတစ်ရပ်လုံး၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ စစ်ဆေးဆောင်ရွက်ဆောင်ရွက်နိုင်မှုမရှိခြင်းဟု တင်ပြထားကြောင်း သို့သော် ၆၄ဘီလီယံ၊ ဘီလီယံ ၇၀ တို့သည် နိုင်ငံတော်ဘဏ္ဍာငွေများ ဖြစ်သည့်အတွက် ဆုံးရှုံးမှုမရှိစေရန် စာရင်းစစ်ချုပ်ကြီးမှ အသေးစိတ်စစ်ဆေးပေးစေလိုကြောင်း ဒေါ်စန္ဒာမင်းက တိုက်တွန်းပြောဆိုသည်။

မိမိတို့နိုင်ငံတွင် PPP စနစ်ကျင့်သုံးမည်ဆိုပါက ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များ မရှိသေးခြင်းကြောင့် ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရန် ထိန်းချုပ်မှုခက်ခဲခြင်းများ ဖြစ်လာနိုင်ကြောင်း၊ တိုင်းဒေသကြီးအစိုးရမှ ပြည်သူ့ဘဏ္ဍာငွေများကို အများပိုင်ကုမ္ပဏီများဖွဲ့စည်း၍ စိတ်ကြိုက်သုံးစွဲနေခြင်းများကြောင့် စာရင်းစစ်ချုပ် အစီရင်ခံစာအရ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများနှင့် ညီညွတ်မှုမရှိသော သုံးစွဲမှုများအတွက် အများပိုင်ကုမ္ပဏီများဖွဲ့စည်း တည်ထောင်ခြင်းကို ခွင့်မပြုသင့်ကြောင်း ဒေါ်စန္ဒာမင်းက တင်ပြထားသည်။

ကိုငှက်ခါး

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ငါးကြီးကြီး နှစ်ကောင်ကြော်တော့မည်ဟု သတင်းထွက်ပေါ်

ရန်ကုန်၊ အောက်တိုဘာ ၂

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ငါးကြီးကြီးနှစ်ကောင်ဖြစ်သည့် ပြည်ထောင်စုဝန်ကြီးနှစ်ဦးကို အရေးယူတော့မည်ဟု NLD ပါတီနှင့်နီးစပ်သည့် အသိုင်းအဝိုင်းမှ ကြားသိရသည်။



"ပြည်ထောင်စု ဝန်ကြီးနှစ်ဦးကို အရေးယူတော့မယ်လို့ ကြားပါတယ်။ အခုနာမည်ထွက်နေတဲ့သူတွေပါ။ Facebook မှာလည်း သူတို့ရဲ့ ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်လို့ ဝေဖန်ခံရတဲ့သူတွေ ဖြစ်ပါတယ်"ဟု NLD ပါတီနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ရန်ကုန်တိုင်းဥပဒေချုပ် အပါအဝင် ခြောက်ဦးကို အဂတိလိုက်စားမှုဖြင့် အမှုဖွင့်ခဲ့ပြီးနောက် အလားတူ အရေးယူမှုမျိုး ထပ်မံရှိလာနိုင်သေးကြောင်း ယခုရက်ပိုင်းအတွင်း ပြည်တွင်း မီဒီယာတစ်ခုနှင့် တွေ့ဆုံမေးမြန်းမှုတွင် ထည့်သွင်းပြောကြားခဲ့သည်။

"ဘယ်ပြည်ထောင်စု ဝန်ကြီးတွေလဲ ခင်ဗျ။ ကျွန်တော်တို့မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှ ဆောင်ရွက်နေတာ မရှိပါဘူး"ဟု အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ ပြောရေးဆိုခွင့်ရှိသူ ဦးကျော်စိုးက ပြောသည်။

NLD အစိုးရလက်ထက်တွင် ပြည်ထောင်စုဝန်ကြီးအချို့၏ လုပ်ကိုင်ဆောင်ရွက်ပုံများနှင့် ပတ်သက်၍ ဝေဖန်မှုများထွက်ပေါ်နေပြီး ဝန်ကြီးအပြောင်းအလဲများ ပြုလုပ်မည်ဆိုသည့် သတင်းများလည်း မကြာခဏ ထွက်ပေါ်လာလေ့ရှိသည်။ TTS






www.free4readers.com



# နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီးသန့်တွေ့ဆုံဟု သတင်းထွက်ပေါ်

ရန်ကုန်၊ အောက်တိုဘာ ၂

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် နေပြည်တော်၌ စက်တင်ဘာလ တတိယပတ်အတွင်းက သီးသန့်တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးနှင့် နီးစပ်သည့် အသိုင်းအဝိုင်းမှ သိရသည်။

အဆိုပါတွေ့ဆုံမှုကို တရားဝင်သတင်း ထုတ်ပြန်ခြင်းမရှိသော်လည်း နိုင်ငံတော်တွင်း ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရလဒ်ကောင်းများ ရရှိအောင် ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

"အောင်မြင်တဲ့ တွေ့ဆုံဆွေးနွေးမှုလို့ ပြောလို့ရပါတယ်။ ထပ်တွေ့ဖို့လည်း ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဂျပန်သွားပြီး ပြန်လာရင် ထပ်တွေ့ဖို့ရှိတယ်လို့ သိထားပါတယ်"ဟု နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးနှင့် နီးစပ်သူတစ်ဦးက Speaker သို့ ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တွင် ပြုလုပ်မည့် မဲခေါင်-ဂျပန် ထိပ်သီးညီလာခံသို့ တက်ရောက်ရန်နှင့် ဖူကူရှီးမားစီရင်စု နယ်မြေရှိ စိုက်ခင်းများသို့ သွားရောက်လေ့လာရန်အတွက် ဂျပန်နိုင်ငံသို့ ခြောက်ရက်ကြာခရီး သွားရောက်မည်ဖြစ်ကြောင်း Japan Today သတင်းဌာန၏ ဖော်ပြချက်အရ သိရှိရသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသည့် ဘင်္ဂါလီများအရေးနှင့် ပတ်သက်၍ နိုင်ငံတကာ၏ ဖိအားပေးမှုများကို ရင်ဆိုင်နေရချိန်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ အောင်မြင်စွာ တွေ့ဆုံနိုင်ခဲ့မှုသည် နိုင်ငံတော်အတွက် အားတက်စရာဖြစ်ကြောင်း မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်သူများက ဆိုသည်။

နန္ဒမျိုးဆောင်

# သမ္မတဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည် Facebook သုံးစွဲခြင်း မရှိ




ရန်ကုန်၊ အောက်တိုဘာ ၂

နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့အနေဖြင့် Facebook သုံးစွဲခြင်း မရှိသေးကြောင်း နိုင်ငံတော်သမ္မတရုံးနှင့် နီးစပ်သည့် အသိုင်းအဝိုင်းမှ သိရသည်။

"လက်ရှိအချိန်မှာ သမ္မတကြီးလည်း Facebook မသုံးပါဘူး။ ဒေါ်အောင်ဆန်းစုကြည်လည်း မသုံးပါဘူး။ သမ္မတကြီးက လွှတ်တော်ဥက္ကဋ္ဌဘဝတုန်းက သုံးတယ်လို့ သိရပါတယ်။ သမ္မတဖြစ်ပြီးမှ မသုံးတော့ဘူး။ ဒေါ်အောင်ဆန်းစုကြည်ကတော့ အစကတည်းက မသုံးပါဘူး။ ဒါပေမဲ့လည်း ဒေါ်အောင်ဆန်းစုကြည် နာမည်နဲ့ ဖွင့်ထားတဲ့ Facebook အကောင့်တွေ၊ Page တွေ အများကြီးရှိပါတယ်။ တချို့အကောင့်တွေဆိုရင် Like နှစ်သန်းလောက်အထိ ရှိပါတယ်။ ဆိုးဆိုးရွားရွား မတင်တဲ့အတွက် ဒီအတိုင်းပဲထားပါတယ်"ဟု သမ္မတရုံးနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် Facebook သုံးစွဲခြင်း မရှိသော်လည်း သရုပ်ဆောင်အောင်ရဲထွေး အသတ်ခံရမှုမှ တရားခံများကို လွှတ်ပေးခြင်းကဲ့သို့ လူအများစိတ်ဝင်စားသည့် ဖြစ်စဉ်မျိုးကို ၎င်းတို့နှင့်ရင်းနှီးသော ဆက်ဆံရေးရှိသည့် Facebook သုံးစွဲသူများထံမှ သိရှိရလေ့ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သတ်မှတ်ထားသည့် စံနှုန်းများနှင့် မကိုက်ညီဟုဆိုကာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ Facebook အပါအဝင် တပ်မတော်နှင့်သက်ဆိုင်သည့် Facebook အကောင့် ၅၀ ကျော်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၇ ရက်တွင် Facebook Team မှ ပိတ်သိမ်းခဲ့သည်။

TTS

# ပြည်သူ့ရင်ပြင် သဘာဝဥယျာဉ်ကမ္ဘာ မြေငှားရမ်းမှု နိုင်ငံတော်မှ ၁၂ ဘီလီယံ နစ်နာ



ရန်ကုန်၊ အောက်တိုဘာ ၂

ပြည်သူ့ရင်ပြင်မှ သဘာဝဥယျာဉ် ကမ္ဘာမြေ ငှားရမ်းမှု ၁၂ ဘီလီယံ နစ်နာမှုရှိကြောင်း ဒဂုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောသည်။

"Natural World သဘာဝဥယျာဉ်ကမ္ဘာကို ၇၆ဒသမ၃၆ဧက ငှားထားတယ်။ ၂၀၀၉ ခုနှစ်က စငှားတယ်။ စာချုပ်တောင် မရှိဘူး။ ၂၀၁၂ ကျမှ စာချုပ်ချုပ်ပြီးတော့ ငှားတယ်။ တစ်လကို သိန်း၂၀၊ ကျွန်တော်တို့က နည်းပါတယ်။ ခင်ဗျဆိုပြီး ဆွေးနွေးတော့ အခုကျတော့ ၂၀၁၈ မှာတော့ ပြည်သူ့ငွေစာရင်းရဲ့ အစီရင်ခံစာအရ တစ်လကို သိန်းတစ်ထောင်လောက်တော့ ရနေတယ်။ သို့သော်ဒီရငွေဟာ နည်းသေးတယ်တဲ့ စာရင်းစစ်ချုပ်ကြီးက အစီရင်ခံထားတယ်။ ၁စတုရန်းပေကို ၁၇၇ကျပ်ပဲ တွက်ထားတယ်။ တကယ်ပေါက်တာက ဒဂုံမြို့နယ်မှာ ၁စတုရန်းပေကို တစ်ထောင်ကျပ် ပေါက်တယ်။ ဒါကြောင့် အများကြီးနစ်နာတယ်။ ဘယ်လောက်နစ်နာသလဲ။ တစ်လကို မြန်မာငွေ ၁ဘီလီယံ နစ်နာတယ်။ အနည်းဆုံး ၁၂ ဘီလီယံ၊ စာရင်းစစ်ချုပ်ပြထားတာက ၁၄ ဘီလီယံ၊ ကျွန်တော်သေချာတွက်ကြည့်တော့ ၁၂ ဘီလီယံလောက် နစ်နာတယ်။ အများကြီးနစ်နာပါတယ်"ဟု ၎င်းကပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေများတွင် မြေအဆောက်အအုံ၊ ဆိုင်ခန်းငှားခများမှာ အများဆုံးဖြစ်ပြီး မြေကို နှစ်ရှည်ငှားရမ်းထားသည့်အထဲတွင် ပြည်သူ့ဥယျာဉ်၊ မြကျွန်းသာ၊ ကန်တော်ကြီးကရဝိက်၊ ရွှေခင်းသာ၊ ရုပ်ရှင်ရုံများကို မြေနှစ်ရှည် ငှားရမ်းထားသော်လည်း ကာလပေါက်ဈေးထက် လျော့နည်းနေကြောင်း သိရသည်။

"ဒီဟာတွေက ယခင်အစိုးရလက်ထက်ကနေ ပွင့်လင်းမြင်သာစွာ မရှိဘဲနဲ့ စာချုပ်ချုပ်ပြီး တင်ဒါမရှိ၊ ဘာမရှိနဲ့လုပ်ခဲ့တဲ့ဟာတွေ၊ ကျွန်တော်တို့ အစိုးရလက်ထက်မှာ ပြောင်းလဲချိန်တန်ပါပြီဆိုတာ ဒါတွေဟာ ပြောင်းလဲဖို့လိုပါမယ်။ ဒီလိုငှားရမ်းမှုတွေကို ဌာနဆိုင်ရာ အမှီအခိုကင်းတဲ့ Thard Party ငှားရမ်းပြီးတော့ ပြန်လည်သုံးသပ်ဖို့လိုပါတယ်ဆိုပြီး ပြပါတယ်။ ဝန်ကြီးက အဲဒီအစီအစဉ် မရှိပါဘူးတဲ့ ကျွန်တော်အများကြီး ဝမ်းနည်းပါတယ်။ ဒါတွေဟာ နိုင်ငံရဲ့ဘဏ္ဍာတွေ ဆုံးရှုံးနေတာပါ၊ ရုပ်ရှင်ရုံတွေဆိုလည်း နည်းနေတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ နှစ်ရှည်ငှားရမ်းထားတဲ့ မြေအဆောက်အအုံ၊ ဆိုင်ခန်း၊ ရုပ်ရှင်ရုံတွေ ပြန်လည်စိစစ်ဖို့လိုပြီ"ဟု ဦးကျော်ဇေယျက ပြောသည်။

အောက်တိုဘာလတစ်ရက်က ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစီအစဉ်၌ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဦးကျော်ဇေယျက အထက်ပါအတိုင်း ထပ်ဆင့်ဆွေးနွေးသုံးသပ်အကြံပြုခဲ့ခြင်းဖြစ်သည်။

ကိုငှက်ခါး



HOTEL AKIMOMI (ASEAN Green Hotel Standard 2018 Award Winner Hotel)
No.126, Khay Mar Street, Qtr.(6), Pyin Oo Lwin, E-mail:hotelakimomi.myanmar@gmail.com
Tel: (+95) 85-2021185, 09-777583774, 09-961674204, Face book Page: Hotel AKIMOMI

အေးချမ်းသာယာပြီး လည်ပတ်စရာ စုံလင်လှတဲ့
ပြင်ဦးလွင်မြို့လေးမှာ HOTEL AKIMOMI ရှိတယ်နော်....
သီတင်းကျွတ်အားလပ်ရက်မှာ အရောက်လာဖို့
Discount များနဲ့ စောင့်မျှော်နေပါရစေနော်.....

THADINGYUT Promotion !
10% to 15 % Discount

အခန်းရရန်သေချာဖို့အတွက်
အမြန်ဆက်သွယ်အခန်းယူလိုက်ပါနော်....
၀၈၅-၂၀၂၁၁၈၅ / ၀၉-၇၇၇၅၈၃၇၇၄ / ၀၉-၉၆၁၆၇၄၂၀၄

www.free4readers.com

# ရခိုင်နိုင်ငံရေးက ထိလွယ်ရှလွယ် အရမ်းများကြောင်း ဦးစိုင်းညွန့်လွင် ပြော



**ရန်ကုန်၊ အောက်တိုဘာ ၁**

ရခိုင်နိုင်ငံရေးသည် ထိလွယ်ရှလွယ် အရမ်းများကြောင်း နိုင်ငံရေး ဆောင်ရွက်နေသူ ဦးစိုင်းညွန့်လွင်က စက်တင်ဘာ ၃၀တွင် ကျင်းပသည့် မဟာပညာကျော်စကားဝိုင်း "ရခိုင်အရေး အဖြေဘယ်လိုရှာမလဲ "ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ဆွေးနွေးတယ်ဆိုတာ အကျိုးကိုပြောတာ မဟုတ်ပါဘူး။ အပြစ်ရှာရတယ်။ အပြစ်ရှာတယ်ဆိုတာ အပြစ်ပြောဖို့ မဟုတ်ပါဘူး။ ပြုပြင်ဖို့ပါ။ ရိုးရိုးနဲ့ ရှင်းရှင်းပြောရရင် ရခိုင့်နိုင်ငံရေးက ထိလွယ်ရှလွယ်တဲ့အနေအထားရှိတယ်။ ထိလွယ်ရှလွယ်အရမ်းများတယ်။ ကျွန်တော့်စိတ်ကူးကတော့ ရခိုင်နဲ့ ပတ်သက်ပြီးတော့ ပြဿနာဖြစ်နေတာ။ တစ်နှစ်၊ နှစ်နှစ်လောက်ရှိပြီ။ ဆွေးနွေးပွဲတွေလည်း အများကြီးနားထောင်နေရတယ်။ စာတမ်းတွေလည်း အများကြီးဖတ်ရတယ်။ အဲ့ဒီအထဲကမှ ဘယ်သူမှ မဆွေးနွေးသေးတာကို ဆွေးနွေးချင်တယ်။ ကျွန်တော်တို့နိုင်ငံမှာ စစ်ပွဲတွေမဖြစ်တဲ့ ဒေသက ရခိုင်ဒေသ ပါပါတယ်။ အကြီးကြီးမဖြစ်တာ။ လူအသေပျောက် ရာကျော်မဖြစ်ခဲ့တာ ရခိုင်ဒေသ ပါတယ်။ ဖြစ်ခဲ့တဲ့ကိစ္စတွေကလည်း တဖြည်းဖြည်းနဲ့ အနောက်တံခါးကြီး ကျိုးသွားပြီဆိုပြီးတော့ ပြောနေတယ်။ ရပ်မသွားဘူး။ တဖြည်းဖြည်းနဲ့ တစ်ပြည်လုံးက ပြဿနာဖြစ်လာတယ်။ တစ်ပြည်လုံးက တာဝန်ယူရမယ့် အပိုင်းဖြစ်လာတယ်။ ဒီထက်လည်း မကဘူး။ နိုင်ငံတကာ အခြေအနေမျိုး ရောက်အောင် ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေ ရှိတယ်။ ဆောင်ရွက်နေတဲ့လူတွေ ရှိတယ်။ အဲ့ဒီလိုမျိုးတွေ ဖြစ်နေတယ်။ ဒါက နိုင်ငံရေးကို နားလည်တဲ့သူ၊ ကမ္ဘာ့သမိုင်းကို နားလည်းတဲ့သူတွေအတွက်တော့ အင်မတန် စိုးရိမ်စရာကောင်းတယ်တဲ့ အနေအထားပါ။ အဲ့ဒီကနေပြီးတော့ စီးပွားရေးမှာ ထိခိုက်လာတာတွေ ဖြစ်လာတယ်။ ကျွန်တော်တို့ရဲ့ အဓိကအားနည်းတာက မီဒီယာအားနည်းတာလည်း ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

ရခိုင်အရေးအားဖြေရှင်းရာတွင် မနက်ဖြန်၊ သန်ဘက်ခါအတွက် မစဉ်းစားဘဲ နောင်နှစ်ပေါင်းငါးဆယ်အတွက် ထည့်စဉ်းစားရန် လိုအပ်ကြောင်း၊ ရခိုင်အရေးအား ခံစားချက်ဖြင့် မစဉ်းစားစေချင်ကြောင်း ၎င်းက ထပ်မံ ပြောကြားခဲ့သည်။

"ရခိုင်အရေးကို ဖြေရှင်းတဲ့အခါမှာ ကျွန်တော်တို့အားလုံးက ရခိုင်ကိစ္စကို စဉ်းစားတဲ့အခါမှာ ခံစားချက်နဲ့ မစဉ်းစားစေချင်ဘူး။ ဒါကအင်မတန်အရေးကြီးတဲ့ကိစ္စ ဖြစ်တယ်။ ဒေါသနဲ့ မစဉ်စားဖို့၊ မဆုံးဖြတ်ဖို့၊ မလုပ်ဖို့ ဒါက အရေးကြီးပါတယ်။ ကျွန်တော်တို့ ပထဝီအပြောင်းအလဲတောင် ဖြစ်နိုင်တဲ့ အနေအထားတွေ ရှိနေတဲ့အတွက် မျိုးသိပ်နိုင်သလောက် မျိုးသိပ်ထားဖို့ ကျွန်တော်အမြင်ပြောချင်တယ်။ ကျွန်တော်တို့ ရင့်ကျက်ဖို့ လိုတယ်။ မနက်ဖြန်၊ သန်ဘက်ခါအတွက် မစဉ်းစားဘဲနဲ့ နောက်နှစ်ပေါင်းငါးဆယ်အတွက် စဉ်းစားဖို့ လိုပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်တွင် နေထိုင်သည့် လူဦးရေမှာ နည်းပါလားကြောင်း၊ ပင်လယ်နှင့် နီးစပ်ပြီး လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်မှုများသော်လည်း ရခိုင်လူမျိုးများ မရှိဘဲ အခြားသောသူများ လုပ်ကိုင်နေသည်ကို တွေ့ရှိရကြောင်း၊ ယနေ့တွင် ရခိုင်စာပေအားပြန်လည်လုပ်ကိုင်သင့်ကြောင်း၊ ရခိုင်စာပေတစ်ခုအား ပြန်လည် ဖွံ့ဖြိုးအောင်လုပ်ကိုင်ပါက တဖြည်းဖြည်း စုစည်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကာလရှည်ကြာစွာ မရတဲ့အတွက် သူတို့ရဲ့ ပြဿနာက ဖက်ဒရယ်ပြဿနာကို ဖြေရှင်းပေးဖို့ လိုအပ်တယ်လို့ မြင်ပါတယ်။ ရခိုင်မှာရှိတဲ့ လူငယ်တွေအနေနဲ့လည်း လက်နက်ကိုင်တိုက်ခက်မှုတွေ ရပ်စဲပြီးတော့ ပြည်တွင်းမှာ ပူးပေါင်းဆောင်ရွက်မှုတွေ အကောင်းဆုံးဖြစ်စေချင်တဲ့အခါမှာ အခြေခံဥပဒေကတကယ့် ဒီမိုကရေစီ ဖက်ဒရယ်၊ ဒီမိုကရေစီပြည်ထောင်စုတစ်ခုကို တည်ထောင်နိုင်တဲ့ ဖက်ဒရယ် တည်ထောင်နိုင်မယ့် အခြေခံဥပဒေ ဖြစ်လာမယ်ဆိုရင်တော့ လက်နက်ကိုင်တိုက်ခိုက်မှုတွေ လျှော့ချနိုင်ပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်ဘောင်ကို ချဲ့နိုင်မယ်လို့ ပြောချင်ပါတယ်"ဟု နိုင်ငံရေးလေ့လာသူဦးမောင်မောင်စိုးက ပြောကြားခဲ့သည်။

အဆိုပါ မဟာပညာကျော်စကားဝိုင်း "ရခိုင်အရေးဘယ်လို အဖြေရှာမလဲ" ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူ့အခွင့်အရေးများကို နိုင်ငံရေးလေ့လာသူ ဦးမောင်မောင်စိုး၊ နိုင်ငံရေးလုပ်ဆောင်သူ ဦးစိုင်းညွန့်လွင်၊ ABSDF ဗဟိုကော်မတီဥက္ကဋ္ဌရဲဘော်သံခဲတို့မှ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မှူး**

# ရောဝတီဘဏ်သို့ ရှစ်ဘီလီယံနှင့် ကမ္ဘောဇဘဏ်သို့ ကျပ်သန်း ၅၅၀၀ ပြန်လည်ပေးဆပ်ရန်အတွက် လူပုဂ္ဂိုလ်အရ ချေးထားခြင်းကြောင့် ရန်ကုန်လွှတ်တော် သဘောမတူဟု ဆို

**ရန်ကုန်၊ အောက်တိုဘာ ၁**

ရောဝတီဘဏ်သို့ ရှစ်ဘီလီယံနှင့် ကမ္ဘောဇဘဏ်သို့ ကျပ်သန်း ၅၅၀၀ ပြန်လည်ပေးဆပ်ရန်ရှိသော ငွေများမှာ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းကို ကျော်လွန်၍ မိမိသဘောဖြင့် လူပုဂ္ဂိုလ်အရ ချေးထားသော ငွေများဖြစ်သောကြောင့် လွှတ်တော်မှ သဘောမတူကြောင်း ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဒေါ်စန္ဒာမင်းက ပြောသည်။

"ခရီးသည်တင်ယာဉ် သယ်ယူပို့ဆောင်ရေး အများပိုင်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံရန်အတွက် လွှတ်တော်မှ ဘီလီယံ ၇၀ ခွင့်ပြုပေးခဲ့ပါတယ်။ သို့သော် မော်တော်ယာဉ်အစီးရေ ၁၀၀၀ ဝယ်ယူခြင်းအတွက် တိုင်းဒေသကြီးအစိုးရရဲ့ ထည့်ဝင် ငွေကျပ် ဘီလီယံ၇၀ နဲ့ လုံလောက်မှု မရှိပါသဖြင့် ရောဝတီဘဏ်မှ ရှစ်ဘီလီယံ ချေးငှားပြီး ထပ်မံဝယ်ယူရတယ်လို့ ဖော်ပြထားပါတယ်။ ကျောင်းကားအစီး ၂၀၀ ဝယ်ယူဖို့အတွက်လည်း ကမ္ဘောဇဘဏ်မှ ကျပ်သန်း ၅၅၀၀ ချေးထားတာကို တွေ့ရှိရပါတယ်။ တိုင်းဒေသကြီး အစိုးရအနေဖြင့် ခွင့်ပြုငွေမလုံလောက်၍ ထပ်မံလိုအပ်သဖြင့် အခြားမှ ငွေချေးယူရမည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀အရ လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ဆက်လက်၍ ဒေါ်စန္ဒာမင်းက" ရောဝတီဘဏ် ကမ္ဘောဇဘဏ်တွေကနေ ချေးငွေရယူထားခြင်းကို လွှတ်တော်ရဲ့ ခွင့်ပြုချက်မပါရှိတာကြောင့် ရောဝတီဘဏ်သို့ ရှစ်ဘီလီယံပြန်လည်ပေးဆပ်ရန်နှင့် ကမ္ဘောဇဘဏ်သို့ ငွေကျပ် သန်း၅၅၀၀အား ပြန်လည်ပေးဆပ်ရန်အတွက် အများပြည်သူ ဘဏ္ဍာငွေများနဲ့ ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုထားတဲ့ ခရီးသည်ယာဉ် သယ်ယူပို့ဆောင်ရေး အများပိုင် ကုမ္ပဏီမှာ လုံးဝ တာဝန်မရှိပါကြောင်းနှင့် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းကို ကျော်လွန်ပြီး မိမိသဘောဖြင့် လူပုဂ္ဂိုလ်အရ ချေးထားသော ငွေများဖြစ်ပါသောကြောင့် ပြန်လည်ပေးဆပ်ရန် လွှတ်တော်မှသဘောမတူပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်"ဟု ၎င်းကပြောသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဒေါ်စန္ဒာမင်းက ထည့်သွင်းပြောဆိုခြင်း ဖြစ်သည်။

ထို့အပြင် ငွေပင်လယ်စက်မှုဇုန် လုပ်ငန်း လုပ်ဆောင်ရန်အတွက် တင်ဒါခေါ်ယူ ရွေးချယ်ပြီး ၂၀ ရာခိုင်နှုန်း ကြိုတင်ငွေ ပေးချေထားသည့်ကိစ္စမှာ ပရိုစီဂျာတွေကို ကျော်လွန်ပြီး လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ဒေါ်စန္ဒာမင်းက ထပ်မံပြောဆိုသည်။

"ငွေပင်လယ်စက်မှုဇုန်လုပ်ငန်း လုပ်ဆောင်ရန်အတွက် တင်ဒါခေါ်ယူရွေးချယ်ပြီး ၂၀ရာခိုင်နှုန်းကြိုတင်ငွေ ပေးချေထားသည့်ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးလိုပါတယ်။ ၎င်းငွေပင်လယ်စက်မှုဇုန်လုပ်ငန်း လုပ်ဆောင်ရန် လွှတ်တော်ကို အသေးစိတ် တင်ပြထားခြင်း မရှိသလို လွှတ်တော်မှခွင့်ပြုချက်လည်း မရရှိသေးတဲ့အပြင် မြေပြင်မှာသိမ်းယူထားတဲ့ မြေတွေအတွက်လည်း လျော်ကြေးငွေကိစ္စ အပြီးအပြတ် မရှင်းလင်းရသေးပါဘူး။ အခြားနည်းသုံးစွဲခွင့်လည်း မရရှိသေးပါဘူး။ MIC ခွင့်ပြုမိန့်လည်း မရရှိသေးတဲ့အပြင် စက်မှုဇုန်တွေလည်း မရရှိသေးပါဘူး။ သို့သော်လည်း နိုင်ငံတကာတင်ဒါတွေခေါ်ယူ ရွေးချယ်ပြီး လုပ်ငန်းလုပ်ဆောင်ဖို့ ၂၀ရာခိုင်နှုန်း ကြိုတင် ငွေပေးထားခြင်းဟာ ပရိုစီဂျာတွေကို ကျော်လွန်ပြီး လုပ်ဆောင်နေခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်"ဟု ၎င်းကဆိုသည်။

Yangon Metropolitan Development Co.Ltd (YMD) ကုမ္ပဏီအတွက် ရန်ကုန်တိုင်း အစိုးရ၏ အစုရှယ်ယာ မတည်ရင်းနှီးငွေတွေထဲမှ မိမိစိတ်ကြိုက်အသုံးပြုနေခြင်းက ပြည်သူ့ဘဏ္ဍာငွေတွေကို စည်းမျဉ်းစည်းကမ်းအတိုင်း မသုံးစွဲခြင်းကြောင့် နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေတွေ ဆုံးရှုံးသွားနိုင်သည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ ဆုံးရှုံးသွားပါက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကိုယ်စားYMD ကုမ္ပဏီတွင် တာဝန်ယူထားသော ဒါရိုက်တာအဖွဲ့မှ ဆုံးရှုံးသွားသည့် ပြည်သူ့ဘဏ္ဍာငွေများအတွက် တာဝန်ခံရန် လိုအပ်ကြောင်း ဒေါ်စန္ဒာမင်းက ဆွေးနွေးတင်ပြသည်။

**ကိုငှက်ခါး**

# အဆိုမအောင်မြင်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် အစိုးရ အလုပ် လုပ်၊ မလုပ် စောင့်ကြည့်သွားမည်ဟု တိုင်းကိုယ်စားလှယ် ဦးညွန့်ရွှေ ပြော

**ပဲခူး၊ အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး အမှတ်(၁) မဲဆန္ဒနယ်မြေ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ရွှေသည် ကျင်းပဆဲ ဒုတိယအကြိမ် တိုင်းဒေသကြီး လွှတ်တော် စက်တင်ဘာ ၁၀ ရက် ပထမနေ့တွင် လွှတ်တော်သို့ အဆိုတစ်ရပ် တင်သွင်းခဲ့သည်။ ထိုအဆိုအား လွှတ်တော်၌ ဆွေးနွေးရန် မသင့်ဟု ဆိုကာ မဲခွဲဆုံးဖြတ်ကြပါသည်။

ထိုသို့မဲခွဲဆုံးဖြတ်ရာတွင် လွှတ်တော်ကိုယ်စားလှယ် ၇၀ ကျော်တွင် ထောက်ခံမဲ ၂၀၊ ကန့်ကွက်မဲ ၄၀ ဖြင့် ၎င်းအဆိုအား လွှတ်တော်၌ ဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြစ်၍ မည်သို့သော အဆိုဖြစ်၍ ဆွေးနွေးရန် မသင့်ကြောင်း လွှတ်တော်က ဆုံးဖြတ်ရပါသလဲဟု လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ရွှေက မေးမြန်းသည့်အခါ "လွှတ်တော် သက်တမ်းတစ်လျှောက် ဒီလိုမျိုး ကျွန်တော်တစ်ခါမှမဖြစ်ခဲ့ဘူး။ အခု ကန့်ကွက်တယ် ဆိုတာကလည်း ကိုယ့်လူတွေ NLD ပဲ။ ကျွန်တော် တင်သွင်းတဲ့အဆိုက သက်တမ်းလွန် မြေပေးမိန့်တွေကို အပြီးတိုင် ပယ်ဖျက်ပေးဖို့ အဆို ဖြစ်ပါတယ်။ ဒါကို ဘာကြောင့် ကန့်ကွက်ကြတာလဲဆိုရင် ဒီအဆိုဟာ ယခင်ကလည်း အလားတူတင်ထားဖူးတာ ရှိတယ်။ အစိုးရကလည်း လုပ်ပါမယ်လို့ ကတိကဝတ်တွေ ပေးထားလို့ ဆွေးနွေးရန် မသင့် ကန့်ကွက်တယ်ဆိုပြီး ကိုယ့်လူတွေက လုပ်ကြတာလို့ ကျွန်တော် သိရတယ်။

ဒါပေမဲ့ ယခင်အဆိုနဲ့ ယခုအဆို သဘော သဘာဝတူချင်းတူမယ်။ အဓိပ္ပာယ်ကတော့ မတူဘူး။ ဒါကို သူတို့ မသိကြဘူး" ဟု ဦးညွန့်ရွှေက ဆိုသည်။

ယခင်အောင်မြင်ထားသည့် အဆိုပေါ်မှာရော တိုင်းဒေသကြီး အစိုးရအနေဖြင့် မည်မျှ လုပ်ဆောင်ခဲ့ပြီလဲဟု မေးမြန်းသည့်အခါ " ပွင့်ပွင့်လင်းလင်း ပြောရရင် မယ်မယ်ရရ ဘာမှ မမြင်သေးလို့ ဒီအဆိုကို ထပ်ပြီးတင်ရတာလေ။ သူတို့ကတော့ လုပ်နေပါတယ်လို့ ပြောတာပဲ။ အခြားမကြည့်နဲ့ ပဲခူးမြို့နယ်ကိုပဲကြည့်။ အဲဒီမြေပေးမိန့်တွေကြောင့် ပြည်သူတွေ ဒုက္ခရောက်နေတာ အများကြီးပဲ။ စက်ရုံဆောက်မယ်။ အလုပ်ရုံဆောက်မယ် ဆိုပြီး လျှောက်လွှာတင်တာနဲ့ မြေပေးတယ်။ စာချုပ်မှာက အကန့်အသတ်ရှိတယ်။ ဘယ်နှလနေရင် အကောင်အထည် ဖော်ရမယ်။ မလုပ်ရင် မဖော်ဆောင်ရင် မြေပြန်သိမ်းမယ်ပေါ့။ အရင်အစိုးရလက်ထက်ကတည်းက စက်ရုံအလုပ်မြေနေရာတွေ အခုထိ ဘာမှမလုပ်သေးဘူး။ စာချုပ်သက်တမ်းလည်း လွန်နေပြီ။ ဒါတွေဟာ သိမ်းရမှာပေါ့။ ခုဆို အဲ့ဒီလူတွေက မြေဈေးကောင်းတော့ ပိုင်းပြီး ရောင်းစားနေကြတယ်။ အဲဒါ ခင်ဗျားတို့လည်း အသိပဲ။ သူတို့ပြောသလို လုပ်၊ မလုပ် ဟုတ်၊ မဟုတ် ဆိုတာ အဆိုရှုံးပေမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေနဲ့ စောင့်ကြည့်ရဦးမှာပေါ့ဗျာ"ဟု ဆိုသည်။

မြေပြဿနာ၊ လယ်ပြဿနာများနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရ (သို့မဟုတ်) ဝန်ကြီးချုပ်သည် တိတိကျကျ ပြတ်ပြတ်သားသား ဆောင်ရွက်ပေးခြင်း မရှိဟု ပြည်သူများ၏ ဝေဖန်မှုနှင့် ပတ်သက်၍ လွှတ်တော် ကိုယ်စားတစ်ဦးအနေဖြင့် ဘယ်လိုမြင်ပါသလဲဟု ဆက်လက်၍ မေးမြန်းသည့်အခါ"ဝေဖန်တာ ပြည်သူမှန်ပါတယ်။ ကျွန်တော်ဆိုလည်း ဒီလိုပဲ ဝေဖန်မှာပဲ။ လွှတ်တော် မြေသိမ်း၊ လယ်သိမ်းကိစ္စတွေနဲ့ ပတ်သက်လို့ ဘယ်လိုပင် ဆုံးဖြတ်ပြီး တင်ပြပေမယ့် အခုထက်ထိ ဘာမှ ထိထိရောက်ရောက် ဆောင်ရွက်တာမရှိသေးတော့ ပြည်သူတွေ စိတ်ပျက်တာပေါ့ဗျာ။ စီမံကိန်းတွေ ချနေတာပဲ ရှိတယ်။ ပွင့်လင်းရာသီမှာ ဟံသာဝတီခေတ် ကျုံးတွေ ဖော်မယ်။ မြို့ရိုးကြီးကို ပြန်ပြုပြင်မယ်ဆိုတဲ့ အသံတွေ ကြားနေရပါတယ်။ ကဲဗျာ ခုဆို အဲဒီမြို့ရိုးနဲ့ ကျုံးအတွင်းမှာ ကျူးတွေက အိမ်ခြေ နှစ်ထောင် လောက်ရှိနေပြီ။ ဒါတွေကို ဘယ်လို ဖြေရှင်းမလဲ။ နို့တစ်တွေက ဖယ်ရှားပေးဖို့ ထုတ်လိုက်တာ မနှစ်ကတည်းက အခုထိ တစ်အိမ်တောင် မဖယ်သေးဘူး။

ဒါ့ပြင် လယ်မြေတွေပေါ်မှာ ခွင့်ပြုချက်မရှိဘဲ အိမ်တွေ ဆောက်၊ ရွာတည်နေကြတဲ့ ပြဿနာတွေကို ဘယ်လိုရှင်းမလဲ။ အစိုးရ အလုပ်မလုပ်တာ ဝန်ကြီးချုပ် တိကျပြတ်သားမှု မရှိတာတွေဟာ ပါတီရဲ့ ပုံရိပ်လည်း ကျဆင်းရပါတယ်"ဟု တိုင်းဒေသကြီး လွှတ်တော် ဦးညွန့်ရွှေက ပြောသည်။

ပဲခူးတိုင်းဒေသကြီး တိုင်းလွှတ်တော်မှ မြေကိစ္စ၊ လယ်ကိစ္စ၊ စားကျက်မြေကိစ္စများ အပါအဝင် အောင်မြင်ပြီး အဆိုပေါင်း တစ်ထောင်ကျော် တိုင်းဒေသကြီး အစိုးရသို့ တင်ပြထားရာ ဆယ်ခုကျော်ကျော်သာ ဆောင်ရွက်ရသေးကြောင်း သိရသည်။

**နန္ဒာသားစစ် (ဟသ်ာ)**

www.free4readers.com


The SPEAKER သတင်းဂျာနယ်
news journal

အယ်ဒီတာချုပ် - အွန်လိုင်းဝဏ္ဏ
wunna.online@gmail.com
တာဝန်ခံအယ်ဒီတာ - နှင်းမောင်ဦး
ဥပဒေအကြံပေး - ဦးသိန်းသန်းဦး
(တရားလွှတ်တော်ရှေ့နေ)
B.Sc(R.L)
- ဦးနေလ
(B.A Law)LL.B
အကြီးတန်းသတင်းထောက် - သက်မှူး
- ဇော်ဇော်ထွန်း(ရွှေထီး)
- ကိုဘုန်း
- ကိုငှက်ခါး
နယ်သတင်းထောက် - ထန်းထန်း(မဲဇလီ)
- နေမင်း
- ပေါ်ဦး
ဓာတ်ပုံအယ်ဒီတာ - ဇော်မင်းနိုင်(ဒီပဲယင်း)
မန္တလေးသတင်းအဖွဲ့ - ယဉ်ယဉ်ခန့်(တာဝန်ခံ)၊
- ဖြိုးအိနိုင်
စာပြင် - ဇောဝင်းနိုင်
လိုဂို - ဒီဇိုင်းသိန်းလွင်
ဒီဇိုင်း - မျိုးမင်း (တာဝန်ခံ)
- ခိုင်မျိုးလွင်
- မင်းခန့်
နေပြည်တော်သတင်းအဖွဲ့ - အေးအေးဟန်
- သဋ္ဌာထွန်း
- သီဟရဲရင့်(ဖြန့်ချိရေး)
အမှတ်(၄၀၅)၊ ချယ်ရီလမ်း၊
- ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်။
ဖုန်း- ၀၉ ၉၇၇၇၄၈၅၅၅
၀၉၇၇၇၇၄၉၅၅၅
ကြော်ငြာ - နန့်ဂျိုးစလင်းဂျွန်
၀၉ ၉၇၁၉၃၁၇၃၃
- နော်ဂလိုရီယာ
၀၉ ၂၅၄၄၁၀၄၉၂
ထုတ်ဝေသူ - ဦးဝဏ္ဏ (၀၁၉၀၁)
အမှတ်(၂၂)၊ ဦးဖိုးရွှေလမ်း၊
ဆရာစံမြောက်
(အနောက်ရပ်ကွက်)
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ် - အလင်္ကာဝတ်ရည်
(၀၀၉၇၈)
အမှတ်(၁၃၅)၊
လုံးသွယ် (၁)လမ်း၊
(၂၉)ရပ်ကွက်၊
သုဝဏ္ဏမြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချိရေး - ဇော်ဇော်ထွန်း၊ ဖြိုးကိုကို
ဖုန်း - ၀၉ ၇၈၀၉၄၉၉၉၇
၀၉ ၇၇၃၈၉၁၄၈၄
ရန်ကုန်ရုံးအဖွဲ့ - ဖြိုးဖြိုး

အမှတ်(၅)၊ ပုညဝဇ္ဇနလမ်း၊
မလွှကုန်းဈေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ ရုံးဖုန်း - ၀၁-၅၅၉၀၂၄
၀၉- ၇၇၇၇၄၈၅၅၅၊ ၀၉- ၉၇၇၇၄၉၅၅၅၊
E-mail-thespeakernewsjournal@gmail.com

# မဟာမုနိဘုရား ယာဉ်ရပ်နားခများကို မောင်းတံဂိတ်ဖြတ်ကတ်စနစ်ဖြင့် အစားထိုးဆောင်ရွက်မည်

**မန္တလေး၊ အောက်တိုဘာ ၂**

မန္တလေးမြို့ မဟာမုနိဘုရားကြီး ယာဉ်ရပ်နားခကောက်ယူခြင်းကို ငွေကြေးပိုယူကောက်ခံခြင်း မရှိစေရန် မောင်းတံဂိတ်ဖြတ်ကတ်စနစ်ဖြင့် အစားထိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မဟာမုနိဘုရားကြီးဂေါပကအဖွဲ့မှ သိရသည်။

လက်ရှိတွင် ယာဉ်ရပ်နားစခန်းတွင် ချလန်(ငွေလက်ငင်းဖြတ်ပိုင်း) ပေးကာ ငွေကောက်ယူမှု ပြုလုပ်နေပြီး အောက်တိုဘာ ၁ရက်မှ စတင်ကာ မောင်းတံစနစ်ဖြင့် ဆောင်ရွက်သွားမည်ဟု သိရသည်။

"ဒီစနစ်က ယာဉ်ရပ်နားခပိုကောက်တဲ့ကိစ္စ ဖြစ်မလာတော့ဘူး။ ကတ်စနစ်ဆိုတော့ ဝင်ချိန်ထွက်ချိန်လည်း သိပြီးသားဖြစ်သွားမယ်။ လုံခြုံရေးအတွက်ပိုကောင်းလာမယ်ပေါ့။ အဓိက,ကတော့ ငွေပိုကောက်တဲ့ ပြဿနာတွေ မကြားရတော့ဘူးပေါ့" ဟု မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဂေါပကဥက္ကဋ္ဌဦးစိုးလင်းက ပြောသည်။

ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့သည့် ယာဉ်ရပ်နားခကောက်ယူသည့် စနစ်သည် ဘုရားဖူးပြည်သူများအကြား စိတ်အနှောင့်အယှက် ဖြစ်စရာများ ရှိလာသောကြောင့် ပြောင်းလဲတိုးတက်လာတဲ့ ခေတ်စနစ်နဲ့အညီ အစားထိုးဆောင်ရွက်သွားရန် စီစဉ်ခြင်းဖြစ်သည်ဟု ပြောသည်။ ယခု ပြုလုပ်မည့်စနစ်တွင် ဘုရားဖူးလာသည့် ယာဉ်များက ဂိတ်အဝင်တွင် လက်မှတ်ယူဆောင်ရမည်ဖြစ်ပြီး ပြန်အထွက်တွင် ကျသင့်ငွေ ဆောင်ရမည့်စနစ်ဖြစ်ပြီး မန္တလေးမြို့ရှိ မင်္ဂလာမန္တလေးအိုးရှင်းစင်တာ၊ မန္တလေး ကွန်ဗင်းရှင်းစင်တာနှင့် ဈေးဝယ်စင်တာတချို့တွင် အသုံးပြုနေသည့် စနစ်ဖြစ်သည် ဟု သိရသည်။

"အခါကြီးရက်ကြီးတွေမှာ ယာဉ်ရပ်နားခ ပိုကောက်တာတို့၊ ဘာတို့က အမြဲကြားနေရတယ်။ ဒီစနစ်နဲ့ဆို ဒါတွေ မရှိတော့ဘူး၊ နောက်ပြီးတော့ ဒီစနစ်ကို ကန်ထရိုက်နဲ့လုပ်မှာ မဟုတ်ဘူး။ ဘုရားကြီးအတွက် အလှူငွေအဖြစ်ပဲ ဂေါပကကလုပ်မှာပါ။ ဘုရားအတွက် အလှူငွေ ပိုရလာမယ်။ အဓိက,ကတော့ ဘုရားကြီးလာရောက်ဖူးမြော်ကြည်ညိုကြသူတွေ စိတ်အနှောင့်အယှက် မဖြစ်စေဖို့ပါဘဲ" ဟု ဦးစိုးလင်းက ပြောသည်။



မောင်းတံဖြင့် ကောက်ခံသည့်စနစ်ကို ဝန်ထမ်း ၃၀ ဖြင့် ပြုလုပ်သွားမည်ဟု ပြောသည်။ ယာဉ်ရပ်နားခများကို သုံးနာရီအတွင်း ဆိုင်ကယ်ကျပ် ၂၀၀၊ ကားသေးကျပ် ၃၀၀ နဲ့ ကားကြီးကျပ် ၅၀၀ သတ်မှတ်ထားပြီး အဆိုပါအချိန်ထက် ပိုပါက အချိန်ပေးကြေးကို နာရီအလိုက်ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးအိ**

# မြေညီထပ်တွင် ထပ်ခိုးထည့်ဆောက်ခွင့်မပြုတော့သည့်အပေါ် ပိုင်ရှင်နှင့် ကန်ထရိုက်တာများ အခက်အခဲ တွေ့နိုင်

**နေပြည်တော်၊ အောက်တိုဘာ ၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရှစ်ထပ်ခွဲတွင် မြေညီထပ်၌ယခင်က ထပ်ခိုးဆောက်လုပ်ခွင့် အပါအဝင် ၁၇ပေအား ခွင့်ပြုရာ ယခုအခါတွင် ထပ်ခိုးထည့်ဆောက်လုပ်ခွင့်မပြုတော့ဘဲ ပေ ၁၂ ပေသာ ပြောင်းလဲခွင့်ပြုသည့်အပေါ် လုပ်ငန်းရှင်နှင့် ပိုင်ရှင်နှစ်ဦးနှစ်ဖက် ထိခိုက်ကာ အခက်အခဲ ဖြစ်နိုင်ကြောင်း MKT Construction ကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

"လက်ရှိ စည်ပင်သာယာမှာ မြေညီထပ် ရှစ်ထပ်ခွဲကို မြေညီထပ်ကို ထပ်ခိုးထည့်တယ်။ ၁၇ပေ ပေးတယ်။ အခု အမိန့်ကြေညာစာလည်း မထွက်ဘဲနဲ့ မြေညီထပ်ကို ၁၂ ပေပေးမယ်။ ထပ်ခိုးမပေးတော့ဘူး လုပ်လိုက်တယ်။ အဲ့ဒါက အမှန်ဆိုရင် ဥပဒေတစ်ခုထွက်ရင် ကြိုတင်ပြင်ဆင်မှု မပေးဘူး။ ကန်ထရိုက်လုပ်တဲ့ အလုပ်တစ်ခုက ဒီနေ့လုပ်ပြီး မနက်ဖြန်စည်ပင်သာယာကို တင်လို့ မရဘူး။ တချို့ဆိုရင် နာမည်ပြောင်းတာက သုံးနှစ်ခွဲအထိ မရသေးဘူး။ မြေပုံ၊ မြေနေရာတွေ ထုတ်တာက အစ၊ အဆုံး လုပ်တာက ကြာတယ်။ တကယ်တမ်းဖြစ်သင့်တာက ဥပဒေပြောင်းချင်ရင် ပြောင်းပါ။ နောက်ခြောက်လနေမှ ကျင့်သုံးပါ။ နောက်တစ်နှစ်နေရင် ကျင့်သုံးမယ်။ အဲ့ဒီလို ကျင့်သုံးရင် ကျွန်တော်တို့ကို အရေးယူမယ်ပေါ့။ အခုက ညွှန်ကြားချက်တောင် မရဘဲနဲ့ မပေးတော့ဘူးဆိုရင် အိမ်ရှင်နဲ့ ကန်ထရိုက်တာတွေ ပြဿနာတွေ ဖြစ်နိုင်တယ်"ဟု ၎င်းကပြောသည်။

ယခုအခါတွင် ဆောက်လုပ်ရေးလုပ်ငန်းကျဆင်းနေကာ လက်ရှိ ဆောက်လုပ်သူများသည် ယခင်စာချုပ်အရ ဆောက်လုပ်နေခြင်းဖြစ်ကြောင်း၊ အမှုဖြစ်မည်ကို စိုးရိမ်သောကြောင့် ဆောက်လုပ်နေခြင်းဖြစ်ကြောင်း၊ ယခုအခါတွင် ထပ်ခိုးမပေးသည့်အပေါ် ပိုင်ရှင်နှင့်ကန်ထရိုက်တာ နှစ်ဖက်နစ်နာကြောင်း၊ ယခုပြောင်းလဲမှုများသည် ဥပဒေသစ်၏ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများမထွက်ရှိသေးဘဲ ပြောင်းလဲခြင်းဖြစ်သည့်အတွက် လုပ်ငန်းရှင်များ အခက်အခဲ တွေ့နိုင်ကြောင်း သိရသည်။

"အမှန်တော့ ဥပဒေသစ်က ထွက်လာတယ်။ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ မထွက်သေးဘူး။ စည်ပင်ကလည်း ရွေးကောက်ပွဲတွေ လုပ်တော့မယ်။ ဥပဒေမှာက ဌာနက သုံးခု၊ လုပ်ငန်းက ခုနစ်ခု စုစုပေါင်းမှ ၁၀ခုပဲ ရှိတယ်။ ဥပဒေသစ်ရဲ့ နည်းဥပဒေက မထွက်သေးဘူး။ လတ်တလောမှာ လူထုကို ဘယ်လိုဒဏ်ရိုက်မယ်ဆိုတာကတော့ စနေပါပြီ။ လူထုကို ဘယ်လိုလွယ်ကူအောင် လုပ်ပေးမယ်ဆိုတာ မရှိသေးပါဘူး။ ကျွန်တော်တို့ ဖြစ်စေချင်တာက ပါမစ်ကို သုံးရက်အတွင်း ဘယ်လိုရအောင်လုပ်ပေးမယ်။ ခွင့်ပြုချက် မရှိဘဲ ဆောက်လုပ်ရင် အရေးယူမယ်။ အဲ့ဒီလို လုပ်ပေးမယ်ဆိုတာ မရှိသေးပါဘူး"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၌ လက်ရှိတွင် ဌာနမှူး ၂၂ယောက်ရှိကြောင်း၊ လက်ရှိတွင် ဆောက်လုပ်ရေးနှင့် ပတ်သက်၍ စည်းကမ်းချက်များမှာ အပြောင်းအလဲများရှိသည့်အတွက် လုပ်ငန်းရှင်များ အခက်အခဲဖြစ်နိုင်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများမှာ လက်ရှိတွင် ငြိမ်သက်လျက်ရှိကာ စာချုပ်မပြည့်သေးသည့် ကန်ထရိုက်တာများသာ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မှူး**

# စက်ရုံအလုပ်ရုံအလုပ်သမားများ အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ကျပ်သိန်းတစ်ထောင်ကျော် တန်ဖိုးရှိ နယ်လှည့်ဆေးကုသရေးယာဉ်တစ်စီး လှူဒါန်း

**နေပြည်တော်၊ အောက်တိုဘာ ၁**

တစ်နိုင်ငံလုံးရှိ စက်ရုံအလုပ်ရုံ အလုပ်သမားများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် သုခမင်္ဂလာ (Medical & Diagonaostic Center)က ကာလတန်ကြေး ကျပ်သိန်းတစ်ထောင်ကျော်တန်ဖိုးရှိ နယ်လှည့်ဆေးကုသရေး ယာဉ်တစ်စီးကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ စက်တင်ဘာ ၂၉ ရက်က လှူဒါန်းခဲ့သည်ဟု သိရသည်။




အဆိုပါလှူဒါန်းမှုတွင် သုခမင်္ဂလာ ကုမ္ပဏီအထွေထွေမန်နေဂျာ ဦးတင်ထွန်းနှင့် တာဝန်ရှိသူများက လွှဲပြောင်းလှူဒါန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့တာဝန်ခံ ဦးစိန်သန်းမြင့်က လက်ခံခဲ့သည်ဟု သိရသည်။

လှူဒါန်းရခြင်းနှင့် ပတ်သက်ပြီး "ဒီယာဉ်နဲ့ ကျွန်တော်တို့ တစ်နိုင်ငံလုံး စက်မှုဇုန်နဲ့အထည်ချုပ်စက်ရုံတွေက အလုပ်သမားတွေကို ကျန်းမာရေး စစ်ဆေးမှုတွေလုပ်ပေးနေတာ ၂၀၁၄ ကတည်းကပါ။ လူမှုဖူလုံရေး အဖွဲ့နဲ့ ပူးပေါင်းပြီးတော့ လုပ်လာခဲ့တာပါ အခုချိန်မှာ အလုပ်သမားတွေရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး လူမှုဖူလုံရေးအဖွဲ့အနေနဲ့ ဆက်ပြီးလုပ်ကိုင်နိုင်ဖို့ ဒီယာဉ်နှစ်စီးရှိတဲ့အထဲက တစ်စီးကို နိုင်ငံတော်ကို ကျွန်တော်တို့လှူဒါန်းရခြင်း ဖြစ်ပါတယ်"ဟု ဦးတင်ထွန်းက ပြောသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးယာဉ်နှင့် ဆက်စပ်ပစ္စည်းများမှာ ကာလတန်ဖိုး ကျပ်သိန်းတစ်ထောင်ကျော်ဝန်းကျင်ရှိကြောင်း သိရသည်။

**ရွှေထီး**

www.free4readers.com

# ကျိုက္ကဆံကွင်းကြီးကို သုံးပိုင်းပိုင်းကာ ဂျပန်နိုင်ငံက ဗိုလ်ချုပ်အောင်ဆန်း အမျိုးသားစိမ်းလန်းဥယျာဉ်အား အလကားတည်ဆောက်ပေးမည်

မောင်လွင်ပြင်



ဓာတ်ပုံ - ဇော်မင်းနိုင် (ဒီပဲယင်း)

ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းကြီးအား ဗိုလ်ချုပ်အောင်ဆန်း အမျိုးသားစိမ်းလန်းဥယျာဉ်၊ အဆင့်မြင့်အားကစားကွင်းနှင့် ကွန်ဒိုမီနီယံ အဆောက်အအုံများ တည်ဆောက်မည်ဟု သတင်းထွက်လာသည်။ ရန်ကုန်မြို့ သမိုင်းဝင်အထင်ကရ ကျိုက္ကဆံကွင်းကြီး အသွင်ပြောင်းတော့မည်။ မည်သို့ အသွင်ပြောင်းမည်နည်း။ ဒီမိုကရေစီနည်းကျ အသွင်ပြောင်းမည်လား၊ အမိန့်အာဏာ ဖိအားများဖြင့် အသွင်ပြောင်းမည်လား စောင့်ကြည့်ရတော့မည် ဖြစ်သည်။

> **စီမံကိန်းစတော့မယ်ဆိုရင် ဒီမှာရှိတဲ့ဝန်ထမ်းတွေကို မြောက်ဒဂုံမှာရှိတဲ့ မြင်းစီးလေ့ကျင့်ရေးကွင်းမှာ ရွှေ့ပြောင်းပေးမယ်၊ ”**

ဩဂုတ် ၁၉ ရက်က ပေါ်ထွက်ခဲ့သော သတင်းအရ ကျိုက္ကဆံအားကစားကွင်းကြီးအား အပိုင်းသုံးပိုင်း ပိုင်းပြီး အသွင်ပြောင်းမည့် အစီအစဉ်သည် ဂျပန်နိုင်ငံ၏ အကူအညီများဖြင့် ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းကြီးတစ်ရပ် ဖြစ်သည်။ ယင်းစီမံကိန်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်မည်။ ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NECC) အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စီးပွားရေးအကြံပေး ဦးမျိုးမြင့်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်များက အားကစားကွင်းအတွင်း နေထိုင်သည့် ဝန်ထမ်းများ၊ ကျန်းမာရေးလှုပ်ရှားသူများနှင့် ဩဂုတ် ၁၉ ရက်တွင် တွေ့ဆုံခဲ့ပြီး ပြည်သူ့သဘောထားဆန္ဒကို လာရောက်တောင်းခံခဲ့သည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် စီမံကိန်းကြီးအတွက် အဖွင့်လှသည်ဟု ဆိုရမည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း မှာထားသည်။ ယင်းစီမံကိန်းကို ပြည်သူ့ဆန္ဒ ဦးစွာတောင်းခံရမည်။ ပြည်သူအများစု လက်ခံလျှင် လုပ်မည်။ အများစုက မထောက်ခံလျှင် မလုပ်နှင့်ဟု ဆိုသည်။ ထို့ပြင် ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းဖြစ်သော်လည်း ဂျပန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ကိုယ်ကျိုးရှာမည့် စီမံကိန်းမျိုး မဟုတ်ဘဲ မြန်မာပြည်သူ့အကျိုးပြု ဆောင်ရွက်ခြင်းသာ ဖြစ်သည်ဟုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားသည်။ ယင်းစီမံကိန်းသည် နှစ်ဦးနှစ်ဖက်ဆွေးနွေးနေသည့် အဆင့်သာရှိပြီး ပြည်သူလူထုကို ကြိုတင်အသိပေးခြင်းသာဖြစ်ကြောင်း၊ အကျိုးအမြတ်ခွဲဝေခြင်း၊ ရင်းနှီးမြှုပ်နှံမှုအတိုင်းအဆ အခြေအနေ အသေးစိတ် ဆွေးနွေးခြင်းမရှိသေးကြောင်း၊ စီမံကိန်းကြီးတစ်ခုလုံးအတွက် ကုန်ကျငွေအား ဂျပန်နိုင်ငံက အလုံးစုံရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း၊ မြန်မာဘက်က ကုန်ကျခံစရာ ဘာမျှမရှိကြောင်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏ ပြောပြချက်အရ သိရသည်။

ဩဂုတ် ၁၉ ရက် ပြည်သူနှင့်ဆွေးနွေးမှုများသည် အကြိုဆွေးနွေးမှုသာဖြစ်ပြီး ထပ်မံ၍ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပြီး ညှိနှိုင်းမှုများကို ထပ်မံအသိပေးသွားဦးမည်ဟု ဒေါ်ခင်စန်းလှိုင်က ဆိုသည်။ ထို့ပြင်စီမံကိန်း တည်ဆောက်မည့် အစီအစဉ်အကြမ်းဖျင်းကိုလည်း ယခုလိုရှင်းပြထားသည်။ “ဂျပန်က ဒီကျိုက္ကဆံကွင်းနဲ့ပတ်သက်ပြီး သူတို့က ကျွန်မတို့ နိုင်ငံအတွက် အလကားကူညီပေးတာဖြစ်တယ်။ ကျိုက္ကဆံကွင်းကို အပိုင်းသုံးပိုင်းခွဲပြီးတော့ တစ်ပိုင်းက အရင်တုန်းက အားကစားနေရာကို ပြန်ပေးမယ်။ နောက်တစ်ပိုင်းက Public ဧရိယာပေါ့။ နောက်တစ်ပိုင်းကတော့ သူတို့ဘက်က အဆောက်အအုံတွေ ဆောက်မယ်။ ဒီထဲမှာ ကျွန်မတို့ သိရတာက တန်ဖိုးနည်းအိမ်ရာတွေ ပါမယ်။ ပြည်သူလူထုအတွက်ပေါ့။ နောက်တစ်ခုက ပန်းခြံတွေ၊ ရှောပင်းမောလ်တွေ ပါမယ်။ အဲဒီလို အပိုင်းသုံးပိုင်း တည်ဆောက်မယ်။ စီမံကိန်းစတော့မယ်ဆိုရင် ဒီမှာရှိတဲ့ဝန်ထမ်းတွေကို မြောက်ဒဂုံမှာရှိတဲ့ မြင်းစီးလေ့ကျင့်ရေးကွင်းမှာ ရွှေ့ပြောင်းပေးမယ်။ အဲဒီမှာ ဧက ၁၀၀ ကျော်ရှိပါတယ်။ အဲဒီ မြင်းစီးလေ့ကျင့်ရေးကွင်းမှာ ဂျပန်က အရင်ဆုံး အဆောက်အအုံတွေ ဆောက်ပေးပြီးမှ အကုန်လုံး ပြောင်းရွှေ့ပြီး နေထိုင်စေမယ်။ ဒီဘက် ကျိုက္ကဆံကွင်းထဲက အဆောက်အအုံတွေ ပြီးရင်တော့ မြင်းစီးကွင်းကနေ ဒီဘက်ကို ပြန်ပြောင်းရွှေ့လာရမယ်”ဟု ဆိုသည်။ ထို့ပြင် ကျိုက္ကဆံကွင်းစီမံကိန်းတွင် ကပွဲရုံများ ပါလာမည်။ မြေအောက်ကားပါကင်လည်း ပါဝင်မည်။ ရေကြီးရေလျှံမှုကိုလည်း ကာကွယ်မည့် လုပ်ငန်းစဉ်များလည်း ပါဦးမည်။ အမြတ်ရှယ်ယာ မည်သို့ခွဲမည်လဲ၊ ရင်းနှီးမြှုပ်နှံမှု မည်မျှရှိမည်လဲနှင့် မြန်မာဘက်က အမြတ်ရှယ်ယာ ဘယ်လောက်ရမည်လဲတို့ကိုတော့ ဆက်လက်ညှိနှိုင်းရဦးမည် စသည်တို့ကိုလည်း ပြောကြားခဲ့ပါသေးသည်။

ကျိုက္ကဆံကွင်းသည် ဧက ၁၅၀ ခန့် ကျယ်ဝန်းသည်။ ကွင်းအဖြစ် တည်ရှိနေသည်မှာလည်း အင်္ဂလိပ်လက်ထက်ကတည်းက နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိသည်။ မြန်မာနိုင်ငံ ကျောင်းသား နိုင်ငံရေးတွင် သမိုင်းဝင် အဖြစ်အပျက်များ တည်ရှိခဲ့ဖူးသော သမိုင်းကြောင်းလည်း ပိုင်ဆိုင်ထားသည့် ကွင်းကြီးဖြစ်သည်။ ဥပမာ-ဦးသန့်အရေးအခင်း ကျောင်းသားများ စုဝေးရာနေရာအဖြစ် ဖျောက်ဖျက်၍ မရနိုင်သော သမိုင်းကြောင်း ရှိခဲ့သည်။ လက်ရှိတွင် ယင်းကွင်းကြီးအတွင်း အားကစားနှင့် ကာယသိပ္ပံကျောင်းက လက်ရွေးစင်လူငယ် အားကစားသမားများ လေ့ကျင့်သည့် အားကစားရုံများ၊ အားကစားကွင်းငယ်များ၊ တည်းခိုဆောင်များ၊ အများပြည်သူ ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်သည့်နေရာများ တည်ရှိနေသည်။ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံတွင် အောင်ဆန်းအမျိုးသားစိမ်းလန်းစိုပြည် ဥယျာဉ်တစ်ခုတည်ဆောက်ပေးရန် စိတ်ကူးစီမံကိန်းတစ်ခု ရှိခဲ့သည်။ ယင်း စိတ်ကူးစီမံကိန်းအကောင်အထည်ဖော်ရန် ၂၀၁၆ အောက်တိုဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံ ဂျပန်နိုင်ငံ Ruysumr က တာဝန်ရှိသူများ လာရောက်တွေ့ဆုံပြီး အစီအစဉ်ကို ချပြရှင်းလင်းခဲ့ကြသေးသည်ဟု သိရသည်။ ယခုတော့ ဗိုလ်ချုပ်အောင်ဆန်းအမျိုးသားစိမ်းလန်းဥယျာဉ် တည်ဆောက်ရေး ကျိုက္ကဆံကွင်းကြီးအား ရှာတွေ့သွားသည်။ **ယင်းစီမံကိန်းများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က မကိုင်တွယ်စေဘဲ နိုင်ငံတော်အဆင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ကိုင်တွယ်စီစဉ်ဆောင်ရွက်မည်ဖြစ်သည်။** ယခု ပမာဏအဆင့် ပြည်သူအချို့နှင့် တွေ့ဆုံပြီး အကြိုအသိပေးပြောကြားခဲ့ပြီး ဖြစ်သည်။ ပြည်သူအများကလည်း ဒေါ်အောင်ဆန်းစုကြည် ဦးစီးပြီး စီမံကိန်းကိစ္စ ကြီးကြပ်အကောင်အထည်ဖော်မည်ဆိုလျှင် သဘောမတူစရာ မရှိ လုံးဝသဘောတူကြမည်ဖြစ်သည်။ **စာမျက်နှာ (၃၃) သို့**



www.free4readers.com

ဒေါင်း (Peacock) နှင့် ရစ် (Pheasant) တို့သည် မျိုးရင်း (family) (phaianidae) တူ ငှက်မျိုးစိတ်များ ဖြစ်သည်။ ကြက်ဆင်လည်း ပါဝင်သည်။ မျိုးရင်းတူဖြစ်သော်လည်း ဒေါင်းတို့သည် ကြီးမားပြီး အမွေးအတောင် ပုံသဏ္ဍာန်ချင်းကွဲ

# ဒေါင်းမင်း



ပါလာဝမ် ဒေါင်းမင်း အထီး (ထက်)
ဒေါင်းမင်း အမ (ဝဲ)





ဒေါက်တာသိန်းအောင်

ပြား ခြားနားသည်။ ရစ်တို့သည် ခန္ဓာကိုယ် အရွယ်သေးပြီး အမွေးအတောင် ထွက်ပုံနှင့် အသွေးအရောင် မတူကြပေ။ ဒေါင်းထီးကို (Peacock) ခေါ်ပြီး အမကို (Peahen) ဟုခေါ်သည်။ (Peacock-pheasant) တို့သည် ရစ်ခန္ဓာကိုယ် ပုံပန်းသဏ္ဍာန်တွင် ဒေါင်းတို့၏ လက္ခဏာ ပါဝင်နေကြသည်။

ကမ္ဘာပေါ်တွင် (Peacock-pheasant) ရှစ်မျိုးရှိသည်။ ကမ္ဘာပေါ်တွင် (Palawan Peacock-pheasant) သည် တောက်ပသော အမွေးအတောင်၊ အရောင်အစင်းရှိပြီး လူအများ နှစ်သက်သည့် မျိုးစိတ်ဖြစ်သည်။ အရှေ့တောင်အာရှတွင် လေးမျိုးရှိရာ (Mountain Peacock-pheasant)၊ (Germain's Peacock-pheasant)၊ (Grey Peacock-pheasant) နှင့် (Malayan Peacock-pheasant) တို့ဖြစ်သည်။ ဒေါင်းမင်းမှ လွဲ၍ ကျန်သုံးမျိုးသည် ဒေသရင်း (Endemic) အဖြစ် သတ်မှတ်ထားသည်။ (Mountain Peacock-pheasant) သည် ထိုင်းနိုင်ငံ တောင်ဘက်စွန်းနှင့် မလေးကွန်းဆွယ်တွင်လည်းကောင်း၊ (Germain's Peacock-pheasant) သည် ကမ္ဘောဒီးယား အရှေ့မြောက်၊ အာနမ်တောင်ပိုင်းနှင့် အလယ် (တောင်ပိုင်း) တွင် လည်းကောင်း၊ (Malayan Peacock-pheasant) မြန်မာနိုင်ငံ တနင်္သာရီတောင်ပိုင်း၊ ထိုင်းနိုင်ငံ တောင်ပိုင်းနှင့် မလေးကျွန်းဆွယ်တွင်လည်းကောင်း ဒေသရင်းငှက်အဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် နှစ်မျိုး နေထိုင်ကျက်စားရာ (Grey Peacock-pheasant) နှင့် (Malayan Peacock-pheasant) တို့ဖြစ်သည်။ Malayan Peacock-pheasant သည် မလေးကျွန်းဆွယ်၊ ထိုင်းနိုင်ငံတောင်ပိုင်းနှင့် မြန်မာနိုင်ငံ တနင်္သာရီတောင်ပိုင်းတွင် ကျက်စားသည်။ ထိုင်းနိုင်ငံတောင်ပိုင်းတွင် မျိုးသုဉ်းပျောက်ကွယ်ပြီဟု ယူဆထားသည်။ Grey Peacock-pheasant သည် အိန္ဒိယတိုက်ငယ် အရှေ့မြောက်ပိုင်း၊ တရုတ် အနောက်တောင်ပိုင်းတွင် နေထိုင်ကျက်စားသည်။ အရှေ့တောင်အာရှ၌ မြန်မာနိုင်ငံတွင် နေရာအနှံ့ ကျက်စားသည်။ ထိုင်းနိုင်ငံ အနောက်၊ အနောက်မြောက်၊ အရှေ့မြောက်၊ တောင်ပိုင်းဒေသများတွင် ကျက်စားသည်။ ကမ္ဘောဒီးယား အရှေ့မြောက်၊ လာအို၊ တုံကင်း အနောက်၊ အရှေ့၊ အာနမ်မြောက်ပိုင်း၊ အလယ်ပိုင်းတို့တွင် ကျက်စားသည်။ မြန်မာနိုင်ငံတွင် နေရာအနှံ့ ပေါများစွာ တွေ့ရခြင်းကြောင့် တစ်ချိန်က Burmese Peacock-pheasant ဟု အမည်ပေး ခေါ်ဝေါ်ထားသည်ကို တွေ့ရသည်။ အင်တာနက်တွင် မြန်မာနိုင်ငံ အမျိုးသားငှက်အဖြစ် ဖော်ပြထားသည်။ အမှန်တကယ်တွင် ယနေ့တိုင် မြန်မာ အမျိုးသားငှက် (Myanmar National Bird) သတ်မှတ်ထားခြင်း မရှိသေးပေ။

ဒေါင်းမင်း (Grey Peacock-pheasant) ကို ဒေါင်းကုလားဟုလည်း ခေါ်ကြသည်။ (Burmese Peacock-pheasant) ဟုလည်း ခေါ်သည်။ မြန်မာ အမည်ပေးခြင်းကြောင့် သဘာဝပတ်ဝန်းကျင် စားကျက်ဒေသတွင် ဒေါင်းမင်းကို တွေ့ဖူး၊ မြင်ဖူးသူများသည်ဟု ယူဆရပါသည်။ ခန္ဓာကိုယ် အမွေးအတောင်သည် ခပ်မှိုင်းမှိုင်း ဖြစ်သော်လည်း ဒေါင်းကဲ့သို့ အဆင်းသဏ္ဍာန်ရှိပြီး၊ ကသည့် အပြုအမူကြောင့် လူတို့ နှစ်သက်သည့် ငှက်လည်းဖြစ်သည်။ ရစ်ငှက်မျိုးဖြစ်သော်လည်း ခန္ဓာကိုယ် အမွေးအတောင်တွင် ဒေါင်းကဲ့သို့ မျက်စိသဏ္ဍာန် အကွက်များ ပါခြင်းကြောင့် (Peacock-pheasant) ဟု ခေါ်သည်။ (Peacock-pheasant) တို့သည် ခြေထောက်တွင်ကြီးမားချွန်ထက်သော အတက်များ ရှိသည်။ အသက်အရွယ်ကြီးသည်နှင့်အမျှ အတက်ပိုကြီးမားသည်။ ခုခံကာကွယ်တိုက်ခိုက်ရာတွင် အသုံးပြုကြသည်။



ဒေါင်းမင်းအထီး ကပ်ဟန် အမူအရာ

Malayan Peacock-pheasant သည် ဒေါင်းမင်း (Grey Peacock-pheasant) နှင့် ဆင်တူသည်။ မျက်စိသဏ္ဍာန် အကွက်များသည် ပိုစိမ်းသည်။ ကိုယ်ထည်အပေါ်ပိုင်းနှင့်လည်တိုင်နောက်ပိုင်းသည် ညိုဝါရောင် ပိုများသည်။ နားဖုံးသည် ယင်းအနားရှိ အရောင်ဖျော့ဖျော့တွင် အရောင်ပိုရင့်သည်။ ဒေါင်းမင်း အထီးသည် မီးခိုးညိုရောင် ရင့်ရင့်တွင် အဖြူမှ ညိုဝါရောင် လိုင်းစင်းနှင့် အစက်အပျောက်များပါရှိသည်။ ရင်မို့သည် အဖြူရောင် ဖြစ်သည်။ မထင်မရှား အစက်အပြောက်များနှင့် အရောင်ရင့်သည့် လိုင်းစင်းများပါသည်။ လက်ပြင်ကြား၊ တောင်ပံနှင့် အမြီးတွင် ဒေါင်းများကဲ့သို့ အဖြူရောင်အဝိုင်းတွင် တောက်ပသည့် အစိမ်းရင့်ရောင်နှင့် ပန်းခရမ်းရောင် မျက်စိသဏ္ဍာန်ပါရှိသည်။ အမြီးသည် အရောင်ပိုစိမ်းသည်။ ဦးကင်းပေါ်တွင် အမွေးစု အမောက်ရှိပြီး မျက်နှာအရေပြားအရောင်မှာ အဝါနှင့် ပန်းရောင်ဖြစ်သည်။ နှုတ်သီးနှင့် ခြေထောက်သည် မီးခိုးရောင် ဖြစ်သည်။ အထီးအမသည် ဆင်တူသော်လည်း အမသည် အရွယ်သေးသည်။ အရောင် ပိုရင့်သည်။ အရောင်ဖျော့ပြီး သိသာ ထင်ရှားသည့် အနက်ရောင် မျက်စိသဏ္ဍာန်အကွက်များ ပါရှိသည်။ အမြီးပိုင်းတွင် နည်းသည်။ ဖြူဝါညို အကြေးကွက်များ လက်ပြင်ကြား၊ လက်ပြင်၊ တောင်ပံဖုံးတွင် ပါရှိပြီး မျက်နှာအရေပြား အရောင်သည် ခပ်မှိန်မှိန်ဖြစ်သည်။

အဓိကစားသည့် အစာမှာ အစေ့များ၊ ခြ၊ အင်းဆက်၊ သစ်သီးနှင့် ကျောရိုးမဲ့ သတ္တဝါများဖြစ်သည်။ သစ်သီးများထက် ဘယ်ရီသီးတို့ကို ပိုမိုနှစ်သက်သည်။ ကျက်စားသည့် စားကျက်ဒေသမှာ ထူထပ်စွာ ပေါက်ရောက်သည့် အမြဲစိမ်းတောနှင့် ဝါးပေါများစွာ ပေါက်ရောက်ပြီး မြေကပ်ပင်များ ပေါများ၍ စမ်းချောင်းနီးသည့် နေရာတွင် ကျက်စားသည်။ အမြင့်ပေ ၆၀၀၀ ထိ ကျက်စားသည်။ သဘာဝစားကျက်ဒေသတွင် လျှို့ဝှက်စွာမြေပြင်ပေါ် သွားလာကျက်စားကြသည်။ အများအားဖြင့် အထီး



Mountain Peacock-pheasant အထီး

အမ ယှဉ်တွဲ နေထိုင်စားတတ်သည်။ မိတ်လိုက်ရာသီကာလတွင် မိသားစု အုပ်စုဖွဲ့ နေထိုင် ကျက်စားကြသည်။ မင်းဒေါင်းအထီးသည် မိတ်လိုက်ရန် အမကို ဒေါင်းများကဲ့သို့ တောင်ပံကို ဘေးဆန့် ဖြန့်ကားပြီး အမြီးထောင်၍ ယပ်တောင်သဖွယ်ဖြန့်ကာပိုးပန်းဟန်အမူအရာ ပြုတတ်ကြသည်။ ပိုင်နက်နယ်မြေသတ်မှတ်ရာတွင်လည်းကောင်း၊ ခုခံ တိုက်ခိုက်ရာတွင်လည်းကောင်း ထိုသို့သော ဟန်အမူအရာ ပြုတတ်ကြသည်။ ငှက်တို့သည် တစ်နှစ်တစ်ကြိမ် အမွေးလဲ အတောင်ချလေ့ရှိရာ မင်းဒေါင်းတို့ အမွေးအတောင် ချချိန်တွင် အထီးအမြီးမွေးများကို စုဆောင်းပြီး၊ ယပ်တောင်အဖြစ် ဈေးကွက်တင် ရောင်းချသည်။ မင်းဒေါင်း၏ အမွေးအတောင်သည် အရောင်တောက်ပသည့် အကွက်အကွင်းများ ပါရှိခြင်းကြောင့် စွဲမက်ဖွယ်ကောင်း၍ အလှအပ ပြင်ဆင်သည့် ဒီဇိုင်းများတွင် ထည့်သွင်း အသုံးပြုကြသည်။

ဒေါင်းမင်းသည် အလွန်ရှက်ကြောက်ပြီး သီးသီးသန့်သန့်နေတတ်သည်။ မင်းဒေါင်းတို့ကို စားကျက်ဒေသတွင် မြေပြင်ပေါ် ကျက်စားသည့်အခါ တွေ့မြင်ရန် ခက်ခဲသည်။ မိတ်လိုက်ရာသီတွင် နေ့ပိုင်း၌ အသံအမြဲကြားနေရသဖြင့် ဒေါင်းမင်းကျက်စားကြောင်း သိနိုင်သည်။ စားကျက်ဒေသအတွင်း ကျော့ကွင်းများတွင် ဖမ်းဆီးခံရခြင်း၊ အိမ်မွေးအလှမွေးငှက်အဖြစ် ထောင်ချောက်ဆင် ဖမ်းဆီးခံရခြင်း၊ စားကျက်ဒေသ ပျက်စီး ပျောက်ကွယ်ခြင်းကြောင့် အကောင်ရေ ကျဆင်းလျက်ရှိသည်။ မင်းဒေါင်းတို့သည် ကျယ်ပြန့်သည့် စားကျက်ဒေသတွင် ပျံ့နှံ့စွာ နေထိုင်ကျက်စားသည် ဖြစ်၍ အကောင်ရေ ကျဆင်းသော်လည်း မျိုးသုဉ်းမှု အန္တရာယ် မရှိသေးပေ။

မင်းဒေါင်းတို့သည် ဖေဖော်ဝါရီလ နှောင်းပိုင်းနှင့် မတ်လတွင် မိတ်လိုက်ခြင်း စတင်ကြသည်။ ငယ်ရွယ်သည့် အရွယ်ရောက်ကောင်များ မိတ်စတင်လိုက်သည့် ရာသီဖြစ်သည်။ အမသည် တစ်ကြိမ်လျှင် ဥ (၂-၆) လုံး ဥသည်။ မြေပြင်ပေါ် အချိုင့်အခွက်နေရာများတွင် အသိုက်လုပ် ဥအုတတ်ကြသည်။

နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature-IUCN) ၏ စာရင်းနီ (Red list) တွင် မျိုးသုဉ်းရန် ပတ်သက်မှုနည်းသော (Least Concern-LC) မျိုးစိတ်အဖြစ်သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင်လည်း လုံးဝကာကွယ်ထားသည့် ငှက်မျိုးစိတ်စာရင်း ထည့်သွင်းသတ်မှတ်ကာ ထိန်းသိမ်းကာကွယ်ထားသည်။ ဥပဒေဖြင့် မည်သို့ပင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည်ဖြစ်စေ လိုက်နာဆောင်ရွက်ရန် အရေးကြီးပေသည်။

မြန်မာနိုင်ငံတွင် ဒေါင်း၊ ရစ်တို့သည် တစ်ချိန်က ပေါများစွာ နေထိုင်ကျက်စားကြသည်။ မျက်မှောက်ကာတွင် အကောင်ရေ ရှားပါးနေပြီဖြစ်သည်။ ရှားပါးတိရစ္ဆာန်တို့၏ တန်ဖိုးကို သိနားလည်မှုနည်းပါးပြီး၊ ထိန်းသိမ်းရေး အသိပညာပေးမှုအားနည်းခြင်းကြောင့် မလိုလားအပ်ဘဲ တောရိုင်း တိရစ္ဆာန်များ နေ့စဉ် သေဆုံးနေကြရသည်။ လှပပြီး ဆွဲဆောင်အား ကောင်းသည့် ဒေါင်း၊ ရစ်မျိုးတို့ကို အလှမွေးထိန်းသိမ်းရေးလုပ်ငန်းကို သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ အကောင်အထည်ဖော်ခြင်းဖြင့် ဒေါင်း၊ ရစ်မျိုး ထိန်းသိမ်းရေးနှင့် အလှမွေးစီးပွားရေးလုပ်ငန်းကို တစ်ပြိုင်နက် အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း၊ ဒေါင်းမင်းနှင့် ပတ်သက်အကြောင်းအရာ ဗဟုသုတများကို စုစည်းရေးသားလိုက်ပါသည်။

ဒေါက်တာသိန်းအောင်

Photographs by Internet

www.free4readers.com

# ဟာသမင်းသားကြီးများနှင့် ဟာသနိုင်ငံတော်

ခက်ဆစ်လင်း (ပြည်)



အမိမြန်မာနိုင်ငံသားတို့သည် နိစ္စဓူဝ စားဝတ်နေရေးဟူသော အကျပ်အတည်း အခက်အခဲများ အကြားတွင် လူးလွန့်ရုန်းကန်နေကြရသူများ ဖြစ်သော်လည်း၊ ပျော်ရွှင်ခြင်းကိုတော့ ခုံမင်နှစ်သက်တတ်ကြ စမြဲသာ ဖြစ်ပေသည်။ တစ်နည်းအားဖြင့် အမိနိုင်ငံသားတိုင်းသည် ပျော်ရွှင်ခြင်းကို ခုံမင်နှစ်သက်တတ်ကြသည်နှင့်အညီ ဟာသများကိုလည်း စွဲလမ်းနှစ်ခြိုက် တတ်ကြစမြဲသာဖြစ်ပါ၏။ နိစ္စဓူဝ ဘဝအခက်အခဲများ၏ မွန်းကျပ်မှုများကြောင့်လည်း ဘဝအမောများကို ခဏတာပြေပျောက်စေနိုင်သည့် ဟာသများကို စွဲလမ်းနှစ်ခြိုက်တတ်ကြခြင်းလည်း ဖြစ်ပါလိမ့်မည်။ စင်စစ်ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံသားတိုင်းမဆို ပျော်ရွှင်ခြင်းကို ခုံမင်နှစ်သက်တတ်ကြသည်နှင့်အတူ ဟာသများကိုလည်း စွဲလမ်းနှစ်ခြိုက်တတ်ကြခြင်းလည်း ဖြစ်ပေ၏။ ပျော်ရွှင်ခြင်းပင်လျှင် လူသားတို့၏ ဘဝရှင်သန်ခြင်းအတွက် သာယာချမ်းမြေ့မှုတစ်ခုပင် မဟုတ်ပါလား။ ထိုကဲ့သို့ ပျော်ရွှင်ခြင်းကို လူသားတို့ ခုံမင်နှစ်သက်တတ်ကြခြင်းကြောင့် ခဏတာ ပျော်ရွှင်ခြင်းများကို ဖန်ဆင်းပေးနိုင်သည့် ဟာသများကိုလည်း စွဲလမ်းနှစ်ခြိုက်တတ်ကြခြင်းသာ ဖြစ်ပါပေတော့သည်။

လူများအကြားတွင် ဟာသပြောတတ်သောသူသည် အခြားသောသူများထက် လူချစ်လူခင်ပေါများမှုကို ရရှိခံစားကြရပါသည်။ လူတို့သည် ကိုယ်ပိုင်ဟာသများကို မဖန်တီးတတ်လျှင်တောင်မှ ဟာသဖန်တီးသော သူများကိုတော့ အသိအမှတ်ပြု ချစ်ခင်တတ်ကြစမြဲသာ ဖြစ်ပေတော့သည်။ ဟာသကို မခံစားတတ်သောလူဟူ၍ ကမ္ဘာပေါ်တွင် ရှိနိုင်လိမ့်မည်ဟုလည်း မထင်ပေ။ အမိနိုင်ငံသားများ၏ ဟာသကို စွဲလမ်းနှစ်ခြိုက်တတ်ကြခြင်းများကလည်း ထင်ရှားလွန်းလှပါ၏။ စာအုပ်ဖတ်သည့်အခါ ဟာသဝတ္ထု၊ ရုပ်ရှင်၊ ဗီဒီယိုကြည့်သည့်အခါ ဟာသရုပ်ရှင်၊ ဟာသဗီဒီယို။ အစရှိသဖြင့် အမိနိုင်ငံသားများသည် ဟာသကို အမှန်တကယ်စွဲလမ်းနှစ်ခြိုက်တတ်သော သူများသာ ဖြစ်ပါတော့သည်။ ဟာသဇာတ်ကားများ ရုံတင်လျှင် ရုပ်ရှင်ရုံများတွင် လူပြည့်နေတတ်၏။ ဟာသစာရေးဆရာ အကြည်တော်ပါဝင်သော စာပေဟောပြောပွဲများတွင်လည်း ပရိသတ်၏ ရယ်ရွှင်သံများက ပတ်ဝန်းကျင်သို့ပင် ဖုံးလွှမ်းသွားတတ်ပါပေ၏။ ဟာသသရုပ်ဆောင်ခင်လှိုင်၊ ဒိန်းဒေါင်ပါလျှင် မည်သို့သောပွဲများဖြစ်စေ ပရိသတ်များ များစွာလာရောက် အားပေးတတ်ကြသည်။ ဘဝအခက်အခဲများစွာဖြင့် မွန်းကျပ်နေသော အမိနိုင်ငံသားများသည် အခြားသော အရာထက်၊ ဟာသကို ပိုမို၍စွဲလမ်းနှစ်ခြိုက်တတ်ကြသည်ကတော့ သေချာလွန်းလှပါတော့သည်။

လက်ရှိပရိသတ်၏ အချစ်တော်ဟာသမင်းသားများမှာ ခန့်စည်သူနှင့် ဖြိုးငွေစိုးသာ ဖြစ်သည်ဟုထင်၏။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ဦးသည် ဟာသဇာတ်ရုပ်ဖြင့်သာ လိုက်ဖက်ပြီး ဟာသဇာတ်ကားများသာ အရိုက်များခြင်းကြောင့်သာ ဖြစ်ပေသည်။ သူတို့နှစ်ဦးကို ရုပ်ရှင်ချစ်ပရိသတ်ပြည်သူများ၏ အမြင်က ဟာသမင်းသားကြီးများဟူ၏။ ယခင်ကတော့ ကျော်ရဲအောင်တို့၊ လွင်မိုးတို့လည်း နေရာယူခဲ့ဖူးပါသည်။ (ယခုနောက်ပိုင်း နှစ်များတွင်တော့ မြင့်မြတ်က နေရာယူလာ၏)။ သူတို့သည်လည်း ရုပ်ရှင်ချစ်ပရိသတ်ပြည်သူများ၏ သတ်မှတ်ချက်က ဟာသမင်းသားကြီးများသာ ဖြစ်ပါ၏။ ဟာသသရုပ်ဆောင် လူရွှင်တော်များကိုလည်း ပရိသတ်ပြည်သူများက အားပေးချစ်ခင်တတ်ကြစမြဲသာ ဖြစ်ပေသည်။ စင်စစ်သူတို့သည်လည်း ဇာတ်ကားများအတွင်းတွင်သာ ဇာတ်ရံများဖြစ်ပါသော်လည်း ပရိသတ်အတွက်တော့ ဟာသမင်းသားကြီးများသာ ဖြစ်ပါပေတော့သည်။ နိုင်ငံရပ်ခြားမှ ကမ္ဘာကျော် ဟာသ သရုပ်ဆောင်ကြီးများဖြစ်သော ဂျက်ကီချန်း၊ မစ္စတာဘင်းန်၊ စတီဗင်ချောင်၊ ချာလီချက်ပလင် အစရှိသော သူများသည်လည်း ကမ္ဘာ့ပရိသတ်များအတွက် ဟာသမင်းသားကြီးများသာ ဖြစ်ပါတော့သည်။ အမိနိုင်ငံမှ ပရိသတ်ပြည်သူများအတွက်လည်း ထိုသူများသည် ဟာသမင်းသားကြီးများသာ ဖြစ်ပါပေ၏။ ထိုဟာသမင်းသားကြီးများ၏ သရုပ်ဆောင်ချက်များကြောင့် ရုပ်ရှင်ကြည့်ပြည်သူများအနေဖြင့် အနည်းဆုံး ရယ်ရွှင်ကြည်နူးခြင်းကို ရရှိခဲ့ကြသည်ကတော့ သေချာလွန်းလှပါပေသည်။ ပရိသတ်များ၏ ဘဝအမောများကို တဒင်္ဂပေါင်းများစွာ ဖြေဖျောက်ပေးနိုင်ခြင်းဖြင့်၊ ရယ်ရွှင်ကြည်နူးစေရန်အတွက် ဟာသမင်းသားကြီးများက ဖန်ဆင်းပေးနေခြင်းသာ ဖြစ်ပေသည်။

ထို့အတွက်ကြောင့် ဟာသကို စွဲလမ်းနှစ်ခြိုက်သော ပရိသတ်ပြည်သူများကလည်း ထိုဟာသမင်းသားကြီးများကို အလေးထား ချစ်ခင်ကြခြင်းလည်း ဖြစ်ပါသည်။ ထိုဟာသမင်းသားကြီးများနှင့် ဟာသကိုချစ်သော ပရိသတ်ပြည်သူများ၏ အပြန်အလှန်ချစ်ခြင်းတရားကလည်း သဟဇာတဖြစ်လွန်းနေပါတော့သည်။ ဟာသစာပေများ ရေးသားနေကြသော ဟာသစာရေးဆရာများ၊ ဟာသများကို စဉ်ဆက်မပြတ် ဖန်တီးနေသော ဟာသလူရွှင်တော်များကိုလည်း ပရိသတ်ပြည်သူများ၏ ချစ်ခင်လေးစားမှုက ထိုနည်းအတိုင်းပင်။ အထက်တွင်ဆိုခဲ့သလို လူ့ပတ်ဝန်းကျင်တိုင်းတွင်ပင်လျှင် ဟာသဉာဏ်ရွှင်သော၊ ဟာသပြောတတ်သော သူများသည်သာ အခြားသူများထက် ပို၍ လူများစွာ၏ ချစ်ခင်ခြင်းကို ရရှိခံစားတတ်ကြခြင်းလည်း ဖြစ်ပါသည်။ ပျော်ရွှင်ခြင်းကို လိုလားကြသော သူများအတွက် ဟာသများကို ဖန်ဆင်းပေးနိုင်စွမ်းရှိသည့် ဟာသမင်းသားကြီးများမှာလည်း စဉ်ဆက် ထွက်ပေါ်နေပေလိမ့်ဦးတော့မည်။ အမှန်စင်စစ် ဟာသများသာ ပတ်ဝန်းကျင်တိုင်းကို အမြဲတစေလွှမ်းမိုးနေနိုင်ပါက လူသားတို့၏ ပျော်ရွှင်ကြည်နူးမှုများသည် စဉ်ဆက်မပြတ် ဖြစ်ပေါ် နေပေလိမ့်ဦးမည်သာ ဖြစ်ပါတော့သည်။

ဆိုရလျှင် ဟာသမင်းသားကြီးအား ပြည်သူများက အလေးထားချစ်ခင်တတ်ကြသည်ကတော့ ငြင်း၍မရသော သေချာမှုတစ်ခုသာ ဖြစ်ပါသည်။ ဤနေရာတွင် ပြည်သူများအနေဖြင့် ဟာသပြောတတ်သော၊ ဟာသလုပ်နေသည့်သူတိုင်းကိုရော အလေးထား ချစ်ခင်တတ်ကြသည်လားဟူ၍လည်း စဉ်းစားစရာ ရှိလာသည်။ စင်စစ် ဟာသပြောတတ်သော၊ ဟာသလုပ်နေသည့်သူတိုင်းကိုတော့ အဖြူ အမည်းမခွဲခြားဘဲ ပြည်သူများက မချစ်ခင်တတ်ကြသည့်အပြင်၊ ပြန်လည်လှောင်ပြောင်ခြင်းဖြင့် သရော်မုန်းတီးနေတတ်ကြပြန်ပါသေး၏။ ပြည်သူတိုင်း၏ သတ်မှတ်ချက်က ထိုသူများအား ပေါတောတော၊ ကြောင်တောင်တောင် ဟာသမင်းသားကြီးများအဖြစ်သာ ထင်မြင်ယူဆထားကြပါ၏။ ဤသို့ ချစ်ခင်စရာ တစ်ကွက်ကလေးမျှ မရှိသော ပေါတောတော ကြောင်တောင်တောင် ဟာသမင်းသားကြီးများမှာလည်း အမိနိုင်ငံ၏ နိုင်ငံရေးနယ်ပယ်အတွင်းတွင် ခေတ်အဆက်ဆက်များစွာပေါ်ထွက်နေခဲ့ခြင်းသာ ဖြစ်ပေသည်။ အမှန်ကို ပြည်သူလူထု၏ ဝိုင်းဝန်းလှောင်ပြောင်သရော်ခြင်းများကို အထူးရရှိခံစားခဲ့ကြရသည့် နိုင်ငံကျော် ဟာသမင်းသားကြီးများပင် ဖြစ်ပါတော့သည်။

မကြာသေးသော နှစ်အနည်းငယ်အတွင်းမှသည် ယခုအချိန်ထိ ထွက်ပေါ်လာခဲ့သော အမိနိုင်ငံအတွင်းမှ နိုင်ငံကျော် ဟာသမင်းသားကြီးများအား ဤနေရာတွင် အလျဉ်းသဖြင့် စာရင်းပြုတင်ပြလိုပါသည်။ ထိုဟာသမင်းသားကြီးများက ရုပ်တည်ကြီးများဖြင့် ပြည်သူလူထုအကြားသို့ အလွန်ရယ်မောစရာ ကောင်းသော ဟာသများအား ပြောကြားခဲ့ခြင်းလည်း ဖြစ်ပါတော့သည်။ အားလုံးကို ပြန်လည်၍ ကြားယောင်မိကြစေလိုပါသည်။

'အရက်အစား နွားနို့ပြောင်းသောက်ပါ' ဟူ၏။ 'ငွေကျပ်နှစ်သိန်းအောက်ဆိုလျှင် လာဘ်ပေးလာဘ်ယူမှု မမြောက်ဘူး'ဟူ၏။ 'ဖယောင်းတိုင်မီးထွန်း၍ နေပါ'ဟူ၏။ 'တစ်နေ့ထမင်းတစ်နပ် လျှော့စားပါ'ဟူ၏။ 'နယ်လှည့်ပါးရိုက်မည်' ဟူ၏။ 'ဆိုက်ကားနင်းလျှင် သူဌေးဖြစ်နိုင်သည်'ဟူ၏။ 'တစ်နေ့ငွေနှစ်ထောင်နှင့် လောက်အောင်သုံး' ဟူ၏။ 'ဖွဲ့စည်းပုံကြီးကို အသက်ပေးပြီးကာကွယ်မည်' ဟူ၏။ 'အမျိုး ဘာသာ သာသနာအတွက် အရိုးများကို စည်းရိုးထိုး ကာရံကြမည်' ဟူ၏။ 'ဆိုင်းဘုတ်ကြီးကို အသက်ပေးပြီး ကာကွယ်မည်'ဟူ၏။ 'လုံးဝလုံးဝ ဆန့်ကျင် ကွန့်ကွက်သည်' ဟူ၏။ 'ဒီမိုကရေစီ အနိုင်ကျင့်တယ်'ဟူ၏။ 'အစွန်းရောက်မျိုးချစ်စိတ်ကြောင့် လူငယ်သဘာဝ' ဟူ၏။ 'လက်နက်များကို ဝယ်ယူစုဆောင်းရခြင်းအား Crazy ကျခြင်းကြောင့် ဖြစ်နိုင်သည်'ဟူ၏။ 'တိုင်းပြည်၏ အနာဂတ်အား ပြန်လည်တာဝန်ယူချင်မိသည်'ဟူ၏။ 'လယ်စိုက်စားနေပါသည်' ဟူ၏။ 'နိုင်ငံနှင့်လူမျိုးအတွက် ရယူခြင်း အနည်းဆုံး၊ ပေးဆပ်ခြင်းအများဆုံး အဖွဲ့အစည်းကြီးသာ ဖြစ်သည်'ဟူ၏။ 'တရားဥပဒေစိုးမိုးရေးနှင့် ဗိုလ်ချုပ်အောင်ဆန်းအား ကန့်ကွက်သည်'ဟူ၏။ 'ကိုယ်တိုင်တက်ကြွစွာ ပါဝင်လုပ်ဆောင်ခဲ့သဖြင့် နာမည်ယူသုံးခြင်းဖြစ်သည်' ဟူ၏။ 'လူသတ်မှုအား နှစ်ဦးသဘောတူ ကျေအေး ရုပ်သိမ်းခွင့်ပြုလိုက်သည်' ဟူ၏။ 'သေနတ်ဖြင့် နောက်စေ့အား တေ့ပစ်ခြင်းကို သေစေလိုသော ဆန္ဒမရှိဘူး' ဟူ၏။ 'သူတို့လက်ထက်အတွင်း လုပ်ဆောင်ချက်များအား မှတ်ကျောက်တင်ခံနိုင်သည်' ဟူ၏။ 'ပါတီမှ နုတ်ထွက်ပြီးသားဖြစ်သည်' ဟူ၏။ 'ပြည်သူလူထု တစ်ရပ်လုံးအား ကိုယ်စားပြုသည်' ဟူ၏။ 'ဖြစ်ရပ်မှန်'ဟူ၏။ 'ဟင်းတစ်မယ် လျှော့စား' ဟူ၏။ 'အများညီ၍ ဤကိုကွဲလုပ်ခြင်းသည် ဒီမိုကရေစီမဟုတ်ဘူး' ဟူ၏။ ' Facebook အကောင့် အပိတ်ခံရသဖြင့် facebook အား ဆန္ဒပြသည်' ဟူ၏။ 'စဉ်းစားချိန် တန်ပြီ' ဟူ၏ အစရှိသဖြင့် ထိုဟာသ စကားများအား ကြားလိုက်ရသည့်အခါတိုင်း ပြည်သူလူထုတစ်ရပ်လုံးမှာ ဟက်ဟက်ပက်ပက် ရယ်မောကြရပါတော့သည်။ ပြောသောသူများကိုလည်း ဟာသမင်းသားကြီးများအဖြစ် သတ်မှတ်လိုက်ကြပါတော့သည်။

အမှန်တော့ ထိုကဲ့သို့ နိုင်ငံရေးတာဝန်များကို ထမ်းဆောင်ရန် ရယူထားသော၊ (နယ်ပယ်အသီးသီးမှ) နိုင်ငံရေးခေါင်းစဉ်အောက်ထဲမှ အဖွဲ့အစည်းအမျိုးမျိုးအတွင်းမှ ဟာသမင်းသားကြီးများ၏ ဟာသစကားလုံးများကို မြင်တွေ့ကြားသိနေရသည့် ပြည်သူများမှာတော့ ငိုအားထက် ရယ်အားသန်ခဲ့ရခြင်းသာ ဖြစ်ပါတော့သည်။ ထိုဟာသမင်းသားကြီးများကိုလည်း ဝိုင်းဝန်းမေတ္တာပို့သမိကြပါတော့သည်။ ပြည်သူများ၏ တန်ပြန်သရော်လှောင်မှုများကိုတော့ ထိုဟာသမင်းသားကြီးများက လုံးဝမမှုဘဲ၊ မျက်နှာပြောင်တိုက်နေကြဆဲသာ ဖြစ်ပေသည်။ မည်သို့ပင်ဆိုစေ ပြည်သူများ၏ ချစ်ခင်ခြင်းကို မရရှိသော၊ ပြည်သူ့ချဉ်ဖတ်များဖြစ်သည့် ယင်းပေါတောတော ကြောင်တောင်တောင် ဟာသမင်းသားကြီးများ၏ ဟာသစကားများကြောင့် ပြည်သူများခမျာ မပျော်ရွှင်ရပါသော်လည်း၊ အူလှိုက် သည်းလှိုက် ရယ်မောခြင်းများဖြင့် ဒေါသအလိပ်လိုက် အခဲလိုက်လည်း ထွက်ခဲ့ရပါတော့သည်။

ပြည်သူ့ချဉ်ဖတ် ဟာသမင်းသားကြီးများ၏ စွမ်းဆောင်ရည်များက အံ့မခန်းပင် ဖြစ်ပါတော့သည်။ အမှန်စင်စစ် အမိနိုင်ငံအတွင်းမှ နိုင်ငံရေးနယ်ပယ်အားလုံးသည်လည်း ပျော်ရွှင်စရာ မကောင်းသည့် ဟာသများသာ ကြီးစိုးနေခြင်းလည်း ဖြစ်ပါတော့သည်။ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး၊ အမျိုးသား ရင်ကြားစေ့ရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး အရေးအရေး အစရှိသဖြင့် နယ်ပယ်အားလုံး အရာရာတိုင်းသည် ပေါတောတော ကြောင်တောင်တောင် ဟာသမင်းသားကြီးများ၏ ကြီးစိုးခြင်းကိုသာ ခံနေရပြီး ဟာသဆန်နေခြင်းမှာ ရှေးယခင်ကတည်းက အစပြု၍ ယခုချိန်အထိသာ ဖြစ်ပါတော့သည်။ ထိုအခါ ဟာသကို စွဲလမ်းနှစ်ခြိုက်ကြသော ပြည်သူများခမျာ၊ မချည့်သွားဖြဲလေးဖြင့် ထိုပျော်ရွှင်စရာ မကောင်းသော ဟာသများကိုသာ စဉ်ဆက်မပြတ် ရှုစားနေခြင်းဖြင့် ဘဝအမောများအကြားမှပင် အူလှိုက် သည်းလှိုက် ရယ်မောနေကြရပါတော့သည်။ မည်သို့သော ဟာသမင်းသားကြီးများက၊ မည်သို့သော ဟာသစကားများအား ထပ်မံ၍ ပြောကြားလိမ့်ဦးမည်ဟူ၍လည်း ရင်သပ်ရှုမောစွာ ပါးစပ်အဟောင်းသားဖြင့် ဆက်လက်စောင့်မျှော် ကြည့်ရှုနေမိပါတော့သည်။

ထို့အတွက်ကြောင့် လက်ရှိ အမိမြန်မာနိုင်ငံအား ပြည်သူ့ချဉ်ဖတ် ဟာသမင်းသားကြီးများ၏ လွှမ်းမိုးခြင်းကို ခံနေရသော ဟာသနိုင်ငံတော်ကြီးဟုသာ သတ်မှတ်လိုက်ချင်မိပါတော့သည်။ ။

ခက်ဆစ်လင်း(ပြည်)

# ပိုးလေးတစ်ကောင်နဲ့ နှင်းဆီတစ်ပွင့်

ဦးဝင်းထိန်

၂၀၁၈ ခုနှစ် အောက်တိုဘာလဆိုရင် ဖြင့် ၁၉၈၃ ခုနှစ် အောက်တိုဘာလမှာ ဖြစ်ပွားခဲ့တဲ့ အာဇာနည်ကုန်း ဗုံးခွဲမှုဖြစ်စဉ်ဟာ (၃၅) နှစ်ရှိခဲ့ပြီပေါ့။ ဒီဖြစ်စဉ်နဲ့ပတ်သက်လို့ ဒီနေ့အထိ ဖော်ပြခဲ့တဲ့ အကြောင်းအရာတွေ ထည်း နည်းတော့ပါဘူး။ ဒါပေမဲ့ ကျွန်တော့်မှာ အဲဒီပုဂ္ဂိုလ်တွေ မသိသေးတဲ့ အချက်အလက်တွေ ရှိနေသေးတာမို့ နောင်လာနောက်သားတွေ အဖြစ်မှန်ကို သိစေလိုတဲ့ ဆန္ဒအပြင် သင်ခန်းစာယူနိုင်ကြပါစေလိုသော ဆန္ဒနဲ့ အဲဒီဖြစ်ရပ်ကို တင်ပြလိုက်ပါတယ်။

**အာဇာနည်ကုန်း ဗုံးကွဲခြင်း**

၁၉၈၃ ခုနှစ် အောက်တိုဘာလ ၉ ရက် မွန်းလွဲ ၁ နာရီခန့်မှာ ကျွန်တော်ဟာ မြို့ထဲကို ဦးဝိစာရလမ်းအတိုင်း သွားနေခဲ့ပါတယ်။ မြေနီကုန်းမီးပွိုင့်အလွန် ညာဘက်မှာ တော်လှန်ရေးပန်းခြံနဲ့ ဘယ်ဘက်မှာတော့ ဝိဇယရုပ်ရှင်ရုံ၊ 'လင်းယုန်'ကားရေဆေးဆီထိုးလုပ်ငန်း အဆောက်အအုံနဲ့ ဗဟန်းမြို့နယ် အားကစားကွင်း ရှိပါတယ်။ မြေနီကုန်းမီးပွိုင့်အလွန်မှာတော့ မြို့ထဲကို ရှေးရှုပြီး ကျွန်တော့်ကားလေးနဲ့ မောင်းထွက်လာခဲ့ပါတယ်။

အဲဒီအခါမှာ ဦးဝိစာရလမ်း ဘယ်၊ ညာမှာ လူစုလူဝေးလေးတွေ ဟိုနားတစ်ဖွဲ့၊ ဒီနားတစ်ဖွဲ့ တွေ့ရပါတယ်။ တစ်ဖွဲ့ကို လေး၊ ငါး ယောက်လောက်ကနေ ၁၀ ယောက်လောက်အထိ ရှိပါတယ်။ နောက်မှသိရတာက သူတို့ဟာ စမ်းချောင်းနဲ့ ဗဟန်းမြို့နယ်က ရပ်/ကျေးတာဝန်ခံတွေ ဖြစ်ပါသတဲ့။ သူတို့ ဘာကြောင့် အဲဒီနေရာမှာ ရောက်နေတယ်ဆိုတာ မြို့ထဲ ကျွန်တော့်ရုံးခန်းကိုရောက်မှ သိရတာပါ။

ရုံးရောက်ရောက်ချင်းပဲ အသိမိတ်ဆွေတွေဆီက တယ်လီဖုန်းလာပါတယ်။ အာဇာနည်ကုန်းမှာ ဗုံးကွဲလို့တဲ့။ "ဟာ ဒါဆိုရင် ဒီကိစ္စဟာ အသေးအဖွဲ့မဟုတ်ဘူး"လို့ စိတ်ထဲမှာ အတွေးပေါက်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ တောင်ကိုရီးယား သမ္မတ ချွန်ဒူးဟွမ် (CDH) နဲ့ ဝန်ကြီးတော်တော်များများပါတဲ့အဖွဲ့ဟာ အရင်တစ်နေ့က ရောက်လာတယ်ဆိုတာ အစိုးရသတင်းများအရ သိပြီးပါပြီ။ အဲဒီနေ့ မနက်ပိုင်းသတင်းစာထဲမှာလည်း အကျယ်တဝင့် ပါပါတယ်။

သတင်းများအရ တောင်ကိုရီးယား သမ္မတနဲ့ ဝန်ကြီးများဟာ မဆလအစိုးရအဖွဲ့ဝင်များနဲ့ တွေ့ပြီး မြန်မာနိုင်ငံကို စီးပွားရေးပူးပေါင်းဆောင်ရွက်ဖို့ အစီအစဉ် တပွေ့တပိုက်ကြီးနဲ့ ရောက်လာကြတာပါ။ အဲဒီသတင်းတွေကြောင့် တောင်ကိုရီးယားက ငွေကြေးထောက်ပံ့မှု၊ နည်းပညာပံ့ပိုးမှုတွေနဲ့ အနာဂတ် ဗမာနိုင်ငံရဲ့ စီးပွားရေးဟာ တိုးတက်လာစရာ အကြောင်းရှိတယ်လို့ စိတ်ထဲမှာ အတွေးပေါ်ခဲ့ဖူးပါတယ်။

"ဒီဗုံးကွဲမှုဟာ သူတို့ကို ရည်ရွယ်ပြီး ဗုံးခွဲတာ သေချာပေါက်ပဲ"လို့ စဉ်းစားမိပြီး နှစ်နိုင်ငံဆက်ဆံရေး အထူးသဖြင့် သံတမန်ရေးရာ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုရေးရာတွေမှာတော့ ထိခိုက်ကုန်တော့မှာပဲလို့ သုံးသပ်မိပါတယ်။ မကြာပါဘူး။ အဲဒီနေ့ ညနေပိုင်းမှာပဲ ဖြစ်ပုံသတင်းတွေကို စုစည်းရရှိခဲ့ပါတယ်။

**သမ္မတကြီးကတော့ ကံသီလို့**

ဗုံးကွဲတဲ့အချိန်မှာ သမ္မတချွန်ဒူးဟွမ်က အာဇာနည်ကုန်းကို ရောက်မလာသေးပါဘူး။ သူ့ဝန်ကြီးအဖွဲ့ဝင်တွေကတော့ ရောက်နေပါပြီ။ အဲဒီ ဝန်ကြီးတွေဟာလည်း သက်ဆိုင်ရာ မလဆဝန်ကြီးတွေနဲ့ တွေ့ဆုံဆွေးနွေးပြီးမှ အာဇာနည်ကုန်းကို ချိန်ကိုက်ရောက်လာကြတာပါ။ သူတို့သမ္မတကတော့ မြန်မာနိုင်ငံသမ္မတ ဦးစန်းယုကို ဝင်ရောက်နှုတ်ဆက်ပြီး အဲဒီကပြီးမှ အာဇာနည်ကုန်းကို လာမှာပါ။ ဒါပေမဲ့ CDH အာဇာနည်ကုန်းမရောက်ခင် ဗုံးကွဲသွားခဲ့တာပါ။ သမ္မတ CDH မှာ ဥပဓ္ဓေဒကကံ မပါဘူး ထင်ပါရဲ့။



သမ္မတကတော်အတွက် နှင်းဆီပန်းရှူးတဲ့အချိန်ဟာ အလွန်ဆုံးကြာလှ ငါးမိနစ်ပေါ့။ အဲဒီအချိန်ကလေးကပဲ သမ္မတ CDH ရဲ့အသက်ကို ကယ်လိုက်တာပါ။

ဗုံးကွဲတဲ့အချိန်မှာ မြန်မာဘက်က ကြိုဆိုရေးအဖွဲ့တွေ၊ လုံခြုံရေးအဖွဲ့ဝင်အချို့နဲ့ စစ်ရေးပြ ကြည်း၊ ရေ၊ လေ တပ်စုတစ်စုလောက် ရှိနေကြပါပြီ။ ဗုံးကွဲမှုကြောင့် တောင်ကိုရီးယား ဝန်ကြီး သုံး၊ လေးယောက်လောက် ကွယ်လွန်ခဲ့ပါတယ်။ သူတို့နဲ့အတူပါတဲ့ ဝန်ထမ်းအချို့နဲ့ မြန်မာဘက်က အစိုးရအဖွဲ့ဝင်အချို့အပြင် လုံခြုံရေးအဖွဲ့ဝင်အချို့လည်း ကွယ်လွန်တဲ့အခါ ပါသွားကြပါတယ်။ အချို့ကတော့ ဒဏ်ရာတွေ အသီးသီးရသွားကြပါတယ်။

**ကံဖန်လာပုံက**

နိုင်ငံတကာက အစိုးရဧည့်သည်တွေ နှစ်စဉ်လာလည်ကြတဲ့အခါ မဖြစ်မနေ ပို့ရမယ့်နေရာအချို့ ရှိပါတယ်။ ပထမဦးစားပေးကတော့ ရွှေတိဂုံဘုရားပေါ့။ ဘုရားကန်တော့ပြီးတာနဲ့ ဧည့်သည်တော်တွေကို အာဇာနည်ကုန်းကိုပို့ပြီး အလေးပြုတဲ့အစီအစဉ် ပါလေ့ရှိပါတယ်။ ဒါပေမဲ့ အဲဒီနေ့ တောင်ကိုရီးယား ဝန်ကြီးအဖွဲ့ဝင်အများစုကတော့ ဗမာအစိုးရဝန်ကြီးများနဲ့ တွေ့ဆုံပြီးမှ ရောက်လာကြတာပါ။

သမ္မတ CDH ကတော့ သူ့ဇနီးနဲ့အတူ ဟံသာဝတီအဝိုင်းကနေ ဝင်ရတဲ့ ဝင်ဒါမီယာထဲက သမ္မတဦးစန်းယုရုံးကို ဝင်ရောက်ဂါရဝပြု နှုတ်ဆက်ပါတယ်။ ဝင်ရောက်နှုတ်ဆက်ပြီး နာရီဝက်ခန့် ကြာတဲ့အခါ CDH တို့ လင်မယားဟာ သမ္မတဦးစန်းယုအခန်းက ထွက်လာပါတယ်။ နောက်အစီအစဉ်က အာဇာနည်ကုန်းကို သွားဖို့ပါ။

ဦးစန်းယုရုံးခန်းရဲ့ အပြင်မှာ ကောင်းကောင်းပြုစုထားတဲ့ မြက်ခင်းပြင်လေး ရှိပါတယ်။ အဲဒီမြက်ခင်းပြင်မှာ အိုးနဲ့စိုက်ထားတဲ့ နှင်းဆီပင်အိုး ၁၀ အိုးလောက် ရှိပါတယ်။ အဲဒီအချိန်မှာ နှင်းဆီပင်တွေက အပွင့်တွေ ဝေဝေဆာဆာ ဖူးပွင့်နေပါပြီ။ တောင်ကိုရီးယား သမ္မတကတော်ဟာ နှင်းဆီပွင့်တွေလည်း မြင်ရော "အို. . . လှလိုက်တာ"ပေါ့။ သူတို့ တောင်ကိုရီးယားနိုင်ငံမှာ နှင်းဆီပွင့်ချိန် မဟုတ်ဘူးထင်ပါရဲ့။

သူတို့ကို လိုက်ပို့တဲ့ ဦးစန်းယုက သမ္မတကတော် နှင်းဆီပန်းတွေအပေါ် အာရုံကျနေတာ သတိပြုမိတော့ သူ့ရုံးက ဗိုလ်မှူးစိုးမြင့်တို့၊ ဗိုလ်မှူးခင်ကြွယ်တို့ကို "ဟေ့. . . နှင်းဆီပန်းတွေ ခူးပြီး သမ္မတကတော်ကို လက်ဆောင်ပေးလိုက်ကြရအောင်"လို့ လှမ်းပြောလိုက်ပါတယ်။ အဲဒီတော့ ဟိုပုဂ္ဂိုလ်တွေကလည်း ရုံးမှာ ကမန်းကတန်းရှာလို့ရတဲ့ ကတ်ကြေးနဲ့ နှင်းဆီပန်းတွေကို ခူးပြီး ရုံးစက္ကူတွေနဲ့ပတ်ပြီးသကာလ သမ္မတကတော်ကို လက်ဆောင်ပေးလိုက်ကြပါတယ်။ (ဗိုလ်မှူးစိုးမြင့်နဲ့ ဗိုလ်မှူး ခင်ကြွယ်တို့ဟာ သမ္မတဦးစန်းယုတပ်မတော်မှာ ရှိစဉ်ကတည်းက အနီးကပ် နေနေကြတဲ့ ပုဂ္ဂိုလ်တွေပါ။)

ဖြစ်ချင်တော့ ရုံးမှာစက္ကူဖြတ်တဲ့ ကတ်ကြေးပဲ ရှိပါတယ်။ နှင်းဆီပန်းခူးတဲ့ ကတ်ကြေးမဟုတ်ပါ။ ဒါပေမဲ့ အရေးပေါ်ဆိုတော့ စက္ကူဖြတ်တဲ့ ကတ်ကြေးနဲ့ပဲ နှင်းဆီပန်းခူးတဲ့အခါ တော်တော်နဲ့ မတွင်ပါဘူး။ ကတ်ကြေးတွေက တုံးနေတာကိုး။ ဒါ့ကြောင့် နှင်းဆီလေး၊ ငါး၊ ခြောက်ပွင့်လောက်ရဖို့ ခူးတဲ့အခါ အချိန် နည်းနည်းလင့်သွားပါတယ်။ သမ္မတကတော်အတွက် နှင်းဆီပန်းခူးတဲ့အချိန်ဟာ အလွန်ဆုံးကြာလှ ငါးမိနစ်ပေါ့။ အဲဒီအချိန်ကလေးကပဲ သမ္မတ CDH ရဲ့အသက်ကို ကယ်လိုက်တာပါ။

သမ္မတကတော်ကလည်း နှင်းဆီပန်းတွေရလို့ ကျေနပ်ဝမ်းသာပြီး ကားပေါ်တက်ခါနီးမှာ ဗုံးကွဲတဲ့အသံ ကြားလိုက်ရတာပါ။ အဲဒီအခါမှာ လုံခြုံရေးအဖွဲ့ဝင်တွေက အာဇာနည်ကုန်းကို စက်နဲ့ဆက်သွယ်တဲ့အခါ ဗုံးကွဲတဲ့အကြောင်း သတင်းရသွားပါတယ်။ အဲဒီအခါမှာ သမ္မတ CDH ဟာ အာဇာနည်ကုန်းကို ဆက်မသွားတော့ဘဲ သူတို့တည်းခိုတဲ့ စိမ်းလဲ့ကန်သာဧည့်ဂေဟာကို ပြန်သွားပါတော့တယ်။ အာဇာနည်ကုန်းကို ရောက်နေတဲ့ အဖွဲ့ထဲက ဗုံးမထိတဲ့သူတွေကလည်း စိမ်းလဲ့ကန်သာကို ပြန်သွားကြပါတယ်။ လူစုံပြီဆိုတဲ့အခါကျမှ သူတို့တစ်ဖွဲ့လုံးဟာ ညနေ ၃ နာရီကျော်လောက်မှာ မင်္ဂလာဒုံလေဆိပ်ကို ထွက်သွားကြပြီး အဲဒီကမှ သူတို့နိုင်ငံကို တိုက်ရိုက်ပြန်သွားပါတော့တယ်။

**အခရာကျသော ခရာမှုတ်သမား**

ကျွန်တော်တို့ တပ်မတော်မှ မဟုတ်ပါဘူး။ ကမ္ဘာအရပ်ရပ်က တပ်မတော်တွေမှာ မူလတာဝန်ဖြစ်တဲ့ တိုက်ရေး၊ ခိုက်ရေးအပြင် တခြားတာဝန်တွေအတွက် လိုအပ်တဲ့ ကျွမ်းကျင်သူတွေကို ပါဝင်ဖွဲ့စည်းရပါတယ်။ ဥပမာ-ဆံသ၊ ထမင်းချက် စတဲ့ပုဂ္ဂိုလ်များ။ ထိပ်ပိုင်းက တပ်ဖွဲ့ဌာနချုပ်တွေမှာဆိုရင် ဘင်ခရာတပ်ဖွဲ့ဆိုတာ ရှိတတ်ကြပါတယ်။ အခြေခံကျတဲ့ နေ့စဉ်မနက်ပိုင်း အိပ်ရာထ၊ ညပိုင်းအိပ်ချိန် စတဲ့ အချိန်တွေမှာ အမြဲတမ်း ခရာမှုတ် အချက်ပေးရတဲ့အတွက် ခရာမှုတ်စစ်သည် Bugler ဆိုတာ မရှိမဖြစ် ထားရပါတယ်။

ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့တဲ့ စစ်ရုံး သို့မဟုတ် တရားဝင်အခေါ်အဝေါ် ကာကွယ်ရေးဝန်ကြီးဌာနမှာလည်း လုံခြုံရေးတာဝန် ထမ်းဆောင်တဲ့ စခန်းရုံးဆိုတာ ရှိပါတယ်။ အဲဒီ စခန်းရုံးမှာ ဖွဲ့စည်းပုံအရ ခရာမှုတ်သမား လေးယောက်လောက် ရှိပါတယ်။ အဲဒီ ခရာမှုတ်သမားဟာ ကာကွယ်ရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ အရာရှိနဲ့ အခြားစစ်သည်များအတွက် နှိုးဆော်တဲ့ မနက်စောစောတစ်ချိန်၊ ည ၉ နာရီတစ်ချိန် တွေမှာ မပျက်မကွက်ခရာမှုတ်ကြရပါတယ်။

အဲဒီစခန်းရုံးက ခရာမှုတ်သမားတွေ ထမ်းဆောင်ရတဲ့ တခြားတာဝန်တစ်ခု ရှိပါတယ်။ အဲဒါကတော့ အာဇာနည်ကုန်းကို နိုင်ငံတကာဧည့်သည် လာတဲ့အခါမှာလည်း တာဝန်ထမ်းဆောင်ရပါတယ်။ လူအင်အားပေါ် မူတည်ပြီး တစ်ခါတလေ နှစ်ယောက်၊ သုံးယောက် သွားရတဲ့အခါ ရှိပါတယ်။ နိုင်ငံခြား ဧည့်သည်တွေက ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်တွေကို အလေးပြုတဲ့အချိန်မှာ သူတို့ သင်ကြားတတ်မြောက်ထားတဲ့ 'တေးသွား'တစ်ခုကို မှုတ်ပေးရတာပါ။ ဒါ့ကြောင့် နိုင်ငံတော်အခမ်းအနားဖြစ်တဲ့ ဒီလိုပွဲမျိုးဟာ ဒီခရာမှုတ်သမားတွေဟာ အခရာကျပါတယ်။

www.free4readers.com





### ပိုးကောင်လေးတစ်ကောင်

တောင်ကိုရီးယားသမ္မတနဲ့အဖွဲ့ အာဇာနည်ကုန်းကို လာရောက်အလေးပြုတဲ့အခါ ခေါင်းခွံမှာ ခရာမှုတ်စစ်သည် (နာမည်တော့ မေ့သွားပါပြီ)ဟာ နောက်တစ်နေ့ သူ့ခရာကို အသုံးချမှာဖြစ်တဲ့အတွက် ညပိုင်းမှာပဲ ခရာကို ပြောင်လက်အောင် တိုက်ချွတ်ပြီး သေနတ်မှာသုတ်တဲ့ ဆီလေးကို ပါးပါးသုတ်ပြီး သိမ်းထားလိုက်ပါတယ်။ နောက်တစ်နေ့ မနက်ရောက်တော့ သူဟာ အာဇာနည်ကုန်းမသွားခင် သူ့ခရာကိုယူပြီး အသံစမ်း မှုတ်ကြည့်ပါတယ်။ ဘာသံမှ ထွက်မလာပါဘူး။ သူသိလိုက်ပါပြီ။ ခရာရဲ့ လေလမ်းကြောင်းထဲမှာ ပိုးကောင်ဝင်နေလို့ ဖြစ်မှာပါ။ အရင်ကလည်း ဒီလိုအဖြစ်မျိုး ခဏခဏကြုံခဲ့ဖူးပါပြီ။ ပါးပါးလေးသုတ်ထားတဲ့ ဆီကို ပိုးကောင်လေးက သူ့အာဟာရအဖြစ် စားသုံးရင်း နယ်ကျွံသွားတာပါ။

သူဟာ ဝင်နေတဲ့ ပိုးကောင်လေးကို တုတ်နဲ့ထိုးပြီး ထုတ်ဖို့ကြိုးစားပါတယ်။ မရပါ။ အဲဒီအချိန်မှာပဲ အာဇာနည်ကုန်းကိုသွားဖို့ ဖယ်ရီလာကြိုနေတဲ့အတွက် ပိုးကောင်ဖယ်တဲ့အလုပ်ကို ခဏခေါက်ထားပြီး ဖယ်ရီပေါ် တက်လိုက်သွားပါတယ်။ လမ်းသွားရင်းနဲ့လည်း သူ့ရဲ့ခရာကို ပေါင်ပေါ်မှာ တဖုတ်ဖုတ်ရိုက်ရင်းနဲ့ ပိုးကောင်ထွက်လာလို ထွက်လာငြား ကြိုးစားကြည့်ပါတယ်။ မအောင်မြင်ပါဘူး။ ဒါနဲ့ သူလည်း အာဇာနည်ကုန်းရောက်လာပြီး တာဝန်ခံအရာရှိကို ရောက်ကြောင်း သတင်းပို့လိုက်ပါတယ်။

အာဇာနည်ကုန်းမှာ ကြည်း/ရေ/လေ တပ်စိတ်တွေ အဆင်သင့်ဖြစ်နေပါပြီ။ နိုင်ငံခြား ဧည့်သည်တွေလည်း တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြပါပြီ။ အဲဒီအခါမှာ ခရာစစ်သည်က လုံခြုံရေးတပ်ခွဲမှူးကို သတင်းပို့ပါတယ်။ မနက်က သူ့ရဲ့ခရာမှာပိုးဝင်လို့ အသံမထွက်ဘူး။ ဒါကြောင့် သမ္မတမလာခင် ခဏစမ်းပြီး မှုတ်ကြည့်ချင်တယ်လို့ ခွင့်တောင်းပါတယ်။

တပ်ခွဲမှူးက ခွင့်ပြုတဲ့အတွက် သူဟာ ခြံစည်းရိုးဘက်နားသွားပြီး ခရာစမ်းမှုတ်ကြည့်ပါတယ်။ အစပထမတော့ ခရာကတဖူးဖူးနဲ့ အသံမထွက်ချင် ထွက်ချင်ဖြစ်နေရာက နောက်မှ အသံအပြည့်အဝ ထွက်လာပါတယ်။ ဒါကြောင့် သူဟာ ခရာကို သူမှုတ်ရမယ့်တေးသွား အစပိုဒ်ကို စမ်းမှုတ်ကြည့်ပါတယ်။ အစပိုဒ်ကို မှုတ်ပြီးတဲ့အချိန်မှာပဲ ဂျိန်းခနဲ ပေါက်ကွဲသံကြားပြီး သူလည်း အရှိန်နဲ့မှောက်လျက်လဲသွားပါတော့တယ်။

### Timing

တောင်ကိုရီးယား ထိပ်တန်းဧည့်သည်တော်အဖွဲ့ ဗုံးခွဲခံရတယ်ဆိုကတည်းက ဒါဟာ မြောက်ကိုရီးယားအစိုးရရဲ့ လက်ချက်လို့ ချက်ချင်းအဖြေထုတ်လို့ ရပါတယ်။ ဘယ်လိုများ ဖြစ်ကြတာပါလိမ့်လို့ လူတွေက ရုတ်တရက်တော့ မသိကြသေးပါဘူး။ နောက်ရက်အနည်းငယ်အတွင်းမှာ ဖြစ်ပေါ်လာတဲ့ ဖြစ်စဉ်များကြောင့် အခြေအနေတွေဟာ တစ်စတစ်စနဲ့ ရုပ်လုံးပေါ်လာတော့ပါတယ်။

တောင်ကိုရီးယားသမ္မတရဲ့ မြန်မာပြည် ခရီးစဉ်နဲ့ပတ်သက်တဲ့သတင်းကို မြောက်ကိုရီးယားက ကြိုသိတယ်လို့ ယူဆရပါတယ်။ အဲဒီတုန်းက မြောက်ကိုရီးယားနိုင်ငံကို Kim Jong Ei ကင်ဂျုံအီက အာဏာရနေတဲ့အချိန်ဖြစ်ပါတယ်။ အဲဒီသတင်းအရ မြောက်ကိုရီးယားက ပြန်ကြားရေးအဖွဲ့တစ်ခုဟာ မြန်မာပြည်ကို လာလည်ခဲ့ပါတယ်။ မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ကို မြန်မာဘက် ဧည့်ခံရာမှာ ပထမရွှေတိဂုံဘုရား၊ ဒုတိယ အာဇာနည်ကုန်းနဲ့ တတိယအမျိုးသားပြတိုက် စတဲ့ နေရာတွေကို လိုက်ပြပါတယ်။ ဒါဟာ နိုင်ငံတကာ ဧည့်သည်တွေကို ဧည့်ခံရာမှာ လိုက်ပို့လေ့ရှိတဲ့ ခရီးစဉ်ပါ။

ဒီအစီအစဉ်ကို မြောက်ကိုရီးယားက ရသွားတဲ့အခါ တောင်ကိုရီးယားသမ္မတနဲ့အဖွဲ့ လာရင်လည်း ဒီအတိုင်းပဲ ဧည့်ခံမယ်ဆိုတာ သူတို့သဘောပေါက်သွားပါတယ်။ ဒီလို မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ ရောက်လာပြီး အစီအစဉ်တွေကို ကြိုသိအောင်လုပ်တာကို သူတို့အသုံးအနှုန်းအရ Dry Run လို့ ခေါ်ပါတယ်။ ဒါကြောင့် သူတို့ဟာ တောင်ကိုရီးယားအဖွဲ့ကို လုပ်ကြံမယ်ဆိုရင် အသင့်တော်ဆုံးနေရာဟာ အာဇာနည်ကုန်းဖြစ်မယ်လို့ သတ်မှတ်ရွေးချယ်လိုက်ခဲ့ပါသတဲ့။

အဲဒီလို ရွေးချယ်တဲ့အတိုင်း အာဇာနည်ကုန်းရောက်တဲ့အခါ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုတဲ့အခါ ခရာမှုတ်တဲ့ အစီအစဉ်ပါတယ်ဆိုတာကိုပါ မှတ်သားထားမယ်လို့ ယူဆရပါတယ်။ ဒါကြောင့် ခရာစစ်သည်က သူ့ခရာကောင်း၊ မကောင်း စမ်းသပ်မှုတ်တဲ့အသံကို ကြားတာနဲ့ ဒီအသံကို စောင့်နေတဲ့ လျှို့ဝှက်မြောက်ကိုရီးယားအရာရှိတွေက လူစုံတဲ့အတွက် အလေးပြုပြီလို့ ယူဆပြီး Remote Control ကို နှိပ်လိုက်တဲ့အတွက် ဗုံးကွဲသွားခြင်း ဖြစ်ပါတယ်။

တကယ်တော့ သူတို့ Timing အောက်သွားတာပါ။ သူတို့ Timing အောက်သွားတဲ့ အကြောင်းရင်းကတစ်ကြောင်း၊ သမ္မတဦးစန်းယုရုံးမှာ သမ္မတကတော်အတွက် နှင်းဆီပန်းတွေ ခူးနေရလို့ အချိန်နောက်ကျသွားတာက တစ်ကြောင်း စတဲ့အကြောင်းတွေဟာ တောင်ကိုရီးယားသမ္မတရဲ့ အသက်ကို ကယ်လိုက်သလို ဖြစ်သွားခဲ့တာပါ။

အဲဒီ ဗုံးကွဲတဲ့အတွက်ကြောင့် တောင်ကိုရီးယားဝန်ကြီး လေးဦးအပါအဝင် သူတို့နိုင်ငံသား ၁၆ ဦးနဲ့ မြန်မာ ၁၉ ဦး စုစုပေါင်း ၃၅ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရသူ ၄၆ ဦးရှိခဲ့ပါတယ်။ ဦးနေဝင်းကိုယ်တိုင် နိုင်ငံတော်ဧည့်ဂေဟာကိုသွားပြီး တောင်ကိုရီးယားသမ္မတနဲ့ အဖွဲ့ကို တောင်းပန်စကားဆိုခဲ့ပါတယ်။ အဲဒီအထိမ်းအမှတ်အနေနဲ့ နိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး သုံးရက်ကြာ တိုင်ဝက်လွှင့်ထူစေခဲ့ပါတယ်။

### ထောက်လှမ်းရေးစီမံချက်

တောင်ကိုရီးယားသမ္မတနဲ့အဖွဲ့ ခရီးစဉ်သတင်းကို မြောက်ကိုရီးယားဘက်က ကြိုတင်ရတဲ့အခါ မြောက်ကိုရီးယားက သမ္မတနဲ့အဖွဲ့ကို လုပ်ကြံဖို့ စီမံပါတော့တယ်။ အဲဒီစီမံချက်ကို အကောင်အထည်ဖော်ဖို့ လက်ရွေးစင် မြောက်ကိုရီးယားတပ်မတော်ရဲ့ အရာရှိသုံးဦးကို ရွေးချယ်လိုက်ပါတယ်။ အဲဒီသုံးယောက်ဟာ တောင်ကိုရီးယားအဖွဲ့ကို မြန်မာပြည်မှာ လုပ်ကြံမယ်။ အဲဒီမှာ လုပ်ကြံလို့မရရင် နောက်ခရီးစဉ်တစ်ထောက်ဖြစ်တဲ့ သီရိလင်္ကာမှာ လုပ်ကြံကြမယ်လို့ စီစဉ်ကြပါတယ်။

မြန်မာပြည်ကို တောင်ကိုရီးယားသမ္မတနဲ့အဖွဲ့မရောက်ခင် တစ်ပတ်လောက်အလိုမှာ ရန်ကုန်ဆိပ်ကမ်းကို မြောက်ကိုရီးယားသင်္ဘော တစ်စင်း ဆိုက်ရောက်လာပါတယ်။ အဲဒီသင်္ဘောဟာ ရန်ကုန်ဆိပ်ကမ်းမှာ သုံး၊ လေးရက် ကြာပါတယ်။ သင်္ဘောဆိုက်တဲ့ကာလမှာ ထုံးစံအတိုင်း သင်္ဘောသားအချို့ ရန်ကုန်မြို့ပေါ်ကို အလည်အပတ်သွားကြပါတယ်။ အဲဒီလို အလည်အပတ်သွားတဲ့အခါ ဆိပ်ကမ်းအဝင်အထွက် မှတ်ပုံတင်စာအုပ်မှာ မှတ်တမ်းတင်ရပါတယ်။ တစ်ရက်မှာတော့ ကုန်းပေါ်တက်သွားတဲ့ မြောက်ကိုရီးယား သင်္ဘောသား သုံးယောက်ဟာ သင်္ဘောကို ပြန်မလာခဲ့ပါဘူး။ အဲဒီလို သင်္ဘောသားသုံးယောက် ပြန်မလာဘဲ ပျက်ကွက်နေတာကို ဆိပ်ကမ်းအာဏာပိုင်တွေက သက်ဆိုင်ရာကို ချက်ချင်းအကြောင်းကြားပါတယ်။ မြောက်ကိုရီးယားသင်္ဘော ပြန်ထွက်သွားသော်လည်း အဲဒီခရီးသည်သုံးယောက် ရန်ကုန်မြို့ပေါ်မှာ ရှိတဲ့သဘောပေါ့။ တကယ်တော့ သူတို့သုံးယောက်ဟာ အဲဒီညကစပြီး အလုံမြို့နယ်မှာ မြောက်ကိုရီးယားသံရုံးက ငှားထားတဲ့ အဆောက်အအုံမှာ နှစ်ည၊ သုံးညလောက်ခိုပြီး ပြင်ဆင်မှုတွေ လုပ်နေတာပါ။

သူတို့အသုံးပြုရမယ့် ပစ္စည်းတွေ (ဖောက်ခွဲရေးနဲ့ ပတ်သက်တဲ့ ကြိုး၊ စနက်တံ၊ ယမ်း စသည်) ကို ပြင်ဆင်နေတာပါ။ အဲဒီ ဖောက်ခွဲရေးပစ္စည်းတွေဟာ မြောက်ကိုရီးယားက ကြိုရောက်နှင့်နေတာပါ။ မြောက်ကိုရီးယား နိုင်ငံခြားရေးရုံးက မြန်မာပြည်မှာရှိတဲ့ သူတို့ရဲ့ သံရုံးကို သံတမန်စာပို့ Diplomatic Pouch နဲ့ ကြိုပို့ထားတာပါ။

နောက်တစ်နေ့မှာ သူတို့တည်းခိုတဲ့ အိမ်က ညပိုင်းမှာထွက်ပြီး အာဇာနည်ကုန်းကို သွားရောက်လေ့လာပါတယ်။ အဲဒီတုန်းက အာဇာနည်ကုန်းဟာ အကာမရှိပေမယ့် အမိုးနဲ့ပါ။ သူတို့ဟာ အာဇာနည်ကုန်းက ခေါင်းမိုးမှာပါတဲ့ ထုပ်တို့၊ တန်းတို့မှာ သူတို့မှာပါတဲ့ ယမ်းတွေကို ဆင်ထားခဲ့ပါတယ်။ ဆင်ထားပြီးတော့ သူတို့တည်းတဲ့ အိမ်ကို ပြန်မသွားတော့ပါဘူး။ တော်လှန်ရေးပန်းခြံထဲက ချုံပုတ်တွေအောက်မှာ ဖြစ်သလိုအိပ်ကြပါသတဲ့။ အဲဒီတုန်းက အာဇာနည်ကုန်းနဲ့ တော်လှန်ရေးပန်းခြံတို့မှာ လုံခြုံရေးအလွန်နည်းခဲ့ပါတယ်။

နောက်တစ်နေ့မနက်လင်းတော့ ဖြစ်သလို အာဟာရတွေဖြည့်ပြီး မနက် ၈ နာရီလောက်ကတည်းက မြေနီကုန်းလမ်းဆုံမှာရှိတဲ့ ဦးဝိစာရရုပ်ရှင်ရုံနားမှာ ရုပ်ရှင်ကြည့်ပရိသတ်လိုလို၊ ဘာလိုလိုနဲ့ အုတ်ခုံတစ်ခုမှာ ထိုင်စောင့်နေကြပါသတဲ့။ အဲဒီအခါမှာ ခရာမှုတ်စစ်သည်က သူ့ခရာကို အသံထွက်၊ မထွက် စမ်းရင်း အသံထွက်လာတာနဲ့ မှုတ်ရမယ့် တေးသွားရဲ့ ပထမအပိုဒ်ကို စမ်းမှုတ်တဲ့အခါ မြောက်ကိုရီးယားတွေက လူစုံလို့ အလေးပြုချိန်ပဲလို့ ယူဆပြီး Remote Control ကို နှိပ်လိုက်တော့ Teming မညီတဲ့ ပေါက်ကွဲမှု ဖြစ်သွားခဲ့တော့တာပေါ့။

### ထောက်လှမ်းရေးလစ်ဟာမှု Intelligence gap

အဲဒီအချိန်မှာ တိုက်ဆိုင်သွားတာက အမျိုးသားထောက်လှမ်းရေးအဖွဲ့ တာဝန်ခံဖြစ်တဲ့ ဗိုလ်မှူးချုပ်တင်ဦးနဲ့ ပြည်ထဲရေးဝန်ကြီး ဦးဘိုနီတို့ကို အရေးယူပြီးတဲ့အချိန်နဲ့ တိုက်ဆိုင်နေပါတယ်။ သူတို့နှစ်ဦးဟာ ထောက်လှမ်းရေးသန္ဓေတွေ ဖြစ်ပါတယ်။ ထိပ်ပိုင်းနှစ်ဦး အဲဒီလို အရေးယူခံရတဲ့အခါ သူတို့လက်အောက်က အရာရှိကြီး၊ ငယ် အများစုဟာလည်း ထိတ်လန့်ချောက်ချားပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင်ဖြစ်နေခဲ့ကြပါတယ်။ ဒါကြောင့် သူတို့ရဲ့ အဓိကတာဝန်ဖြစ်တဲ့ လုံခြုံရေးနဲ့ ထောက်လှမ်းရေး တာဝန်တွေကို အပြည့်အဝမထမ်းဆောင်နိုင်တော့ဘဲ လစ်ဟာမှုဖြစ်သွားခဲ့ပါတယ်။ ဒါကြောင့် သင်္ဘောသားသုံးယောက် သင်္ဘောနဲ့ မပြန်သွားဘဲ ရန်ကုန်မှာပဲ ကျန်ရစ်တဲ့ သတင်းကို ထောက်လှမ်းရေးအမြင်နဲ့ လေ့လာသုံးသပ်ပြီး အရေးမယူနိုင်ခဲ့တာဖြစ်ဖို့ များပါတယ်။ အဲဒီ လစ်ဟာမှုကြောင့် CDH ဗုံးခွဲမှုကြီးကို မြောက်ကိုရီးယားက အောင်မြင်စွာ လုပ်ဆောင်သွားနိုင်ခဲ့တာပါ။

> ခရာစစ်သည်က သူ့ခရာကောင်း၊ မကောင်း စမ်းသပ်မှုတ်တဲ့အသံကို ကြားတာနဲ့ ဒီအသံကို စောင့်နေတဲ့ လျှို့ဝှက်မြောက်ကိုရီးယားအရာရှိတွေက လူစုံတဲ့အတွက် အလေးပြုပြီလို့ ယူဆပြီး Remote Control ကို နှိပ်လိုက်တဲ့အတွက် ဗုံးကွဲသွားခြင်း ဖြစ်ပါတယ်။

### Escape Route လွတ်လမ်း

မြောက်ကိုရီးယားရဲ့ လျှို့ဝှက်အရာရှိသုံးဦးဟာ ဗုံးကွဲသံလည်းကြားရော သူတို့လုပ်ငန်း အောင်မြင်ပြီပေါ့။ ဒါကြောင့် သူတို့ တိုင်းပြည်က မလာခင်ကတည်းက ရရှိတဲ့ ညွှန်ကြားချက်အရ သူတို့ရဲ့ လွတ်မြောက်ရာ၊ လွတ်မြောက်ကြောင်း အစီအစဉ်အတိုင်း တောင်ဘက်ပင်လယ်ဝကို ရှေးရှုထွက်ခွာကြပါတယ်။ သူတို့ ညွှန်ကြားချက်ထဲမှာက သတ်မှတ်ထားတဲ့နေရာမှာ မြောက်ကိုရီးယားရေငုပ်သင်္ဘောတစ်စင်းက လာစောင့်ပြီး သူတို့ကို ခေါ်သွားမယ်။ အဲဒီအတိုင်း စီစဉ်ခဲ့တာပါ။

တကယ်တော့ ရေငုပ်သင်္ဘောက လာစောင့်မနေပါဘူး။ သူတို့ကို လွှတ်လိုက်တာက Suicide Mission ပါ။ ပြန်လမ်းမရှိ လွတ်လမ်းမရှိတဲ့ အသေခံမစ်ရှင်တစ်ခု ဖြစ်ပါတယ်။ ဒီလိုသဘောကို သူတို့ကိုယ်တိုင်လည်း နောက်ပိုင်းမှာ သိလာရပါတယ်။ သူတို့ထဲက ဇင်ဘို ဆိုသူတစ်ယောက်ကတော့ မူလနှစ်ယောက်နဲ့ လမ်းကွဲပြီး ပုဇွန်တောင်ချောင်းထဲမှာ လူတွေက ဝိုင်းလိုက်ရင်း တွေ့လို့ အဖမ်းခံခဲ့ရတာပါ။ သူက လက်ပစ်ဗုံးနဲ့ ခုခံမယ်လုပ်ပေမယ့် လက်ပစ်ဗုံးက ချက်ချင်းကွဲပြီး ဒဏ်ရာရသွားလို့ ဖမ်းမိခဲ့တာပါ။ အဲဒီဒဏ်ရာကြောင့် ဇင်ဘိုဟာ မျက်လုံးကွယ်ခဲ့ပါတယ်။

ကျန်တဲ့နှစ်ယောက်ကတော့ တော်လှန်ရေးပန်းခြံကနေ ကမ်းနားဘက်ကို ကျောပိုးအိတ်ကိုယ်စီနဲ့ ထွက်ခွာခဲ့ပါတယ်။ မြန်မာပိုက်ဆံလည်း ပါလာတော့ ဒလဘက်ကို သမ္ဗန်ငှားပြီး ကူးခဲ့ကြပါတယ်။ ဒလဘက်ရောက်တော့ သံလိုက်အိမ်မြှောင်ညွှန်းရာ တောင်အရပ်ကို မူတည်ပြီး ခြေလျင်ခရီးဆက်ကြပါတယ်။ အချိန်က မွန်းတည့် ၁၂ နာရီကျော်နေပါပြီ။

ဒလမြို့လွန်တော့ ကျေးရွာပိုင်းဘက်ကို ဦးတည်လျှောက်ကြပါတယ်။ အဲဒီအချိန်မှာ သီတင်းကျွတ်လ နောက်ဆုံးပတ်လောက်ဆိုတော့ အဲဒီဘက်က တချို့လယ်တွေ ရိတ်သိမ်းစပြုနေကြပါပြီ။ လယ်ကွင်းတွေကိုဖြတ်ပြီး ခရီးသွားနေတဲ့ လူနှစ်ယောက်ကို ရွာသားတွေမြင်တော့ မယုံသင်္ကာစိတ်တွေ ပေါ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ဘောင်းဘီကိုယ်စီ၊ ကျောပိုးအိတ်ကိုယ်စီ၊ ခြေထောက်မှာလည်း တောသားတွေ စီးလေ့စီးထမရှိတဲ့ လည်ရှည်သားရေဖိနပ်ကိုယ်စီ တွေနဲ့ပါ။

သူတို့အုပ်စုထဲက နိုးကြားတဲ့ ရွာသားတချို့ ခေါင်းဆောင်ပြီး သူတို့ကို ချဉ်းကပ်ပါတယ်။ မေးမယ်၊ မြန်းမယ်ပေါ့။ ဒါပေမဲ့ သူတို့အနားရောက်တဲ့အခါ သူတို့နှစ်ယောက်စလုံးက အနားကပ်မခံဘဲ ရန်လိုတဲ့အမူအရာတွေနဲ့ တုံ့ပြန်တဲ့အခါ ရွာသားတွေက ဝိုင်းဖမ်းဖို့ ကြိုးစားပါတော့တယ်။ သူတို့က ပါလာတဲ့ လက်ပစ်ဗုံးကိုယ်စီနဲ့ လယ်သမားတွေကို ပစ်ပေါက်မယ် ကြံရွယ်ဟန်တူပါတယ်။ ဒါပေမဲ့ လက်ပစ်ဗုံးတွေက သူတို့လက်က မလွတ်ခင် ပေါက်ကွဲသွားကြပါတယ်။

အချုပ်မှာတော့ သူတို့ထဲက တစ်ယောက် ပွဲချင်းပြီးသေပြီး နှစ်ယောက်ဒဏ်ရာရသွားကြပါတယ်။ ဒဏ်ရာနဲ့ အရှင်မိတဲ့သူနှစ်ယောက်ရဲ့ နာမည်တွေကတော့ ဇင်ဘိုနဲ့ ကင်မင်ချူးတို့ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ကို တပ်မတော်စစ်ဆေးရုံကိုတင်ပြီး ဆေးဝါးကောင်းစွာ ကုသပေးခဲ့ပါတယ်။ ဇင်ဘိုကတော့ လက်ပစ်ဗုံးကွဲစတွေမှန်လို့ မျက်စိမမြင်တော့ပါဘူး။ ကင်မင်ချူးကတော့ လက်ထဲမှာတင် ဗုံးကွဲသွားတဲ့အတွက် လက်တစ်ချောင်းဖြတ်ပစ်ရပါတယ်။

စာမျက်နှာ (၂၈) သို့

www.free4readers.com

# ကျွန်တော်တို့ ဘာကြောင့် မဲပေးရမှာလဲ



**သန်းနိုင်ဦး**



**အစိုးရအဖွဲ့ကိုလည်း သဘောထားကြီးကြီးနဲ့ စောင့်ကြည့်နေတဲ့ မဲဆန္ဒရှင်တွေ ရှိနေဆဲ ဖြစ်ပါတယ် . . . ငါတို့ ဘာလုပ်လုပ် ပြည်သူတွေ ထောက်ခံလိမ့်မယ်ဆိုတဲ့ လွဲမှားတဲ့ ယုံကြည်ချက်မျိုး မထားသင့်ပါဘူး။ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ သဘောသဘာဝကိုက ချစ်နေရင် အပြစ်မမြင်ပေမဲ့ မုန်းသွားရင် ဘယ်တော့မှ လှည့်မကြည့်တဲ့ အကျင့်ရှိတယ် . . .**

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ကြားဖြတ်ရွေးကောက်ပွဲတွေကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလဆန်းမှာ ပြုလုပ်သွားမှာဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာထားတယ်။ ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် နိုင်ငံရေးပါတီတွေလည်း နိုင်ငံပိုင်မီဒီယာတွေကတစ်ဆင့် ဟောပြောမှုတွေကို ထုတ်လွှင့်ပြသပေးနေပါတယ်။

မြန်မာနိုင်ငံက ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းအဖြစ် ဖော်ဆောင်နေပါတယ်။ ဒီမိုကရေစီနိုင်ငံတိုင်းက ရွေးကောက်ပွဲတွေကို မဖြစ်မနေ ဖြတ်သန်းရပါတယ်။

ရွေးကောက်ပွဲမရှိရင် ဒီမိုကရေစီ မရှိနိုင်ဘူး။ (ရွေးကောက်ပွဲတွေရှိတိုင်း ဒီမိုကရေစီရှိတယ်လို့တော့ မဆိုနိုင်ဘူး။) ယခုကျင်းပမယ့် ရွေးကောက်ပွဲက ကြားဖြတ်ရွေးကောက်ပွဲဖြစ်လို့ယှဉ်ပြိုင်ရမယ့် မဲဆန္ဒအရေအတွက် နည်းပါးတယ်။ ကြားဖြတ်ရွေးကောက်ပွဲဖြစ်စေ၊ အထွေထွေရွေးကောက်ပွဲဖြစ်စေ ရွေးကောက်ပွဲတွေမှာ ပါဝင် အရွေးခံကြမယ့် အမတ်လောင်းတွေဟာ မဲဆန္ဒရှင်ပြည်သူတွေကို ရှင်းပြဖို့တာဝန်ရှိတယ်။ ပါဝင်အရွေးခံမယ့် အမတ်လောင်းတွေဟာ တစ်သီးပုဂ္ဂလနဲ့ယှဉ်ပြိုင်တာ ဖြစ်နိုင်သလို သက်ဆိုင်ရာနိုင်ငံရေးပါတီကိုယ်စားပြုပြီး ယှဉ်ပြိုင်တာလည်း ဖြစ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူတွေက ရွေးကောက်ပွဲပေါင်းများစွာကို ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံကောင်းတွေ ရှိခဲ့ပြီဆိုတာ သတိပြုဖို့ လိုပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲနီးလာတာနဲ့ အမျှ မဲဆန္ဒရှင်ပြည်သူတွေဆီက ကြားရတဲ့ အသံက "ကျွန်တော်တို့ ဘာကြောင့် မဲပေးရမှာလဲ"ဆိုတဲ့ မေးခွန်းပါ။ ဒီမေးခွန်းကို ရွေးကောက်ပွဲတိုင်းမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် အမတ်တွေနဲ့ နိုင်ငံရေးပါတီတွေ ဖြေကြား ပေးစေလိုပါတယ်။ ပြည်သူ့မဲတွေ လိုချင်ရင် ပြည်သူတွေမေးတဲ့ မေးခွန်းကို ပြည့်ပြည့်စုံစုံ ဖြေကြားပေးဖို့ တာဝန်ရှိတယ်။ ရွေးကောက်ပွဲတိုင်းမှာ ပါဝင်အရွေးခံမယ့် အမတ်တွေအနေနဲ့ ပြည်သူ့မဲတွေနဲ့ ထိုက်တန်ကြောင်း ပြသဖို့ စွမ်းဆောင်ရည်တွေ ပြည့်ဝနေဖို့ လိုပါတယ်။

ရွေးကောက်ခံ အမတ်တိုင်းက ပြည်သူ့ဘဏ္ဍာငွေတွေနဲ့ လစာရိက္ခာရယူသုံးစွဲ နေရတာဖြစ်လို့ စွမ်းဆောင်ရည် မပြည့်ဝရင် ဝင်ရောက်အရွေးချယ် မခံသင့်ဘူး။ အရာရှိအငြိမ်းစားကြီးအချို့နဲ့ အငြိမ်းစားပါမောက္ခတွေ၊ သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်အချို့နဲ့ သူဌေးသူကြွယ်ကြီးတွေလည်း ရွေးကောက်ပွဲတွေကို မျက်စိကျလေ့ ရှိတယ်။ တချို့သူတွေက သက်ဆိုင်ရာပါတီကခေါ်ယူပြီး ဝင်ရောက် ယှဉ်ပြိုင်ခိုင်းလို့ မငြင်းနိုင်ဘဲ ဝင်ပြိုင်ကြရသူတွေ ရှိတယ်။ ကိုယ်တိုင်ယုံကြည်လို့ ကြိုက်နှစ်သက်တဲ့ ပါတီအောက်မှာ ဝင်ရောက် ယှဉ်ပြိုင်ကြသူ တွေလည်း ရှိတယ်။ မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲမှာ ဝင်ရောက်အရွေးချယ်ခံမယ်လို့ ဆုံးဖြတ်ထားရင် ပြည်သူကို အလုပ်အကျွေးပြုရတော့မှာဖြစ်လို့ နှိမ့်ချတဲ့စိတ်ထား မဖြစ်မနေထားနိုင်ဖို့ လိုပါတယ်။ ပြည်သူ့အပေါ် သခင်လို သဘောမထားနိုင်ရင် ရွေးကောက်ပွဲတွေမှာ ဝင်မပြိုင်ပါနဲ့။

ရွေးကောက်ပွဲတွေမှာ အရွေးခံခဲ့ရလို့ လွှတ်တော်ထဲ ဝင်ရောက်သွားတဲ့ အမတ်တွေ များလှပြီ။ လွှတ်တော်ထဲရောက်သွားတဲ့ ရွေးကောက်ခံအမတ်တွေ ရွေးကောက်ပွဲကတိတွေ တည်ကြပါရဲ့လား။ ပထမအကြိမ် လွှတ်တော်သက်တမ်း ငါးနှစ်အတွင်းမှာ မေးခွန်းလည်းမထုတ်၊ အဆိုလည်းမတင် လွှတ်တော်ထဲ ငုတ်တုတ်ထိုင်ခဲ့ကြတဲ့ အမတ်မင်းတွေ ရှိခဲ့တယ်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်းမှာ ဘာမှမလုပ်ရသေးတဲ့ အမတ်မင်းတွေ ရှိနေသေးတယ်။ လွှတ်တော်သက်တမ်း လက်ကျန်ကာလတွေမှာ ပြည်သူကို အကောင်းဆုံး အလုပ်အကျွေးပြုနိုင်ကြဖို့လိုတယ်။

အထွေထွေရွေးကောက်ပွဲတွေက ငါးနှစ်တစ်ကြိမ် လာနေဦးမှာ ဖြစ်တယ်။ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲမှာ မဲဆန္ဒနယ်မြေအများဆုံး ရွေးချယ်ခံခဲ့ရလို့ NLD ပါတီက အစိုးရ ဖွဲ့နိုင်ခဲ့တယ်။ ဒါပေမဲ့ အရွေးချယ်ခံ အမတ်တွေကို အားမလိုအားမရ ဖြစ်နေတဲ့ မဲဆန္ဒရှင်ပြည်သူတွေ အများကြီးပါပဲ။

အစိုးရအဖွဲ့ကိုလည်း သဘောထားကြီးကြီးနဲ့ စောင့်ကြည့်နေတဲ့ မဲဆန္ဒရှင်တွေ ရှိနေဆဲ ဖြစ်ပါတယ်။ ငါတို့ ဘာလုပ်လုပ် ပြည်သူတွေ ထောက်ခံလိမ့်မယ်ဆိုတဲ့ လွဲမှားတဲ့ ယုံကြည်ချက်မျိုး မထားသင့်ပါဘူး။ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ သဘောသဘာဝကိုက ချစ်နေရင် အပြစ်မမြင်ပေမဲ့ မုန်းသွားရင် ဘယ်တော့မှ လှည့်မကြည့်တဲ့ အကျင့်ရှိတယ်။ ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ကြမယ့်အမတ်တွေအနေနဲ့ ပြည်သူ့မေတ္တာကိုရယူရာမှာ ရိုးရိုးသားသား ယူဖို့ကောင်းတယ်။

၂၀၁၀ ပြည့်နှစ်ကစပြီး ပြည်သူတွေက ရွေးကောက်ပွဲတွေနဲ့ ပြန်ပြီးထိတွေ့ခွင့်ရလာခဲ့ကြတယ်။ ရှစ်နှစ်တာ ကာလအတွင်း ကြားဖြတ်ရွေးကောက်ပွဲ အပါအဝင် ရွေးကောက်ပွဲတွေ လေးကြိမ် ဆုံတွေ့ခဲ့ပြီး ဖြစ်တယ်။ ယခုလာမယ့် နိုဝင်ဘာကြားဖြတ်ရွေးကောက်ပွဲက ငါးကြိမ်မြောက်ရွေးကောက်ပွဲ ဖြစ်တယ်။ လွှတ်တော်သက်တမ်း နှစ်ကြိမ်အတွင်း အစိုးရအဖွဲ့နှစ်ဖွဲ့ကို နဖူးတွေ့ ဒူးတွေ့ တွေ့ဆုံခဲ့ကြရတယ်။ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး စတဲ့ ဆောင်ပုဒ်တွေ အစိုးရတွေက ကြွေးကြော်ခဲ့ကြတယ်။ ဆောင်ပုဒ်အတိုင်း အမှန်တကယ် ဟုတ်မဟုတ် သမိုင်းက ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲတွေရှိနေသမျှ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် နိုင်ငံရေးပါတီတွေနဲ့ တစ်သီးပုဂ္ဂလတွေ ရှိနေမှာ ဖြစ်တယ်။ ပြည်သူတွေက ရွေးကောက်ပွဲတွေအပေါ် စိတ်မပျက်ဖို့ လိုတယ်။ အချို့မဲဆန္ဒရှင်ပြည်သူတွေက ရွေးကောက်ခံ အမတ်အချို့ပေါ် စိတ်ပျက်စပြုလာကြပြီ။ အဲဒီလို ဖြစ်လာတာက ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ အနာဂတ်မကောင်းဘူး။ ပြည်သူတွေ ရွေးကောက်ပွဲတွေအပေါ် အာရုံတိမ်းညွတ်နေဖို့ လိုတယ်။ ရွေးကောက်ပွဲတွေအပေါ် အာရုံမရှိတော့ရင် အာဏာရှင်စနစ်ဆိုးဆီ နောက်ပြန်လှည့်သွားနိုင်ပါတယ်။ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲကလည်း နောက်နှစ်နှစ်ဆို ရောက်လာတော့မှာပါ။ အထွေထွေရွေးကောက်ပွဲကြီးအတွက်လည်း နိုင်ငံရေးပါတီတွေအနေနဲ့ ကြိုတင်ပြင်ဆင်ထားရပါတော့မယ်။ ရွေးကောက်ပွဲနီးလာမှ နီးစပ်ရာ ဆွဲထည့်ထားတဲ့ အမတ်လောင်း မဟုတ်ဘဲ ကြိုတင်ပြင်ဆင်ထားတဲ့ စွမ်းဆောင်ရည်ပြည့် အမတ်တွေနဲ့သာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြည်သူ့မဲလက်မှတ်တွေ ရယူသင့်တယ်။

ပြည်သူတွေဟာ ထိုက်တန်တဲ့ အစိုးရကိုပဲ ရတယ်ဆိုတဲ့ နိုင်ငံရေး အယူအဆ တစ်ခုရှိတယ်။ ပြည်သူတွေနဲ့ ထိုက်တန်ကြောင်း ပြသနိုင်ဖို့ အစိုးရအဖွဲ့က စွမ်းဆောင်ရည်မြင့်မားနေဖို့ လိုတယ်။ ပြည်သူတွေက ရှင်ကြီးဝမ်းရော ရှင်ငယ်ဝမ်းပါ ဝင်ခဲ့ဖူးပြီ။ အခုချိန်ထိ သုမနကျောမှာ ပရုပ်ဆီနံ့တွေ ထောင်းထောင်းထနေဆဲဖြစ်တယ်။ ရွေးကောက်ပွဲရာသီ ရောက်တိုင်း မတည်နိုင်တဲ့ ရွေးကောက်ပွဲကတိပေးသူတွေကို လှည့်စားသူတွေအဖြစ် ပြည်သူတွေက အမြဲ သတိရနေမှာ ဖြစ်တယ်။

လက်ရှိအချိန်ထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီပေါင်းက ၁၀၀ ဝန်းကျင်ရှိတယ်။ နိုင်ငံရေးပါတီတိုင်းကတော့ ပြည်သူ့ဘဝတိုးတက်မြင့်မားဖို့ဆိုတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ဖွဲ့စည်းထားကြတာချည်းပဲ။ ရည်ရွယ်ချက်က စာရွက်ပေါ်တင် ကောင်းနေရုံနဲ့ မလုံလောက်ဘူး။ လက်တွေ့ ဖော်ဆောင်နိုင်မှသာ ပြည်သူ့ဘဝ အမှန်တကယ် မြင့်မားတိုးတက်လာမှာ ဖြစ်တယ်။ ဘယ်ပါတီတွေက ပြည်သူအပေါ် ဘယ်လောက်စေတနာရှိသလဲ ပြည်သူတွေသိပြီးသား ဖြစ်ပါတယ်။ ပါတီတွေရဲ့ မူလဘူတ လာရာလမ်းကြောင်းနဲ့ ပါတီတွေရဲ့ ဦးတည်ချက် လားရာလမ်းကြောင်းတွေကြည့်ရုံနဲ့ အဲဒီပါတီရဲ့ စေတနာကို တွက်ဆ နိုင်တယ်။ နိုင်ငံရေးပါတီတွေအနေနဲ့ ရွေးကောက်ပွဲလမ်းကြောင်းကို ရွေးတာက ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် အစိုးရဖွဲ့နိုင်ဖို့ ဖြစ်ပါတယ်။

ရွေးကောက်ပွဲနိုင်လို့ အစိုးရဖွဲ့ရင် ဘယ်သူတွေကို ဘာတာဝန်ပေးမယ် ဆိုတာအထိ အသေးစိတ်သေချာထည့်သွင်း စဉ်းစားပြီးမှ ရွေးကောက်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်တာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

မဲဆန္ဒရှင်ပြည်သူတွေကတော့"ကျွန်တော်တို့ ဘာကြောင့် မဲပေးရမှာလဲ" ဆိုတဲ့ မေးခွန်းထုတ်လိုက်ပါပြီ။ အဲဒီမေးခွန်းကို ရွေးကောက်ပွဲဝင်ကြမယ့် အမတ်လောင်းတိုင်း ပြည့်ပြည့်စုံစုံ ရှင်းရှင်းလင်းလင်း ဖြေကြားပေးဖို့ တာဝန်ရှိပါတယ်။ ။

◆

www.free4readers.com

# ရန်ကုန်အစိုးရကို ဖောက်ဖဲလှန်လိုက်သည့် စာရင်းစစ်ချုပ်အစီရင်ခံစာ

– ရွှေထီး –

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက YBS ယာဉ်များ ဘရိတ်ဘယ်နှစ်ချက် နင်းသည်ကစ Yangon Bus Operator က စောင့်ကြည့်သိနိုင်သည်ဟု လွန်ခဲ့သည့် တစ်နှစ်ကျော်က သတင်းမီဒီယာများကို ပြောကြားခဲ့သည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒုတိယ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းတွင်လည်း နည်းပညာများ အထောက်ကူပစ္စည်းများအသုံးပြု၍ စီမံခန့်ခွဲမှု မြှင့်တင်ရေး ဆောင်ရွက်ချက်များကို ခမ်းခမ်းနားနားပုံနှင့်တကွ ရေးသားဖော်ပြထားသည်။

ထိုအထဲတွင် ပိုမိုကောင်းမွန်သော အများပြည်သူ သယ်ယူပို့ဆောင်ရေး ဖော်ဆောင်ရာတွင် ခေတ်မီနည်းပညာများ အထောက်ကူပစ္စည်းများ အသုံးပြုနိုင်ရေး အတွက် အလေးထား ဆောင်ရွက်ခဲ့သည်ဟု ဖော်ပြထားသည်။ ခရီးသည်တင် မော်တော်ယာဉ်ကြီးများ မောင်းနှင်သွားလာမှုတွင် ထိန်းသိမ်းကြပ်မတ်နိုင်ရန် GPS စနစ်တပ်ဆင်၍ YYangon Bus Operator မှ ယာဉ်များအား စည်းကမ်းစနစ်တကျရှိရေး ကြီးကြပ်နိုင်ခဲ့သည်ဟု ဖော်ပြထားသည်။

သို့သော်လည်း ၂၀၁၈ စက်တင်ဘာ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၌ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ အစီရင်ခံစာ ထွက်ပေါ်လာချိန်တွင် ထိုဖော်ပြထားမှုနှင့် ပြောင်းပြန်ဖြစ်နေသည်ကို တွေ့ရှိရသည်။

ထိုအစီရင်ခံစာတွင် ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်မြို့တော်ယာဉ်ကြောပိတ်ဆို့မှု ရှင်းလင်းရန် ခေတ်မီအချက်ပြစနစ်တပ်ဆင်ခြင်းနှင့် ထိန်းချုပ်ရေးစင်တာ တည်ဆောက်ခြင်းလုပ်ငန်းအတွက် တင်ဒါအောင်မြင်သည့်ကုမ္ပဏီ Myanmar Shwe Ying International Co.Ltd &China Railway 21st Bureau Group Co.Ltd (China)နှင့် တန်ဖိုး ကျပ် ၁၈ဒသမ၉၃၈ ဘီလီယံဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ ဒဏ်ကြေးကျပ် ၂၁,၀၀၀ သန်း ရရှိထားပြီး ဖြစ်သော်လည်း ဒဏ်ကြေးဆက်လက်ပေးဆောင်ထားမှု မရှိခြင်းနှင့် လုပ်ငန်းပြီးစီးမှု မရှိသေးကြောင်းတွေ့ရှိရပါသည်ဟု ဖော်ပြထားသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက "Control Center ကြီးက Third Party လုပ်မယ်ဆိုတော့ ထပ်ပြီးပိုက်ဆံကုန်ဦးမှာပေါ့။ ဝန်ကြီးချုပ်ကတော့ Control Center ကို Third Party စစ်ဆေးပြီးတော့မှ ဘာတွေလုပ်သင့်တယ်ဆိုတာ အစိုးရအဖွဲ့ကို ချပြမယ်ထင်တယ်။ ကျွန်တော်တို့ကတော့ ဒါကို ဆက်ပြီး ဆွေးနွေးသွားရဦးမယ်"ဟု ပြောသည်။ ထို ရန်ကုန်ဘတ်စ် အော်ပရေတာနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ထုတ်ပြန်သည်က တစ်မျိုး၊ စာရင်းစစ်ချုပ်ရုံးက ထုတ်ပြန်သည်ကတစ်မျိုး ဖြစ်နေလေသည်။ ထို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒုတိယနှစ်လုပ်ငန်းဆောင်ရွက်ချက်များ ထုတ်ပြန်ချက် စာအုပ်သည် ဩဂုတ် ၂၄ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က သတင်းမီဒီယာများကို ဖြန့်ဝေပေးခြင်း ဖြစ်သည်။

ထိုစာအုပ်တွင် ကျောင်းသူ ကျောင်းသားများ ဘေးကင်းလုံခြုံစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ၂၀၁၇ ပညာသင်နှစ်မှ စတင်၍ နိုင်ငံတကာအဆင့်မီ ကျောင်းကားများ စတင်ပြေးဆွဲခြင်းဟု ဖော်ပြထားပြီး လက်ရှိတွင် အဆိုပါကျောင်းကား ထက်ဝက်နီးပါးခန့်မှာ ရောင်းမထွက်သဖြင့် ရှင်စောပု ကားရပ်နားဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်း ထူထပ်သည့်ကြားတွင် အခြောက်လှန်းထားသည်မှာ အများမျက်မြင်ပင် ဖြစ်သည်။ ကျောင်းသူ၊ ကျောင်းသားများ ဘေးကင်းလုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရန် ၂၀၁၇ ပညာသင်နှစ်က စတင်ပြေးဆွဲခဲ့သည်ဟု ရေးသားခဲ့သည့် ကျောင်းကားကိစ္စသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအတွက် စီမံခန့်ခွဲမှု အမှားအဖြစ် လူတကာ ဝေဖန်စရာ ဖြစ်နေခဲ့သည်။ သို့သော်စာအုပ်တွင် ခပ်တည်တည်ပင် ခမ်းခမ်းနားနား ရေးသွင်းမှတ်တမ်းတင် ဖော်ပြထားသည်က ရန်ကုန်ဝန်ကြီးချုပ် ဂျင်းအထည့်ခံနေရသလော ရန်ကုန်ဝန်ကြီးချုပ်က ဂျင်းပြန်ထည့်နေသလော မည်သူမှ မပြောနိုင်ပေ။ ထိုကျောင်းကားကိစ္စသည် အစကတည်းက ယဉ်သကိုး ဆိုသကဲ့သို့ လွှတ်တော်ကို မဖြတ်သန်းဘဲ ဝယ်ယူခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အစဉ်ဝေဖန်မှုခံရသော ကိစ္စဖြစ်သည့်အပြင် အများ၏ဝေဖန်မှုကို ယခုထက်အထိမည်ကဲ့သို့လုပ်မည်ဟု မည်သူမှ မသိသောအရာ အဖြစ် ပဟေဠိဆန်ဆန် ရှိနေသေးသည်။

ကျောင်းကားကိစ္စနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရ စာရင်းစစ်ချုပ် အစီရင်ခံစာတွင် မထသ ထံက လွှဲပြောင်းငွေ ကျပ် ၄ဒသမ၉၉၉ ဘီလီယံ ထုတ်ယူပြီး ကမ္ဘောဇဘဏ်ချေးငွေ ကျပ် ၅ဒသမ၅ ဘီလီယံစုစုပေါင်း ကျပ် ၁၀,၅၀၀ ဘီလီယံဖြင့် ကျောင်းကားအစီး(၂၀၀)အား G To G စနစ်ဖြင့် Posco Daewoo Co.,Ltd ကဝယ်ယူခဲ့သည်ဟု ဖော်ပြထားသည်။ ထိုကျောင်းကားများသည် တိုင်းဒေသကြီး အစိုးရ၏အစီအစဉ်ဖြင့် လွှတ်တော်ကိုပင် မတင်ပြဘဲ ဝယ်ယူခဲ့သဖြင့် ဝေဖန်မှုခံနေရသကဲ့သို့ လက်တွေ့မြေပြင်တွင်လည်း သယ်ယူပို့ဆောင်ရေးအတွက် အထောက်အကူမပြုသည့်အပြင် ထိုငွေကြေးများကို ဘဏ်တွင် အပ်နှံထားပါက ဘဏ်တိုးပင် မနည်းမနောရမည်ဟု ဦးကျော်ဇေယျက အစဉ်ဝေဖန်လေ့ရှိသော်လည်း တာဝန်ရှိသူများဘက်က ခပ်မဆိတ်ပင် နေလေ့ရှိသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယ ၁နှစ်တာ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတွင် YBSနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ ဝယ်ယူဖြည့်တင်းရန် ဆောင်ရွက်ခဲ့သည့် အလျောက် တစ်နှစ်တာ ကာလအတွင်း Yutong City Bus ယာဉ် (၅၀၀) နှင့် Ankia City Bus ယာဉ် (၅၀၀)အား ဖြည့်တင်းနိုင်ခဲ့သည်ဟု ဖော်ပြထားသည်။ စာရင်းစစ်ချုပ် အစီရင်ခံစာက ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် တရုတ်နိုင်ငံအစိုးရ အချင်းချင်း ညှိနှိုင်းချက်အရ တရုတ်နိုင်ငံထုတ် ဘတ်စ်ကား အစီးတစ်ထောင်အား တစ်စီးကျပ်သိန်း ၇၇၀ ဖြင့် ဝယ်ယူခဲ့သည်ဟု ဖော်ပြထားသည်။ ထိုဝယ်ယူမှုတွင် တိုင်းဒေသကြီးအစိုးရက ကျပ်ငွေ ၇၀ ဘီလီယံဖြင့် မလုံလောက်သဖြင့် ဧရာဝတီဘဏ်ထံက ၈ ဘီလီယံချေး၍ ဝယ်ယူခဲ့သည်ဟု ဖော်ပြထားသည်။ ထိုရင်းနှီးမြှုပ်နှံမှုသည် အများပြည်သူသွားလာမှု အဆင်ပြေရန် ကြိုးပမ်းမှုဖြစ်သောကြောင့် Social profit ရရှိသော်လည်း ငွေကြေးအကျိုးအမြတ် မရရှိသေးဟု ဖော်ပြထားသည်။

YBSစနစ်သစ်သို့ ပြောင်းလိုက်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနှင့် တရုတ်နိုင်ငံထုတ် ကျပ်သိန်း ၇၇၀ တန်ယာဉ်များ ဝယ်ယူမည့် အစီအစဉ်ကို လွှတ်တော်သို့ မတင်ပြဘဲ အစိုးရအဖွဲ့၏ အဆုံးအဖြတ်ဖြင့်သာ ဝယ်ယူခဲ့ခြင်းဖြစ်၍ ဝေဖန်မှုများစွာ ကြုံတွေ့ခဲ့ရသော်လည်း သက်ဆိုင်ရာ အစိုးရဘက်က တုံ့ပြန်မှုမရှိခဲ့ပေ။ တိုင်းဒေသကြီးအစိုးရ၏ ထုတ်ဝေသည့် စာအုပ်တွင် YBS စတင်ပြီး တစ်နှစ်ကျော်ကာလ ၂၀၁၈ မတ်လတွင် ရန်ကုန်မြို့၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုမ္ပဏီနှင့် ယာဉ်လိုင်းအဖွဲ့ပေါင်း ၂၅ ဖွဲ့က နေ့စဉ်ခရီးသည်တင် မော်တော်ယာဉ်အစီးရေ ၄၅၀၀ခန့်ဖြင့် လမ်းကြောင်းခွဲများအပါအဝင် ၁၀၃ လမ်း ကြောင်း နေ့စဉ်ခရီးသွားပြည်သူ ၁ ဒသမ ၇ သန်းကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်ဟု ဖော်ပြထားသည်။

ထိုပြေးဆွဲမှုများနှင့် ပတ်သက်ပြီး YRTA က ယာဉ်လိုင်းများမှ ပြေးဆွဲသည့် မော်တော်ယာဉ်တစ်စီးလျှင် တစ်နေ့ကျပ် ၄၀၀၀ နှုန်း အဝေးပြေးယာဉ်လိုင်းများမှ ပြေးဆွဲသည့် မော်တော်ယာဉ် ထိုင်ခုံနေရာ ၆၀ ရာခိုင်နှုန်းအပေါ် ၂ ရာခိုင်နှုန်းနှင့် City Taxi များ နှစ်စဉ်မှတ်ပုံတင်ရာတွင် တစ်နှစ် ကျပ် ၃၀၀၀ သတ်မှတ်ကောက်ခံခဲ့သည်ဟု ဖော်ပြထားသည်။

ထိုစာရင်းများနှင့်ပတ်သက်ပြီး ပြင်ပစာရင်းစစ်အဖွဲ့၏ စစ်ဆေးအတည်ပြုထားခြင်း မရှိသေးကြောင်း ဖော်ပြထားသည်။ ပြင်ပစာရင်းစစ် အတည်ပြုထားခြင်း မရှိသော်လည်း YRTA က တင်ပြသည့်စာရင်းအရ ရငွေကျပ် ၉၄၃၇ ဒသမ ၉၇၅ သန်းရရှိခဲ့ပြီး အသုံးစရိတ် ၁၈၂၅ ဒသမ ၅၉၅ ရှိသည်ဟု ဖော်ပြထားသည်။

ထိုကောက်ခံသည့် ငွေကြေးများနှင့် ပတ်သက်ပြီး YBS ယာဉ်လိုင်းကုမ္ပဏီများက မည်သို့ စီမံခန့်ခွဲသည်ကို အစဉ်တစိုက် မေးမြန်းမှုများ ပြုလုပ်နေသော်လည်း မည်သူမျှ တိကျသည့်အဖြေကို တစ်စုံတစ်ရာ ဖြေကြားခြင်းမရှိသေးပေ။ ထို့ပြင် YBS တွင် သုံးလ တစ်ကြိမ် အဆင့်မြှင့်တင်မည်ဟု ပြောဆိုခဲ့ပြီး လွန်ခဲ့သည့် တစ်နှစ်ခန့်က ကဒ်စနစ် အကောင်အထည်ဖော်မည်ဟု ကတိစကားသည်လည်း ကဒ်စနစ် တင်ဒါခေါ်သည့် ကုမ္ပဏီသာ နှစ်ခုပြောင်းလဲသွားခဲ့ပြီး မည်သည့်အချိန်တွင် အကောင်အထည်ဖော်နိုင်မည်ကို ရှေ့ဖြစ်ဟော ဆရာများသာ သိမည့်အခြေအနေ ဖြစ်နေလေတော့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယ(၁)နှစ်တာ ဆောင်ရွက်မှု မှတ်တမ်း စာအုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ အစီရင်ခံစာသည် အမှန်တကယ်တမ်း ပြောရလျှင် များစွာကျယ်ပြန့်ပါသည်။ ထိုများစွာထဲမှ အနည်းငယ်ကို မြင်သာထင်သာဖြစ်စေရန် ဥပမာ ကျောင်းကားကိစ္စကဲ့သို့ Control Center ကဲ့သို့ဟာမျိုးကို နှိုင်းယှဉ်ပြထားခြင်းဖြစ်သည်။

စာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုပင် တိုင်းဒေသကြီး လွှတ်တော်၌ ထပ်မံ၍ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရဦးမည်ဟုလည်း ဦးကျော်ဇေယျက ပြောသည်။ ကိုယ့်ဖဲ ကိုယ်ချိုးပြီး ကိုယ်တိုင်ဝေထားသကဲ့သို ဖြစ်နေသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ဒုတိယ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းစာအုပ်ပါ အချက်အလက်များသည် ကတိုးကောင်ကဲ့သို့ ကိုယ့်ရန့်နှင့် ကိုယ်ယစ်မူးသာယာနေသည့်ပုံစံ ဖြစ်နေသည်။ စာရင်းစစ်ချုပ်၏ အစီရင်ခံစာသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ လုပ်ဆောင်ချက်အချို့ကို ဖောက်ဖဲလှန်ပြထားသကဲ့သို့ တိတိကျကျ ဆောင်ရွက်နိုင်လျှင် အစိုးရနှင့်လွှတ်တော်အတွက် များစွာကောင်းမွန်မည့် ကိစ္စရပ်များ ဖြစ်နေသည်။ စာရင်းစစ်ချုပ် အစီရင်ခံစာသည် ကျယ်ပြန့်စွာ ဆွေးနွေးရမည့်အချက်များစွာ ရှိသကဲ့သို့ လက်တွေ့အကောင်အထည်ဖော်စရာလည်း များစွာကျန်ရှိနေသေးပြီး ထိုကိစ္စရပ်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရနှင့် လွှတ်တော်က ဘယ်လောက်အကောင်အထည် ဖော်နိုင်မည်က ငွေရောင်ပိတ်ကားပေါ်တွင် ဆက်လက်ရှုစားချင်စရာ အဖြစ် ရှိနေလေသေးတော့သည်။

ရွှေထီး



ခရီးသည်တင်မော်တော် ယာဉ် ကြီးများ မောင်းနှင်သွားလာမှု တွင်ထိန်းသိမ်းကြပ်မတ်နိုင်ရန် GPS စနစ် တပ်ဆင်၍ Yangon Bus Operator မှ ယာဉ်များအား စည်းကမ်းစနစ်တကျရှိရေး ကြီးကြပ်ခြင်း

ကျောင်းသူ ကျောင်းသားများ ဘေးကင်းလုံခြုံစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ၂၀၁၇ ပညာသင်နှစ်မှစတင်၍ နိုင်ငံတကာအဆင့်မီ ကျောင်းကားများ စတင်ပြေးဆွဲခြင်းဟု ဖော်ပြထားပြီး လက်ရှိတွင် အဆိုပါကျောင်းကား ထက်ဝက်နီးပါးခန့်မှာ ရောင်းမထွက်သဖြင့် ရှင်စောပု ကားရပ်နားဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်း ထူထပ်သည့်ကြားတွင် အခြောက်လှန်းထားသည်မှာ အများမျက်မြင်ပင် ဖြစ်သည် ...

www.free4readers.com

SPEAKER news journal

# နောက်ဆုံးဧကရာဇ်ရဲ့ တားမြစ်ထားတဲ့ မြို့တော်



ကျော်ရင်မြင့်



မဟာတံတိုင်းပေါ်က အဖွဲ့တော်သားများ

မဟာတံတိုင်းကို သွားမယ့်နေ့က ရာသီဥတုက အေးစိမ့်ပြီး ရေခဲမှတ်အောက် အနုတ်ပြနေတယ်။ အနွေးထည် အထပ်ထပ်ဝတ်ထားလို့ ကိုယ်ကတော့ နွေးပါရဲ့၊ နားရွက်တွေက အေးစိမ့် ထုံကျဉ်နေတယ်။ ခရီးဖော်တစ်ယောက်က နားရွက်ပါဖုံးတဲ့ ဦးထုပ်တွေဝယ်ပြီး တစ်ဖွဲ့လုံးကို လက်ဆောင်ပေးတယ်။ ဦးထုပ်က နဖူးထိပ်မှာ ကြယ်နီတစ်ပွင့်ပါတဲ့ တရုတ်တော်လှန်ရေးသမားတွေ ဆောင်းလေ့ရှိတဲ့ ဦးထုပ်မျိုး။ ဦးထုပ်ကိုယ်စီ ဆောင်းပြီး တစ်ယောက်ကို တစ်ယောက်ကြည့်ကာ သဘောကျနေတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ခေါင်းဆောင်တွေလည်း ဒီဦးထုပ်မျိုး ဆောင်းထားတဲ့ ဓာတ်ပုံတွေ သမိုင်းမှတ်တမ်းမှာ ရှိပါတယ်။

တရုတ်ပြည်ရဲ့ မဟာတံတိုင်း (Great wall) က ပေကျင်းမြို့နဲ့ ဝေးတယ်။ ကားနဲ့နှစ်နာရီခွဲ၊ သုံးနာရီကြာ သွားရပါတယ်။ ကားအကြာကြီး စီးရမယ်။ ကားကလည်း အနွေးဓာတ်ပေးထားလို့ နေရထိုင်ရတာ သက်သောင့်သက်သာရှိတယ်။ ခရီးဖော်အချို့လည်း နွေးနွေးထွေးထွေးမို့ အိပ်ပြီ။ ကျွန်တော်ကတော့ ပြင်ပက ရှုခင်းကို ငေးမောခံစားလာတယ်။ မဟာတံတိုင်းက ကျွန်တော့်အတွက်တော့ အသစ်အဆန်း မဟုတ်ပါဘူး။ အရင်ကလည်း အခေါက်ခေါက်ရောက်ပြီးသား။ ဒါပေမဲ့ အရင်ရောက်တာက နွေဦးရာသီ။ သစ်ပင်တွေ အရွက်ကြွေခါနီး သစ်ရွက်တွေ ရွှေရည် ပတ္တမြားရည်လူးတဲ့အချိန်၊ နောက်တစ်ခေါက်က မိုး။ သစ်ရွက်တွေ မြရောင် ရွှန်းစိုချိန်။ ယခုတစ်ခေါက်က ဆောင်းဥတု။

ရာသီဥတုက သိပ်အေးလို့ လမ်းတစ်လျှောက်က သစ်ပင်အားလုံးနီးပါးမှာ သစ်ရွက်မရှိဘဲ အရိုးပြိုင်းပြိုင်း ဖြစ်နေပြီ။ ကားလမ်းတစ်လျှောက် လမ်းဘေးနဲ့ လမ်းလယ်ကျွန်းမှာ မြူနီစီပယ်က အလှစိုက်ထားတဲ့ သစ်ပင်လေးတွေကိုလည်း ရာသီဥတုဒဏ်ခံနိုင်အောင် စည်ပင်အလုပ်သမားတွေက မိုးကာဖျင်နဲ့ စနစ်တကျလိုက်ပြီး ဖုံးအုပ်ပေးနေပြီ။ နှင်းခါးရိုက်လို့ အပင်မသေအောင် ကာကွယ်ပေးတာ ဖြစ်မယ်။ သွားရတဲ့ လမ်းဘေးတစ်လျှောက်မှာ တောင်တွေရှိတယ်။ တောင်စောင်းက ရေတံခွန်မှာ ရေတွေတသွင်သွင် စီးကျတဲ့အလှကိုလည်း မြင်ခဲ့ဖူးရတယ်။ ယခုတစ်ခေါက် ရောက်သွားချိန်က ရေခဲမှတ်အောက်ရောက်အောင် အေးစိမ့်တဲ့ရာသီ။ တစ်ချိန်က ရေတံခွန်တွေက ရေခဲလို့။ ရေခဲဖွေးဖွေးတွေ တောင်စောင်းနံရံမှာ တွယ်နေပုံ မြင်ကွင်းကလည်း မမြင်စဖူး ထူးတာမို့ ဓာတ်ပုံရိုက်ယူခဲ့မိတယ်။

မဟာတံတိုင်းကြီးကို လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၃၀၀) ကျော်က လူတွေရဲ့ ချွေးတွေ၊ သွေးတွေ၊ မျက်ရည်တွေ၊ စိတ်ကူးစိတ်သန်းတွေနဲ့ အရင်းတည်ပြီးတည်ဆောက်ခဲ့ရတယ်။ အချို့က - the longest cemetery on earth - ကမ္ဘာမြေပေါ်က အရှည်ဆုံးသုသာန်ကြီးလို့ ခေါ်တယ်။ ဘုရင် ဧကရာဇ် က သူ့ ရန်သူ ဘေးကကာကွယ်ဖို့ မဟာတံတိုင်းကြီးကို စစ်သားတွေ၊ ရာဇဝတ်သားတွေရယ် အဓမ္မလုပ်အားပေးခေါ်ယူတဲ့ ပြည်သူသန်းပေါင်းများစွာရဲ့ လုပ်အားနဲ့တည်ဆောက်ခဲ့တယ်။ သေဆုံးသူပေါင်း လေးသိန်းလောက်ကို မဟာတံတိုင်းမှာ မြှုပ်နှံထားတယ် ဆိုပါတယ်။ မဟာတံတိုင်းကိုသွားရင်း လမ်းဘေးကို ငေးရင်း မဟာတံတိုင်းနဲ့ပတ်သက်ပြီး နာမည်ကြီးတဲ့ မိန်းကျဲနု (Meng Jiangnu ) ပုံပြင်ကို အမှတ်တရပြန်တွေးမိတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၂၄၀)လောက်က တရုတ်ပြည်တောင်ပိုင်းမှာ မိန်းအမည်ရှိတဲ့ အဘိုးအိုတစ်ယောက် နေထိုင်ပါတယ်။ အဘိုးက ဘူးစေ့ကို သူ့ခြံဝင်းထဲ ချပြီး စိုက်ပျိုးတယ်။ ဘူးပင်ကလေး ပေါက်လာပြီး ဘူးနွယ်က တစ်ရက်ထက်တစ်ရက် ရှည်ထွက်လာတယ်။ စိုက်ပျိုးထားတဲ့ ဘူးပင်ဘူးနွယ်က အဘိုးအိမ်ခြံစည်းရိုးကိုကျော်ပြီး အိမ်နီးချင်းဖြစ်တဲ့ အဘိုးကျဲရဲ့ အိမ်ဝင်းထဲမှာ ဘူးသီး သွားသီးနေသတဲ့။ အဘိုးမိန်းနဲ့ အဘိုးကျဲတို့က ဒီဘူးသီးကို ထက်ဝက်စီခွဲယူကြဖို့ သဘောတူတယ်။ ဘူးသီးကို ထက်ခြမ်းခွဲလိုက်တော့ ဘူးသီးထဲမှာ အင်မတန်ချစ်စရာကောင်းလှတဲ့ မိန်းငယ်ကလေးတစ်ယောက်တွေ့ရတယ်။ ဒီကလေးမလေးကို အိမ်နီးချင်းနှစ်ယောက် အတူတူမွေးမြူကြဖို့ သဘောတူတယ်။ ကလေးမလေးကို မိန်းကျဲနုလို့ အမည်ပေးကြတယ်။ အဓိပ္ပာယ်ကတော့ အဘိုးမိန်းနဲ့ အဘိုးကျဲတို့ရဲ့ သမီးကလေးပေါ့။ ချစ်စရာကောင်းလှတဲ့ ကလေးလေးကို သူတို့အတူတကွ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးကြတယ်။ မိန်းကလေးက တစ်နေ့ပြီးတစ်နေ့ ကြီးပြင်းလို့ လာတယ်။ ဉာဏ်ရည်ထက်မြက်ပြီး ချောမောလှပတယ်။

မိန်းကလေးက လိမ္မာရေးခြားရှိပြီး အဘိုးနှစ်ဦးလုံးရဲ့ အိမ်မှုကိစ္စတွေကို ဆောင်ရွက်တယ်။ အဘိုးတို့ အဝတ်တွေကို လျှော်ဖွပ်တယ်။ ချက်ပြုတ် ကျွေးမွေးတယ်။

တစ်ရက်မှာတော့ သူတို့ အိမ်နောက်ဖေးက ဥယျာဉ်ထဲမှာ ပုန်းခိုနေတဲ့ လုလင်ပျိုတစ်ယောက်ကို မိန်းမပျိုလေးက တွေ့တာပေါ့။ မိန်းကလေးက သူ့မိဘတွေကို လူတစ်ယောက် ဥယျာဉ်ထဲမှာ လာပုန်းနေကြောင်းပြောတယ်။ ခေါ်ထုတ်လိုက်တော့ လုလင်ပျိုပုန်းခိုရာက ထွက်လာတယ်။ သူ့အမည်က ဖန်းရှီးလျှံတဲ့။ အဲဒီအချိန်ကာလက ချင်မင်းဆက်ရဲ့ ပထမဆုံးဧကရာဇ် ချင်စီးဟွမ်းဘုရင်က လူငယ်လူရွယ်တွေကို လုပ်အားပေးဆင့်ခေါ်ပြီး မဟာတံတိုင်းကို တည်ဆောက်နေချိန်ပါ။ ဖန်းက ပညာတတ်လူငယ်လေး။ အလုပ်ကြမ်း မလုပ်နိုင်ပါဘူး။ ဒါကြောင့် ချွေးတပ်သားအဖြစ် တံတိုင်းတည်ဆောက်ရတဲ့ အလုပ်ခွင်က ထွက်ပြေးလာတာ။ ရေလည်းငတ်၊ အစာလည်း ဆာလောင်မွတ်သိပ်ပြီး မိန်းကျဲနုတို့ ဥယျာဉ်ထဲ ရောက်လာတာ။ မိန်းကလေးက လုလင်ပျိုကို မြင်ရင်မြင်ချင်းပဲ ချစ်မိကြိုက်မိသွားတယ်။ ဒါကြောင့် သူ့ကိုပြုစုပျိုးထောင်တဲ့ ဖခင်အဘိုးကို ကောင်လေးနဲ့ ထိမ်းမြားလက်ထပ်ခွင့် တောင်းပါတယ်။ ကောင်လေးက ပထမတော့ ငြင်းတယ်။ သူက ဘုရင့်လုပ်အားပေးထဲက ထွက်ပြေးလာတာ။ မိန်းမပျိုလေးပါ အမှုပတ်ပြီး ရာဇဝတ်မသင့်စေချင်ဘူး။ ဒါပေမဲ့ မိန်းမပျိုလေးက ဒီကောင်လေးမှ ဒီကောင်လေးပဲ တမ်းတမ်းစွဲ ချစ်မိနေပြီ။ အခြားယောကျ်ား ဘယ်သူ့ကိုမှ စိတ်မဝင်စားတော့ဘူးတဲ့။ နောက်ဆုံးတော့ ကောင်လေးလည်း ခေါင်းညိတ်သဘောတူလိုက်ရတော့တယ်။

ကောင်မလေးတို့ရွာမှာ မိန်းမပျိုလေးကို ကြိုက်နှစ်သက်နေတဲ့ လူဆိုးငတေကလည်း ရှိနေသေးတယ်။ သူမရဘဲ ကောင်မလေးက ဖန်းကိုကြွေသွားတော့ အရမ်းကို မနာလို သဝန်တို အူပွဖြစ်တော့တယ်။ ဒါကြောင့် ရွာသူကြီးကို လက်တို့တာပေါ့။ မိန်းကလေးနဲ့ လုလင်ပျိုတို့ ထိမ်းမြားလက်ထပ်ပြီးနောက် သုံးရက်အကြာမှာ အာဏာပိုင်ကွက်သားတွေ ရောက်လာပြီး ဖန်းကို ဖမ်းဆီးခေါ်ဆောင်သွားတယ်။

သူ့ခင်ပွန်းကို ဖမ်းဆီးခေါ်ဆောင်သွားတဲ့နေ့ကစလို့ မိန်းကလေးက လွမ်းလို့ ငိုကျွေးပဲ နေတော့တယ်။ နေ့စဉ်နဲ့အမျှ သူ့ခင်ပွန်းဝတ်ဆင်ဖို့ရာ အနွေးထည်တွေချုပ်တယ်။ အားလုံးပြည့်စုံတော့ မိဘတွေကို ခွင့်တောင်း၊ အထုပ်အပိုးပြင်ပြီး သူ့ယောကျ်ားကို လုပ်အားပေးစေခိုင်းနေတဲ့ တရုတ်ပြည်မြောက်ပိုင်းက မဟာတံတိုင်းအခြေ မိုင်ပေါင်း ထောင်ချီဝေးတဲ့နေရာကို တရုတ်ပြည်တောင်ပိုင်းကနေ ခြေလျင်လျှောက်ပြီး အရောက်သွားတယ်။ တောင်စဉ် အထပ်အထပ်ကိုတက်၊ မြစ်အသွယ်သွယ်ကို ဖြတ်ကူးပြီး နေ့မနား ညမအိပ်သွားတယ်။ တောင်ပေါ်က ချော်ကျတဲ့အခါလည်းကျ၊ မြစ်ရေစီးမှာ မျောပါတဲ့ အခါလည်း မျောပါပေမယ့် မိန်းကလေးက ဇွဲမလျှော့ပါဘူး။ မဟာတံတိုင်းကြီးကို အရောက်သွားတယ်။

သူရောက်ချိန်မှာ ကြေကွဲစရာ သတင်းစကားကတော့ မိန်းကလေးရဲ့ ခင်ပွန်းယောကျ်ားဟာ အလုပ်ကြမ်းလုပ်ရတာ အမောဆို့လို့ သေဆုံးသွားရှာပြီတဲ့။ မဟာတံတိုင်းကြီးအောက်မှာ မြှုပ်နှံထားတယ်လို့ လုပ်အားပေးတစ်ယောက်က မိန်းကလေးကို သတင်းပေးတယ်။ လုပ်အားပေးကပဲ ဘယ်နေရာမှာ မြှုပ်နှံထားတယ်ဆိုတာ ကိုလည်း လိုက်လံပြသတယ်။ နေရာက ပေါ်ဟိုင်းပင်လယ် အနီးမှာပါ။ မိန်းကလေးက နှလုံးသား ကြေကွဲဝမ်းနည်း ပူဆွေးတာကြောင့် သုံးရက်နဲ့သုံးည တိုင်တိုင် မရပ်မနား ငိုကြွေးပါတယ်။ နာနာကြည်းကြည်း အဆက်မပြတ် ငိုကြွေးမှုကြောင့် ရုတ်တရက်ချက်ချင်းပဲ မိုးချုန်းသံလို အသံကြီးတစ်သံ ဖြစ်ပေါ်လာပြီး မဟာတံတိုင်းကြီးကလည်း မိုင်ပေါင်း ၂၅၀ ခန့် အက်ကွဲပြိုဆင်းသွားတယ်။ မိန်းကလေးက သူ့ခင်ပွန်းသည်ရဲ့ ရုပ်အလောင်းကို လိုက်လံရှာဖွေတယ်။

ချင်စီးဟွမ်ဘုရင်က ဒီအသံကြီးကိုလည်း ကြားရ၊ အဖြစ်အပျက်ကိုလည်း သိရတော့ မိန်းကလေးဆီကို ရောက်လာတယ်။ ဒါပေမဲ့ ချောမောလှပတဲ့ မိန်းကလေးကိုလည်း ဘုရင်ကြီးက တွေ့ရော စိတ်တွေပြောင်းသွားပြီး တော်ကောက်ချင်လာပါတယ်။ ဒီလိုကြားရတော့ မိန်းကလေးက သိပ်ကို စိတ်ဆိုး ဒေါသထွက်တာပေါ့။ သို့ပေမယ့်လည်း ချက်ချင်းပဲ သူ့စိတ်ကို ထိန်းချုပ်လိုက်ပြီး အချက်သုံးချက်ကို လိုက်လျောရင် သဘောတူမယ်လို့ ဆိုတယ်။ ပထမအချက်ကတော့ သူ့ချစ်ခင်ပွန်းရဲ့ ရုပ်အလောင်းကို ရှာဖွေခွင့်ပြုရမယ်။ ဒုတိယအချက်ကတော့ အသုဘကို နိုင်ငံတော် စျာပနအဖြစ် ခမ်းနားစွာ စီစဉ်ပေးရမယ်။ နောက်ဆုံးအချက်ကတော့ ဧကရာဇ်မင်း ချင်စီးဟွမ်းဟာ ဖန်းရှီးလျှံရဲ့ အသုဘအခမ်းအနားကို အနက်ရောင်ဝတ်စုံ ဆင်မြန်းပြီး တက်ရောက်ချီးမြှင့်ရမယ် ဆိုတာပါပဲ။

ဘုရင်မင်းဧကရာဇ်ကလည်း မဆိုင်းမတွဘဲ ခေါင်းညိတ်သဘောတူတယ်။ စျာပနကို ခမ်းခမ်းနားနားစီစဉ်ချဆောင်ပြီးတဲ့အချိန်မှာ ဘုရင်က မိန်းကလေးကို သူ့နန်းတော်ရှိရာ လိုက်ပါဖို့ခေါ်ဆောင်တယ်။ အဲဒီအချိန်မှာပဲ မိန်းကလေးက သူ့ခင်ပွန်းရဲ့ အရိုးစုကို ပွေ့ချီပြီး ပင်လယ်ထဲကို တစ်ခါတည်း ခုန်ဆင်းချလိုက်တယ်။



မိန်းကျဲနု ရုပ်တု

လှပပြီး ခင်ပွန်းသည်ကို ချစ်မြတ်နိုးကာ ရဲရင့်ပြီး သစ္စာရှိတဲ့ မိန်းကလေး မိန်းကျဲနုကို အမှတ်တရအထိမ်းအမှတ်ပြုတဲ့အနေနဲ့ မဟာတံတိုင်းအခြေမှာ မိန်းကျဲနုနတ်ကွန်းကို ပြည်သူလူထုက တည်ထားတယ်။ မိန်းကျဲနုပုံပြင်ကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းပြီး ပြောလာကြတယ်။ ပုံပြင်က အုပ်စိုးသူတွေရဲ့ အဓမ္မလုပ်အားပေးစေခိုင်းမှုနဲ့ အရှေ့တိုင်းသူတွေရဲ့ ချစ်ကြင်နာခြင်း၊ သစ္စာရှိခြင်းတွေကို ထင်ဟပ်ပါတယ်။ ကျော်ရင်မြင့်

www.free4readers.com



# ပြည်တွင် မူးယစ်ဆေးဝါးဖမ်းဆီးမှု တစ်နှစ်ထက်တစ်နှစ် ပိုများလာ

**ပြည်၊ အောက်တိုဘာ ၂**

ပြည်မြို့တွင် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု တစ်နှစ်ထက်တစ်နှစ် ပိုများလာသည်ဟု ပြည်မြို့ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ပြည်မြို့နယ်အတွင်း ၂၀၁၆တွင်ခြောက်မှု၊ ၂၀၁၇တွင် ကိုးမှု၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်ထိ ၁၃ မှုရှိသည်ဟု သိရသည်။

"ပိုပြီးဖမ်းဆီးရမိတယ်ဆိုတာ အထက်အဆင့်ဆင့်ရဲ့ ကြပ်မတ်မှုနဲ့ တိုင်းမှူးခင်းအကူ၊ ခရိုင်မှူးခင်းအကူတို့နဲ့ နယ်မြေခံ နယ်ထိန်းပြည်သူလူထုနဲ့ပူးပေါင်းပြီး သတင်းအတည်ပြု အမြန်ဖမ်းဆီးတော့ အရင်ထက်အမှု ပိုမိလာလို့ အမှုများလာတာပါ"ဟု ပြည်မြို့နယ်မှူးရဲမှူးသန်းထွန်းအောင်က ပြောသည်။

ဖမ်းဆီးရမိမှုများတွင် WYစိတ်ကြွဆေး၊ ဆေးခြောက်နှင့် ice များပါဝင်သည်ဟု သိရသည်။

ပြည်မြို့နယ်တွင်း မူးယစ်ဆေးဝါးဖမ်းဆီးမှုများတွင် ဖြန့်ဖြူးရောင်းချသူများကိုပါ ဖမ်းဆီးရမိမှုများရှိနေပြီး အခြား ကျန်ရှိနေသော မူးယစ်ဆေးဖြန့်ဖြူးရောင်းချနေသူများကို ကွင်းဆက်လိုက်၍ ဖမ်းဆီးရမိနိုင်ရေးစုံစမ်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရပြီး ၂၀၁၄ခုနှစ်က ပြည်မြို့နယ် ပြည်တစ်ဖက်ကမ်းဥသျှစ်ပင်မြို့တွင် WYစိတ်ကြွဆေးပြား၁၄သန်းကို လက်ဝယ်ထားသူနှင့် ယာဉ်မောင်း၊ယာဉ်နောက်လိုက်တို့နှင့် အတူ စံချိန်တင် ဖမ်းဆီးရမိခဲ့ဖူးသည့် ဖြစ်စဉ်ဖြစ်ပွားကြောင်း သိရသည်။ **ထန်းထန်း( မဲဇလီ)**



# PTTEP က မြန်မာ့ကုန်းတွင်းလုပ်ကွက် MOGE-3 တည်ရှိရာ သရက်မြို့နယ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေး အစမ်းတွင်းလေးတွင်း တူးဖော်မည်

**သရက်၊ အောက်တိုဘာ ၁**

ထိုင်းနိုင်ငံ အမျိုးသားရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေးကုမ္ပဏီ PTTEP က မြန်မာ့ကုန်းတွင်းလုပ်ကွက် MOGE-3 တည်ရှိရာ မကွေးတိုင်းဒေသကြီးသရက်မြို့နယ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေး အစမ်းတွင်းလေးတွင်း တူးဖော်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လွန်ခဲ့သော (၂၈)နှစ်က လုပ်ကိုင်ခဲ့သည် မြန်မာ့ကုန်းတွင်းလုပ်ကွက် MOGE-3 အတွင်း ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE တို့ စာချုပ် ချုပ်ဆိုခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ EIA အစီရင်ခံစာ ပြင်ဆင်ခြင်း ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ခြင်းနှင့် မြေပြင်ဆိုက်စမတ်တိုင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ရေနံနှင့်သဘာဝဓာတ်ငွေ့အစမ်းတွင်းများ တူးဖော်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

"PTTEPကုမ္ပဏီ ရေနံနဲ့သဘာဝဓာတ်ငွေ့ရှာဖွေ တူးဖော်ထုတ်လုပ်ခွင့်ရ ကုန်းတွင်းလုပ်ကွက် MOGE-3အတွင်း ရေနံနဲ့သဘာဝဓာတ်ငွေ့ရှာဖွေဖို့ ငါးနှစ်တာ သတ်မှတ် ခွင့်ပြုထားပြီး မြေပြင် ဆိုက်စမစ် တိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ပြီးလို့ တူးဖော်ရန်အတွက်လည်း ပြင်ဆင်လုပ်ဆောင်နေပါတယ်"ဟု အဆိုပါ ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံ အမျိုးသားရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေး ကုမ္ပဏီ PTTEP သည် မြန်မာ့ကုန်းတွင်းလုပ်ကွက် MOGE-3 အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE နှင့် စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။MOGE-3 သည် ၁၂၁၇ စတုရန်းကီလိုမီတာ အကျယ်အဝန်းရှိပြီး မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး၏ တောင်ဘက်အစွန်းပိုင်း သရက်ခရိုင် သရက်မြို့နယ်အတွင်း တည်ရှိပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေစမ်းသပ်နိုင်ရန်နှင့် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် တူးဖော်ရေးလုပ်ငန်းများတွင် ရှာဖွေစမ်းသပ်ရေးတွင်းလေးတွင်းကို တူးဖော်မည်ဖြစ်ကြောင်း သိရသည်။

"PTTEP ကုမ္ပဏီသည် ၂၀၁၄ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်များက မြန်မာ့ကုန်းတွင်း လုပ်ကွက် PSC-G နဲ့ EP-2 တို့ တည်ရှိရာ နတ်မောက်မြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်၊ အောင်လံမြို့နယ်များမှာ ရေနံရှာဖွေရေး အစမ်းတွင်းလေးတွင်းကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ သရက်ခရိုင် သရက်မြို့နယ်ရှိ ကုန်းတွင်းလုပ်ကွက် MOGE-3 အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေး အစမ်းတွင်းလေးတွင်းတူးဖော်မှာပါ။ ဒီလုပ်ကွက်ကနေ မြန်မာနိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်ကို အထောက်အပံ့ ဖြစ်မယ်လို့ မျှော်လင့်ထားပါတယ်"ဟု PTTEP ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကုန်းတွင်း ရေနံရှာဖွေရေး လုပ်ကွက် ၅၃ ကွက်တွင် ၃၅ ကွက်ကို ရှာဖွေရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံခြားကုမ္ပဏီများဖြစ်သော ထိုင်းနိုင်ငံ PTTEP ကုမ္ပဏီ၊ မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် ကုမ္ပဏီ၊ အင်ဒိုနီးရှားနိုင်ငံ အစ်စ်တက် ကုမ္ပဏီများက ကုန်းတွင်းလုပ်ကွက်များအတွင်း ရှာဖွေရေးတွင်းများ တူးဖော်ခဲ့သလို ပက်ထရိုဘရူနိုင်းကုမ္ပဏီကလည်း ရှာဖွေရေးတွင်းသစ်များ တူးဖော်ရန် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်သည်။ ကုန်းတွင်းလုပ်ကွက်များမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ တူးဖော်ထုတ်လုပ်လျက်ရှိရာ တစ်ရက်လျှင် ရေနံစည် ၆၅၀၀ ခန့်၊ သဘာဝဓာတ်ငွေ့ ကုဗသန်း ၅၀ ခန့်ကို ထုတ်လုပ်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

ပြည်တွင်း လောင်စာစွမ်းအင် ထုတ်လုပ်မှုနှင့် သုံးစွဲမှု ကွာဟလာသောကြောင့် တွင်းသစ်များ ထပ်မံတူးဖော်ထုတ်လုပ်မှသာ ထုတ်လုပ်မှုနှင့် သုံးစွဲမှု ကွာဟချက်ကို ထိန်းပေးနိုင်မည်ဖြစ်သဖြင့် ထိုင်းနိုင်ငံ အမျိုးသားရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေး ကုမ္ပဏီ PTTEP သည် မြန်မာနိုင်ငံ ကုန်းတွင်းလုပ်ကွက်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးတွင်းလေးတွင်းကို တူးဖော်ရန် သုံးနှစ်တာကာလအတွင်း အမေရိကန် ဒေါ်လာ ၇၂သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကြီး(သရက်)**

# နွားမှောင်ခိုသယ်သူများထံမှ နွား ၁၁ ကောင် ဖမ်းမိ

**မကွေး၊ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး အောင်လံလမ်း မိုင်တိုင်အမှတ်၂၅၂/၃-၄ ကြားတွင် စက်တင်ဘာ ၂၉ရက် နံနက်၂ နာရီက တရားမဝင်သယ်ဆောင်လာသည့် ခိုင်းနွားအထီး ၁၀ကောင်နှင့် နွားမတစ်ကောင်တို့ကို ဖမ်းဆီးရရှိခဲ့သည်ဟု မကွေးတိုင်းရဲတပ်ဖွဲ့မှ သိရသည်။



ဖမ်းဆီးရာတွင် မျိုးမင်းသိန်းမောင်းနှင်လာသောယာဉ်အမှတ်4M/7249 Isuzu Flf-Truck ခြောက်ဘီးအဖြူရောင် ယာဉ်ပေါ်ပါ ငါးဦးကို တရားမဝင်နယ်ကျော်သယ်ဆောင်မှုနှင့် ဖမ်းဆီးထိန်းသိမ်းထားသည်ဟု သိရသည်။

"သတင်းအရ စောင့်ဖမ်းတာပါ။နွားထီး ၁၀ကောင်၊ နွားမတစ်ကောင် ယာဉ်မောင်း ယာဉ်နောက်လိုက် ကုန်သယ်လို့ယူဆထားသူနဲ့ အားလုံးငါးယောက်ကို တရားစွဲဖို့ လုပ်နေပါတယ်"ဟု ဖမ်းဆီးရာတွင် ပါဝင်ခဲ့သူရဲအရာရှိ တစ်ဦးကပြောသည်။

အဆိုပါ လမ်းတစ်လျှောက် ခိုင်းကျွဲနွားများ ဝယ်ယူသယ်ဆောင်မှုကို လုပ်ငန်းလိုင်စင်နှင့် တရားဝင်သယ်ဆောင်ခြင်းများ ကြားတွင် တရားမဝင်မှောင်ခိုဖြတ်သန်းမှုများရှိနေသည်ဟု သိရသည်။

**ထန်းထန်း( မဲဇလီ)**

# ကံမမြို့တွင် ဆေးခြောက်ဟုယူဆရသည့် အရွက်များ ကျပ် တစ်ထောင်ကျော်ဖိုး ဖမ်းမိ

**ကံမ၊ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ကံမမြို့အမှတ်(၄)ရပ်ကွက် စံပြကွက်သစ်(၄)လမ်းနေ အောင်မျိုးထွန်း(ခ)ဒီမို၏နေအိမ်တွင် မူးယစ်ဆေးသုံးစွဲနေကြောင်း သတင်းရရှိသဖြင့် ဒုရဲအုပ်ကျော်ကျော်နှင့် (၄)ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ဝင်ရောက်ရှာဖွေရာ ဆေးခြောက်ဟု ယူဆရသောအစိမ်းရောင်အရွက်ခြောက်ဂရမ်ခန့် ဖမ်းဆီးရမိခဲ့ပြီး တစ်ဂရမ်လျှင် ကာလပေါက်ဈေး ၁၈၃ ကျပ်ရှိသည့်အတွက် ၁၀၉၈ကျပ်ဖိုး ဖမ်းဆီးရမိခဲ့ကြောင်း ဖမ်းဆီးရာတွင် ပါဝင်သူတစ်ဦးက ပြောသည်။

အဆိုပါအမှုနှင့် ပတ်သက်ပြီး ကံမမြို့မ ရဲစခန်းစခန်းမှူး၏ လက်ကိုင်ဖုန်းသို့ အကြိမ်ကြိမ် ဆက်သွယ်မေးမြန်းသော်လည်း ဆက်သွယ်၍ မရရှိခဲ့ပါ။

စခန်းသို့ဆက်သွယ်ရာတွင် "တာဝန်ရှိသူမရှိသေးလို့ မဖြေကြားနိုင်သေးပါဘူး" ဟု အဆိုပါကံမမြို့ရဲစခန်းက ဖုန်းတာဝန်ကျရဲဝန်ထမ်းတစ်ဦးက ပြောသည်။

ဖမ်းဆီးရမိသည့်ဆေးခြောက်ဟု ယူဆရသောအစိမ်းရောင်အရွက်ခြောက် ကာလတန်ဖိုး ၁၀၉၈ ကျပ် ဖမ်းဆီးရမိခဲ့သည့်အတွက် အောင်မျိုးထွန်း( ခ )ဒီမိုကို ( ပ )၁/၂၀၁၈ မူး/စိတ် ပုဒ်မ ၁၆ (ဂ )ဖြင့်စစ်ဆေးအရေးယူထားကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ကံမမြို့နှင့်နယ်နိမိတ်ဆက်စပ်နေသည့် မင်းတုန်းမြို့နယ် လင်ဘန်းကျေးရွာတွင်လည်း စက်တင်ဘာ ၁၉ရက်က ဆေးခြောက်ဟုယူဆရသောအရွက်အစို သုံးမတ်သားခန့် ကာလတန်ဖိုး၂၁၉၆ဖိုး ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

**ထန်းထန်း( မဲဇလီ)**

# ရေနံချောင်းမြို့တွင် လူရှစ်ဦးထက်မနည်း ခွေးရူးကိုက်ခံရ၊ ခွေးရူးပြန်ကာကွယ်ဆေးအတွက် အဖြူရောင်ပရဟိတအဖွဲ့မှ တတ်နိုင်သမျှ ကူညီနေ

**ရေနံချောင်း၊ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ဆုံတိုက်ရပ်ကွက်နှင့် အနီးတစ်ဝိုက်တွင် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက လူရှစ်ဦးထက်မနည်း ခွေးရူးကိုက်ခံရပြီး ခွေးရူးပြန်ကာကွယ်ဆေးအတွက် လိုအပ်သည့် ကူညီမှုများကို အဖြူရောင်ပရဟိတနှင့် အဖြူရောင်တွဲလက်ညီအစ်ကိုများ ပရဟိတအဖွဲ့မှ တတ်နိုင်သမျှ ကူညီနေရကြောင်း ဒေသခံအချို့ထံမှ သိရသည်။

မြို့နယ်ပြည်သူ့ဆေးရုံမှ ခွေးရူးပြန်ကာကွယ်ဆေး အလုံအလောက် မရနိုင်သည့်အတွက် ပြင်ပဆေးဆိုင်များမှ ဝယ်ယူထိုးကြရမည့် လူနာအချို့အတွက် ဆေးဖိုးကုန်ကျငွေများကို ကူညီပေးခဲ့ပြီး အခုလိုကူညီနိုင်ခြင်းမှာလည်း မြို့ခံပြည်သူအများ၏ကူညီမှုသာဖြစ်ပါကြောင်း ယင်းအဖွဲ့မှ ဦးစိုးညွန့်ကပြောသည်။

"ခွေးရူးကိုက်ခံရသူ အချို့ကတော့ ငွေကြေးလည်း တတ်နိုင်ကြတော့ မြို့နယ်ပြည်သူ့ဆေးရုံမှာ သွားထိုးကြတယ်။ ခွေးရူးပြန်ဆေးဆိုတာကလည်း အခုလို လူအများကြီး အကိုက်ခံရတာဆိုတော့ လုံလောက်မှုမရှိတာလည်း ပါတယ်။အချို့လည်း ငွေမတတ်နိုင်ကြတော့ ကျွန်တော်တို့အဖွဲ့တွေဆီ အကူအညီ တောင်းလာတာတွေလည်း ရှိတာပေါ့" ဟု ၎င်းက ဆက်ပြောသည်။

ခွေးရူးပြန်ကာကွယ်ဆေးတစ်လုံးလျှင် အပြင်ဆေးဆိုင်များတွင် ကျပ် ၁၄၅၀၀ ဈေးပေးဝယ်ယူရပြီး ခွေးရူးကိုက်ခံရသူ တစ်ဦးကို ကာကွယ်ဆေးထိုးမည်ဆိုပါက သုံးလုံးမှငါးလုံးအထိ လိုအပ်သလို ချင့်ချိန်ထိုးကြရကြောင်း ဆေးပညာကျွမ်းကျင်သူအချို့ထံမှ သိရသည်။

ရေနံချောင်းမြို့နယ်တွင် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ခန့်ကလည်း ခွေးရူးကိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး ခွေးရူးအကိုက်ခံရသူများကို ရက်အနည်းငယ်ခန့် နောက်ကျမှ ကာကွယ်ဆေးထိုးခဲ့ရသည်ဟု ကြားသိရကြောင်း အဖြူရောင်ပရဟိတအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ခွေးရူးအကိုက်ခံရသူကို အကိုက်ခံရသည့်အချိန်မှ ၂၄ နာရီအတွင်း ကာကွယ်ဆေးထိုးပေးနိုင်ရန် လိုအပ်ပြီး ပြည်သူ့ဆေးရုံများတွင် ခွေးရူးပြန်ကာကွယ်ဆေးမှာ ခွဲတမ်းနှင့်ရသည့်အတွက် အခြားဆေးများကဲ့သို့ ပေါပေါများများ သိုလှောင်ထားနိုင်ခြင်း မရှိသည့်အတွက် ရံဖန်ရံခါပြတ်လပ်မှုဖြစ်တတ်ပါကြောင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ဆရာဝန်တစ်ဦးက ပြောသည်။

**ပေါ်ဦး**

www.free4readers.com



ဘိလပ်ပြန်ပန်းချီဆရာကြီး ဦးဘညာဏ်၏ လက်ရာ စောင်းပညာရှင်ပုံ (အမျိုးသားပြတိုက်)

## တွေ့ကြုံခဲ့ရ လူ့ဘဝ (၁၄၅)

# ပန်းချီဝါသနာရှင်ဘဝ အမှတ်တရ (၃)

ဆရာကြီးဦးဘညာဏ်၏ ပန်းချီကားများအနက် ခဲဖြင့် ရေးဆွဲထားသော စောင်းပညာရှင် မြန်မာအမျိုးသားကြီး၏ ပုံကို ကျွန်တော် လေ့လာခဲ့ဖူးသည်။

ဆရာကြီး ဦးလွန်းကြွယ်၏ လက်ရာ စောင်းတီးနေသော မြန်မာအမျိုးသမီးလေး၏ ပုံကိုလည်း ယနေ့ကျွန်တော့်အိမ် ဝင် ဝင်ချင်း မြင်ရသော နေရာတွင် ချိတ်ပြီး နေ့စဉ် အဝင်အထွက်တွင် ကြည့်မြဲဖြစ်သည်။

ကျွန်တော် လေ့လာခဲ့မိသမျှ မြန်မာစောင်းသည် မြန်မာတို့၏ ရှေးဦး တူရိယာဘုရင် (King of the music) ဖြစ်သည်။ မြန်မာမှုတွင်

-မင်းကုသတီးသော စောင်းကို သိကြားမင်း ပေးသောကြောင့် 'လောကနဒနတ်စောင်း'၊

-ပဥ္စသိခ်နတ်သား တီးသော စောင်းကို 'ဗေလုဝနတ်စောင်း'၊

-ဥတေနမင်း တီးသော စောင်းကို 'ဟတ္ထံကန္တစောင်း'၊

-ဂန္ဓဗ္ဗမျိုးနွယ်ဝင်တို့ တီးသော စောင်းကို 'ဇာတိစောင်း (သို့မဟုတ်) မြခြူသံစောင်း'၊

-မြဝတီမင်းကြီးဦးစ တီးသောစောင်းကို 'သန်းခေါင်ကျူးစောင်း' ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြကြောင်း မှတ်သားဖူးသည်။

စောင်းသံခုနစ်ပါး ရှိသဖြင့်လည်း အောက်ပါအတိုင်း စပ်ဆိုခဲ့ကြသည်။

"အသံသာသာ၊ တူရိယာမှာ၊ ဦးစွာသွင်းလုံး၊ တနှုန်းအောက်ပြန်၊ တစ်ဖန် ပုလဲ၊ မြင်စိုင်းတွဲမှူ၊ ဒုရကဒွေး၊ ခေါ်ရေးကိုနောက်၊ ခြောက်သွယ်၊ အညွန့်၊ ကွန့်မြူးတစ်ဖန်၊ ပြည်တော်ပြန်ဟု၊ မှတ်ရန်အခြား၊ ခုနစ်ပါးကို၊ သိငြားလွယ်ကူ စေသတည်း' ဟူ၍ဖြစ်သည်။

စောင်းကို တီးခတ်တော့မည်ဆိုလျှင် ဦးစွာ လက်ထားမှန်ရန် လေ့ကျင့်ရသည်။ လက်ထား မမှန်ပါက စည်းကျိုးခြင်း ခလုတ်တိုက်ခြင်း ဖြစ်ရတတ်သည်။ ထို့ကြောင့် လက်အနေအထားမှန်ရန် အထူး လေ့ကျင့်ကြရသည်။

၁။ သံဖျားကြိုးခေါ် အောက်ဆုံးတစ်ကြိုးမှ စ၍ အထက်ဒုံးကြိုးအထိ လက်ညှိုးဖြင့် အတက်တီးသွားသည့် လေ့ကျင့်ခန်း။

၂။ ညာလက်မဖြင့် အထက်ဒုံးကြိုးမှနေ၍ အောက်ဆုံးသံဖျားကြိုးအထိတီးခတ်ရသည့် လေ့ကျင့်ခန်း။

၃။ ညာလက်မနှင့် လက်ညှိုး တစ်ချက်စီ မောင်းနှင်းတီးရသည့် လေ့ကျင့်ခန်း။

၄။ ညာလက်မနှင့် လက်ညှိုး 'လေးပင်စုံ'၊ 'ခြောက်ပင်စုံ' နှင့် 'နှစ်ပင်ပူး' တီးရသည့် လေ့ကျင့်ခန်းများကို ကျေညက်မှ အခြေခံသင်ရိုး ၁၃ ပုဒ်မှ ထံတျာ၊ သီတာ၊ သာယာ၊ ဝေဘာ စသည့် ကြိုးသီချင်းများကို အစဉ်လိုက် တက်ရသည်။

ယနေ့ခေတ် စောင်းတွင် ကြိုးညှိရန် ကြိယာများ တပ်ဆင်လာကြသည်။ ကျွန်တော် စောင်းပုံရေးဆွဲတိုင်း ထိုကြိယာများကို ချန်ဆွဲခဲ့သည်။

ယခင်တစ်ပတ် ဖော်ပြခဲ့သော မျိုးသန္တာထွန်း စောင်းတီးပုံတွင်လည်းကောင်း၊ ၁၉၉၇ ခုနှစ်က ရေးဆွဲခဲ့သောပုံ (ထိုစဉ်က ပုံစံပြထိုင်ပေးသူမှာ မေသန်းနု ဖြစ်သည်) တွင် လည်းကောင်းကြိုးညှိသည့် ကြိယာများကို ထည့်မဆွဲခဲ့။ ထို ၁၉၉၇ ခုနှစ်က ပုံကို ဆွဲစဉ်က စောင်းပညာရှင် ဆရာမ တစ်ဦးက မေသန်းနုအားလက်အနေအထားကို သေသေချာချာ ပြသပေးပြီးမှ ရေးဆွဲခဲ့သည်။



ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်၏ လက်ရာ ဆီဆေးပန်းချီ (ယာ)၊ ပန်းချီဝါသနာရှင် ကျော်ဝင်း (စာရေးသူစွန်ရဲ) ၏ လက်ရာ ဆီဆေးပန်းချီ (၁၉၉၇ ခုနှစ်) (အောက်)



ကိုးနှစ်ခန့် ခြားပြီး ၂၀၀၆ ခုနှစ်တွင် ရေးဆွဲခဲ့သော မျိုးသန္တာထွန်း၏ ပုံတွင်ကား စောင်းပညာရှင်၏ပြသပေးမှု မပါဘဲ ရေးဆွဲခဲ့သဖြင့် ညာလက်အနေအထားမှာ အားနည်းချက် ဖြစ်သွားခဲ့သည်။

ထိုအချိန်မှ စ၍ ကျွန်တော် ဗီဒီယိုနှင့် ဓာတ်ပုံရိုက်တိုင်း၊ ပန်းချီဆွဲတိုင်း၊ ပညာရပ်တစ်ခုကို သရုပ်ဖော်ရေးဆွဲ၊ ရိုက်ကူးဖို့ ကြုံလာတိုင်း ထိုအကြောင်းအရာကို အသေးစိတ်လေ့လာပြီး ပုံစံပြ ဇာတ်ကောင်ကို ပီပီပြင်ပြင် လေ့ကျင့်သင်ကြားပြီးမှရေးဆွဲ ရိုက်ကူးခဲ့သည်။



အမျိုးသမီးဂေါက်သီးကစားသူ (မခေါင်နန်း) (May & Mark) (ထက်)၊
မခေါင်နန်းအား လက်ဆောင်ပေးခဲ့သော ကျော်ဝင်း (စာရေးသူစွန်ရဲ) ၏ ဆီဆေး 'ပအိုဝ်းတိုင်းရင်းသူ သားအမိ' ပန်းချီကား (ဝဲ)



တစ်ခါက ရုပ်ရှင်ဇာတ်ကားတစ်ခု၏ ဇာတ်ဝင်ခန်းတွင် အကယ်ဒမီမင်းသား (ယခု ကွယ်လွန်) က တင်းနစ်(စ)ရိုက်ခန်း တစ်ခန်းကို သရုပ်ဆောင်သည်။

စ, ပေးဘောလုံး (Service Ball) မြောက်ပုံက စ၍ လွဲနေသည်။ လက်





အထူးသဖြင့် အက၊ ဂီတနှင့် အားကစားနယ်ပယ်တွင် ဖြစ်သည်။

စွန်ရဲ

www.free4readers.com

ပြန်ရိုက်ချက် (Back hand) ပုံစံကလည်း မမှန်ကန်။ တစ်ပုံမှ အချိုးမကျ။ နောက်တစ်မျိုးမှာ ဂေါက်သီးရိုက်နေပုံ ကြော်ငြာအခန်းတစ်ခု ဖြစ်သည်။ Address မှ စ၍ Swing တစ်ခုလုံးက မှားနေသည်။ တတ်ကျွမ်းနားလည်သူများ ကြည့်မိပါက ရယ်စရာ ပုံပျက်ပန်းပျက် ဖြစ်နေသည်။

ထိုပုံများကို ကြည့်ပြီး ကျွန်တော် ဝေဖန်ခဲ့ဖူးသည်။ ထိုအားကစားနည်းနှစ်မျိုးလုံးကို ပုံစံတကျ လေ့လာဖတ်ရှုမှတ်သားခဲ့ဖူးသည်။ ကျွန်တော်၏ 'တွေ့ကြုံခဲ့ရလူ့ဘဝ (၁၂၅)' တွင် ရေးသားခဲ့ဖူးသည့်အတိုင်း ပြည်ထဲရေးဝန်ကြီး ဦးမင်းဂေါင်၏ ညွှန်ကြားချက်ဖြင့် အမေရိကန်သံရုံးမှ တင်းနစ်(စ)ရိုက်ဖက် အမျိုးသမီးတစ်ဦးကို ဂေါက်သီးအခြေခံမှ စ၍ သင်ကြားပေးခဲ့ရဖူးသည်။ ဂေါက်ရိုက်နည်းစနစ် စာအုပ်များ ကြိုတင် ဖတ်ရှုပြီး ပုံစံတကျ သင်ကြားပေးခဲ့ရသည်။






*မိုးပောက်ို*
*(Top of the Backswing) (ထက်)၊*
*အောင်(န)ဆိုင်း၏ Finishing (ဝဲ)၊*
*စာရေးသူစွန်ရဲက*
*မိုးပောက်ိုအား သင်ကြားနေပုံ (ယာ)*







ထိုလေ့လာမှုများက ၂၀၀၈ ခုနှစ်တွင် အသုံးတည့်လာခဲ့သည်။ မင်္ဂလာဒုံ ဂါးဒင်းစီးတီးဂေါက်ကွင်း ဖွင့်ပွဲအတွက် ရုပ်ရှင်ကြော်ငြာရော၊ ပိုစတာ Billboard ကြီးများပါ ရိုက်ကူးပေးရန် အကြောင်းပေါ်လာသည်။ ဂေါက်ကွင်းနှင့် ကျွန်တော်၏ River Bank Art Center တို့တွင် မော်ဒယ်နှစ်ဦးကို အချိန်ယူ ကြိုတင်သင်ကြားပြီးမှ Golf ကွင်းတွင် ပုံစံတကျ သရုပ်ဆောင်စေကာ အပြီးသတ် ရိုက်ကူးခဲ့ရသည်။

မင်္ဂလာဒုံ ဂါးဒင်းစီးတီး ဂေါက်ကွင်း၏ နေထွက်စ အချိန်က လှလွန်းသည်။

*အောင်(န)ဆိုင်းနှင့်*
*နည်းပြ (စာရေးသူစွန်ရဲ) (ဝဲ)၊*
*အောင်(န)ဆိုင်း၏ Short Iron ရိုက်ချက်*
*(အောက်)*



*ကျော်ဝင်း (စာရေးသူစွန်ရဲ) (ထက်)၊*
*မိုးပောက်ို (ဝဲ)၊*
*အောင်(န)ဆိုင်းအား Golf Swing ရှင်းပြနေစဉ်*
*(အောက်)*





အလင်းရောင်လာစမှ စ၍ နေလုံးကြီးပေါ်ထွက်လာသည်အထိ ကြည့်ရှု၍ မဝ။ ထိုရိုက်ကွင်းနေရာများသို့ အမျိုးသမီးဂေါက်သီးသမားတစ်ဦးဖြစ်သည့် S.Khaung Nan (May&Mark)မှလိုက်လံကြည့်ရှုကြပ်မတ်ပေးသည်။ Golf ပုံစံ ကြပ်မတ်ပေးခအဖြစ် ၂၀၀၂ ခုနှစ်က ကျွန်တော်ရေးဆွဲထားသော Mono tone ဆီဆေးပန်းချီကား တစ်ချပ် (ပအိုဝ်းတိုင်းရင်းသူ သားအမိ) ကို သူမ၏ အိပ်ခန်းတွင် ချိတ်ဆွဲရန် GV တွင် ပြသထားရာမှ ဖြုတ်ယူသွားသည်။

ပန်းချီဝါသနာရှင်ဘဝ အတွေ့အကြုံများကို ပြန်တွေးမိပါက ၁၉၉၅ ခုနှစ်တစ်ဝိုက် ကာလသည် GV (Golden Valley Art Center ၏ ရွှေခေတ်များဟု ဆိုနိုင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် . . . . ။

ဆက်လက်ဖော်ပြပါမည်။

စွန်ရဲ

www.free4readers.com

# ရွှေတိဂုံစေတီရှိ သန့်စင်ခန်းများကို ကြယ်ငါးပွင့်နှင့် ကြယ်သုံးပွင့်အဆင့် ပြုလုပ်ထားဟု ပြည်ထောင်စုဝန်ကြီးပြော

**နေပြည်တော်၊ အောက်တိုဘာ ၁**

ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ သန့်စင်ခန်းများကို 5 Stars နှင့် 3 Stars အဆင့်ဖြစ်အောင် ပြုလုပ်ထားကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုက ပြောသည်။

"အခု သန့်စင်ခန်းတွေဆိုရင်လည်း နိုင်ငံခြားဧည့်သည်အတွက် သန့်စင်ခန်းဆိုရင် 5 Stars Hotel အဆင့် သန့်စင်ခန်းမျိုးဖြစ်အောင် လုပ်ထားပါတယ်။ ပြည်တွင်းဧည့်သည်တွေအတွက် သန့်စင်ခန်းလည်း 3 Stars Hotel အဆင့် သန့်စင်ခန်းဖြစ်အောင် လုပ်ထားပါတယ်။ ကျန်တဲ့အပိုင်းတွေက ဆိုဖွယ်ရာမရှိပါဘူး"ဟု ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပတ်သက်လျှင် ဘက်စုံထောင့်စုံမှ တိုင်ပင်ညှိနှိုင်း၍ ဂေါပကအဖွဲ့အသစ်နှင့် ဆောင်ရွက်နေသည့်အတွက် တိုးတက်မှုကိုကဏ္ဍပေါင်းစုံ၊ နေရာပေါင်းစုံတွင် တွေ့မြင်နိုင်ကြောင်း ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောသည်။

ထို့အပြင် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ကန်ထရိုက်ပေးထားသော ဖိနပ်အပ်သည့်နေရာမှ ဖိနပ်အပ်ခပိုတောင်းသည်ဟု တိုင်တန်းမှုများ ရှိလာသည့်အတွက် ကန်ထရိုက်စနစ်ကို ဖျက်သိမ်း၍ ဖိနပ်ကို အလကားအပ်သောစနစ်ကို ကျင့်သုံး၍ ပြည်တွင်းဘုရားဖူးများနှင့် ပြည်ပဧည့်သည်များကို ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။

"ဘုရားကြီးအတွက် ငွေက အဓိကမဟုတ်ပါဘူး။ ဘုရားဖူးလာတဲ့ပြည်သူတွေနဲ့ နိုင်ငံခြားက ဧည့်သည်တွေအတွက် ဝန်ဆောင်မှုကောင်းဖို့ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နေပြည်တော်တွင် စက်တင်ဘာလ ၂၇ ရက်က ပြုလုပ်သည့် ကမ္ဘာ့ခရီးသွားနေ့ အထိမ်းအမှတ် အခမ်းအနားအပြီးတွင် မီဒီယာများကို ပြောကြားခဲ့သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့အသစ်ကို လုပ်ငန်းမူဝါဒသုံးရပ် ချမှတ်ပေးထားသောကြောင့် အတိုင်းအတာ တစ်ခုအထိ အရှိန်အဟုန် ရနေပြီဖြစ်ကြောင်း၊ ယင်းမူဝါဒများမှာ ဘုရားကြီး တည်တံ့ခိုင်မြဲရန်၊ စေတီတော်ကြီးလုံခြုံရေးနှင့် ဘုရားဖူးသူ၊ လေ့လာသူများကို ဝန်ဆောင်မှု ကောင်းပေးရန်တို့ဖြစ်ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် လျှပ်စစ်ဓာတ်ကြောင့်ဖြစ်စေ၊ မိုးဓာတ်လေဓာတ်ကြောင့်ဖြစ်စေ အလွယ်တကူ မပျက်စီးစေရန်နှင့် ကြံ့ခိုင်စေရန်အတွက် လိုအပ်လျှင်ကုန်သင့်ကုန်ထိုက်သည်ကို အကုန်ခံ ဆောင်ရွက်ရေးသည် နံပါတ်တစ်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

ယခုအချိန်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကြာမှောက်ကြာလှန်နေရာတွင် ကပ်လှူထားသည့် ရွှေများမည်းနေသည့် ကိစ္စအား နိုင်ငံတကာခရီးသွားများ၊ ပြည်တွင်းဘုရားဖူးများနှင့် အကြီးအကဲများက ထောက်ပြသည့်အတွက် ရွှေမိုက်ထုတ်၍ ရွှေသင်္ကန်းအသစ်ပြန်ကပ်ရန် စီစဉ်နေကြောင်း သိရသည်။

"ကပ်ခဲ့တာလည်း ၂၀၀၈၊ ၂၀၀၉ လောက် ကပ်ခဲ့တယ်။ ၂၀၂၃၊ ၂၀၂၄ ကျမှ ရွှေမိုက်ပြန်ထုတ်ပြီးတော့ ရွှေသင်္ကန်းအသစ်ပြန်ကပ်မယ်။ သို့သော်လည်း လေး၊ငါးနှစ်စောပြီး ငြိမ်းစင်ပြီးမှ ရွှေမိုက်ပြန်ထုတ်ပြီးတော့ ရွှေပါဝင်နှုန်းကို စစ်ရမှာ ဖြစ်ပါတယ်။ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့စည်းကိုမှ ထိခိုက်နစ်နာစေတဲ့ သဘောမရှိပါဘူး" ဟု ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောသည်။

ထိုသို့ ပြုလုပ်ခြင်းသည် နိုင်ငံရေးအမြတ်ထုတ်မှု မဟုတ်သကဲ့သို့ နိုင်ငံရေး အမြတ် ထုတ်ရန်လည်း မလိုကြောင်း ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောသည်။

**အေးအေးဟန်**



ဓာတ်ပုံ- ဇော်မင်းနိုင် (ဒီပဲယင်း)

# ဈေးကွက်ပျက်နေသည့်အတွက် ဝက်မွေးသူအများစု အခက်တွေ့နေ

**မကွေး၊ အောက်တိုဘာ ၁**

အထက်အညာဒေသတွင် ဝက်ဈေးကွက် ပျက်နေသည့်အတွက် တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်နှင့် ရေနံချောင်းမြို့နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင် ဝက်မွေးသမားအများစု အခက်တွေ့နေရကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒေသဝက်အသားတစ်ပိဿာကို ဝက်ခုံမှပြန်ရောင်းဈေး ကျပ် ၇၀၀၀ ရှိပြီး ကျေးရွာလေ့အတိုင်း သာရေးနာရေးနှင့် အသေးသုံးများအတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အသားထုတ်ရောင်းဈေးမှာ တစ်ပိဿာ (၉၀ကျပ်သားသာရှိ) ဈေး ကျပ် ၄၀၀၀သာ အရောင်းအဝယ်ဖြစ်ကြကြောင်း ဒေသခံဖြစ်သူ နတ်မောက်မြို့နယ်မှ ဝက်မွေးမြူရေးသမားဦးမြရွှေက ပြောသည်။

"အသားဈေးကပျက်နေချိန်မှာ အစာဈေးကတက်တော့ ပိုဆိုးတာပေါ့။ ဝက်စာအဖြစ် အဓိကသုံးရတဲ့ ဖွဲတစ်တင်းခွဲဝင် တစ်အိတ်ကို ၈၅၀၀ ရှိတယ်။ ဆန်ကွဲတစ်တင်းခွဲဝင်တစ်အိတ် ၂၀၀၀၀ ဈေးပေးနေရတော့ အသားဈေးကျလို့ ရှုံးနေပါတယ်ဆိုကာမှ အစာဈေးကြောင့် ပိုထိကုန်တာပေါ့"ဟု ဦးမြရွှေက ရှင်းပြသည်။

ပြီးခဲ့သည့် ဩဂုတ်လဆန်းပိုင်းအချိန်က ဆန်ကွဲတစ်အိတ် ကျပ် ၁၇၉၀၀၊ ဖွဲတစ်အိတ် ကျပ် ၆၃၅၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေရာမှ ဒေါ်လာဈေးဂယက်ကြောင့် ကုန်ဈေးနှုန်းတက်သည့်အထဲတွင် အခြား ကုန်ပစ္စည်းများနည်းတူ ဟန်ချက်ညီညီ တက်လာခြင်းဖြစ်ကြောင်း မကွေးမြို့ရှိ တိရစ္ဆာန်အစားအစာရောင်းဝယ်ရေးမှ ဦးကျော်သိန်းလွင်ကပြောသည်။

အညာဒေသတွင် ဒေသဝက်မျိုးများကို မိရိုးဖလာနည်းများအတိုင်း စီးပွားဖြစ်ကျွေးမွေးကြလေ့ရှိသည်။ လက်ရှိအချိန်တွင် မြစိမ်းရောင်၊ ပက်-မြန်မာ၊ စိုက်/ထွေသမဝါယမနှင့် ဒေသတွင်းချေးငွေများကို အမှီပြု၍ ပြန်လည်ပေးဆပ်ချိန်တွင် အခက်မတွေ့စေရေးအတွက် ဝက်များကိုသာ အများဆုံးမွေးမြူထားကြကြောင်း မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်မှ ဒေသခံဦးခင်မောင်ဌေးက ပြောသည်။

"အိမ်ထောင်စုတစ်စုကို ဝက်နှစ်ကောင်စီ အနည်းဆုံးမွေးထားကြတယ်။ ရောင်းမထွက်တဲ့ ဝက်သားပေါက်တွေလည်း ပုံလို့ပဲ။ အခုဈေးနဲ့တော့ ဝယ်သူလည်းမလာဘူး။ တွက်ခြေမကိုက်တော့ဘူးဆိုပေမယ့် ဆက်တော့ထိန်းထားရဦးမှာပဲ။ မကြာခင် ပြန်ဆပ်ကြရတော့မယ့် ချေးငွေတွေအတွက် ရွာကလူတွေအရေးကို စိတ်ပူမိတယ်"ဟု ၎င်းကပြောသည်။

"ဝက်သားပေါက် တစ်ကောင်(၄၅ရက်သား)ကို ပြီးခဲ့တဲ့ဩဂုတ်လဆန်းပိုင်းအချိန်ထိ ခြောက်သောင်းဝန်းကျင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေသေးတယ်။ အခုတော့ ဝက်သားပေါက်တစ်ကောင်ကို တစ်သောင်းခွဲဝန်းကျင်နဲ့ တောင်းတွင်းကြီးမြို့တောင်ဘက် ညောင်ပင်လှန္တားပွဲဈေးမှာ ချရောင်းနေတာ ဝယ်သူတောင် မရှိဘူး"ဟု တောင်တွင်းကြီးမြို့မှ မိုဘိုင်းဈေးသည် ကိုချက်ကြီးကပြောသည်။

ဝက်ဈေးပျက်နေရခြင်း၏အဓိကအကြောင်းရင်းမှာ ဒေါ်လာဈေးဂယက်ကြောင့်ချည်း မဟုတ်ဘဲ ဝက်မွေးမြူရေးခြံများအတွင်းသို့ မကြာခဏဝင်ရောက်လေ့ရှိသည့် ဝက်ရောဂါများကြောင့် နယ်စပ်ဒေသရှိ ဝက်ကုန်သည်များဘက်မှ ဝယ်လိုအားကျဆင်း လာခြင်းကြောင့်သာဖြစ်ကြောင်း ကျိုင်းတုံနယ်ဘက်ရှိ ဝက်ကုန်သည်များထံမှ ရရှိသည့် အချက်အလက်များအရ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းမှ ဝက်များကို မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာဘက်မှ ကတ္တားချိန်စနစ်ဖြင့် အများဆုံးလာရောက် ဝယ်ယူကြလေ့ရှိသည်။

ယခုရက်ပိုင်းတွင်မူ ဝယ်လက်ကျဲနေသည့် အတွက် နယ်အဝယ်မဆင်းနိုင်ဖြစ်နေကာ လက်ရှိအရောင်းအဝယ်ဖြစ်နေသည့် ဝက်ဈေးမှာ ငါးနှစ်အတွင်း အနိမ့်ဆုံးသို့ရောက်နေကြောင်း မိတ္ထီလာမြို့မှ ဝက်ရောင်းဝယ်ရေးသမား ဦးသာလင်းက ပြောသည်။

**ပေါ်ဦး**

# အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများကို ဗီဇာကင်းလွတ်ခွင့်ပေးမည်

**နေပြည်တော်၊ အောက်တိုဘာ ၁**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများကို ယခုလမှစ၍ ဗီဇာ ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

"အဓိက ဖြစ်နေတာက ရခိုင်အရေးအခင်းကြောင့် ဥရောပနိုင်ငံကနေပြီးတော့ ခရီးသည် လာရောက်မှုတွေ ကျဆင်းပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့က အာဆီယံနဲ့မိတ်ဖက်နိုင်ငံတွေဖြစ်တဲ့ ဂျပန်ရယ်၊ ကိုရီးယားရယ်ကို အောက်တိုဘာလထဲကစပြီး ဗီဇာ free တွေ ပေးပါ့မယ်" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါ်ခင်သန်းဝင်းက ပြောသည်။

လက်ရှိကာလတွင် အနောက် ဥရောပနိုင်ငံများမှ ခရီးသွားများ ဝင်ရောက်မှု ကျဆင်းနေသည့်အတွက် ပြန်လည်ဝင်ရောက်လာရေး ခရီးသွားလုပ်ငန်းကြော်ငြာများကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ခရီးသွားပွဲတော်များလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ခရီးသွားလုပ်ငန်း ပြန်လည် ဖွံ့ဖြိုးတိုးတက်လာစေရန် ခရီးသည်များ ဝင်ထွက်မှု လွယ်ကူရေးအတွက် ASEAN + 3 နိုင်ငံများအတွက် ပြည်ဝင်ခွင့်ဗီဇာ လျှော့ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အချိန်ယူဆွေးနွေး၍ အဆင့်ဆင့် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ရသည်။

"Potential ရှိတဲ့ အနောက်နိုင်ငံများကိုလည်း ဗီဇာဖြေလျှော့မှုများကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန် လိုအပ်ပါတယ်" ဟု ဒုတိယသမ္မတ(၂)ဦး ဟင်နရီဗန်ထီးယူက စက်တင်ဘာလ ၂၇ ရက် ကမ္ဘာ့ခရီးသွားနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံကို ရောက်ရှိလာမှုသည် ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၄သန်းရှိခဲ့ပြီး၂၀၁၈ ခုနှစ်တွင် ဇူလိုင်လအထိ ကမ္ဘာလှည့်ခရီးသွားများ ၁ ဒသမ ၃၄ သန်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

သို့သော် ဥရောပနှင့် ဩစတြေးလျဒေသမှ လာရောက်လည်ပတ်သည့် ခရီးသည်နည်းပါးသည့်အတွက် ဇူလိုင်လအထိ ကမ္ဘာ့ခရီးသွားဝင်ရောက်မှု နှစ်ရာခိုင်နှုန်းကျဆင်းနေကြောင်း သိရသည်။ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ခရီးသည်များ ဗီဇာရယူရာတွင် ရှိနေသည့် အခက်အခဲကို ပေါ်လစီတစ်ခုအဖြစ် ဖြေရှင်းရာတွင် ဗီဇာဖြေလျှော့ခြင်းဖြင့် ခရီးသွားများ ပိုမိုဝင်ရောက်လာရန် မျှော်လင့်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

**အေးအေးဟန်**

# သုံးနှစ်အတွင်း ခွေးကောင်ရေတစ်သန်းကို ကာကွယ်ဆေးထိုးပေးရန် စီစဉ်

**နေပြည်တော်၊ အောက်တိုဘာ ၁**

ခွေးရူးရောဂါ ကင်းစင်ပပျောက်ရေးအတွက် ခွေးကောင်ရေတစ်သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန်စီစဉ်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံသည် ခွေးရူးရောဂါများ ဖြစ်ပွားနေသေးသည့် နိုင်ငံတစ်ခု ဖြစ်နေသေးသည့်အတွက် ခွေးရူးရောဂါ လျော့နည်းပပျောက်စေရန် နိုင်ငံတကာအဖွဲ့အစည်းသုံးခုနှင့် ပူးပေါင်း၍ တိရစ္ဆာန်မှလူကို ကူးစက်သည့် အရေးကြီးရောဂါတစ်ခုအဖြစ် ထိန်းချုပ်နေကြောင်း သိရသည်။

ထို့ကြောင့် ၂၀၁၈ ခုနှစ်မှစတင်၍ ခွေးကောင်ရေတစ်သန်းကို ကာကွယ်ဆေးထိုးနိုင်ရန် FOUR PAWs International အဖွဲ့ကြီးနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအောင်သူက ပြောသည်။

"အခုရေးဆွဲထားတဲ့ ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေး စီမံချက်ရှိတယ်။အဲဒီစီမံချက်ကို ရှေ့နေချုပ်ရုံးကို တင်ထားတယ်။ အဲဒီကနေ ခွင့်ပြုချက်ရတာနဲ့ စမယ်။ သုံးနှစ်ကို ခွေးကောင်ရေတစ်သန်းကိုထိုးဖို့ ကျွန်တော်တို့ မှန်းထားတယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းနိုင်က ပြောသည်။

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့မှ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ခွေးရူးရောဂါ ကာကွယ်မှုလုပ်ငန်းများကို အသိအမှတ်ပြုပံ့ပိုးသည့်အနေဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ခွေးရူးရောဂါ ကာကွယ်ဆေးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် အုပ်စုလိုက်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အားစိုက်ဆောင်ရွက်ခဲ့ရာ ရှေ့ပြေးမြို့နယ်သုံးခုဖြစ်သည့် လယ်ဝေး၊ ညောင်ဦးနှင့် မှော်ဘီမြို့နယ် အပါအဝင် ၂၀၁၈ ခုနှစ်အထိ ခွေးကောင်ရေ လေးသိန်းခန့် အခမဲ့ကာကွယ်ဆေးထိုးနိုင်ခဲ့ပြီး ကာကွယ်ဆေးလွှမ်းခြုံမှု ရှစ်ဆယ်ရာခိုင်နှုန်းကျော်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ခွေးရူးရောဂါ ကာကွယ်ရေး စီမံချက်အတွက် ခွေးသန်းခေါင်စာရင်းကောက်ခဲ့ရာ ကောင်ရေစာရင်း အတိအကျ မထွက်လာသေးသော်လည်း လေးသန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းနိုင်ထွန်းက ပြောသည်။

ထို့ကြောင့် သန်းခေါင်စာရင်းအရ ထွက်ပေါ်လာမည့် ကောင်ရေအရ များသည့်နေရာအပေါ်မူတည်၍ ခွေးများကိုကာကွယ်ဆေးထိုးပေးမည်ဟု မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

"ကျန်းမာရေးဦးဌာနနဲ့ ပေါင်းပြီးတော့ ခွေးကိုက်တာ အများဆုံးနေရာ၊ အများဆုံးကတော့ ကျေးရွာတွေမှာ အများဆုံးအကိုက်ခံရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ခွေးရူးရောဂါကြောင့် အသက်သေဆုံးနိုင်တယ်ဆိုတဲ့ သတင်းစကားကို သူတို့ နားလည်သွားဖို့လိုတယ်ဆိုတော့ အဲဒီနေရာကစပြီး ထိုးမယ်" ဟု ဒေါက်တာသန်းနိုင်ထွန်းက ပြောသည်။

ကမ္ဘာတွင် ၁၅ မိနစ်လျှင် လူတစ်ဦးကျ ခွေးရူးပြန်ရောဂါဖြစ်ပွား၍ အသက်ဆုံးရှုံးလျက်ရှိပြီး တစ်နှစ်လျှင် လူဦးရေငါးသောင်းငါးထောင်မှ ခုနစ်သောင်းခန့် ခွေးရူးရောဂါဖြင့် သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

**အေးအေးဟန်**

www.free4readers.com

# ပတ်ဝန်းကျင်ကို ရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း

ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ယခင်တစ်ပတ်မှ အဆက်

မြတ်စွာဘုရားဟာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ ၂၅-ဝါ သီတင်းသုံးတယ်။ အဲဒီလို ၂၅-ဝါ နေရင်းနဲ့ မြတ်စွာဘုရားဟာ အင်မတန်မှ အလုပ်လုပ်တယ်။ တပည့်သာဝကတွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ နေရာမှာ မျက်ခြည်ပြတ်မခံဘူး။ ဒီအတိုင်း မျက်စိဒေါက်ထောက်ကြည့်နေတာတော့ မဟုတ်ဘူး။ ဘာတွေလုပ်နေကြလဲ၊ အခြေအနေကောင်းရဲ့လားဆိုတာကို နေ့အခါမှာ သုံးကြိမ် ကြည့်တယ်၊ ညမှာဆိုရင် သုံးကြိမ်ကြည့်တယ်။ မိမိရဲ့တပည့်တွေ အခြေအနေကောင်း မကောင်း အဆုံးအမအတိုင်း လိုက်နာမှု ရှိ၊ မရှိ မြတ်စွာဘုရားက ကြည့်လေ့ရှိတယ်။

တစ်ရက်မှာတော့ လူငယ်လူရွယ်အမျိုးသား ၅၀၀ ဟာ သာသနာ့ဘောင်ကို ဝင်လာကြတယ်။ သူတို့ဟာ မြတ်စွာဘုရားနဲ့အတူ ဇေတဝန်ကျောင်းမှာ နေရင်းကနေ ညသန်းခေါင်ယံကျတော့ လူငယ်လူရွယ်တွေ ဖြစ်သည့်အလျောက် ကာမဝိတက်ဆိုတဲ့ ကာမဂုဏ်အာရုံ စိတ်တွေ ပေါ်ပြီးတော့ ကြံတွေးကြတယ်။ မြတ်စွာဘုရားက အေး ဒီကိုယ်တော်တွေ ဘာတွေများ တွေးနေကြပါလိမ့်မတုန်းလို့ကြည့်လိုက်တော့ လူထွက်ဖို့တွေ စဉ်းစားနေတာ ဖြစ်ကောင်းဖြစ်မယ်ပေါ့နော်။ လူ့ဘဝကို ပြန်ဖို့ စဉ်းစားနေကြတာတွေကိုတွေ့တော့ အဲဒီကိုယ်တော်တွေကို ခေါ်ခိုင်းပြီး ချက်ချင်းဆုံးမဩဝါဒပေးတယ်။ ဆုံးမတဲ့အထဲမှာ ဘာဟောတုန်းဆိုတော့ နဘိက္ခဝေ အန္တော ပဝတ္တကိလေသာနံ ဝသေဝတ္တိတုံ - ကိုယ့်ရင်ထဲမှာ ဖြစ်လာတဲ့ ကိလေသာရဲ့ နောက်ကိုမလိုက်နဲ့။

ဥပမာ-လောဘဖြစ်ရင် လောဘနောက် မလိုက်နဲ့၊ ဒေါသဖြစ်ရင်လည်း ထိန်း၊ ကိုယ့်ရင်ထဲမှာ ဖြစ်တဲ့ ကိလေသာတွေကိုမြင်တဲ့အတိုင်း အကောင်အထည် မဖော်နဲ့၊ လက်ခံမထားနဲ့။ ကိလေသော ဟိ ဝတ္တမာနော ပစ္စာမိတ္တော ဝိယ မဟာဝိနာသံ ပါပေတိ-ရင်ထဲက ကိလေသာဟာဖြစ်လာရင် ရန်သူနဲ့တူတယ်။ ရန်သူဟာ ဖျက်ဆီးတတ်၊ ဒုက္ခပေးတတ်သလိုပဲ၊ ဒီကိလေသာကို ကိုယ့် ရင်ထဲမှာအဖြစ်ခံရင် ကိုယ့်ကို ဒုက္ခပေးလိမ့်မယ်။ ဒါတွေကို ဆက်မတွေးကြနဲ့၊ ဆက်တွေးလိုက်လို့ရှိရင် ရင်ထဲက ကိလေသာတွေကို မနိုင်တော့ဘဲနဲ့နောက်ဆုံးမှာ အရှုံးပေးသွားကြရတတ်တယ်ပေါ့နော်။ အဲဒါမျိုး မဖြစ်စေနဲ့လို့ မြတ်စွာဘုရားက ဆုံးမဩဝါဒပေးပြီး ရှေးတုန်းက တကယ့်သူတော်ကောင်းတွေဟာ ပတ်ဝန်းကျင်ကို ရှုမြင်တယ်၊ သတိထားတယ်၊ ဆင်ခြင်သုံးသပ်ပြီးတော့ ကိုယ့်ဘဝကိုယ်ကောင်းအောင် လုပ်သွားကြတာကို စံနမူနာအဖြစ် မှတ်ယူသင့်တယ်ဆိုပြီးတော့ ကုမ္ဘကာရဇာတ်ကို ဟောတာနော်။

## ကုမ္ဘကာရဇာတ်

မြတ်စွာဘုရားအလောင်းတော်ဟာ ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်း အုပ်စိုးတဲ့အချိန်၊ ဗာရာဏသီပြည်ရဲ့ မြို့တံခါးအနားမှာ ရွာတစ်ရွာရှိတယ်၊ အဲဒီရွာမှာ အိုးလုပ်ငန်းနဲ့ အသက်မွေးတယ်။ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားပြီး မိသားစုလေးယောက် အတူနေကြတယ်။ အိုးလုပ်အသက်မွေးသည့်အတွက် ချမ်းသာတာ မဟုတ်သော်လည်း မျှမျှတတအသက်မွေးနိုင်ကြတယ်။

တစ်နေ့ကျတော့ နံနက်ပိုင်းအချိန်မှာ သူတော်စင်ပုဂ္ဂိုလ်လေးဦးဟာ ကောင်းကင်ယံကနေ ကြွရောက်ပြီး ဘုရင့်ဥယျာဉ်မှာ ဆင်းသက်ပြီး သူ့အိမ်တံခါးဝဘက်ကို ကြွလာတယ်။ အခုမြန်မာနိုင်ငံမှာ ဆွမ်းခံတယ်ဆိုတာ ဗုဒ္ဓဘာသာဝင်တွေ ရိုးရာကိစ္စဖြစ်နေသလို ရှေ့တုန်းက ဆွမ်းခံကြတယ်။ ဆွမ်းခံတာ မထူးဆန်းတော့ဘူး။ တချို့နိုင်ငံတွေမှာဆိုရင် ဆွမ်းခံတဲ့အလေ့ ပျောက်သွားပြီ။ ဆိုပါစို့ သီရိလင်္ကာနိုင်ငံမှာဆို တောအရပ်လောက်ပဲ ရှိတော့တယ်။ မြို့မှာ ဆွမ်းခံတဲ့အကျင့် ပျောက်သွားပြီ။ ထိုင်းမှာတော့ ဆွမ်းခံတဲ့အလေ့ အကျင့်ရှိသေးတယ်။ ကမ္ဘောဒီးယားတို့၊ လာအိုတို့မှာလည်း ရှိပုံရတယ်။ တခြားနိုင်ငံတွေမှာ ဆွမ်းခံတာ မရှိတော့ဘူး။ အဲဒီတော့ ဆွမ်းခံတဲ့ အလေ့အကျင့်ဟာ ပျောက်ကွယ်သွားပြီ။

အိန္ဒိယနိုင်ငံမှာ တစ်ချိန်တုန်းက သူတော်စင်သူတော်မြတ်တွေဟာ တစ်အိမ်တစ်ဖွန်း သပိတ်ကလေးပိုက်ပြီး လှည့်လည်သွားလာတာ။ သဒ္ဓါတရားပေါက်တဲ့ ပုဂ္ဂိုလ်တွေကလှူတဲ့ ကျွေးမွေးတာလေးနဲ့ ကျေနပ်ပြီး ကိုယ့်ဘဝကိုယ် ပြုပြင်နေထိုင်လေ့ရှိတယ်ပေါ့။ အခုလည်းပဲ သူတော်စင်ပုဂ္ဂိုလ်လေးဦးဟာ ဣန္ဒြေသိက္ခာရှိရှိနဲ့ သူတို့ရဲ့ မျက်နှာတွေကလည်း ကြည်လင်လို့ အသားအရေတွေကလည်း သန့်ရှင်းစင်ကြယ်ပြီးတော့ တကယ့်ကို စိတ်ချမ်းချမ်းသာသာ ပုံပန်းသဏ္ဌာန်နဲ့ အိမ်တံခါးဝကို



ရောက်လာတယ်။ ဘုရားအလောင်းက ဘဝါဘဝက တည်းက ပေးချင်ကမ်းချင်တဲ့ သဒ္ဓါတရားရှိတော့ အဲဒီ သူတော်စင်တွေကို လည်းမြင်ရော အိမ်ပေါ်ကြွဖို့ ပင့်တယ်။ ဆွမ်းလှူမယ်ပေါ့။ အိမ်ပေါ်ကြွတော့ နေရာထိုင်ခင်းပေးထားတယ်ပေါ့။

တကယ်တော့ အဲဒီပုဂ္ဂိုလ်တွေဟာ သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ ဟိမဝန္တာဘက်က ကြွလာတဲ့ ပစ္စေကဗုဒ္ဓါတွေ ဖြစ်နေတယ်နော်။ သူတို့ဟာ လူ့ဘဝတုန်းကလည်းပဲ တိုင်းပြည်အုပ်ချုပ်တဲ့ မင်းစိုးရာဇာတွေ ဖြစ်ခဲ့ကြတယ်။ သို့သော် သူတို့ဟာ အခုပစ္စေကဗုဒ္ဓါ သူတော်စင်မြတ်တွေအနေနဲ့ ရောက်လာတာဖြစ်တယ်။ ဘုရားလောင်းနဲ့တွေ့တော့ အိုးလုပ်ရုံကြီးထဲ ပင့်ပြီးတော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေကို ဆွမ်းကွမ်း လုပ်ကျွေးတယ်။ ပြီးတော့ အလှူရေစက်လက်နဲ့ မကွာဆိုတာလို ပစ္စေကဗုဒ္ဓါတွေဟောပြောတဲ့ ရေစက်ချတရားကို နားထောင်ရင်းနဲ့ စကားစမြည် ပြောတယ်ပေါ့။ ပစ္စေကဗုဒ္ဓါလို့တော့ မသိဘူးပေါ့။ ထိုခေတ်ကတော့ သူတော်စင်သူတော်မြတ်တွေဟာ ဆွမ်းခံလှည့်လည်ကြတာဟာ ရိုးနေတဲ့ အနေအထားမျိုးရှိတော့ သာမန်ပဲထင်မှာပေါ့။

သူတော်စင်တွေကို စကားပြောရင်းနဲ့ သူကမေးတယ် "အရှင်ဘုရားတို့ကို ကြည့်ရတာ အသားအရေတွေကလည်း စင်ကြယ်ကြတယ်၊ ဣန္ဒြေတွေကလည်း ကောင်းလိုက်ကြတာ။ သိက္ခာသမာဓိလည်း ရှိတယ်၊ အရှင်ဘုရားတို့ အခုလို ဆွမ်းခံလှည့်လည်ပြီး စားရတဲ့ ရဟန်းဘဝကို ခံယူတာ ဘာကြောင့်လဲ။ အသက်အရွယ်လည်း အလွန်အမင်း မကြီးကြသေးဘူး။ ခုခေတ်လို ပြောရင် "အရှင်ဘုရားတို့ ဘာဖြစ်လို့ ဘုန်းကြီးဝတ်လာကြတာလဲ"လို့ မေးတယ်။ ဒီဘဝမျိုး ဘာကြောင့် ဘယ်ဘဝနေ ကူးပြောင်းလာကြတာလဲလို့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေကို မေးတဲ့အခါမှာ အကြီးဆုံး ပစ္စေကဗုဒ္ဓါအရှင်မြတ်က အရင်ဆုံးဖြေတယ်။ ဖြေပုံလေးကို ကြည့်ရအောင် -

ပဌမပစ္စေဗုဒ္ဓါ
"အမ္ဗာဟမဒ္ဒံ ဝန မန္တရသ္မိံ၊
နီလောဘာသံ ဖလိတံ သံဝိရုဠှံ။
တ မဒ္ဒသံ ဖလဟေတု ဝိဘဂ္ဂံ၊
တံ ဒိသွာ ဘိက္ခာစရိယံ စရာမိ"

သူပြောတဲ့ အကျဉ်းချုပ်ကလေးက အခုလို ဆွမ်းခံစားတဲ့ဘဝကို ရောက်လာတာ တခြားမဟုတ်ဘူးတဲ့။ ဒီတောအုပ်ဥယျာဉ်ထဲမှာ အရွက်တွေက စိမ်းစိုပြီး အသီးတွေကလည်း မှည့်ပြီး ဝင်းဝင်းဝါဝါနဲ့ လှနေတဲ့ သရက်ပင်ကြီးတစ်ပင်ကို တွေ့တယ်တဲ့။ အဲဒီ သရက်ပင်ကြီးဟာ ဒီအသီးတွေကို အကြောင်းပြုပြီးတော့ တစ်ပင်လုံး ရစရာမရှိအောင် ကျိုးပဲ့ပျက်စီးသွားတာကို သူတွေ့လိုက်ရတယ်တဲ့။ ဟော သူ့ရဲ့ ပတ်ဝန်းကျင်မှာ အသီးတွေနဲ့ လှပနေတဲ့အပင်ဟာ ပျက်စီးနေတာကို တွေ့လိုက်လို့ စိတ်ထဲမှာ ဒါကို အမှတ်ထားပြီးတော့ လောကကြီးကို ဆင်ခြင်သုံးသပ်ကြည့်ပြီး သူဟာ ဒီဘဝကို ကူးပြောင်းလာခဲ့တာဖြစ်တယ်လို့ အကျဉ်းချုပ်ပြောတာပေါ့။

သို့သော် သူ့ရဲ့ ဇာတ်လမ်းကို သေသေချာချာ ရှင်းပြောတဲ့အခါမှာ သူဟာ တခြားမဟုတ်ဘူးတဲ့ ကလိင်္ဂတိုင်းက ဒန္တပူရမြို့မှာ ကရဏ္ဍုဆိုတဲ့ မင်းဘဝနဲ့ တိုင်းပြည်ကို အုပ်စိုးခဲ့တာ ဖြစ်တယ်ပေါ့။ ကလိင်္ဂတိုင်းဆိုတာ ကနေ့ခေတ်မှာလည်း ကလိင်္ဂလို့ခေါ်တာ ရှိတယ်။ အိန္ဒိယမှာ ကာလကတ္တားကနေ တောင်ကို ဖြောင့်ဖြောင့်သွားလိုက်လို့ရှိရင် ဩရိသပြည်နယ်ကို ရောက်မယ်။ မြန်မာပြည်နဲ့ဆိုရင် ပုသိမ်ကမ်းရိုးတန်းနဲ့ တစ်ဖြောင့်တည်းလောက် ရှိတယ်။ ဘုန်းကြီးတို့လည်း သီတဂူဆရာတော်ကြီးက ခေါ်တာနဲ့ လိုက်သွားဖူးတယ်။ အဲဒီဩရိသပြည်နယ်ထဲမှာ ကလိင်္ဂတိုင်းဆိုတာ ရှိတယ်။

> **လောဘဖြစ်ရင် လောဘနောက် မလိုက်နဲ့၊**
> **ဒေါသဖြစ်ရင်လည်း ထိန်း၊ ကိုယ့်ရင်ထဲမှာဖြစ်တဲ့**
> **ကိလေသာတွေကို မြင်တဲ့အတိုင်း အကောင်အထည်မဖော်နဲ့၊**
> **လက်ခံမထားနဲ့။ ကိလေသော ဟိ ဝတ္တမာနော ပစ္စာမိတ္တော ဝိယ**
> **မဟာဝိနာသံ ပါပေတိ - ရင်ထဲက ကိလေသာဟာ ဖြစ်လာရင်**
> **ရန်သူနဲ့တူတယ်။ ရန်သူဟာ ဖျက်ဆီးတတ်၊ ဒုက္ခပေးတတ်သလိုပဲ၊**
> **ဒီကိလေသာကို ကိုယ့်ရင်ထဲမှာအဖြစ်ခံရင်**
> **ကိုယ့်ကို ဒုက္ခပေးလိမ့်မယ် ...**

အဲဒီ ကလိင်္ဂတိုင်းက သမိုင်းကြောင်းနဲ့ ပြောမယ်ဆိုရင် အသောကမင်းကြီးက ကလိင်္ဂကို ကျူးကျော်ပြီး စစ်တိုက်တဲ့အခါမှာ လူနှစ်သိန်းလောက် သွေးချောင်းစီးသွားတယ်နော်။ သူတို့တိုက်ပွဲဟာ အလွန်ပြင်းထန်တယ်။ ဒါကြောင့်မို့ ကလိင်္ဂတိုင်းနားက ဓောင်ရီလို့ခေါ်တဲ့ ၁၀ လဂိရိဆိုတဲ့ တောင်လေးနားမှာ ချောင်းကြီးရှိတယ်၊ အခုတော့ ကောနေပြီပေါ့။ အဲဒီနားလေးမှာ တိုက်ပွဲက သွေးချောင်းစီးသွားတာ။ ကလိင်္ဂတိုင်းက ပြန်ပြီးတော့ ခုခံ တိုက်ခိုက်တယ်၊ အသောကမင်းကြီးကလည်း ကလိင်္ဂတိုင်းကို သိမ်းပိုက်ဖို့ ကြိုးစားတာ အောင်ပေမယ့် လူနှစ်သိန်းလောက် သေဆုံးတယ်၊ ဒါကြောင့်မို့ အဲဒီနားလေးမှာ အသောကမင်းရဲ့ Ethic ခေါ်တဲ့ ကျောက်စာတွေရေးထိုးထားတာ ရှိတယ်ပေါ့။

အရင်တုန်းကတော့ စဏ္ဍာသောက အလွန်စိတ်ကြမ်းကိုယ်ကြမ်းနိုင်တဲ့ ဘုရင်ကြီး။ နောက်ပိုင်းကျတော့ ဘယ်သူ့ကိုမှ အဓမ္မနည်းနဲ့ အနိုင်မယူတော့ဘူး။ ဓမ္မဝိဇယ တရားနဲ့ပဲ အောင်နိုင်အောင် ကြိုးစားတော့မယ်ဆိုပြီးတော့ အဲဒီမှာ သူသံဝေဂရသွားတာနော်။ မြန်မာလူမျိုးတွေ ပြောပြောနေတဲ့ ဓမ္မာသောကမင်းကြီးပေါ့နော်။ အဲဒီ ဓမ္မာသောကမင်းကြီးဟာ ကလိင်္ဂစစ်ပွဲပြီးချိန်မှာ သံဝေဂရပြီးတော့ စစ်ကို ရှောင်လိုက်တာ နောက်မတိုက်တော့ဘူး။ အဲဒီမှာ သူ့ရဲ့ မှတ်တမ်းမှတ်ရာ ကျောက်စာတွေ ထိုးထားတာရှိတယ်။

ကလိင်္ဂတိုင်းဟာ အသောကမင်း မတိုင်မီ ရှေးကတည်းက ရှိတာ။ ကနေ့လည်း ရှိတယ်ပေါ့။ ကာလိင်္ဂတိုင်း ဒန္တပူရမြို့ဆိုတာ မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီးတဲ့အချိန်မှာ လက်ဝဲအောက်စွယ်တော်ဟာ အဲဒီရောက်သွားတာနော်။ ဘေးကလူတွေက ဘုရားရဲ့စွယ်တော်ကို လုမလို့လာတဲ့အခါမှာ အဲဒီဒန္တပူရမြို့မှာရှိတဲ့ ဒန္တကုမာရနဲ့ ဟေမမာလာမင်းသမီးတို့က ရုပ်ဖျောက်ပြီးတော့ မင်းသမီးရဲ့ဆံထုံးထဲမှာ ဘုရားရဲ့စွယ်တော်ကို ဝှက်ပြီးတော့ သီရိလင်္ကာနိုင်ငံဘက်ကို ကူးသွားတာ။ အခု သီရိလင်္ကာမှာ ရောက်နေတဲ့ စွယ်တော်ဟာ ကလိင်္ဂတိုင်းက စွယ်တော်ပဲလို့ ဆိုတယ်။ ဒါကတော့ ဘုရားပွင့်ပြီးမှဖြစ်တဲ့ နီးကပ်တဲ့ သမိုင်းပေါ့နော်။

အဲဒီ ဒန္တပူရမြို့မှာ ဘုရားမပွင့်ခင် ဟိုးရှေးတုန်းက သမိုင်းကြောင်း အလွန်ရှည်လျားတဲ့ အချိန်တုန်းက ကရဏ္ဍုကဆိုတဲ့ ဘုရင်ကြီးဖြစ်ခဲ့တယ်။ တစ်နေ့ကျတော့ ဆင်စီးပြီးတော့ အခြံအရံပရိသတ်တွေနဲ့ ဥယျာဉ်ထွက်တယ်။ ဥယျာဉ်အဝင်မှာ လှပတဲ့သရက်ပင်ကြီး အသီးတွေကလည်း မှည့်ဝင်းနေတယ်ပေါ့။ ဝင်းဝါနေတဲ့ သရက်သီးတွေကို တွေ့တဲ့အခါမှာ ဘုရင်ကြီးက ဆင်ပေါ်ကနေပြီးတော့ သရက်သီးခိုင်တစ်ခိုင်ကို ခူးလိုက်တယ်။ ပြီးတော့ ဥယျာဉ်ထဲမှာနေရင်း သူနဲ့ပါတဲ့ လူတွေကိုကျွေး၊ သူကိုယ်တိုင်လည်း သရက်သီးစားပေါ့။

ဘုရင်ကြီးကလည်း သရက်သီးခူး သွားရော နောက်ကပါလာတဲ့ ပရိသတ်တွေအကုန်လုံးက "ဟာ ဘုရင် ခူးပြီးပြီဆိုရင် ခူးကြ" ဆိုပြီး ဟိုလူက ခူး၊ ဒီလူက ခူးနဲ့ အသီးတွေပြောင်ရုံတင်မကဘူး၊ တချို့က အကိုင်းပါ ချိုးပစ်တယ်။ လုကြယက်ကြနဲ့ဆိုတော့ အဲဒီသစ်ပင်ကြီး တစ်ပင်လုံးဟာ ရစရာမရှိဘူး။ အသီးဆိုတာ လုံးဝမကျန်တော့ဘူး။ ခူးလိုက်ကြ လုယက်လိုက်ကြတာ ဘာနဲ့တူတုန်းဆိုရင် ပိုက်ဆံကြဲလို့ ဝိုင်းလုတာနဲ့ တူတယ်။ သစ်ပင်ကြီးကို ပွစာတက်သွားတယ်။ ဘုရင်ကြီးက ညနေအချိန်ရောက်တဲ့အခါကျတော့ အဲဒီလမ်းကနေ ပြန်ထွက်တဲ့အခါမှာ သစ်ပင်က ပွစာတက်နေပြီ။ အဝင်တုန်းက အဲဒီအပင်ကြီးက စိမ်းစိမ်းညို့ညို့နဲ့ အသီးတွေ ဝင်းဝင်းဝါဝါနဲ့ အင်မတန်လှတာ။

ဆက်လက်ဖတ်ရှုပါရန်

www.free4readers.com
SPEAKER
news journal

# ပုဂံဒေသ ယဉ်ကျေးမှုဇုန်အတွင်းရှိ ဟိုတယ်များ မပြောင်းရွှေ့ရအောင် ရှေးဟောင်းအမွေအနှစ်ဥပဒေကို ပြန်ပြင်မည်


ဓာတ်ပုံ - ဇော်မင်းနိုင် (ဒီပဲယင်း)

**နေပြည်တော်၊ အောက်တိုဘာ ၁**

ယဉ်ကျေးမှုဇုန်အတွင်းရှိ ဟိုတယ်များ ပြောင်းရွှေ့ရန် မလိုအောင် ပုဂံဒေသ၏ ရှေးဟောင်း အမွေအနှစ်ဥပဒေကို ပြန်ပြင်မည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

ပုဂံဒေသရှိရှေးဟောင်း အမွေအနှစ် ယဉ်ကျေးမှုဇုန်အတွင်း တည်ဆောက်ပြီးသည့် ဟိုတယ်များနှင့် ဆောက်လက်စဟိုတယ်များ စုစုပေါင်းအလုံး ၄၀ကျော်ရှိနေသည့်အတွက် ယင်းဟိုတယ်များ ယဉ်ကျေးမှုဇုန် အပြင် မပြောင်းရွှေ့စေရန် ပုဂံဒေသရှေးဟောင်း အမွေအနှစ် ဥပဒေကို ပြန်ပြင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းဥပဒေသည် ၁၉၉၈ ခုနှစ်က ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ယခုပြန်လည်ပြင်ဆင်ပြီးလျှင် ၂၀၁၉ခုနှစ်ဖေဖော်ဝါရီလအတွင်း ယူနက်စကိုဌာနချုပ်ကိုပေးပို့ရန် ပညာရှင်အဖွဲ့က အကြံပြုထားကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဆိုသည်။

"နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပြောပါတယ်။ ပုဂံဒေသကိုပြတိုက်တစ်ခုလို၊ အသက်မဝင်တဲ့ ပြတိုက်တစ်ခုလို မဖြစ်စေချင်ပါဘူးတဲ့" ဟု ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောသည်။

ရှေးဟောင်းပုဂံယဉ်ကျေးမှုဇုန်သည် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝများ၊ ရှေးဟောင်း အမွေအနှစ်များဖြင့် သက်ဝင်လှုပ်ရှားနေသည့်နေရာတစ်ခု ဖြစ်စေရေးအတွက် နိုင်ငံသား၊ တိုင်းရင်းသားများ၏ လူမှုစီးပွားများ ထိခိုက်အောင်လုပ်ဆောင်မည် မဟုတ်ကြောင်း သိရသည်။ ယဉ်ကျေးမှုဇုန်အတွင်း ထပ်မံတည်ဆောက်မည့် ဟိုတယ်များကို ရှေးဟောင်းစေတီပုထိုး သာသနိကအဆောက်အအုံများ ကြားထဲမှလွှဲ၍ ကျန်သည့် မြို့ပတ်နယ်နိမိတ်အတွင်း ဆောက်ခွင့်ပြုသွားမည်ဟု သိရသည်။

ထို့အပြင် ညောင်ဦးမြို့၊ ပုဂံမြို့နဲ့ ဆက်စပ်နေသည့် ကျေးရွာပေါင်း ၂၇ ရွာကိုလည်း ထည့်သွင်းထားသည့်ဇုန်အား မြို့ပြဇုန်အဖြစ် ဇုန်နယ်နိမိတ်စာရင်းရေးဆွဲထားကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ယူနက်စကိုအသိအမှတ်ပြု ရှေးဟောင်းအမွေအနှစ်စာရင်းဝင်သည့် ပျူမြို့ဟောင်း သုံးခုသာရှိပြီး လက်ရှိတွင် ပုဂံဒေသ ရှေးဟောင်းယဉ်ကျေးမှုဇုန်ကို ယူနက်စကို စာရင်းဝင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**အေးအေးဟန်**

# ငါးမြစ်ချင်းငါး ပြန်လည်တင်ပို့နိုင်ရန် ဆော်ဒီနိုင်ငံသို့ သွားရောက်ညှိနှိုင်းမည်

**နေပြည်တော်၊ အောက်တိုဘာ ၁**

တင်ပို့ခွင့်ပိတ်ခံထားရသည့် ငါးမြစ်ချင်းငါးကို ပြန်လည်တင်ပို့ခွင့်ရရေး ဆော်ဒီအာရေဗျ နိုင်ငံသို့ သွားရောက်ညှိနှိုင်းမည် ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှသိရသည်။

မြန်မာနိုင်ငံမှ ဆော်ဒီအာရေဗျနိုင်ငံသို့ နှစ်စဉ်တင်ပို့နေသည့် ငါးမြစ်ချင်းငါး တင်ပို့မှုကို အပိတ်ခံထားရသည်မှာ ခုနစ်လခန့်ရှိပြီဖြစ်၍ ပြန်လည်တင်ပို့ခွင့်ရရန် ယင်းနိုင်ငံသို့ သွားရောက် ညှိနှိုင်းပြီး ပြန်လည်တင်ပို့ခွင့်ရရန် မကြာမီ ပြုလုပ်တော့မည်ဟု သိရသည်။

"အဓိက,ကတော့ ငါးမြစ်ချင်းငါးကို တင်ပို့ခွင့်ပြုဖို့ပါ။ တကယ်လို့ သူတို့က ဘာကြောင့်မို့ တင်ပို့ခွင့် မပြုတာလဲ။ ကျွန်တော်တို့နိုင်ငံ တစ်နိုင်ငံတည်းတော့ မဟုတ်ပါဘူး။ ဘင်္ဂလားဒေ့ရှ်တို့၊ ဗီယက်နမ်တို့လည်း ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံက အဓိကအထွက်အများဆုံးတော့ ငါးမြစ်ချင်း ဖြစ်နေတာပေါ့။ ဒါကြောင့် ပို့ခွင့်ရဖို့လိုတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇူးထူးက ပြောသည်။

ငါးမြစ်ချင်း တင်ပို့မှု အပိတ်ခံရပြီးနောက်ပိုင်း ဆော်ဒီအာရေဗျနိုင်ငံသံရုံးကို ဆက်သွယ်၍ မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်ရမည့်ကိစ္စများကိုလည်းကောင်း၊ ငါးမြစ်ချင်းမွေးမြူရေး လုပ်ငန်းကိုလည်းကောင်း လာရောက် စစ်ဆေးလိုပါက စစ်ဆေးနိုင်ကြောင်း၊ လိုအပ်ချက်များကို အကြံပေးနိုင်ကြောင်း အကြောင်းကြားခဲ့သော်လည်း ယင်းနိုင်ငံမှ တစ်စုံတစ်ရာ ပြန်ကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ငါးမြစ်ချင်းငါး ပြန်လည်တင်ပို့ခွင့် အမြန်ဆုံးရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ exporterအဖွဲ့နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ပါဝင်သည့် အဖွဲ့တစ်ဖွဲ့အား ဆော်ဒီအာရေဗျနိုင်ငံကို သွားရောက် ညှိနှိုင်းရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

"ငါးလုပ်ငန်းဦးစီးဌာနကတော့ ဆော်ဒီအာရေဗျကို ငါးမြစ်ချင်းငါးတင်ပို့မှုနဲ့ ပတ်သက်ပြီး ဒေါ်လာသန်း ၂၀ နီးပါးလောက် နှစ်စဉ် တင်ပို့တယ်။ ဒီနှစ်ကတော့လျော့နေတဲ့အပိုင်းတွေ ရှိတာပေါ့" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇူးထူးက ဆိုသည်။

ဆော်ဒီအာရေဗျနိုင်ငံမှ ပတ်ဝန်းကျင်၊ ရေနှင့်စိုက်ပျိုးရေးဝန်ကြီးဌာန၊ FDA နှင့်ငါးမွေးမြူရေး လုပ်ငန်းအဖွဲ့များမှ စစ်ဆေးရေးအဖွဲ့သည် ဗီယမ်နမ်နိုင်ငံမှ ဆော်ဒီအာရေဗျသို့ ငါးနှင့် ရေထွက်ပစ္စည်းများ တင်ပို့နေသည့် စက်ရုံများသို့ သွားရောက်စစ်ဆေးခဲ့သည်။

ယင်းသို့ စစ်ဆေးရာတွင် စက်ရုံ ၂၄ရုံအနက် စက်ရုံကိုးရုံသာ သန့်ရှင်းမှုနှင့်ကိုက်ညီသောကြောင့် ဗီယမ်နမ်နိုင်ငံ အပါအဝင် အခြား ရေထွက်ပစ္စည်းများ တင်ပို့လျက်ရှိသည့် မြန်မာ နိုင်ငံ၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်များမှ ငါးတင်သွင်းခြင်းကို ၂၀၁၈ ခုနှစ် ဧပြီလ၁ရက်မှစ၍ ဆော်ဒီအာရေဗျနိုင်ငံမှ ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

**အေးအေးဟန်**

# မသန်စွမ်းသူများအား အလုပ်ခန့်မည့် ကော်ဖီဆိုင်ဖွင့်လှစ်မည်

**နေပြည်တော်၊ အောက်တိုဘာ ၁**

ရန်ကုန်မြို့ ရွှေဂုံတိုင်တွင် မသန်စွမ်းသူများကို အလုပ်ခန့်ထားမည့် ကော်ဖီဆိုင် ဖွင့်လှစ်ရန် လူမှုဝန်ထမ်းဦးစီးဌာနမှ စီစဉ်နေကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ စံပြအနေဖြင့် ကော်ဖီဆိုင်ဖွင့်ရန်စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

"နေရာလည်း ရှိပြီးသား၊ ရွှေဂုံတိုင်မှာ Delta ပလာဇာရှိတယ်။ Delta ပလာဇာမှာ အရင်တုန်းကတော့ လူမှုဝန်ထမ်းရဲ့တိုင်းရုံးရှိတယ်။ တိုင်းရုံးကအခုတော့ ကမ္ဘာအေးကို ရွှေ့သွားပြီ။ အဲဒီတိုင်းရုံးနေရာမှာတော့ ခရိုင်ရုံး ဆက်ဖွင့်ထားတယ်။ အဲဒီဟာရဲ့ အောက်ထပ်၊ အောက်ထပ်လည်းဖြစ်တဲ့အတွက်ကြောင့်မို့ မျက်နှာစာအဖွင့်ကလည်း ရွှေဂုံတိုင်လမ်းမပေါ်မှာပဲ"ဟု လူမှုဝန်ထမ်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက ပြောသည်။

ဉာဏ်ရည်မသန်စွမ်းသူများသည် တစ်ခုခုတွင် ထူးချွန်ကြကြောင်း အမြင်အာရုံမသန်စွမ်းသူများသည် Casher နေရာတွင်လည်းကောင်း၊ အကြားအာရုံချွတ်ယွင်းသူများသည် လက်သင်္ကေတပြ၍ အလုပ်လုပ်နိုင်သူကိုလည်းကောင်း ကိုက်ညီသည့် အခွင့်အလမ်းကို ပေးသွားရန် စီစဉ်နေကြောင်း သိရသည်။

"ပုဂ္ဂလိကနဲ့ပေါင်းလုပ်ရင် ဘယ်လိုလုပ်ရမလဲဆိုတာ သူတို့နဲ့လည်း ထိုင်ပါမယ်။ အဓိက,ကတော့ ကလေးမသန်စွမ်းတဲ့ လူငယ်လေးတွေ အလုပ်အအကိုင်ရသွားစေချင်တယ်။ တစ်အချက်ပေါ့။ နှစ်အချက်ကတော့ ရလာတဲ့ အကျိုးအမြတ်ကို ကလေးတွေရဲ့ လုပ်ခလစာအနေနဲ့ ပေးချင်တယ်။ နောက်တစ်ချက်ကတော့ အစိုးရကိုလည်း ပြန်သွင်းချင်တယ်"ဟု ဒေါက်တာ စန်းစန်းအေးက ပြောသည်။

မသန်စွမ်းသူများ အလုပ်ခွင်ဝင်ရောက်သည့်အခါတွင် ၎င်းတို့အတွက် သင့်တင့်လျောက်ပတ်သည့် နေရာထိုင်ခင်းမရှိလျှင် လုပ်ငန်းခွင်ဝင်ရန် မလွယ်ကူသောကြောင့် မသန်စွမ်းသူများအလုပ်ခွင်ဝင်နိုင်ရေး မူဝါဒပိုင်းဆိုင်ရာ အပြောင်းအလဲမှုများစွာ ပြုလုပ်ရန် လိုအပ်သေးကြောင်း ဦးမြတ်သူဝင်းက ပြောသည်။

အစိုးရမှ ဖွင့်လှစ်ထားသည့် မသန်စွမ်းသက်ငယ်ကျောင်းကို ရန်ကုန်နှင့် မန္တလေးတွင် တစ်ကျောင်းစီ ဖွင့်လှစ်ထားပြီး ဉာဏ်ရည်မသန်စွမ်းသည့်ကလေးငယ်များကို ပညာသင်ကြားပေး လျက်ရှိကြောင်း၊ ထို့ပြင်လူမှုဝန်ထမ်းဦးစီးဌာမှ ရှေးဦးကလေးသူငယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို လုပ်ဆောင်နေကြောင်း သိရသည်။

**အေးအေးဟန်**

# မသန်စွမ်းသူများ အလုပ်ခန့်ထားခြင်းဆိုင်ရာ လက်စွဲစာအုပ်ထုတ်ဝေရန် စီစဉ်

**နေပြည်တော်၊ အောက်တိုဘာ ၁**

အလုပ်ရှင်များအတွက် မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဆိုင်ရာ လက်စွဲစာအုပ်ကို ပြုစုလျက်ရှိကြောင်း မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီမှ သိရသည်။

"ကိုယ်အင်္ဂါချို့ယွင်း မသန်စွမ်းသူတွေအတွက် အလုပ်အကိုင်ဖန်တီးပေးရေးရည်ရွယ်ပြီးတော့ မှိုစိုက်ပျိုးရေးအသိပညာပေး သင်တန်းတွေ ဖွင့်လှစ်တဲ့အပြင် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ယူတတ်မြောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေး နေပါတယ်။ မသန်စွမ်းသူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်ဖို့ မြန်မာနိုင်ငံရှိ အလုပ်ရှင်များအတွက် မသန်စွမ်းတွေကို အလုပ်ခန့်ထားခြင်းဆိုင်ရာ လက်စွဲစာအုပ်ကိုလည်း ပြုစုလျက်ရှိပါတယ်"ဟု နိုင်ငံတော် ဒုတိယသမ္မတ (၂) ဦးဟင်နရီဗန်ထီးယူက ပြောသည်။

နည်းပညာခေတ်နှင့်အညီ ဉာဏ်ရည်ချွတ်ယွင်းမသန်စွမ်းသူ အပါအဝင် မသန်စွမ်းသူများ နည်းပညာ အကူအညီနှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိမှု ပိုမိုများလာစေရေး၊ သတင်းအချက်အလက်တို့ကို လက်လှမ်းမီသိရှိစေရေး Informationç Communication, Technology Training Center ကို ဖွင့်လှစ်၍ သင်တန်းများပို့ချလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်း မသန်စွမ်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန် မူဝါဒပိုင်းဆိုင်ရာ အချက်အလက်အချို့ကို ပြောင်းလဲထားသော်လည်း အလုပ်ခွင်အတွင်း ဝင်ရောက်လုပ်ကိုင်ရန်ခက်ခဲနေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးမြတ်သူဝင်းက ပြောသည်။

"အလုပ်ခွင်ဝင်ရောက်ဖို့ အတားအဆီးတွေထဲမှာ မူဝါဒအတားအဆီးတွေ ရှိပါတယ်။ ကိုယ်လက်အင်္ဂါ ကျန်းမာသန်စွမ်း ရမယ်ဆိုတဲ့ အတားအဆီးတွေ ရှိတယ်။ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေး ဥက္ကဋ္ဌကြီးနဲ့တွေ့တဲ့အခါမှာ ကျန်းမာရမယ်ဆိုတာပဲ ပါတယ်။ ကိုယ်အင်္ဂါပြည့်စုံသန်စွမ်းရမယ်ဆိုတာ မပါတော့ဘူးလို့ ပြောပါတယ်"ဟု ဦးမြတ်သူဝင်းက ဆိုသည်။

သို့သော် ပြည်သူလူထုအကြား ယင်းအချက်ကို ကျယ်ပြန့်စွာ မသိရှိသေးသည့်အပြင် ဌာနဆိုင်ရာ တော်တော်များသိရှိခြင်းမရှိသည့်အတွက် အလုပ်လျှောက်ရာတွင် မသန်စွမ်းသူအတွက် အခွင့်အလမ်းနည်းနေဆဲပင်ဖြစ်ကြောင်း ၎င်းကပြောသည်။

အလုပ်အကိုင် ခေါ်စာများ ကြော်ငြာလိုက်တိုင်း ကိုယ်အင်္ဂါကျန်းမာသန်စွမ်းရမည်ဆိုသည့် အချက်ပါလာလျှင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကန့်ကွက်ကြောင်း စာထုတ်လေ့ရှိပြီး အတိုင်းအတာတစ်ခုအထိ ထိရောက်မှုရှိကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

"အတိုင်းအတာ တစ်ခုအထိတော့ ရှိတယ်။ ချက်ချင်း ပြန်ပြီးပြင်ပေးတာတို့တော့ ရှိတယ်။ ဒါပေမဲ့ အရမ်းကြီးတော့ မထိရောက်သေးဘူး။ ဒီထက် ကျယ်ပြန့်အောင်တော့ လုပ်ရဦးမယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်စန်းစန်းအေးက ပြောသည်။

ယခုကာလတွင် မသန်စွမ်းသူတစ်ရာလျှင် ၁၅ ဦးသာ အလုပ်အကိုင် ရရှိသည့် အခြေအနေဖြစ်၍ မြန်မာနိုင်ငံရှိ အလုပ်ရှင်များအတွက် မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဆိုင်ရာ လက်စွဲစာအုပ်ထွက်ပေါ်လာလျှင် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်လမ်း ပိုမိုရရှိစေမည် ဖြစ်ကြောင်း သိရသည်။

**အေးအေးဟန်**

www.free4readers.com

# ဝေဖန်တိုက်ခိုက်သူများကြောင့် စိတ်ပျက်အားလျှော့ပြီး ပြန်လှည့်ပြေးချင်သည့်စိတ် ဖြစ်ခဲ့ဖူးသည့် ခင်ဝင့်ဝါ

ရန်ကုန်၊ အောက်တိုဘာ ၁

အလှမယ်လောကကို စတင် ဖြတ်သန်းခဲ့စဉ်က ဝေဖန်တိုက်ခိုက် ပြောဆိုသူများကြောင့် စိတ်ပျက်အားလျှော့ပြီး ပြန်လှည့်ပြေးချင်သည့်စိတ် ဖြစ်ခဲ့ရသလို သရုပ်ဆောင်လောကကို စတင်ဖြတ်သန်းစဉ်ကလည်း ယင်းကဲ့သို့စိတ်များဖြင့် ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်ဟု ခင်ဝင့်ဝါက ရင်ဖွင့်ပြောကြားခဲ့သည်။

"စိတ်ပျက် အားလျှော့သွားပြီး မလုပ်ချင်တော့လောက်တဲ့အထိကို ကြုံခဲ့ဖူးပါတယ်။ ကိုယ်လှည့်ပြန်ချင်လောက်တဲ့အထိကို အဲဒီစိတ်က ဖြစ်မိတယ်။ ကိုယ်အဲဒီလိုဖြစ်မိရင် သူတို့ကို ကိုယ်က အရှုံးပေးရာ ရောက်ပါတယ်။ အဲဒီတော့ ကိုယ်လုပ်ချင်တာ ကိုယ်ဝါသနာပါတော့ အကောင်းဆုံးလုပ်မယ်ဆိုတဲ့ စိတ်နဲ့ ရှေ့ကို ဖြတ်သန်းခဲ့ပါတယ်။ ဝေဖန်တိုက်ခိုက် စော်ကားမှုတွေကို လူကြီးတွေကလည်း သင်ပေးပါတယ်။ အရင်တုန်းကတော့ တော်တော်လေးကို စိတ်တိုစိတ်ဆတ်ဖူးပါတယ်။ ခုတော့ မေတ္တာတရားပဲ ထားတယ်။ မေတ္တာတရားသည်သာ အေးချမ်းရာဆိုတော့ ဘာမှကို မတုံ့ပြန်တော့ဘူး။ တစ်ခါတလေကြရင် ဘဝဖြတ်သန်းမှုမှာ ကိုယ်စိတ်ပျက်စရာ ကောင်းလောက်တာတွေနဲ့ ရင်ဆိုင်တိုက်ခိုက်ရရင် ညီမ မနာကြည်းဘူး။ ညီမကြတော့လေ ခုချိန်မှာ ဝမ်းနည်းရတာ၊ ငိုကြွေးရတာ။ စိတ်အနှောင့်အယှက်ဖြစ်ရတာတွေက အရင်အတိတ်ကံကြောင့်လို့ ညီမတွေးတယ်။ အရင်အတိတ်တုန်းက သူ ကိုယ့်အပေါ်မှာ လုပ်ခဲ့လို့ ခုကိုယ့်ကို ပြန်လုပ်တာ။ အကြွေးပြန်မယူတော့ဘူး။ ဘဝကို အေးအေးချမ်းချမ်းလေးပဲ ဖြတ်သန်းချင်တယ်။ အဲဒါကြောင့် နောင်ဘဝအထိ မယူသွားချင်လို့ ရန်ငြိုးမထားဘဲ အေးချမ်းစွာနဲ့ အကျိုးရှိရှိ ဖြတ်သန်းချင်တယ်။ ဒါပေမဲ့ ကိုယ်ဒီလိုမျိုး ဖြစ်ခဲ့တာတွေကတော့ အမှတ်တရတွေနဲ့ပဲ ကျန်ခဲ့မှာပေါ့နော်။ ကလဲ့စားလည်း မချေချင်ဘူး။ ဒီနေ့ ဒီအချိန်မှာ ဒီလိုမျိုး လုပ်သွားတယ်ပေါ့နော်။ တစ်နေ့တစ်ချိန်မှာ ကိုယ်က အထက်ရောက် သွားခဲ့သည်သော်လည်းကောင်း၊ ကိုယ်နဲ့ Level ဖြစ် သွားခဲ့ရင်သော်လည်းကောင်း ဒါသည် သူ့ကိုလက်စားချေဖို့လည်း မဟုတ်ဘူး။ အမှတ်ရနေဖို့လည်း မဟုတ်ဘူး။ ညီမတော့ အမှတ်သည်းခြေ လက်တုံ့ပြန်တဲ့ထဲမှာ မပါဘူး"ဟု ပြောသည်။

ခင်ဝင့်ဝါသည် ဒါရိုက်တာဇော်မျိုး (ခရေပုံပြင်) ရိုက်ကူးနေသည့် 'အချစ်ဒရမ်မာ' ဇာတ်ကားတွင် မြင့်မြတ်၊ ရွှေမှုံရတီတို့နှင့် တွဲဖက်ရိုက်ကူးလျက်ရှိပြီး ယင်းဇာတ်ကားတွင် မော်ဒယ်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဟု သိရသည်။

ဘုန်းနေလ-ဒဂုံတက္ကသိုလ်



ရန်ကုန်၊ အောက်တိုဘာ ၁

အလှအပရေးရာ အပါအဝင် သရုပ်ဆောင်အနုပညာဘက်တွင် ပရိသတ်စိတ်ဝင်စားမှု မြင့်တက်လျက်ရှိနေသည့် Beauty Blogger တစ်ဦးဖြစ်သည့် နေခြည်ဦးက အွန်လိုင်းကနေပြီး နေအိမ်အိပ်ခန်းအတွင်းက အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများကို Live လွှင့်ပြသခဲ့ခြင်းသည် ကြွားဝါလိုခြင်းကြောင့် ပြသခြင်း မဟုတ်ဟု ငြင်းဆိုလိုက်သည်။

"အွန်လိုင်းပေါ်မှာ နေခြည်ရဲ့အိပ်ခန်းကို ပြသခဲ့ချိန်မှာ အရမ်းကို စိတ်လှုပ်ရှားခဲ့ပါတယ်။ နေခြည်နေတဲ့ အခန်းလေးကို နေခြည်ချစ်တဲ့ ချီလီတွေနဲ့ ကြည့်နေတဲ့ ပရိသတ်ကြီးများ စိတ်ဝင်စားမလားဆိုပြီး နေခြည်တင်ပေးတာပါ။ ဒါ ကြွားဝါချင်လို့တဲ့စိတ်လည်း မရှိဘူး။ နေခြည်ဘက်ကရှိတာကို နေခြည် အမြဲတမ်းဖွင့်ပြခဲ့တယ်။

## နေအိမ်အိပ်ခန်းကို အွန်လိုင်းကနေပြီး ပရိသတ်ကို ပြသခဲ့ခြင်းသည် ကြွားဝါလိုခြင်း မဟုတ်ဟု နေခြည်ဦး ဆို

ဝေဖန်မှုတွေ အကုန်လုံးလည်း ဖြစ်လာမယ်လို့ နေခြည်သိပါတယ်။ ဒါပေမဲ့ နေခြည်ဘက်က စေတနာအပြည့်နဲ့ နေခြည် အခန်းလေးကို နေခြည်ပြတာပေါ့နော်။ နားလည်ပေးပါလို့ ပြောချင်ပါတယ်။

Beauty Blogger တွေဆိုရင် အကုန်လုံးက ဒီလိုမျိုးကြီးပဲ နေတာလားဆိုပြီး မထင်စေချင်ဘူးပေါ့နော်။ မိန်းကလေးဆိုတာက တည်တည်တံ့တံ့ လှလှပပနေဖို့ဆိုတာက အချိန်တစ်ခုပေးပြီး နေတတ်ရတယ်။ ကိုယ့်အားကိုယ်ကိုးပြီး စိုက်ထုတ်ရတယ်ပေါ့နော်။ ဒီလိုမျိုးကြီးဖြစ်ဖို့ကို အချိန်တွေအများကြီးပေးရတယ်ဆိုတာကို နေခြည်က ပြချင်တာပါ။ အရင်က နေပုံထိုင်ပုံနဲ့ အခု နေပုံထိုင်ပုံကွဲပြားသွားတဲ့ အချိန်မှာ ကိုယ်တိုင်က ယုံကြည်မှုပိုရှိလာတယ်။ ကိုယ့်ရဲ့လုပ်ငန်းမှာ နေခြည်က Beauty Blogger ဖြစ်တဲ့အတွက် ပိုပြီးအရေးကြီးတယ်။ အရင်တုန်းက နေခြည်ဦးက ဒီလိုမျိုးမဟုတ်ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး ပြသတာပါ" ဟု ပြောသည်။

အွန်လိုင်းပေါ်တွင် ကမ္ဘာကျော်လက်ကိုင်အိတ်များ အပါအဝင် အသုံးအဆောင် ပစ္စည်းများနှင့်ပတ်သက်ပြီး ပရိသတ်များ ဝေဖန်သုံးသပ် ပြောဆိုတိုက်ခိုက်ခြင်းများသည်လည်း လက်ရှိတွင် မြင့်တက်လျက်ရှိသည်။

နေခြည်ဦးသည် ခသုံးလုံးရုပ်ရှင် ထုတ်လုပ်ရေးက ထုတ်လုပ်ရိုက်ကူးပြီး ဒါရိုက်တာကို ဇော် (အရုဏ်ဦး) ရိုက်ကူးမည့် 'အောက်ဖဲ မလှန်ကြေး' ရုပ်ရှင်ဇာတ်ကားတွင် ခန့်စည်သူ၊ ကျော်ရဲအောင်၊ ထွန်းအိန္ဒြာဗိုလ်၊ ခိုင်သင်းကြည်၊ နေခြည်ဦး အပါအဝင် ခသုံးလုံးက ရွေးချယ်ထားသည့် သရုပ်ဆောင်သစ်များဖြင့် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပေလီတွင် ရိုက်ကူးရမည်ဟု သိရသည်။

ဘုန်းနေလ-ဒဂုံတက္ကသိုလ်


ဓာတ်ပုံ-ကော်ဝင်းနိုင်(ဦးယင်း)

www.free4readers.com

# စည်ပင်စည်းကမ်း ဖောက်ဖျက်သူအား ဒဏ်ကြေးငွေ ကျပ် ငါးသိန်းအထိ တိုးမြှင့်

**မန္တလေး၊ အောက်တိုဘာ ၂**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အရေးယူရာတွင် ချမှတ်သည့် အမြင့်ဆုံး ဒဏ်ကြေးကို ထပ်မံတိုးမြှင့်လိုက်မှုမှာ စည်ပင်ဝင်ငွေပိုမိုရရှိရန်အတွက် မဟုတ်ဘဲ ပိုမိုစည်းကမ်းရှိစေချင်သောကြောင့်ဟု မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောသည်။

ပြီးခဲ့သည့် စက်တင်ဘာ၂၇ ရက် ရက်စွဲဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဒေါက်တာရဲလွင်က မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူရာတွင် ချမှတ်သည့် အမြင့်ဆုံးပြစ်ဒဏ်ကို ကျပ် ငါးသောင်းမှ ကျပ် ငါးသိန်းသို့ ပြောင်းလဲတိုးမြှင့်သတ်မှတ်ကြောင်း လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းတကျ ရှိစေရေးကို မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၁၂ပုဒ်မခွဲ(က)အရ သတ်မှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်၏ ဒဏ်ကြေးငွေသည် ထိရောက်မှုမရှိသဖြင့် ပြင်ဆင်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

"ပလက်ဖောင်းဖျက်တာနဲ့ ဆောက်လုပ်ရေး ကျူးတစ်မျိုးသာ ကျပ် ငါးသိန်း အထိချမယ်။ ကျန်တဲ့ပြစ်ဒဏ်တွေကတော့ အမြင့်ဆုံးကျပ် သုံးသိန်းပဲ ချမှာပါ"ဟု မြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောသည်။

ပြင်ဆင်သတ်မှတ်ထားသည့် ဒဏ်ကြေးအတိုင်း ဘဏ္ဍာနှစ်အစဖြစ်သည့် အောက်တိုဘာ ၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း စီမံရေးရာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၁၂(က)အရ မူလက ငွေဒဏ်ကျပ်တစ်ထောင်မှ အများဆုံး ကျပ် ငါးသောင်းအထိ ချမှတ်ရန် သတ်မှတ်ထားပြီး ပြင်ဆင်ချက်အရ ငွေဒဏ်အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံးငါးသိန်းအထိ ချမှတ်မည်ဖြစ်ကြောင်း သိရသည်။ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတွင် အဆောက်အအုံဆောက်လုပ်ရာတွင် လမ်းဧရိယာများ ကျူးခြင်း၊ ရေမြောင်းများတွင် စွန့်ပစ်ပစ္စည်းများ ပစ်ခြင်း၊ ခွင့်ပြုမိန့် လိုင်စင်မကျမီ စက်ရေတွင်း တူးဖော်ခြင်းများ အပါအဝင် အချက် ၇၄ ချက် ပါဝင်သည်။ **ဖြိုးအိ**

# သစ်သီးတန်ဖိုး မပေးဆောင်သည့် တရုတ်ကုန်သည်နှစ်ဦးကို အမည်ပျက်စာရင်းသွင်းမည်

**မန္တလေး၊ အောက်တိုဘာ ၂**

သစ်သီးဝလံတန်ဖိုးငွေများ မပေးဆောင်သည့် တရုတ်ကုန်သည်နှစ်ဦးကို အမည်ပျက်စာရင်းတွင် ထည့်သွင်းကြေညာမည်ဟု မူဆယ်(၁၀၅)မိုင် သစ်သီးဝလံ ကုန်စည်ဒိုင်မှ သိရသည်။

စက်တင်ဘာ၂၉ရက်က ကျင်းပခဲ့သည့် ဖရဲသခွား ရာသီအကြို အထွေထွေညှိနှိုင်း အစည်းအဝေးတွင် ယင်းကဲ့သို့ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ အဆိုပါ အမည်ပျက်စာရင်း ကြေညာခံရသည့် တရုတ်နိုင်ငံသားနှစ်ဦးသည် သစ်သီးပွဲရုံများကို ပေးသွင်းရန် တစ်ဦးလျှင် တရုတ်ငွေ သိန်း၂၀ခန့် ကျန်ရှိနေကြောင်း ခွာညိုသစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်က ပြောသည်။

လက်ရှိ တရုတ်ငွေ လဲလှယ်ဈေးနှုန်းထားအရ တရုတ်ငွေတစ်ယွမ်လျှင် မြန်မာငွေကျပ် ၂၂၀ရှိပြီး အမည်ပျက်စာရင်းသွင်းခံထားရသူတစ်ဦးလျှင် ပွဲရုံများသို့ ပေးရန် မြန်မာငွေကျပ်သိန်း ၄၄၀၀ ရှိကြောင်း သိရသည်။

"တရုတ်ကုန်သည်တွေက ပေးချေဖို့ ငွေတွေကျန်နေပေမယ့် တောင်သူတွေမှာ နစ်နာမှု မရှိပါဘူး။ ကုန်စည်အတွက် တောင်သူကို ပွဲရုံတွေကပဲ ငွေပေးချေထားတာပါ" ဟု ဦးစိုင်းခင်မောင်က ပြောသည်။

ထို့အပြင် တရုတ်ကုန်သည်များမှ ပွဲရုံများကို လိမ်လည်မှု တချို့ရှိလာကြောင်းလည်း ပြောသည်။ ဖရဲသခွား ရာသီအကြို အထွေထွေညှိနှိုင်းဆွေးနွေးပွဲတွင် တရုတ်ကုန်သည်နှစ်ဦးကို အမည်ပျက်စာရင်းသွင်းရန် အပါအဝင် မူဆယ် ၁၀၅ မိုင် သစ်သီးအရောင်းကွင်းကို အောက်တိုဘာ ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန်၊ တရုတ်-မြန်မာ ကုန်သည်များသည် လည်ဆွဲကတ်ဖြင့် အရောင်းအဝယ် ပြုလုပ်ကြရန်၊ အကြွေးကျန်များကို မပေးချေရသေးသော တရုတ်ကုန်သည်များကို အမည်ပျက်စာရင်းကြေညာရန် တို့ကို ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **ဖြိုးအိ**

# မန္တလေးရွှေဈေးကွက် ပြန်လည် ဖွင့်လှစ်

**မန္တလေး၊ အောက်တိုဘာ ၂**

ရွှေကုန်သည်များကို ခေါ်ယူစစ်ဆေးမှုများကြောင့် ပိတ်ထားသည့် ရွှေဈေးကွက်များပြန်လည် ဖွင့်လှစ်ပြီဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များထံမှ သိရသည်။

ရန်ကုန်နှင့် မန္တလေးမြို့များတွင် ခေတ္တပိတ်ထားခဲ့သည့် ရွှေဈေးကွက်ကို ရန်ကုန်မြို့၌ စက်တင်ဘာ၂၇ရက်က ပြန်လည်ဖွင့်လှစ်ခဲ့ပြီး မန္တလေးမြို့၏ ရွှေဈေးကွက်ကို ၂၆ရက်က ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ဦးတင်ထွန်းက ပြောသည်။

"၂၅ ရက်က ရန်ကုန်က မဖွင့်ဘူး။ ခေါ်ယူစစ်ဆေးမှုလေးတွေ ရှိနေတော့။ မန္တလေးကတော့ ခေါ်လာဈေးကွက်မရှိဘူး။ ရွှေသီးသန့်လုပ်နေတာဆိုတော့ အဆင်ပြေတယ်" ဟု ဦးတင်ထွန်းက ပြောသည်။

ရွှေဈေးကွက်ကို တစ်ရက်နားခဲ့သောကြောင့် ကုန်သည်နှင့် အရောင်းဆိုင်များ အကျပ်အတည်း ဖြစ်ပေါ်ခဲ့သောကြောင့် နောက်တစ်ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း ဦးတင်ထွန်းက ဆက်ပြောသည်။ ရွှေဈေးကွက်ပိတ်သောနေ့တွင် ရွှေဆိုင်အနေဖြင့် ယခင်နေ့က အပိတ်ဈေးကို ရောင်းဈေး၊ ဝယ်ဈေး ကျပ်တစ်သောင်းခွာ၍ အရောင်းအဝယ် ပြုလုပ်ခဲ့ရကြောင်း အောင်သမာဓိရွှေဆိုင်မှ မဇင်မီမီအောင်ကပြောသည်။

"ရန်ကုန်၊ မန္တလေး ဈေးကွက်ပိတ်လိုက်ပေမယ့် ဆိုင်ကပိတ်လို့ အဆင်မပြေဘူးလေ။ လုပ်ရကိုင်ရတာ မကောင်းဘူး"ဟု မဇင်မီမီအောင်က ပြောသည်။

ထို့အပြင် ရွှေဈေးအတက်များနေသည့် ရက်များတွင် လာရောက် ရောင်းချသူ များပြားကြောင်း ပြောသည်။ စက်တင်ဘာ၂၅ ရက်တွင် ရန်ကုန်မြို့၏ ရွှေဈေးကွက်ကို ပိတ်ခဲ့ရာ မန္တလေးရွှေဈေးကွက်ပါ တစ်ပြိုင်နက် ပိတ်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကိုမှီပြီး မန္တလေးက အရောင်းအဝယ် လုပ်ရတာ။ ရန်ကုန်ပိတ်တော့ ဘာလုပ်ရမှန်း မသိတာနဲ့ တစ်ရက်ပိတ်လိုက်တာ"ဟု ဦးတင်ထွန်းက ပြောသည်။ **ဖြိုးအိ**



ဓာတ်ပုံ - ဇော်မင်းနိုင် (ဒီပဲယင်း)

# WeChat ဖြင့် ကျောက်စိမ်း အရောင်းအဝယ် ပြုလုပ်ခြင်းကို တားဆီးပေးရန် ဆန္ဒပြုလက်မှတ် ၂၀၀၀ ကျော်တင်ပြ

**မန္တလေး၊ အောက်တိုဘာ ၂**

ကျောက်စိမ်း အရောင်းအဝယ်လောကတွင် WeChat ဖြင့် အရောင်းအဝယ် ပြုလုပ်ခြင်းကို တားဆီးပိတ်ပင်ပေးရန် ဆန္ဒပြု လက်မှတ်ပေါင်း ၂၀၀၀ ကျော်ဖြင့် တင်ပြထားသည်ဟု မဟာအောင်မြေ ကျောက်ရောင်းဝယ်ရေးစခန်းမှ သိရသည်။

မဟာအောင်မြေ ကျောက်ဝိုင်းအတွင်း WeChat ဖြင့် ကျောက်စိမ်းအရောင်းအဝယ် ပြုလုပ်ခြင်းကို တားဆီးပိတ်ပင်ပေးရန် အဆိုပြုတင်ပြလွှာအား စည်ပင်သာယာရေး ကော်မတီနှင့် ကျောက်ဝိုင်း အကျိုးတော်ဆောင် ကော်မတီသို့ အောက်တိုဘာလ ၁ ရက်က တင်ပြခဲ့ကြောင်း ဆန္ဒပြုလက်မှတ်များ ဦးဆောင်ကောက်ခံသူ KLG ကျောက်မျက်ကုမ္ပဏီပိုင်ရှင် ဦးမျိုးက ပြောသည်။

"ဒီလိုသာ WeChat ဈေးကွက် ဆက်ဖြစ်နေရင် ကျောက်စိမ်းဈေးကွက်က တော်တော်ကို ပျက်သွားမှာ" ဟု ၎င်းက ဆိုသည်။

အွန်လိုင်း အက်ပလီကေးရှင်းတစ်ခုဖြစ်သည့် WeChat အသုံးပြု၍ အရောင်းအဝယ် ပြုလုပ်ခြင်းကို ပိတ်ပင်ပါက ကျောက်ဈေးကွက်အနည်းငယ် ပြန်တက်လာနိုင်ကြောင်း ကျောက်ပွဲစား အချို့က သုံးသပ်သည်။ WeChat ဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းကို မထောက်ခံသူ များရှိသကဲ့သို့ ထောက်ခံသူများလည်း ရှိနေကြောင်း သိရသည်။ ကျောက်စိမ်း အချောထည် လာရောက်ဝယ်ယူသူ တရုတ်နိုင်ငံသားများသည် တစ်ဆင့်ခံ ပွဲစားများသာ ဖြစ်ပြီး အွန်လိုင်းအရောင်းအဝယ်ပုံစံဖြင့် တစ်ဖက်က ဝယ်ယူသူပေးသော ဈေးနှုန်းထက် လျှော့ပေး ဝယ်ယူနေသည့်အတွက် ပြည်တွင်း ကျောက်စိမ်းဈေးကွက်ကို ဖျက်ဆီးနေကြကြောင်း ဦးမျိုးက ဆက်ပြောသည်။

WeChat ဖြင့် ကျောက်စိမ်း အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်ခြင်းနှင့် ပတ်သက်၍ အကျိုးတော်ဆောင် နာယကကြီးများ၊ ကော်မတီဝင်များ၊ ကျောက်စိမ်းလုပ်ငန်းရှင်များနှင့် ကျောက်သမားများ အားလုံးဖြင့် တိုင်ပင်ဆွေးနွေး၍ ကျောက်ဝိုင်းအကျိုးကိုသာ အလေးထား ဆောင်ရွက်သွားမည်ဟု ကျောက်ဝိုင်းအကျိုးတော်ဆောင် ကော်မတီ အတွင်းရေးမှူး ဦးမျိုးမြင့်နိုင်က နှုတ်ပြောသည်။ အွန်လိုင်းတွင် လူအများကြည့်ရှုနေသောကြောင့် ဝယ်ယူသူတစ်ဦးက လက်ကောက် တစ်ကွင်းကို ငွေကျပ် ၁၀ သိန်း ဈေးပေးထားလျှင် နောက်တစ်ဦးကို ပြန်လည်ပြသ ရောင်းချပါက ယင်းဈေးနှုန်း ပြန်ရရန် ခဲယဉ်းကြောင်း ဦးကျော်ကျော်ဦးက ရှင်းပြသည်။

ယမန်နှစ်က WeChat ဖြင့် ဝယ်ယူသူ တရုတ်နိုင်ငံသား ၁၀ ဦးကျော်သာ ရှိခဲ့သော်လည်း ယခုအချိန်တွင် လူဦးရေ ၁၀၀ ကျော်အထိ ပိုမိုများပြား မြင့်တက်လာကြောင်းသိရသည်။ တရုတ်ကုန်သည်ပွဲစားများက WeChat ဖြင့် အဓိကအရောင်းအဝယ် ပြုလုပ်ပြီး ၂၀၁၆ တွင် အသုံးပြုမှု စတင်တွင်ကျယ်လာကြောင်းနှင့် လက်ရှိ၌ ကျောက်ဝိုင်းအတွင်း အရောင်းအဝယ်ပြုလုပ်ရာတွင် ၇၅ ရာခိုင်နှုန်းခန့်သည် WeChat ကို အသုံးပြုကြောင်း ကျောက်ပွဲစားများက ပြောသည်။ **ဖြိုးအိ**

# မန္တလေး သိန်းငှက်စစ်ဆင်ရေး စီမံချက်ကာလ အတွင်း ခိုးဆိုးလုယက်မှုပေါင်း ၂၅၅ မှုနှင့် တရားခံ ၃၀၅ ဦး ဖမ်းဆီးရရှိ

**မန္တလေး၊ အောက်တိုဘာ ၂**

မန္တလေးမြို့တွင် ဖြစ်ပေါ်နေသည့် ခိုး၊ဆိုးလုယက်မှုများ ပြုလုပ်သူ အများစုသည် မန္တလေးမြို့ခံများ မဟုတ်ကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးမြို့၏ လုံခြုံရေးကိစ္စများနှင့် ပတ်သက်၍ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ မန္တလေးမြို့တွင် ဖြစ်ပေါ်နေသည့် ခိုးဆိုးလုယက်မှုများမှ ဖမ်းဆီးရမိသူများစာရင်းကို ကြည့်ရှုသောအခါ အများစုမှာ စစ်ကိုင်းနှင့် မတ္တရာဘက်မှ လာရောက်ကျူးလွန်သည်ကို တွေ့ရှိရကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယ ရဲမှူးကြီးမျိုးအောင်က ပြောသည်။ မန္တလေးမြို့၏ လုံခြုံရေးအတွက် ဇူလိုင်လ၂၃ ရက်မှ စတင်ကာ ရက်ပေါင်း ၉၀ ကြာသည့် သိန်းငှက်စီမံချက်ကို ဆောင်ရွက်ခဲ့ရာ ခိုးဆိုးလုယက်မှုပေါင်း ၂၅၅ မှုတို့ကို ဖမ်းဆီးရရှိမိကြောင်း သိရသည်။

"မြို့ပေါ်မှာ ကျွန်တော်တို့ ပိုက်စိပ်တိုက်လုပ်ဆောင်နေတဲ့အတွက် ကျူးလွန်တဲ့သူတွေကလည်း မြို့နဲ့အလှမ်းဝေးတဲ့ လမ်းမကြီးတွေပေါ်မှာ ကျူးလွန်တာတွေလည်း တွေ့နေရတယ်"ဟု ရဲမှူးကြီးမြင့်ဦးက ပြောသည်။

အဆိုပါ ကျူးလွန်သူအများစုသည် အသက်မပြည့်သည့် အသက်(၁၄)နှစ်၊ (၁၅)နှစ် ကလေးငယ်အများစုသာ ဖြစ်ကြောင်း တိုင်းရဲတပ်ဖွဲ့၏ ဖော်ပြချက်များ အရ သိရသည်။

"ဖမ်းဆီးရမိတဲ့ကလေးတွေကို လူငယ်သင်တန်းကျောင်းပို့ထားပါတယ်"ဟု ရဲမှူးကြီးမြင့်ဦးက ဆက်ပြောသည်။ မှုခင်းကျဆင်းရေးအတွက် လုပ်ဆောင်ခဲ့သည့် သိမ်းငှက်စီမံချက်ကာလပြီးဆုံးပြီ ဖြစ်သော်လည်း မြို့လုံခြုံရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားမည်ဟု ရဲမှူးကြီးမြင့်ဦးက ပြောသည်။

"သိမ်းငှက်စီမံချက် မဟုတ်တော့သော်လည်း ဒီစီမံချက်ကို အရှိန်အဟုန်မြင့်ပြီးတော့ နေ့စဉ်ဆက်ပြီးတော့ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေနဲ့ ခိုးဆိုးနှိုက် ဒါအကုန်လုံးကို လျော့နည်းပပျောက်သွားအောင် ဆောက်ရွက်သွားပါမယ်"ဟု ရဲမှူးကြီးမြင့်ဦးက ဆက်ပြောသည်။

သိန်းငှက်စီမံချက်ကာလတွင် ခိုးဆိုးလုနှိုက်အမှုဖြင့် တရားခံ စုစုပေါင်း ၃၀၅ဦး ဖမ်းဆီးရရှိခဲ့ပြီး တရားခံ အများစုသည် အသက် (၁၈) နှစ်နှင့် (၂၅) နှစ်အတွင်း လူ ငယ်များဖြစ်သည်ဟု တိုင်းရဲတပ်ဖွဲ့၏ မှတ်တမ်းများအရ သိရသည်။ **ဖြိုးအိ**

www.free4readers.com

# တံတားအောက်က မြစ်ရေများ (၈)



ဦးသိန်းသန်းဦး
(မြန်မာနိုင်ငံ ရှေ့နေများကွန်ရက်)

ပါတီကိစ္စ ရန်ကုန်မသွားမီ ဆရာတော် ဦးကဝိန္ဒက "ဒကာကြီး ပါတီသစ်ကိစ္စ ဆုံးဖြတ်ပြီးပြီလား"ဟု မေးသည်။ ကျွန်တော်က ပြုံးသည်။ "ဒါက ပိုကောင်းတယ် ထင်တယ် ဘုရား"ဟု လျှောက်လိုက်သည်။

သို့ဖြင့် ကျွန်တော်တို့ ရန်ကုန်သို့ လူစုံတက်စုံ ချီတက်ခဲ့ကြသည်။ အသက်အရွယ် ရလာပြီး မှတ်ဉာဏ်က သိပ်မကောင်းတော့။ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၂၄ ရက် NLD ပါတီ ထူထောင်အပြီး ဖြစ်တာတော့ သေချာသည်။ ဦးအောင်ကြီးက NLD ပါတီကို ကွန်မြူနစ်များ စီးထားသည်ဟု စွပ်စွဲခဲ့သည့် အချိန်ကာလ ဝန်းကျင်က ဖြစ်သည်။ ကျွန်တော့် မှတ်ဉာဏ်ကလည်း တစ်မျိုး။ မှတ်မိချင်တာကျ မှတ်မိပြီး တစ်ခါတစ်ရံကျတော့ စကားပြောနေရင်း မိမိ ဘာပြောနေသည်ကို မေ့သွားတတ်သည်။

ဒုတိယတန်းတုန်းက ရေဦး အထက တွင် ကျွန်တော်ကြိုက်သည့် ကောင်မလေးမှာ ခင်ဆွေဝင်းဖြစ်ပြီး လေးတန်းနှစ်မှာ တင်တင်မေကို ကြိုက်တာ အခုထိ မှတ်မိပါသေးသည်။ ကျောင်းမနေခင် ကာဘိုးတွင်ရှိစဉ် မုန့်တီ တစ်ပွဲ ၁၅ ပြားခေတ်က ကျွန်တော့်မုန့်ဖိုး ငါးမူးရခဲ့သည်။ ယင်း ငါးမူးစေ့ကို တေဇော ဘမ်း သံဘူးပိုင်း အလွတ်ထဲ ထည့်သိမ်းထားသည်။ အမေက ငါးဝယ်ရာတွင် အကြွေမရှိ၍ "ငါ့သား အမေ့ခဏပေး" ဟုပြောပြီး ယူသွားရာ အသက် (၇၃) နှစ်အရွယ် အမေကွယ်လွန်ချိန်ထိ ပိုက်ဆံငါးမူး ပြန်မရသည်ကို မှတ်မှတ်ရရ ဖြစ်နေသည်။

ရန်ကုန်သွားရာတွင် ကျွန်တော်နှင့်အတူ ဦးခင်မောင်သန်း၊ ကုန်စည်ဒိုင်က ရဲနီကျော်ဝင်း၊ ဦးအုန်းမြင့်လှိုင်၊ ဦးတင်အေးကြူ၊ ကိုဇာနည်အောင်၊ ကိုကျော်သီဟတို့ ပါတာတော့ သေသေချာချာ မှတ်မိသည်။ ဦးကိုယု၊ ဒေါ်မြင့်မြင့်ခင်နှင့် ဆရာဦးဝင်းတင်တို့ကို အရင်တွေ့ဆုံခဲ့တာ မှတ်မိသည်။ ဒေါ်မြင့်မြင့်ခင်မှာ အလွန်ထင်ရှားကျော်ကြားသည့် ရှေ့နေကြီး ဖြစ်ပါသည်။ ဘားကောင်စီ အဖွဲ့ဝင်လည်း ဖြစ်သည်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ ပြည်သူ့အရေးတော်ပုံကြီးတွင် ရှေ့နေများ အုံနှင့်ကျင်းနှင့် ပါလာခြင်းမှာ ဆရာမကြီး ဒေါ်မြင့်မြင့်ခင်နှင့် ဦးကိုယုတို့၏ လက်သံပြောင်လှသော ဘားကောင်စီကြေညာချက်ကြောင့် ဖြစ်သည်။

ဒေါ်မြင့်မြင့်ခင်နှင့် တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်မှာ ရှမ်းပြည်နယ် ခရီးစဉ်မှ ပြန်မရောက်သေး။ ဒေါ်မြင့်မြင့်ခင်က ကျွန်တော်တို့ကို စောင့်ဖို့ပြောသည်။ ထိုအတောအတွင်း ကျွန်တော်တို့ မန္တလေးအဖွဲ့က ရန်ကုန်အထွေထွေ သပိတ်ကော်မတီ (GS) မှ ကျွန်တော်တို့ ရဲဘော်များနှင့် တွေ့ဆုံသည်။ ကိုနိုင်မြင့် (ခ) မြင့်စိုး၊ ကိုသီဟ(ခ) တင့်ဆွေ၊ ဒေါက်တာနေဝင်းတို့နှင့် တွေ့ဆုံကြသည်။ ဖွဲ့စည်းပုံစည်းမျဉ်း ရေးဆွဲရန် တာဝန်ခွဲဝေကြသည်။ လုပ်ငန်းစဉ်၊ လမ်းစဉ်၊ ရည်ရွယ်ချက်များကို ကျွန်တော်က ရေးခြင်း ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရတော့ ပါတီဌာနချုပ်မှာ မဟုတ်။ အိမ်ကို သွားတွေ့ကြသည်။ ကျွန်တော်တို့ တွေ့ဆုံသည့်နေရာမှာ အမေဒေါ်ခင်ကြည် ခုတင်နှင့် မလှမ်းမကမ်းနေရာတွင် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်က သပိတ်တပ်ပေါင်းစုမှဖြစ်ကြောင်း သိရ၍ လှိုက်လှဲစွာကြိုဆိုသည်။ အခြေအနေကို ကျွန်တော်က တာဝန်ခံ ရှင်းပြသည်။

မန္တလေးတွင် ဦးအောင်ကြီးနှင့် မြို့ခံများ ထိပ်တိုက်တွေ့သည့် အခြေအနေ၊ အောင်၊စု၊တင် သုံးဦးအနက် ဒေါ်အောင်ဆန်းစုကြည်ကိုသာ အဓိက ခေါင်းဆောင်အဖြစ် ထားလိုကြောင်း ရှင်းပြသည်။

ထိုအချိန်တွင် သူရဦးတင်ဦးက အခန်းထဲဝင်လာပြီး ကျွန်တော်တို့ကို ပြုံးပြနှုတ်ဆက်ကာ အမေဒေါ်ခင်ကြည် ခုတင်ဘေး သွားထိုင်သည်။ ဒေါ်အောင်ဆန်းစုကြည်က ကျွန်တော်တို့အား "အန်ကယ်ဦးတင်ဦးက ရိုးသားပါတယ်" ဟု ပြောသည်။ "ဦးတင်ဦးကတော့ ရိုးသားပါတယ်။ ဒါပေမဲ့ သူ့နောက်က" ကျွန်တော်က စကားကို တစ်ပိုင်းတစ်စ ရပ်ပစ်လိုက်သည်။ ဒေါ်အောင်ဆန်းစုကြည်က အသံထွက် ရယ်မောရင်း ကျွန်တော့်ကို လက်ကမ်းပေးသည်။ "ကဲ. . . ကျွန်မတို့ တစ်ပါတီတည်း မဖြစ်နိုင်ဘဲ ခိုင်မြဲတဲ့ မိတ်ဆွေတွေ လုပ်ကြတာပေါ့။



၁၉၉၀ ဒီဇင်ဘာ ရေကြည်အိုင် စစ်ကြောရေး ငရဲခန်းမှာ မင်းငါ့ကို လူလိုစစ်မှာလား၊ ခွေးလိုစစ်မှာလားဟု ဦးခင်မောင်မြင့်က မေးသည်၊ အေး...လူလိုစစ်မှာဆိုရင် ငါထိုင်ဖို့ ကုလားထိုင်တစ်လုံးပေး၊ လက်ဖက်ရည်ကျစိမ့်တစ်ခွက်နဲ့ ဆေးပြင်းလိပ် တစ်လိပ်ယူခဲ့၊ မင်းမေးတာကို ဖြေသင့်တာ ဖြေမယ်၊ မဖြေသင့်တာ မဖြေနိုင်ဘူး၊ ခွေးလိုမေးမှာဆိုရင် မင်းကြိုက်တာလုပ် တစ်လုံးမှ မဖြေနိုင်ဘူး၊

ကျွန်တော်တို့ ထူထောင်မည့်ပါတီတွင် အမေဒေါ်ခင်ကြည် (သို့မဟုတ်) ဒေါ်အောင်ဆန်းစုကြည်ကို နာယကအဖြစ် တင်မြှောက်လိုကြောင်း ကျွန်တော်က အလေးအနက်ပြောသည်။ "မေမေက နေမကောင်းပါဘူး။ သူမပါနိုင်ဘူး။ ကျွန်မက နာယကလုပ်ဖို့ သဘောတူပါတယ်။ ဒါပေမဲ့ မနက်ဖြန် စီအီးစီအစည်းအဝေး တင်ပြပြီး သူတို့သဘောတူမှ ဖြစ်မယ်" ဒေါ်အောင်ဆန်းစုကြည် စကားအဆုံးတွင် ကျွန်တော်တို့လည်း နှုတ်ဆက်၍ ပြန်ခဲ့ကြသည်။ ပါတီရုံးချုပ်ဘက်သို့ ကူးကာ ဒေါ်မြင့်မြင့်ခင်အား အကျိုးအကြောင်း ရှင်းပြကြသည်။ နောက်နေ့ စီအီးစီအစည်းအဝေးအပြီး ဒေါ်အောင်ဆန်းစုကြည် နာယကလုပ်ရန် စီအီးစီက သဘောမတူကြောင်း၊ သို့ရာတွင် ဦးဝင်းတင်နှင့် ဒေါ်မြင့်မြင့်ခင်တို့ နာယကအဖြစ် ဆောင်ရွက်ရန် ခွင့်ပြုကြောင်း မဲအရေအတွက်နှင့်တကွ ရှင်းပြသည်။

ရန်ကုန်ဘက်အခြမ်းတွင် သူတို့နှစ်ဦးနှင့်အတူ တော်ဘုရားလေး ဦးအောင်ဇေကိုပါ ကျွန်တော်တို့က ထပ်တွေ့သည်။ ဦးအောင်ဇေမှာ သီပေါမင်း၏ မြေးတော်ဖြစ်ပြီး မင်းသားနီဟု အမည်ပြောင် ပေးခံရသူဖြစ်သည်။ မန္တလေးဘက်ကတော့ ဆရာတော် ဦးကဝိန္ဒ ရွေးချယ်သည်။ ရေနံ့အင်ဂျင်နီယာ ဦးငွေးဝင်း၊ ဦးအုန်းဖေနှင့် ကုန်စည်ဒိုင်ဦး ကျော်ဝင်း (ရဲနီကျော်ဝင်း) တို့ကို ရွေးချယ်ထားသည်။

မနတပါတီ ဖွဲ့စည်းရန် စီစဉ်သည့်အကြောင်း PC ကိုကျော်မြသို့ သတင်းပို့သည်။ အစောပိုင်း စည်းစားချက်များတွင် အသစ်ထူထောင်မည့် ပါတီတွင် ယခင် ပြည်သူ့တိုးတက်ရေးပါတီဟောင်းမှ ဦးခင်မောင်မြင့်နှင့် ၆၂ ကျောင်းသားခေါင်းဆောင်ဟောင်း တစ်ဦးဖြစ်သူ ဦးလှရွှေတို့နှင့် ဖွဲ့စည်းရန် စဉ်းစားခဲ့ကြသည်။ နောက်ပိုင်းတွင်ပါတီက ကျွန်တော်တို့ ထူထောင်မည့်ပါတီအပေါ် ရန်သူက အာရုံစိုက်မှု မရှိစေရန် ကိုကိုးကျွန်းပြန်များ၊ ပါတီရဲဘော်ဟောင်းများ၊ ကွန်မြူနစ်ဟု ထင်ရှားပြီးသူများနှင့် ပါတီတစ်ရပ် သီးခြားထွက်ပေါ်လာမည်ဟု သိရသည်။

မကြာမီ ပြည်သူ့တိုးတက်ရေးပါတီကို မှတ်ပုံတင်တော့ ဦးခင်မောင်မြင့်က ဥက္ကဋ္ဌ၊ ဦးလှရွှေက အထွေထွေအတွင်းရေးမှူး ဖြစ်သည်။ အလုပ်အမှုဆောင်အားလုံးမှာ ကိုကိုးကျွန်းပြန်များ၊ ဗကပပါတီ ကေဒါဟောင်းများ ဖြစ်ကြသည်။

ရန်ကုန်တွင် ပါတီမှတ်ပုံတင်အပြီး ဦးခင်မောင်မြင့်ကို သွားတွေ့သည်။ လူငယ်များက သူတို့နှစ်ဦးကို ဘိုးခင်မောင်မြင့်၊ ဘိုးလှရွှေဟု ချစ်ခင်လေးစားစွာ ခေါ်ကြသည်။ ဦးခင်မောင်မြင့်က ပဲခူးမှ အနုပညာသင် ကျောင်းဆရာ ဖြစ်သည်၊ နိုင်ငံကျော် အဆိုတော် ကိုသန်းလှိုင်၏ အစ်ကိုအရင်းဖြစ်ပြီး ရုပ်ချင်းအတော်ဆင်သည်။ သံမဏိသူ့ရဲကောင်းဟု ကျွန်တော်တို့ လူငယ်များက ချစ်ခင်လေးစားကြသည်။ သူ့သမိုင်းက ပြောစမှတ်။

ဘဝမှာ တင်တင်ရယ်၊ ခြသေ့်သုံးကောင် ဆေးလိပ်ရယ်၊ လက်ဖက်ရည်ကျစိမ့်တစ်ခွက်ရယ်ရှိရင် ပြီးပြည့်စုံတယ်ဟူသည့် မှတ်ချက်ကလေးကို ဦးခင်မောင်မြင့်ပြောသည်ဟု ကျွန်တော်တို့ မှတ်သားခဲ့ကြဖူးသည်။ သူသည် ဖက်ဆစ်တော်လှန်ရေးတွင် ဆရာကြီး သခင်စိုးနှင့် ဗိုလ်ချုပ်ကြီးနေဝင်းအကြားက အသက်(၁၄)နှစ်အရွယ် ဆက်သားလေး ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် သမဂ္ဂခေါင်းဆောင်တစ်ဦးဖြစ်ပြီး ၁၉၆၃ ခုနှစ် ခြောက်ခရိုင် ငြိမ်းချမ်းရေး ဆန္ဒပြပွဲကြီး၏ စစ်ကြောင်းမှူးအဖြစ် တာဝန်ယူခဲ့သူ ဖြစ်သည်။ ၁၉၈၉ ခုနှစ် ဇူလိုင်လတွင် ယူဂျီပေါက်ပြီး အများအပြား အဖမ်းခံကြရသည်။ ထို ၈၈ ကာလအတွင်း ဦးခင်မောင်မြင့် ပြောကြားခဲ့သည့် ရဲရင့်ပြောင်မြောက်လှသော မိန့်ခွန်းများမှာ လူကြိုက်များလှသည်။ ဖုန်းမော်ကိစ္စ ရှင်းပြရာတွင် "သိဒ္ဓတ္ထ နှစ်ခါပေါ်တာပါပဲ" ဟူသည့် စကားရပ်၊ "ဗမာစစ်အာဏာရှင်က တောင်မွှေရာ လက်ဝါးနှင့် ကာတာပါပဲ" ဟူသည့် အသုံးအနှုန်းတို့မှာ ထိမိလှသည်။

၁၉၉၀ ဒီဇင်ဘာ ရေကြည်အိုင် စစ်ကြောရေး ငရဲခန်းမှာ ထောက်လှမ်းရေး တပ်ကြပ်ကြီးတစ်ဦးက ဦးခင်မောင်မြင့်ကို သူစစ်ခဲ့ရသည့်အကြောင်း ဂုဏ်ယူပြောကြားသည်။ ဦးခင်မောင်မြင့်အား မျက်နှာအဝတ်စည်းပြီး စစ်ကြောရေးအခန်းထဲ ခေါ်လာသည်။ သူတို့က ရေဘင် (Rayben) ဟု ခေါ်ကြသည်။

ဗလာစီယာပုံ မျက်နှာစည်း အဝတ်မည်းကို ဖြေလိုက်တော့ စားပွဲတစ်လုံးဖြင့် ငထောက်က ထိုင်နေသည်။ အခြားထိုင်စရာ ခုံမရှိ။ "မင်း ငါ့ကို လူလိုစစ်မှာလား။ ခွေးလိုစစ်မှာလား"ဟု ဦးခင်မောင်မြင့်က မေးသည်။

"ဟာ. . . ဆရာ ဦးခင်မောင်မြင့်၊ ဆရာ့ကို လူလိုစစ်မှာပါ ဆရာ" ငထောက်က ထရပ်ပြီး ပြာပြာသလဲဖြေသည်။ "အေး. . . လူလိုစစ်မှာဆိုရင် ငါထိုင်ဖို့ ကုလားထိုင်တစ်လုံးပေး။ လက်ဖက်ရည် ကျစိမ့်တစ်ခွက်နဲ့ ဆေးပြင်းလိပ် တစ်လိပ်ယူခဲ့။ မင်းမေးတာကို ဖြေသင့်တာ ဖြေမယ်၊ မဖြေသင့်တာ မဖြေနိုင်ဘူး။ ခွေးလိုမေးမှာဆိုရင် မင်းကြိုက်တာ လုပ် တစ်လုံးမှ မဖြေနိုင်ဘူး" ဟု ဖြေသည် ဆို၏။

ရန်ကုန်ရောက်ရှိနေစဉ် ပြည်သူ့တိုးတက်ရေးပါတီ တည်ရှိရာ ဦးခင်မောင်မြင့်၏ အိမ်သို့ ကျွန်တော် ရောက်သွားပါသည်။ ဦးမြင့်ဦးသစ်လည်း ရှိနေသည်ဟု ထင်ပါသည်။ ကျွန်တော်က ပါတီမှတ်ပုံတင်သည့် အခြေအနေကို ရှင်းပြသည်။

ဆရာဦးခင်မောင်မြင့်က "အေး ကွာ. . . ကိုသိန်းသန်းဦးရေ. . .၊ အစတုန်းကတော့ တို့တွေ တစ်ပါတီတည်း ထွက်ကြဖို့ပဲ။ အခုတော့ အခြေအနေက တစ်မျိုးပြောင်းသွားတယ်ကွာ"ဟု အားရပါးရ ပြောပါသည်။ ကျွန်တော်က ရုတ်တရက်လန့်သွား၍ အကြောင်းမှာ ဤကိစ္စ ပါတီကော်မတီ၏ ပေါ်လစီဖြစ်သည် မဟုတ်ပါလား။ ကျွန်တော်က ဘာမှမပြောဘဲ ပြုံးနေသည်။

ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းအိမ်မှာ ရန်ကင်းတိုက်ခန်းဟု ထင်သည်။ ကျွန်တော်တို့နှင့်တွေ့တော့ ဦးအောင်သန်းက မီးဖိုချောင် စားပွဲဝိုင်းလေးတွင် စောင့်ကြောင့်ထိုင်၍ ထမင်းစားနေသည်။ ကြွေရည်သုတ်ဇလုံနှင့် ဟင်းနှစ်ခွက်သာ တွေ့ရသည်။ အသက်(၈၀)ကျော် ကတုံးဆံတောက်ဖြင့် ထောင်ထောင်မောင်းမောင်း အသားဖြူဖြူ ခပ်တောင့်တောင့် ကျန်းမာပုံရသည်။ စကားပြောလျှင် အားရပါးရ ပြောသည်။ သူ့ထံမှ အဖိုးတန်စကားများ ကြားရသည်။ မြန်မာ့အလင်း သတင်းစာတိုက်တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက "အောင်ဆန်းကသေ၊ သန်းထွန်းနဲ့ မောင်စိုးက တောထဲရောက်သွားတော့ မောင်နုက ပြဟ္မာဘုံ နွားခုန်တက်သလို ဝန်ကြီးချုပ် ဖြစ်သွားတာပေါ့" ဟု ပြောကြောင်း သိရပါသည်။ ထို့အပြင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက အာဇာနည်နေ့ လုပ်ကြံရာတွင် သခင်မြပါမသွားဘဲ ကျန်နေရစ်ခဲ့လျှင် ပြည်တွင်းစစ် မဖြစ်နိုင်ဟု ပြောကြောင်းလည်း သိရပါသည်။

ဆရာကြီးသခင်စိုးနှင့် အကြောင်းမတိုက်ဆိုင်၍ မတွေ့ခဲ့ရ။ NLD ပါတီဌာနချုပ်ဝင်းအတွင်းရှိ လက်ဖက်ရည်ဆိုင်တွင် ကျောင်းသားလူငယ် ခေါင်းဆောင်များ၊ ဝါရင့် နိုင်ငံရေးသမားများနှင့် တွေ့ဆုံဆွေးနွေးခွင့် ရခဲ့ခြင်းမှာ အမြတ်ပင်ဖြစ်ပါသည်။

ဦးသိန်းသန်းဦး
(မြန်မာနိုင်ငံ ရှေ့နေများကွန်ရက်)
ဆက်လက်ဖော်ပြပါမည်

www.free4readers.com
SPEAKER news journal

# မွန်ပြည်နယ်တွင် ရှစ်လအတွင်း ယစ်မျိုးအမှု ၅၁ မှု အရေးယူ

မော်လမြိုင်၊ အောက်တိုဘာ ၂

မွန်ပြည်နယ်အတွင်း ၂၀၁၈ ခုနှစ် ရှစ်လတာ ကာလအတွင်း ယစ်မျိုးလိုင်စင် စည်းကမ်းဖောက်ဖျက်မှုနှင့် တရားမဝင်ယစ်မျိုး ရောင်းဝယ်ဖောက်ကားမှု ၅၁ မှု ဖမ်းဆီးအရေးယူခဲ့ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးက ပြောသည်။

ယစ်မျိုးလိုင်စင်ပါ စည်းမျဉ်းစည်းကမ်းဖောက်ဖျက်မှု ခုနစ်မှုနှင့် လိုင်စင်မဲ့ အရက်ရောင်းဝယ်ဖောက်ကားမှု ၄၄ မှု ဖမ်းဆီး အရေးယူခဲ့ကြောင်း ၎င်းကပြောသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေ အပါအဝင် ပြည်သူလူထုမှ အသိပေးအကြောင်းကြားလာတာနဲ့ ပတ်သက်ပြီးတော့လည်း သီးခြားစီမံချက်အနေနဲ့ရှောင်တခင်၊ လျှပ်တစ်ပြက်ဝင်ရောက်စစ်ဆေး အရေးယူမှုတွေ ပြုလုပ်လျက်ရှိပါတယ်"ဟု ဗိုလ်မှူးကြီးဝင်းနိုင်ဦးက ပြောဆိုသည်။

ယစ်မျိုးခွန် တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေး ကော်မတီများ၊ သတင်းစုံစမ်းရေး အဖွဲ့များနှင့် တားဆီးနှိမ်နင်းရေး အဖွဲ့များကို မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့် ဖွဲ့စည်းထားပြီး လိုင်စင်နှင့် မြေပြင်လုပ်ကိုင်ဆောင်ရွက်မှု ကွဲလွဲမှုမရှိစေရေး ကွဲလွဲပါက စိစစ်အရေးယူဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေကို ၂၀၁၂ ခုနှစ်တွင် မွန်ပြည်နယ်လွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး မွန်ပြည်နယ်တွင် နှစ်စဉ်ယစ်မျိုးဆိုင် ၂၀၀၀ နီးပါးကို လိုင်စင်ချထားပေးကာ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်က ယစ်မျိုးခွန် ငွေကျပ်သိန်း ၈၇၀၀ ကျော် ကောက်ခံရရှိခဲ့ကြောင်း သိရသည်။

နေမင်း

# ခေတ်စနစ် အခြေအနေများနှင့် ဟန်ချက်ညီသော ရဲတပ်ဖွဲ့ဖြစ်ရေး ဆောင်ရွက်မည်ဟု ရဲချုပ်ပြော



နေပြည်တော်၊ အောက်တိုဘာ ၂

ခေတ်အဆက်ဆက်တွင် သူ့ခေတ်သူ့စနစ်အခြေအနေများနှင့် ဟန်ချက်ညီညီ ပြည်သူ့အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်သည့် ရဲတပ်ဖွဲ့ ဖြစ်လာစေရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့နိုင်ရာ ယခုလည်းအစိုးရ၏ အုပ်ချုပ်ရေးစနစ်နှင့်အညီ နိုင်ငံတကာအဆင့်မီ ရဲတပ်ဖွဲ့ဖြစ်ရေး အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေကြောင်း ရဲချုပ်ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက ပြောသည်။

အောက်တိုဘာလ ၁ ရက်က ကျရောက်သည့် (၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

"လက်ရှိ အချိန်မှာတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ တပ်ဖွဲ့ဝင် တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်ကျင့်တရား၊ လုပ်ငန်းစွမ်းရည်များ ပြည့်ဝနေစေဖို့ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ပြီး လုံခြုံရေး၊ ရပ်ရွာ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နေတဲ့ တပ်ဖွဲ့ဖြစ်ပါတယ်"ဟု ရဲချုပ်အောင်ဝင်းဦးက ပြောသည်။

ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် တာဝန်ရှိအဖွဲ့အစည်း ဖြစ်သည်နှင့်အညီ ပြည်တွင်း၊ ပြည်ပတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ပတ်သက်၍ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို လေ့လာသုံးသပ်ကာ နောက်ဖြစ်ပေါ်လာမည့် တရား ဥပဒေစိုးမိုးရေး၊ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို မျှော်တွေးပြီး လစ်ဟာမှုမရှိအောင် ကြိုတင်ပြင်ဆင်ရမည်ဟုလည်း ရဲချုပ်က မှာကြားသည်။

"တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာမှာ ဒီမိုကရေစီ နည်းလမ်းတကျ လက်ခံကျင့်သုံးနေတဲ့ ဥပဒေတွေကို အာဏာသက်ရောက်မှုရှိအောင် အရေးယူဆောင်ရွက်ရတဲ့ ဒီမိုကရေစီ ရဲလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက် ပြောကြားခဲ့သည်။ သဇ္ဈာထွန်း

စာ ၃၄ အေးမြတ်သူ အင်တာဗျူး မှအဆက်

KTV မှာ ရှိတဲ့ မိန်းကလေးတွေကို ချူဆီက ကိုယ်စားပြုတယ်ဆိုတာထက် ပြောရမယ်ဆိုရင် ကိုယ့်ရဲ့ရပ်တည်မှုအတွက် နေရာတိုင်းမှာ လှုပ်ရှားရုန်းကန်နေရတဲ့ မိန်းကလေးတိုင်းကို ကိုယ်စားပြုတယ်။ အလုပ်တစ်ခုပေါ့နော်။ KTV လို့ဆိုရာမှာ အလုပ်တစ်ခုပေါ့နော်။ လူတိုင်းမှာ အခက်အခဲတွေရှိတယ်။ တချို့ဆိုရင် ကိုယ်မလုပ်ချင်ဘဲနဲ့ လုပ်နေကြရတဲ့သူတွေရှိတယ်။ ဥပမာ ကိုယ်က ရာထူးတိုးချင်ပေမယ့် မတိုးရသေးဘူး။ ကြိုးစားတယ်။ အဲဒါကို သူဌေးက အသိအမှတ်မပြုသေးဘူး။ ဒါတွေကို ကြိုးစားတယ်။ အဲဒါကို အေးမြတ်သူတို့ ချူဆီဟာ KTV မှာလုပ်တဲ့ မိန်းကလေးတွေအပြင်ကို ဒီဘက်ခေတ်မှာ အသက် ၂၀ ကျော်ကနေ ၄၀ ကျော်ထိ လှုပ်ရှားရုန်းကန်နေကြတဲ့ မိန်းမသားများ အားလုံးကို ကိုယ်စားပြုပါတယ်။

**Speaker ။ ။ မိန်းမနောက်ပိုးအဖြစ် ပရိသတ်တွေ မြင်ခဲ့ကြတယ်နော်။**

AMT ။ ။ အေးမြတ်သူက အရင်တုန်းက သွက်လက်တယ်။ အနည်းငယ်လည်း sexy ကျတယ်။ အေးမြတ်သူပါရင် ရိုးရိုးလို့ ဘယ်သူမှ မမြင်ကြဘူး။ အမြဲတမ်းဆွဲဆောင်မှုရှိပြီးတော့ မိန်းမနောက်ပိုးနေရာကနေပြီး သွားသွားပြီး မြင်ကြတယ်။ ကိုယ့်ကို ခိုင်းတဲ့သူတွေက ပေါ့နော်။ ကိုယ့်ကိုယ်ကိုယ် တက်ကြွပြီး အနည်းငယ်ဆွဲဆောင်မှုရှိတဲ့အခါကြတော့ အဲဒီလိုဇာတ်ကောင်စရိုက်တွေ နည်းနည်းများသွားတဲ့အခါမှာ အဲဒါကို ပရိသတ်က ခေါင်းထဲမှာ စွဲသွားကြတာပါ။ ဒါပေမဲ့ နောက်ပိုင်း အဲဒါကို အေးမြတ်သူ ဆင်ခြင်ပါတယ်။ ငဘကားထဲက မိနီလို ဇာတ်ကောင်မျိုး၊ ကျောင်းဆရာလေးကားထဲက ဘိုမလို ဇာတ်ကောင်မျိုးတွေနဲ့ ပြန်ပြီးပြောင်းလဲမှုတွေရှိအောင် ပြန်လုပ်ပါတယ်။ တစ်ခါတလေကြရင် အေးမြတ်သူလက်ခံထားပြီး ကြိုးစားထားတဲ့ ဇာတ်ကောင်တွေ ရှိပါသေးတယ်။ အေးမြတ်သူကို ပရိသတ်တွေ အမြင်ရိုးသွားလို့ပါရှင့်။

**Speaker ။ ။ လက်ရှိ ကိုယ့်ခန္ဓာကိုယ် ကောက်ကြောင်းအလှကို ကျေနပ်ပြီလား။**

AMT ။ ။ အေးမြတ်သူ ထပ်လှချင်သေးတယ်။ အေးမြတ်သူ ကျစ်လျစ်ပြီး တောင့်တင်းခိုင်မာတဲ့ ခန္ဓာကိုယ်ထပ်ပြီး လိုချင်ပါသေးတယ်။ အေးမြတ်သူ ခုချိန်မှာတော့ သင်ဇာ့ရဲ့ ခန္ဓာကိုယ်ကို ပိုကြိုက်နေတယ်။

**Speaker ။ ။ ကိုယ့်ရဲ့ ခန္ဓာကိုယ် ရှိုက်ဖိုကြီးငယ် ကောက်ကြောင်းအလှတွေက ပုရိသတွေကို ဆွဲဆောင်မှုရှိနေတယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိနေလား။**

AMT ။ ။ အရင်တုန်းက အေးမြတ်သူ အဲဒါကို မစဉ်းစားမိဘူး။ အေးမြတ်သူကို ငယ်ငယ်တုန်းကတော့ အမျိုးသားတွေ လက်ခံကြတယ်ပေါ့နော်။ကိုယ့်ကိုယ်ကိုယ် sexy ပုံစံဖြစ်တယ်။ အလှကောက်ကြောင်းတွေနဲ့ ဆွဲဆောင်မှုရှိတယ်ပေါ့နော်။ ဒါပေမဲ့ အသက် ၂၈၊ ၂၉ မှာ အေးမြတ်သူကို ကြိုက်တဲ့ ယောကျ်ားတွေက နည်းနည်းပြောင်းသွားတယ်ရှင့်။ အေးမြတ်သူက ကိုယ့်ကိုယ်ကိုယ် အမြဲတမ်းလေ့လာနေတဲ့ သူပေါ့နော်။ အေးမြတ်သူကို အမျိုးသမီးတွေက ပိုပြီးချစ်လာကြတယ်။ အေးမြတ်သူ အဲဒါကြောင့် အရမ်းကို ဝမ်းသာရတယ်။ အရမ်းကိုပျော်ရွှင်ခဲ့ရတယ်။ ဘာလို့ဆိုရင် အမျိုးသားပရိသတ်တွေကြီးပဲ အေးမြတ်သူကို ကြိုက်နေလို့မရဘူး။ အမျိုးသမီးပရိသတ်က ချစ်ခင်နေဖို့လည်း လိုအပ်တာပေါ့နော်။ ခုအေးမြတ်သူ ကြည့်ရတာက ၂၀ကျော်နဲ့ ၄၀ကြားက အမျိုးသမီးပရိသတ်တွေက အေးမြတ်သူကို လက်ခံလာကြတယ်။ အဲဒီအတွက် အေးမြတ်သူ အရမ်းပျော်ပါတယ်ရှင့်။ အမျိုးသားတွေ ကိုယ့်ကို သဘောကျလာတာ၊ ချစ်လာကြတာကို သဘောကျသလို၊ အမျိုးသမီးတွေ ကိုယ့်ကိုလက်ခံလာပြီး ချစ်လာကြတော့ အေးမြတ်သူပိုပြီး ပျော်ရွှင်ရတယ်ရှင့်။

**Speaker ။ ။ ၂၄ နာရီ ၁ချစ်က ၂၀၁၅ ခုနှစ်က ရိုက်ထားတော့ ပရိသတ်က ကိုယ့်သရုပ်ဆောင်မှု ပေါ့သွားမှာကို မစိုးရိမ်မိဘူးလား။**

AMT ။ ။ အေးမြတ်သူအနေနဲ့ ၂၄ နာရီ ၁ ချစ်ဇာတ်ကားကို ၂၀၁၅ ခုနှစ်က ရိုက်ကူးပြီး ခု ၂၀၁၈ ခုနှစ်မှသာ ပြသနိုင်ပေမယ့် အဲဒီအချိန်က အကောင်းဆုံးသောအရာတွေကို ပေါင်းစည်းပြီး လုပ်ထားပါတယ်ရှင့်။ ဒါပေမဲ့ ဒီဘက်ခေတ် ၂၀၁၈ မှာပြတဲ့အခါကြတော့ အချိန်ကာလကွာခြားမှုတွေ ရှိခဲ့ပါတယ်။ ခုဆိုရင် အေးမြတ်သူတို့ ရုပ်ရှင်လောကကလည်း ပြောင်းလဲမှုတွေ ရှိလာတယ်။ နည်းပညာပိုင်းအနေနဲ့ကတော့ အနည်းငယ်သာ အားနည်းမှု ရှိမယ်။ ခွင့်လွှတ်ပေးပါ။ အေးမြတ်သူကလည်း ၂၀၁၅ ခုနှစ်မှသာ ပထမဆုံးပြန်ရိုက်ခွင့်ရတာဆိုတော့ အေးမြတ်သူရဲ့ လိုအပ်ချက်တွေ၊ ချွတ်ချော်မှုတွေကို နားလည်ပေးဖို့ ပြောချင်ပါတယ်။ ဒီဇာတ်ကားမှာ အေးမြတ်သူက ဟာသပိုင်းကနေပြီး သရုပ်ဆောင်ရတာပါ။ အေးမြတ်သူကတော့ သဘောကျတယ်။ ဇီဇာကြောင်တဲ့ အပျိုကြီးပေါ့နော်။ အေးမြတ်သူပါတဲ့ အခန်းတွေ ရယ်နေရမှာပါ။

**Speaker ။ ။ လက်ရှိချစ်သူက ပြီးပြည့်စုံတဲ့ချစ်သူလား။**

AMT ။ ။ အပြင်မှာ အမျိုးသားတွေရဲ့ ထားသွားခြင်း မခံရဘူး။ အချစ်ရေး အရမ်း ကံကောင်းတယ်။ ဘာပဲပြောပြော အကြောင်းအကျိုးကြောင့်သာ လမ်းခွဲရင် လမ်းခွဲသွားမယ်ပေါ့နော်။ ဘယ်တော့မှ အေးမြတ်သူကို သစ္စာဖောက်တာမျိုး အေးမြတ်သူ မခံခဲ့ရဘူး။ ပြီးတော့ အေးမြတ်သူ ချစ်သူက အေးမြတ်သူကို ဘယ်တော့မှ လက်ပါခြေပါတာမျိုး ဘယ်တော့မှ မရှိခဲ့ဖူးဘူး။ နောက်တစ်ခုက အသောက်အစားကင်းတဲ့ ချစ်သူမျိုးကို အေးမြတ်သူရတယ်။ အဲဒါက အေးမြတ်သူရဲ့ အားသာချက်လို့ ပြောရင်ရတယ်။ အခုချစ်သူကို ပြောတာမဟုတ်ဘူးနော်။ ထားခဲ့ဖူးတဲ့ ချစ်သူတွေလည်း ပါတယ်။ အခုချစ်သူက အေးမြတ်သူအတွက် Perfect ပေါ့။ အသောက်အစားကင်းတယ်။ အရမ်းကို ညွှန်းပြီး မပြောချင်ဘူး။ ညွှန်းပြီး ပြောပြလိုက်ရင် ပါပါသွားလို့။ ကံကောင်းတယ်။ အပျိုကြီး အရမ်းကံကောင်းတယ် ပေါ့နော်။ ကံဇာတာကလည်းလေ။ ဘယ်က မှန်းလည်း မသိဘူး။ ဘယ်သူမှန်းလည်း မသိဘဲ အမွှမ်းတင်နေတာလေ။

**Speaker ။ ။ ချစ်သူကို အားလုံးက သိချင်နေကြတယ်။**

AMT ။ ။ ထုတ်ပြချင်ပါတယ်။ ဒါပေမဲ့ အေးမြတ်သူအတွက်ကြောင့် သူ့ရဲ့ အလုပ်တွေကို မထိခိုက်စေချင်ဘူး။ ဘာလို့ဆိုရင်သူဟာ အနေအေးတယ်။ ပိုက်ဆံလည်း အရမ်းကြီး မချမ်းသာပေမဲ့ အေးမြတ်သူအတွက်တော့ ပြီးပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ပါပဲ။ အေးမြတ်သူသာ သူ့ကို ထုတ်ပြလိုက်မယ်ဆိုရင် သူ့ကိုဝေဖန်ပြောဆိုကြမှာတွေ။ တိုက်ခိုက်ကြမှာတွေ ရှိလာလိမ့်မယ်။ ဘာလို့ဆို သိတဲ့အတိုင်းပဲလေ။ အလကားနေရင်း ဖေ့ဘွတ်ပေါ်မှာ တိုက်ခိုက်ဝေဖန်ပြောဆိုနေကြတာဆိုတော့ သူ့ကို ထိခိုက်သွားမှာကို မလိုလားဘူးလေ။

**Speaker ။ ။ ဘယ်တော့လောက် လက်ထပ်ကြမလဲ။ ကိုယ်နဲ့ အတူတူ အနုပညာရှင်တွေတောင် လက်ထပ်ကုန်ပြီ။**

AMT ။ ။ လက်ထပ်ချင်ပါပြီ။ အေးမြတ်သူလည်း အေးအေးချမ်းချမ်းလေးနဲ့ ကိုယ့်အိမ်ထောင်ကို ထူထောင်ချင်တယ်။ ဒါပေမဲ့ ကိုယ်က မိဘတွေကို ချစ်တဲ့သူဖြစ်လေတော့ အိမ်ထောင်ပြုဖို့က တော်တော်လေးစဉ်းစားနေရတယ်။ ကိုယ်ကလည်း မိဘတွေကို မခွဲနိုင်တာကြောင့်မို့လို့ လက်ထပ်ဖို့ကနတော့ မဖြစ်နိုင်သေးပါဘူး။ ဒါပေမဲ့ မကြာမီလာမည် မျှော်ပေါ့လေ။

ဘုန်းနေလ-ဒဂုံတက္ကသိုလ်

SPEAKER news journal Cartoon



# စာအုပ် မိတ်ဆက်

မောင်ဝန်ဖဇင်း(Speaker) - စုစည်းရေးသားသည်













**ဝင်းတင် သို့မဟုတ် ဦးမညွှတ်တတ်သော အတိုက်အခံ**
**သွေး(စစ်ကိုင်း)**

Radio France International (အပြည်ပြည်ဆိုင်ရာ ရေဒီယို ပြင်သစ်)သတင်းဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ပြင်သစ်လူမျိုး သတင်းစာဆရာမ ဆိုဖီမယ်လီဘိုး(Sophie Malibeaux)က စစ်အစိုးရကို နှစ်ပေါင်းများစွာ ဆန့်ကျင်ခဲ့သူဖြစ်ပြီး ဝါရင့်သတင်းစာဆရာကြီးတစ်ဦးလည်းဖြစ်သည့် ဟံသာဝတီဦးဝင်းတင် အကြောင်း ၂၀၀၉ ခုနှစ်က ရေးသားထားသည့် စာအုပ်ကို စာရေးဆရာမ သွေး(စစ်ကိုင်း)က ပြင်သစ်ဘာသာမှ တိုက်ရိုက်ပြန်ဆိုထားခြင်း ဖြစ်သည်။

လှောင်အိမ်ထဲမှ လွတ်မြောက်ခြင်း၊ ကိုရင်ဝတ်ခြင်း၊ ဗိုလ်ချုပ်၏ခေါင်းဆောင်မှုနောက် လိုက်ကြခြင်း၊ လွတ်လပ်ရေးတိုက်ပွဲ မွေးဖွားလာခြင်း၊ စာနယ်ဇင်းလောကထဲ ပထမဆုံး ခြေချခဲ့ခြင်း၊ ကလောင်ကိုင်ခဲ့သော နှစ်များ၊ ဂဏန်းနှင့်ခြင် ပုံပြင်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အနားမှာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီရုံးချုပ်မှာ ဖြတ်သန်းရသော ရက်စွဲများ၊ သတိကြီးစွာ စောင့်ကြည့်မှုအောက်မှ ရွေးကောက်ပွဲနှစ် ၁၉၈၉-၁၉၉၀၊ လောင်ကျွမ်းနေသော ရွက်တိုင်များ၊ အင်းစိန်အကျဉ်းထောင် အမှောင်တိုက်အတွင်းမှ တရားမျှတမှု မေးခွန်း၊ အတိုက်အခံတစ်ယောက်၏ အကျဉ်းထောင်တွင်း နိစ္စဓူဝဖြတ်သန်းမှု၊ နိုင်ငံရေးအကျဉ်းသားများအကြား ခိုင်မြဲသော သွေးစည်းညီညွတ်မှု၊ စစ်ခွေးတိုက်မှာ တစ်ယောက်တည်း၊ အနိုင်မခံ ဦးမညွှတ်သော အကျဉ်းသား၊ ဦးခေါင်းမှာ သွေးစွန်းစွန်းနီပေမယ့် ခေါင်းမော့ထားဆဲ၊ လောကငရဲရဲ့ တံခါးဝမှာ အမြဲ၊ အကြောက်တရားက လွတ်မြောက်ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်ဘက်က ရပ်တည်ချိန်လား ခွဲထွက်ချိန်လား၊ ဒီမိုကရေစီကို လေးလေးနက်နက်ယုံကြည်ခြင်း၊ ချော့ချည်တစ်ခါ ရိုက်ချည်တစ်လှည့် ပုံပြင်စသည့် ခေါင်းစဉ်ငယ်များဖြင့် စိတ်ဝင်စားဖွယ် ရေးသားထားသည်။

" ဒီစာအုပ်ဟာ ဒီမိုရေစီရေး၊ လွတ်လပ်ရေး၊ လူ့အခွင့်အရေးတွေအတွက် ရုန်းကန်ရင်း စွန့်လွှတ်အနစ်နာခံခဲ့တဲ့ အတိတ်၊ ပစ္စုပ္ပန်ကာလက သူရဲကောင်း လူကြီးလူငယ်အားလုံးကို ရည်ညွှန်းပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီအရေး လှုပ်ရှားမှုကို ဒီနေ့ချိန်ခါမှာ ဦးဆောင်နေပြီး ကျွန်တော်တို့ကလည်း မနက်ဖြန်ရဲ့ မနက်ဖြန်ပေါင်းများစွာမှာ ဆက်လက် ရုန်းကန်ရဦးမှာပါ"ဟု ဟံသာဝတီဦးဝင်းတင်က အမှာစာတွင် ရေးသားထားသည်။

၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ငါတို့စာပေမှ ပထမအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀ ထုတ်ဝေထားပြီး တန်ဖိုးမှာ ၂၅၀၀ ကျပ် ဖြစ်သည်။

**မြန်မာ–မြောက်ကိုရီးယား အတွင်းရေး**
**မောင်ရင်မောင်**

စစ်အစိုးရလက်ထက်တွင် တပ်မတော်၏ အင်အားကို ပိုမိုတောင့်တင်းခိုင်မာအောင် မည်သို့အားထုတ်ခဲ့သနည်းဆိုသည့် အမြင်ဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများကို မတွေ့ရှိရသလို မြောက်ကိုရီးယားနှင့် မည်သို့ လျှို့ဝှက်ဆက်ဆံရေးရှိခဲ့သည်ဆိုသည့် အချက်အလက်တို့ကိုလည်း သာမန်ကာလျှံကာအဖြစ်ဖြင့်သာ မျက်စိလျှမ်းကျော်လွှားသွားခဲ့ကြသည်။ အမှန်တွင် မျက်စိလျှမ်းခဲ့ကြသည့် ဖြစ်ရပ်များက ပို၍ စိတ်ဝင်စားစရာဖြစ်နေတတ်ပြီး မှတ်တမ်းအနေဖြင့်လည်း ရှိရန်လိုအပ်သလို မြန်မာပြည်သူများ သိရှိရန်လည်း လိုအပ်မည်ဟု ယူဆသည့်အတွက် ယခုစာအုပ်ကို ရေးသားရခြင်းဖြစ်ကြောင်း စာရေးဆရာက အမှာစာတွင် ရေးသားထားသည်။

"၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ မြောက်ကိုရီးယားခရီး မစတင်မီ တစ်လအလိုဖြစ်သည့် အောက်တိုဘာ ၂၉ ရက်နေ့ကလည်း မြန်မာနိုင်ငံခြားရေးဝန်ကြီးဖြစ်သော ဦးဉာဏ်ဝင်းနှင့်အဖွဲ့တို့ ပြုံယမ်းသို့ ရောက်ရှိနေကြသည့် သတင်းကို မြောက်ကိုရီးယားသတင်းဌာနမှ ဓာတ်ပုံသတင်းအဖြစ် ထုတ်ပြန်ခဲ့ရာ နှစ်နိုင်ငံ စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့သည် သွက်လက်စွာ လှုပ်ရှားနေပြီဖြစ်ကြောင်း ထိုစဉ်က ရိုက်တာသတင်းဌာနမှ သုံးသပ်ဖော်ပြခဲ့သည်။ ထို့ပြင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် မြောက်ကိုရီးယားခရီးစဉ်အတွင်း တရုတ်နိုင်ငံသို့လည်း အသွားတွင်ရော အပြန်ခရီးစဉ်တွင်ပါ ဝင်ရောက်ခဲ့ပြီး တရုတ်စစ်ဘက် ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းကလည်း အာရုံစိုက်စရာ ဖြစ်စေခဲ့သည်။ မြောက်ကိုရီးယား ခရီးစဉ်အတွင်း၌လည်း ရေဒါစတေရှင်များကို သွားရောက် လေ့လာခဲ့သလို ရေဒါကွန်ရက် ဖြန့်ကြက်ရေးဆိုင်ရာ နည်းပညာဝယ်ယူရေး၊ မြေပြင်ပစ် ဒုံးကျည်စနစ် ဝယ်ယူရေးနှင့် အမြောက်နှင့် စစ်လက်နက်ပစ္စည်းများ အဆင့်မြှင့်တင်ရေးတို့အတွက် ဆွေးနွေးခဲ့သည့်အပြင် မြန်မာနိုင်ငံအတွက် လိုအပ်မည့် နျူကလီးယားအစီအစဉ်အတွက် ဆွေးနွေးခဲ့လိမ့်မည်ဆိုသည့် မှန်းဆမှုနှင့်အတူ နျူထိပ်ဖူးတပ် ဒုံးကြည် အမျိုးအစားတို့ကို ဝယ်ယူကောင်း ဝယ်ယူကြလိမ့်မည်"ဟု ရေးသားထားသည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဦးသောင်းလက်ထက်တွင် အမေရိကန်မှ ပညာသင်ကြားလာသော နျူကလီးယားပညာရှင် ဦးသိန်းဖိုးစော ဦးဆောင်သည့် မြန်မာနျူကလီးယားဆိုင်ရာ ပညာရှင်အဖွဲ့ကို ဖွဲ့စည်းပြီး နျူသုတေသနလုပ်ငန်းများကို စတင်ခဲ့ကြောင်း ရေးသားထားသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် နံနက်ခင်း စာပေမှ ပထမအကြိမ်အဖြစ် အုပ်ရေ ၅၀၀ ထုတ်ဝေထားပြီး တန်ဖိုးမှာ ၃၀၀၀ ကျပ်ဖြစ်သည်။

**စစ်သားဘဝ အမှတ်တရများ (ပေါင်းချုပ်–၁)**
**သောင်းဝေဦး**

မမျှော်လင့်ဘဲ စစ်သားဖြစ်လာခြင်း၊ အရပ်သားဘဝမှ စစ်သားဘဝသို့၊ မိခင်တပ်ရင်း ခလရ(၁၉) ကရင်ပြည်နယ်မှ မွန်ပြည်နယ်သို့၊ ရှမ်းပြည်နယ် မြောက်ပိုင်းက အတွေ့အကြုံများ၊ ဗထူးတပ်နယ်မှာ သုံးနှစ်ကြာ၊ သနက (၁) တွင် တာဝန်ထမ်းဆောင်ခြင်း၊ သနက (၁) တွင် နေခဲ့ရစဉ်က၊ မိုင်းယောင်းဒေသက အတွေ့အကြုံများ၊ ကျိုင်းတုံ၊ မိုင်းယောင်းယာဉ်တန်းအကြောင်း တစေ့တစောင်း၊ တပ်နားသည်ဆိုရာဝယ်၊ ကျွန်တော်တက်ခဲ့ရသည့် တက်ရင်းမှူးသင်တန်း၊ နောက်တစ်ကြိမ် ရွှေ့တန်းသို့၊ ဂျီတူးခေါ် စစ်ဦးစီးမှူး ဒုတိယတန်းတာဝန်ထမ်းဆောင်စဉ်က၊ တပ်မ (၈၈) အကြောင်း သိကောင်းစရာများ၊ ကျိုင်းတုံဒေသနှင့် ဆက်စပ်နေသော ဘိန်းနှင့်မူးယစ်ဆေးဝါးများ၊ အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာ ပွေ့ရပါသည်၊ ဒုတပ်ရင်းမှူး ဖြစ်သွားသည့် ကျွန်တော်၊ ကျွန်တော်တက်ခဲ့ရသော စစ်ဦးစီးတက္ကသိုလ်၊ ဥစတမှ သင်တန်းသားဘဝ၊ သင်တန်း၏ ဒုတိယပိုင်းကာလများ၊ ရှေ့တန်းသို့ တစ်ဖန်ပြန်ရပြန်ပါပြီ၊ တွဲဖက်တာဝန် ထမ်းဆောင်ခဲ့ရစဉ်က စသည့် ခေါင်းစဉ်ငယ်များဖြင့် စစ်သားဘဝ အတွေ့အကြုံများကို စိတ်ဝင်စားဖွယ်ရေးသားထားသည့် စာအုပ် ဖြစ်သည်။ တပ်မတော်သမိုင်း လေ့လာလိုသူများအတွက်သာမက၊ တပ်မတော်သားများအတွက်လည်း ဗဟုသုတများစွာ ရရှိမည့် စာအုပ်ဖြစ်သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် မြရတနာစာပေမှ ပထမအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀ ထုတ်ဝေထားပြီး တန်ဖိုးမှာ ၇၅၀၀ ကျပ်ဖြစ်သည်။

**အခမ်းအနားမှူး ကောင်းတစ်ယောက်**
**ဒေါ်သန်းသန်းသန်းဝင်း (မြန်မာ့ရုပ်သံ-ငြိမ်း)**

အခမ်းအနားမှူးကောင်းတစ်ယောက်တွင် ရှိရမည့် အဓိကအရည်အချင်းများဖြစ်သည့် သတ္တိရှိမှု၊ ကျန်းမာရေးကောင်းမွန်မှု၊ လေယူလေသိမ်းနှင့် အဖြတ်အတောက်မှန်ကန်မှု စသည့်အကြောင်းအရာများ အပြင် အခမ်းအနားမှူးကောင်းတစ်ယောက်ဖြစ်ရန် ကြိုတင်ပြင်ဆင်သင့်သည့် အကြောင်းအရာများကိုပါ ရေးသားထားသည့် စာအုပ်ဖြစ်သည်။

"အခမ်းအနားမှူးဆိုတာ မင်းတို့သိကြတဲ့အတိုင်း အင်္ဂလိပ်လို Master of Ceremony (MC) လို့ ခေါ်ကြတယ်။ မှူးဆိုတဲ့အဓိပ္ပာယ်ကို မြန်မာအဘိဓာန်မှာ နာမ်ဆိုရင် အကြီးအကဲ၊ ကြိယာဆိုရင် အကြီးအကဲပြုသည် ဦးဆောင်သည်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်။ ဒီတော့ အခမ်းအနားမှူးဆိုတာ အခမ်းအနားတစ်ခု အောင်မြင်ချောမောစွာ ပြီးမြောက်နိုင်ရေးအတွက် ဦးဆောင်သူလို့ ဆိုရပါမယ်။ တာဝန်အရှိဆုံးသူလို့ ပြောချင်ပါတယ်။ အခမ်းအနားတွေမှာသာမက အစည်းအဝေးတွေမှာပါ အခမ်းအနားမှူး လိုအပ်ပါတယ်။ အခမ်းအနားမှူးတစ်ယောက်ဟာ အခမ်းအနားတစ်ခုမှာ အခမ်းအနားမှူး MC အဖြစ် တာဝန်ယူတော့မယ်ဆိုရင် အဲဒီအခမ်းအနား အစမှ အဆုံးထိ ပြုလုပ်မည့် အစီအစဉ်ကို အသေးစိတ်သိထားဖို့ လိုအပ်ပါတယ်။ အစဆိုတာ အခမ်းအနားစတင်ဖွင့်လှစ်ကြောင်း မပြုခင်ကတည်းကကို ဆိုလိုပါတယ်။ ဥပမာ အခမ်းအနားကို တက်ရောက်မည့် အရေးကြီးဆုံးပုဂ္ဂိုလ် ဘယ်အချိန်လောက် ရောက်မှာလဲ။ ရောက်ရင် အခမ်းအနားကျင်းပမည့်နေရာကို တန်းဝင်လာမှာလား။ ဧည့်ကြိုဆောင်၊ နားနေခန်းမှာ ခဏနားပြီးမှ ခန်းမကို ဝင်လာမှာလား ဆိုတာတွေ သိအောင်လုပ်ထားရမယ်။ ဒီလိုပဲ အဆုံးအထိဆိုရာမှာလည်း အခမ်းအနား အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာအပ်ပါတယ်လို့ ပြောပြီးတဲ့အခါ စားသောက်ဖွယ်ရာများနှင့် တည်ခင်းမည့်အစီအစဉ် ရှိ၊ မရှိ၊ ဖိတ်ကြားဖို့ လို၊ မလို၊ ဖိတ်ရမယ်ဆို လူကြီးမင်းများကို ဧည့်ခံမည့်နေရာ၊ ကျန်ဧည့်သည်များကို ဧည့်ခံကျွေးမွေးမည့် နေရာတွေကို သိထားရပါမယ်။ ဒါမှလည်း ကြေညာနိုင်ပါမယ်။ ဥပမာ-ပြခန်း၊ ဓာတ်ပုံပြကွက်၊ လက်ရာပစ္စည်းများကို ကြည့်ရှုပြီးမှ စားသုံးမှာလား၊ မသုံးဆောင်မီ သို့မဟုတ် သုံးဆောင်ပြီးမှ ကြည့်ရှုမှာလားဆိုတာတွေကိုပါ သိရှိအောင် အားထုတ်ထားရပါမယ်"ဟု ရေးသားထားသည်။

စာရေးသူသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနတွင် နှစ်ပေါင်း ၃၄ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး အစီအစဉ် ကြေညာသူအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ သတင်းထုတ်လွှင့်မှု ရပ်ဆိုင်းပြတ်တောက်ခြင်း မရှိစေရန် စီမံဆောင်ရွက်နိုင်ခဲ့သူ ဖြစ်သည်။ ဌာနမှရွေးချယ်စေလွှတ်သောကြောင့် နယ်သာလန်နိုင်ငံ၊ အစ္စရေး၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကိုရီးယားနိုင်ငံများသို့ သွားရောက်၍ သင်တန်းများ၊ ဆွေးနွေးပွဲများ တက်ရောက်ခဲ့သူ ဖြစ်သည်။ လက်ရှိအချိန်တွင် နိုင်ငံတော် အခမ်းအနားများနှင့် ဖွင့်ပွဲ၊ ဂုဏ်ပြုပွဲများတွင် ဆောင်ရွက်နေဆဲဖြစ်သည်။

၂၀၁၈ ခုနှစ် ဧပြီလတွင် ရှင်မတောင်စာပေမှ ပထမအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀ ထုတ်ဝေထားပြီး တန်ဖိုးမှာ ၃၀၀၀ ကျပ်ဖြစ်သည်။

◆

www.free4readers.com

# ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အထက်တန်းလွှာတွင် ပြုလုပ်နေ၍ မဖြစ်ဘဲ ရပ်/ကျေးအဆင့်က လူများသိရန်လိုသည်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၁**

ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အထက်တန်းလွှာများတွင်သာ ပြုလုပ်နေ၍မဖြစ်ဘဲ ရပ်/ကျေးအဆင့်ပြည်သူများလည်း သိရှိရန်လိုကြောင်း လူမှုကူညီရေးအသင်းမှ ဦးအောင်မျိုးလင်းက ပြောသည်။

"ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေက အထက်တန်းလွှာတွေမှာပဲ လုပ်နေလို့ မဖြစ်ဘူး။ ရပ်/ကျေးအဆင့် ကျေးရွာအဆင့်က လူတွေသိနေဖို့ လိုတယ်။ လက်ရှိဖြစ်နေတာက ငြိမ်းချမ်းရေး လုပ်နေတယ်။ နိုင်ငံတော်အစိုးရရော၊ တိုင်းရင်းသားခေါင်းဆောင်တွေရော ပေါင်းလုပ်နေကြတယ်။ ကျွန်တော်တို့က ဒီလောက်ပဲသိနေကြတယ်။ ရပ်/ကျေးအဆင့်မှာ ကျွန်တော်တို့ မေးလိုက်တဲ့အခါကျတော့ ဒါ အစိုးရ လုပ်နေတာပဲလေ။ ဘာသိလဲ မသိတာများတယ်ဆိုတော့ ငြိမ်းချမ်းရေးကို သိမယ်ဆိုရင် လူထုခေါင်းဆောင်ကလည်း ပြောထားတယ်။ ပြည်သူလူထု ပူးပေါင်းပါဝင်ပေးပါ။ အသံတွေ ထွက်ပေးပါ။ ပြည်သူလူထုအနေနဲ့ အသံထွက်ဖို့ဆိုတာ နေရာတစ်ခု လိုလာပြီ။ သူတို့ကိုယ်တိုင် သတင်းအချက်အလက် မသိဘဲနဲ့ သူတို့က ဘာတွေကို အသံထွက်ရမှာလဲ"ဟု ၎င်းက ပြောသည်။



ဓာတ်ပုံ – ဇော်မင်းနိုင် (ဒီပဲယင်း)

စက်တင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ Orchid Hotel တွင် ပြုလုပ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် သက်ဆိုင်သော လူထုသဘောထား စစ်တမ်းအစီရင်ခံစာ မိတ်ဆက် ရှင်းလင်းပွဲတွင် ထိုသို့ပြောဆိုခြင်းဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြည်သူလူထု၏အသံများ ပါဝင်ရန်လိုသည်ဟု ပြောဆိုထားသော်လည်း လက်တွေ့စစ်တမ်းကောက်ယူရာ၌ ပြည်သူလူထုအတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းအမည်များကိုပင် သိရှိသူ နည်းပါးကြောင်း ဦးအောင်မျိုးလင်းက ထပ်မံ ပြောသည်။

"ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နေတဲ့ အဖွဲ့တွေကို မေးထားတယ်။ ကျွန်တော်တို့ မေးထားတာ NRPCကို သိသလား။ JMCရေးပေးထားတယ်၊ UPDJC ကို ရေးပေးထားတယ်။ သုံးနေရာမှာ အဖြေတွေ မတူတာ ရှိတယ်။ ထူးခြားတာက UPDJC ကို အများဆုံးသိထားတာမရှိဘူး။ ဒေါပုံမှာဖြေတာက NRPC ကို အများဆုံး သိတယ်။ အနည်းဆုံးက NCCT လို့ ပြောတယ်။ လှိုင်သာယာမှာကျတော့ မသိတာများတယ်။ ဒုတိယအသိဆုံးက NRPC၊ ကော့မှူးကျတော့ NCCTကို သိတယ်။ JMC ကိုသူတို့ မသိဘူး။ ကျွန်တော်တို့ ပြည်သူလူထုထဲမှာ ငြိမ်းချမ်းရေးကို ဖော်ဆောင်နေတဲ့ အဖွဲ့တွေကိုတောင် မသိဘူး ဖြစ်နေတယ်။ ငြိမ်းချမ်းရေးကို အစိုးရရော၊သက်ဆိုင်ရာ လက်နက်ကိုင် အဖွဲ့အစည်းတွေရော၊ ပါတီတွေရော လုပ်နေတဲ့အချိန်မှာ ပြည်သူလူထုက ငြိမ်းချမ်းရေးကို စိတ်ဝင်စားပြီး ပူးပေါင်းပါဝင်မှုရမယ်"ဟု ၎င်းက ဆိုသည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် သက်ဆိုင်သော လူထုသဘောထား စစ်တမ်းကို လှိုင်သာယာ၊ ဒေါပုံနှင့် ကော့မှူးမြို့နယ်တို့တွင် ပြုလုပ်သည့် ငြိမ်းချမ်းရေးသို့ လူထုအသံ စကားဝိုင်းများသို့ တက်ရောက်ခဲ့သည့် အခြေခံပြည်သူလူထု ၁၀၇၄ဦးကို ၂၀၁၇ခုနှစ် မတ်လ ၂၄ရက်မှ ဒီဇင်ဘာ ၂၄ ရက်အထိ ကောက်ယူထားကြောင်း သိရသည်။

စစ်တမ်းကောက်ယူသည့် ရည်ရွယ်ချက်မှာ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အခြေခံ ပြည်သူလူထု၏ နားလည်လေ့လာမှုအမြင်ကို သိရှိရန်၊ ပြည်သူလူထု၏ သိလိုသောအချက်များနှင့် အကြံပြုချက်များကို သိရှိရန်ဖြစ်ကြောင်း သိရသည်။

စစ်တမ်းကောက်ယူမှုမှ ရရှိလာသော အချက်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဦးဆောင်နေသော အဖွဲ့များကို ပေးပို့သွားမည်ဖြစ်ကြောင်း တွေ့ရှိချက်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းများ သိရှိပါက ငြိမ်းချမ်းရေးဖြစ်စဉ် ပိုမိုမြန်ဆန်လာနိုင်ကြောင်း သိရသည်။

**ကိုငှက်ခါး**

# CNG ဆိုင်များ ၂၄နာရီ ဖွင့်ပေးရန် ကုမ္ပဏီများက အစိုးရထံတောင်းဆို

**ရန်ကုန်၊ အောက်တိုဘာ ၂**

YBSယာဉ်လိုင်းကုမ္ပဏီများဘက်က CNG ဆိုင်များ ၂၄ နာရီ ဖွင့်မပေးသဖြင့် ၎င်းတို့၏ အခက်အခဲများကို အစိုးရထံ တောင်းဆိုထားသည်ဟု Power Eleven ကုမ္ပဏီဒါရိုက်တာ ကိုတရုတ်လေးက Speaker သို့ ပြောသည်။

၎င်းက "ကုမ္ပဏီအများစု တင်ပြတောင်းဆိုတာကတော့ CNG ဆိုင်တွေကို ၂၄ နာရီ ဖွင့်ပေးဖို့ပဲ။ အခုဟာက ဆိုင်အများစုက မနက် ၆ နာရီကနေ ည ၁၀နာရီအထိပဲဆိုတော့ ယာဉ်လိုင်းတွေမှာ အခက်အခဲ အများကြီးရှိနေတယ်"ဟု ပြောသည်။

စက်တင်ဘာ ၂၆ ရက်တွင် JICA တာဝန်ရှိသူများ YBS ယာဉ်လိုင်းကုမ္ပဏီပိုင်ရှင်များနှင့် YRTA က တာဝန်ရှိသူများ အလုပ်ရုံဆွေးနွေးပွဲတွင် ကုမ္ပဏီပိုင်ရှင်များဘက်က CNG ဆိုင်များ ၂၄ နာရီ ဖွင့်ပေးရန်တောင်းဆိုခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

CNG ၂၄ နာရီ မပေးနိုင်ခြင်းနှင့် ပတ်သက်ပြီး "အဓိက ဆိုင်အရေအတွက်က ဟိုးအရင်အတိုင်းပဲ ရှိတယ်။ လက်ရှိလည်း ဒီဆိုင်တွေပဲ ရှိတယ်။ နောက်ပိုင်းမှာ ကားအစီးရေက များလာတယ်။ အဲဒီတော့ CNG မှာ တန်းစီရတာများလာတော့ အဲဒီအချိန်တွေ လေလွင့်တယ်။ သူများတိုင်းပြည်တွေမှာ ကိုယ့်ယာဉ်လိုင်းတွေမှာ CNG ဆိုင်တွေ ရှိတယ်လေ။ အခုဟာက ဆိုင်တွေမှာ သွားသွားတန်းစီရတော့ အချိန်တွေလေလွင့်နေတာပေါ့"ဟု ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် "အဲဒီပွဲမှာတောင်းဆိုကြတဲ့အထဲ ယာဉ်စီးခ တိုးမြှင့်ဖို့ကတော့ ရာခိုင်နှုန်းနည်းပါတယ်။ ကတ်စနစ် အမြန်လုပ်ပေးဖို့ အခုကတ်စနစ်မလုပ်နိုင်သေးတော့ ငွေအကြွေ ပြဿနာနဲ့ ယာဉ်စီးခ အပြည့်မရတဲ့ ပြဿနာ YBSယာဉ်တိုင်း ကြုံတွေ့နေရတယ်။ အဲဒါတွေ တောင်းဆိုကြတယ်။ တာဝန်ရှိသူတွေက ဘယ်လိုလုပ်ပေးမယ်ဆိုပြီးတော့ ကတိပေးခဲ့တာ မရှိပါဘူး"ဟု ပြောသည်။

ယခင်က CNG ဆိုင်များ ၂၄နာရီ ဖွင့်လှစ်ပေးခဲ့သော်လည်း ၂၀၁၇ နိုဝင်ဘာ ၁၃ရက်ကစတင်ပြီး CNG ဆိုင်အများစုကို နံနက် ၆ နာရီမှ ည၁၀ နာရီထိသာ ဖွင့်လှစ်မည်ဟု ကြော်ငြာချက် ထုတ်ပြန်ခဲ့သည်။ ရန်ကုန်တွင် CNG ဆိုင်အရေတွင် ၄၁ဆိုင်ရှိပြီး ၎င်းတို့အနက် ၁၄ဆိုင်သာ ၂၄ နာရီ ဖွင့်ရောင်းချပေးခဲ့ပြီး ကျန် ၂၇ ဆိုင်သည် အချိန်ပြည့် ဖွင့်လှစ်ရောင်းချခြင်း မပြုလုပ်ဟု သိရသည်။

**ရွှေထီး**

# ရခိုင်အရေးသည် တစ်တိုင်းပြည်လုံးအရေးဖြစ်ခြင်းကြောင့် အားလုံး ပါဝင်ဖြေရှင်းမှုရမည်ဟု ABSDF ဗဟိုကော်မတီဥက္ကဋ္ဌ ဆို



ဓာတ်ပုံ – ဇော်မင်းနိုင် (ဒီပဲယင်း)

**ရန်ကုန်၊ အောက်တိုဘာ ၁**

ရခိုင်အရေးကိစ္စသည် တစ်တိုင်းပြည်လုံး၏ အရေးဖြစ်ခြင်းကြောင့် အားလုံးပါဝင် ဖြေရှင်းမှုရမည်ဖြစ်ကြောင်း ABSDF ဗဟိုကော်မတီဥက္ကဋ္ဌ ရဲဘော်သံခဲက ပြောသည်။

"ရခိုင်အရေးဟာ ရခိုင်အမျိုးသား အရေးတစ်ခုတည်း မဟုတ်ပါဘူး။ တစ်တိုင်းပြည်လုံးအရေး ဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံး အရေးအဖြစ်မှတ်ယူရမှာ ဖြစ်တယ်။ ရခိုင်ပြည်တည်ငြိမ်ရေး၊ လုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေးကို အဖွဲ့အစည်းတစ်ခု၊ လူမျိုးတစ်မျိုး၊ အုပ်စုတစ်စု နိုင်ငံရေးပါတီတစ်ခု၊ တစ်မတော်တစ်ခုတည်းနဲ့ ဖြေရှင်းလို့ မရနိုင်ပါဘူး။ ရခိုင်ပြည်အရေးဟာ အားလုံးရဲ့အရေး ဖြစ်ပါတယ်။ အားလုံး အကျိုးစီးပွားဖြစ်တာကြောင့် အားလုံးပါဝင် ဖြေရှင်းမှုရမယ်။ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ရခိုင်ပြည်ပြဿနာဟာ ပြဿနာလို့ ပြောနေရုံနဲ့ မပြီးဘူး။ အဖြေရှာတဲ့ နည်းလမ်းကိုလည်း လုပ်ပေးဖို့ လိုတယ်။ အတိတ်ဆိုတာ ပြန်ပြင်လို့ မရပါဘူး။ အနာဂတ်ကိုတော့ ပြင်ဆင်လို့ရတယ်။ ဒီပြဿနာတွေထဲမှာ ပါဝင်ပတ်သက်တဲ့သူ ဘယ်သူတွေလည်း၊ ဖြေရှင်းပေးရမယ့်သူတွေဟာလည်း အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ CSO၊ လူထုအခြေပြု လူမှုအဖွဲ့အစည်းများ၊ ရခိုင်ဒေသခံလူထု ဒုက္ခသည်များ၊ အိမ်နီးချင်းနိုင်ငံနဲ့ နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်ပါတယ်။ မီဒီယာကလည်း ပြဿနာကို ဖြေရှင်းနိုင်မယ့် ပုံစံတွေနဲ့ အသိပညာပေးနိုင်ရင် ကောင်းတယ်"ဟု ၎င်းကပြောသည်။

စက်တင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ Media Hotel တွင် ပြုလုပ်သော "ရခိုင်အရေး ဘယ်လိုအဖြေရှာမလဲ" ခေါင်းစဉ်ဖြင့် မဟာပညာကျော်စကားဝိုင်း ဆွေးနွေးပွဲ၌ ပြောဆိုခြင်း ဖြစ်သည်။

ရခိုင်ဒေသတွင် အတူယှဉ်တွဲနေထိုင်ရေးနှင့် ပတ်သက်၍ ဘင်္ဂါလီတိုင်းနှင့် အဆင်မပြေခြင်း မဟုတ်ကြောင်း ရှမ်းဒီမိုကရေစီအဖွဲ့ချုပ်(SNLD) အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွန့်လွင်က ပြောသည်။

"ဘင်္ဂါလီတိုင်းနဲ့တော့ ပြဿနာမဟုတ်ဘူး။ ဘင်္ဂါလီတချို့နဲ့တော့ ပြဿနာ ရှိချင်ရှိမယ်။ ဘင်္ဂါလီအားလုံးနဲ့တော့ ပြဿနာ မဟုတ်လောက်ဘူး။ ဒီလို အခြေခံတွေးရင်တော့ အဆင်ပြေနိုင်တယ်။ ဘင်္ဂါလီတိုင်းနဲ့ အဆင်မပြေဘူးလို့ တွေးရင်တော့ အဆင်မပြေနိုင်တော့ဘူး၊ အစိုးရဆို ရခိုင်တွေမပါဘူး နည်းတယ်လေ။ ဝန်ကြီးချုပ်ဆို ရခိုင်ပါတီတွေက မရဘူး။ အခြေခံဥပဒေရဲ့ အကျိုးသက်ရောက်မှုပေါ့။ ဒါတွေပြင်ရမယ်။ ဆွေးနွေးပွဲတွေလုပ်ရမယ်။ စိတ်ရှည်လက်ရှည် လုပ်ရမှာပေါ့။ စိတ်ပျက်စရာတွေတော့ အများကြီးပေါ့" ဟု ၎င်းကပြောသည်။

ရခိုင်အရေး၏ ပြဿနာအရင်းခံမှာ ဖက်ဒရယ်ပြဿနာပင်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ ဘတ်ဂျက်သည် ပြည်ထောင်စုအစိုးရဘတ်ဂျက်၏ တစ်ရာခိုင်နှုန်းပင် မရှိကြောင်း နိုင်ငံရေး လေ့လာသုံးသပ်သူ ဦးမောင်မောင်စိုးက ပြောသည်။

"ရခိုင်ပြည်ရဲ့ စီးပွားရေးက ဖွံ့ဖြိုးတိုးတက်မှု ဒုတိယအနိမ့်ဆုံးထဲမှာ ပါနေတယ်။ ရခိုင်ပြည်နယ်ရဲ့ ဘတ်ဂျက်က သုည ဒသမ ၇ ရာခိုင်နှုန်းပဲ ရှိတယ်။ ဒီလို အနေအထားမျိုးအောက်မှာ ဖက်ဒရယ်မှုအရ တန်းတူရေးအရ တိုင်းရင်းသားတွေကို ဘာပေးမလဲ။ ရခိုင်ပြည်နယ်ငပလီမှာ ဟိုတယ်တစ်လုံးဆောက်ဖို့တောင် ပြည်နယ်အစိုးရက ခွင့်ပြုပေးလို့ မရှိပါဘူး"ဟု ၎င်းကပြောသည်။

ရခိုင်ပြည်နယ်တွင် အတူတကွ နေထိုင်ရမည့် သူများကို ပြဿနာအဖြေရှာသည့် အဖွဲ့များတွင် ထည့်သွင်းသင့်ကြောင်း ရခိုင်အရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံတကာ၏ ရှုမြင်ချဉ်းကပ်ပုံမှာ လူ့အခွင့်အရေး ရှုထောင့်မှ ချဉ်းကပ်ခြင်းကို အပြစ်မဆိုသော်လည်း သမိုင်းဆိုင်ရာရှုထောင့်မှလည်း ရှုမြင်ရန်လိုကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူများက ပြောသည်။

**ကိုငှက်ခါး**

www.free4readers.com


# တစ်ပတ်တာ ကံကြမ္မာ

## ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက် မှ အောက်တိုဘာ ၁၀ ရက် အထိ

**မင်းတို့အချင်းချင်း ငြင်းခုံခိုက်ရန်ဖြစ်ပွားမည်**

၇. ၁၀. ၂၀၁၈ တနင်္ဂနွေနေ့တွင် ဗုဒ္ဓဟူးဂြိုဟ် တူရာသီသို့ ကူးပြောင်းသည်။ မီးဒဏ်၊ လေဒဏ်၊ ရေနှင့်ပတ်သက်သော အန္တရာယ်တို့ကို အထူးသတိထားရမည်။ ရာသီအပြောင်းအလဲများကြောင့် ဥတုမငြိမ်မသက်မှုများ ဖြစ်ပေါ်နိုင်သည်။ မင်းတို့အချင်းချင်း ငြင်းခုံခိုက်ရန်ဖြစ်ပွားမည်။ စစ်မက်ဖြစ်ပွားမည်။ လဆုတ် ၁၃ ရက်ဖြစ်သောကြောင့် အရာရာ သတိရှိရမည်။

၆. ၁၀. ၂၀၁၈ စနေနေ့တွင် သောကြာဂြိုဟ် နောက်ပြန်သွားခြင်း စတင်သည်။ ကုန်စည်စီးဆင်းမှုဈေးကွက် အပြောင်းအလဲရှိမည်။ ကြီးမားသော အမှုအခင်းဟောင်းများ နောက်ပြန်၊ ပြန်လည်စစ်ဆေးခြင်းများ ကြုံတွေ့မည်။

၁၀. ၁၀. ၂၀၁၈ ဗုဒ္ဓဟူးနေ့သည် သီတင်းကျွတ်လဆန်း ၁ ရက်ဖြစ်ပေရာ တစ်လတာအတွင်း ဗုဒ္ဓဟူးနံ (ယ၊ ရ၊ လ၊ ဝ) နှင့်စသော လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်း၍ အလိုရှိရာ ဆုတောင်းပြည့်စေနိုင်ပါသည်။

ဤတစ်ပတ်တာကာလအတွင်း နေ့သားအသီးသီးတို့၏ ကံကြမ္မာသည်ကား . . .

### တနင်္ဂနွေနေ့ မွေးသူများ

အရာရာအဆင်ပြေ၍ လိုလားချက် ဆန္ဒများ ပြည့်မီအောင်မြင်မည်။ ကောင်းကျိုးပြုသောသူများနှင့် တွေ့မည်။ ဂုဏ်သတင်းကျော်ကြားမည်။ ယှဉ်ပြိုင်မှု အောင်မြင်မည်။ ပညာအတတ်ကို အခြေတည်၍ အဆင့်ဆင့်တိုးတက်မည်။ အဝါရောင်ပန်းပွင့်များ လက်ဆောင်ရက အထူးကောင်းသည်။ ထိုသို့ဝင်ပြီး လာဘ်လာဘပွင့်မည်။ အရပ်တစ်ပါးမှ အတတ်ပညာများ သင်ကြားတတ်မြောက်မည်။ ပညာရေးကံ အထူးကောင်းသည်။

***ယတြာ - တနင်္ဂနွေနေ့တွင် အဝတ်အထည်ဟောင်းများ ရှာဖွေစွန့်ပစ်ပါ။***

### တနင်္လာနေ့ မွေးသူများ

အဘက်ဘက်မှ ကောင်းခြင်း၊ အလိုဆန္ဒပြည့်စုံခြင်း ကြုံမည်။ ဆိုင်းငံ့ရပ်တန့်ထားသော လုပ်ငန်းများ လုပ်ရမည်။ ဝေဖန်ပိုင်းခြား သုံးသပ်၍ အောင်မြင်မှုများ အခိုင်အမာရရှိမည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့်ပတ်သက်ဆက်နွယ်ပြီး ထူးခြားသော တိုးတက်မှုများ ရမည်။ အမှုပြဿနာများရှိက အပြီးသတ်ဆုံးဖြတ်ချက်ချရမည်။ အပြီးသတ်တွင် အနိုင်ရမည်။ ခရီးကိစ္စများ ဆိုင်းငံ့ထားရာမှ ပြန်လည်အဆင်ပြေမည်။ လိုအပ်နေသော စာရွက်စာတမ်းများ လက်ခံရရှိမည်။ ***ယတြာ - တနင်္လာနေ့တွင် ကြံရည် သောက်သုံးပါ။***

### အင်္ဂါနေ့ မွေးသူများ

အရာရာအဆင်ပြေ၍ အလိုပြည့်စုံခြင်း၊ စိတ်ချမ်းမြေ့ခြင်းများ ကြုံမည်။ စုပေါင်းတွဲဖက်လုပ်သော ကိစ္စများမှ ကောင်းသောအကျိုးဆက်များ ရမည်။ ပညာအတတ်နှင့် တက်လမ်းရမည်။ နက်နက်နဲနဲ ဆောင်ရွက်ရမည့်ကိစ္စများကို ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်ပြီး သူတစ်ပါးထက် ထွန်းပေါက်အောင် ဆောင်ရွက်နိုင်မည်။ တစ်ပါးသူနှင့်ပူးပေါင်း၍ လုပ်ကိုင်သောကိစ္စများ အထူးတိုးတက်မည်။ စမ်းတဝါးဝါးလုပ်ရင်း ထူးထူးခြားခြားအောင်မြင်မည်။

***ယတြာ - အင်္ဂါနေ့တွင် စကြာပန်း ဘုရားကပ်လှူပါ။***

### ဗုဒ္ဓဟူးနေ့ မွေးသူများ

သတိတစ်ချက်လွတ်သည်နှင့် ဖြေရှင်းရန်ခက်ခဲသော အမှုအခင်းများ ဖြစ်ပေါ်မည်။ ချောက်ကျမည်။ အပျော်အပါးဘက် စိတ်ညွတ်၍ သောကထွေပြားကိန်း ကြုံမည်။ မိုက်မိုက်မဲမဲ ဇွတ်တိုးလုပ်ကိုင်မှုကြောင့် အမှားများ တစ်မျိုးပြီးတစ်မျိုး ဖြစ်လာမည်။ အတွေးအခေါ်များနှင့် ဆောင်ရွက်မှုအလုံးစုံတို့သည် ရေရာမှုမရှိ။ ကစဥ့်ကလျားလုပ်ကိုင်နေရမည်။ အလွယ်တကူပေးလိုက်သော ကတိစကားအပေါ် ခိုင်မာအောင် လုပ်ဆောင်ရန် ခက်သည်။

***ယတြာ - ဗုဒ္ဓဟူးနေ့တွင် အမွှေးနံ့သာ အနီးအပါးတွင် ပက်ဖျန်းပါ။***

### ရာဟု(ဗုဒ္ဓဟူးမွန်းလွဲ) မွေးသူများ

အလိုပြည့်စုံခြင်းနှင့် ဘဝအခြေအနေ တိုးတက်မှုကို ရရှိမည်။ ရည်မှန်းချက်ပြည့်မည်။ နာမည်ဂုဏ်သတင်းကျော်ကြားခြင်း၊ စိတ်ချမ်းမြေ့ရခြင်း ရှိမည်။ ခရီးကိစ္စ အဆင်ပြေမည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့် ဆက်ဆံ၍ အကျိုးရှိမည်။ ဆောင်ရွက်ထားသော လုပ်ငန်းများ၊ မြှုပ်နှံထားသော ငွေကြေးများမှ ကောင်းသောအကျိုးဆက်ကောင်းများ တရစပ်ဖြစ်လာမည်။ လုပ်လိုသော ကိစ္စများ ရဲရဲလုပ်ပါ။

***ယတြာ - ဗုဒ္ဓဟူးညနေတွင် အင်္ကျီအသစ်စက်စက် ဝတ်ဆင်ပါ။***

### ကြာသပတေးနေ့ မွေးသူများ

ပြဿနာ၊ အခက်အခဲများကို ရှောင်ရှားခြင်း မပြုရ။ ထိပ်တိုက်ရင်ဆိုင်ခြင်းဖြင့် အရာရာအောင်မြင်မည်။ အကူအညီများ၊ ကမ်းလှမ်းမှုများကို လက်ခံနိုင်သည်။ ချမှတ်ထားသော ကိစ္စများကို လမ်းကြောင်းပြောင်းရန်မသင့်။ ငွေကြို၍ မြှုပ်နှံရသော ကိစ္စများအား ဆောင်ရွက်ရန်မသင့်။ စရံပေး၍ ဆောင်ရွက်ရမည့် ကိစ္စများကို ပင် မလုပ်သင့်။ ပစ္စည်းလျှောင်ခြင်း၊ ဈေးနှုန်းပြင်ဆင်ခြင်း မပြုရ။ အရှုံးပေါ်မည်။

***ယတြာ - ကြာသပတေးနေ့တွင် ဘိန်းမုန့် ဆွမ်းတော်ကပ်ပါ။***

### သောကြာနေ့ မွေးသူများ

အရာရာအဆင်ပြေခြင်းနှင့် ကောင်းသောဖြစ်ထွန်းမှုများ ကြုံတွေ့ရမည်။ ခက်ခက်ခဲခဲ ဖြတ်သန်းရမည်ဟု ထင်မှတ်ထားသည့် နေ့ရက်များကို အဆင်ပြေချမ်းမြေ့စွာ ကျော်လွှားနိုင်မည်။ အများသူငါနှင့်မတူသော ဆုံးဖြတ်ချက်တစ်ခုအား သီးသန့်ဆောင်ရွက်နိုင်မည်။ ခရီးသွား၍ အကျိုးရှိမည်။ မရောက်ဖူးသော အရပ်ဒေသများသို့ ရောက်ရှိမည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းရမည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့် ပတ်သက်သောအကျိုးပေးမည်။

***ယတြာ - သောကြာနေ့တွင် သာကူသောက်သုံးပါ။***

### စနေနေ့ မွေးသူများ

အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်၍ လုပ်ငန်းသစ်များ ဆောင်ရွက်ရင်း ပဋိပက္ခများနှင့် ကြုံမည်။ အနှောင့်အယှက်ပေးသူနှင့် ကြုံမည်။ ရန်အနှောင့်အယှက်များနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများ သတိနှင့်ကိုင်တွယ်ရမည်။ အရှိန်အဟုန်ပြင်းစွာ စနစ်တကျလုပ်ထားသော ကိစ္စများကို တစ်ပါးသူလက်သို့ လွှဲအပ်လုပ်ကိုင်ရမည်။ မလိုအပ်ဘဲ ငွေကြေးအကုန်အကျများမည်။

***ယတြာ - စနေနေ့တွင် ဒန်းညွန့် ဘုရားကပ်လှူပါ။***

*ချမ်းမြေ့မေတ္တာတုံ့ပြန်ပါသည်။*
*စံ-ဇာဏီဘို*

# BOT စနစ်ဖြင့် ဆောင်ရွက်နေသော တွံတေး–ဒလ– ကော့မှူး– ကွမ်းခြံကုန်း– ဒေးဒရဲလမ်းပိုင်း နိုင်ငံတော်က ပြန်သိမ်းမယ်ဆိုရင် လက်ပြပြီးတော့ ပြန်ပေးမည်ဟု ဇေကမ္ဘာကုမ္ပဏီ ဆို

**ရန်ကုန်၊ အောက်တိုဘာ ၁**

ဇေကမ္ဘာကုမ္ပဏီမှ စီးပွားရေးအကျပ်အတည်းများ ရှိသော်လည်း ထပ်မံ၍ FDI ရင်းနှီးမြှုပ်နှံမှု နှစ်ဘီလီယံ ထပ်မံမြှုပ်နှံမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးခင်ရွှေက ပြောသည်။

"စီးပွားရေးနဲ့ ပတ်သက်လို့ကတော့ မြရိပ်ညို ဟိုတယ်မှာ သန်း ၅၀၀ စီမံကိန်းလုပ်ဆောင်ဖို့ ရှိတယ်။ နောက် မင်္ဂလာဒုံဥယျာဉ်မှာ ဈေးကြီးဆောက်ဖို့ ရှိတယ်။ အဲ့ဒါကို တွက်လိုက်တာက သိန်း ၇၀၀၊ အခုတွက်လိုက်တာက သန်း ၁၂၀၀ ဖြစ်သွားတယ်။ ဒါကိုလည်း MIC တင်ထားပြီးဖြစ်ပါတယ်။ နောက်တစ်ခုက ကျိုက်မရောမှာ ဘိလပ်မြေစက်ရုံပါ။ ဦးတို့နိုင်ငံမှာ ဘိလပ်မြေသုံးတာက ခုနစ်သန်း၊ ရှစ်သန်း သုံးတယ်။ ထုတ်တာက သုံးသန်းလောက်ပဲ ထုတ်တယ်။ လေးသန်းလောက်က ပြည်ပက ဝယ်ရတယ်။ ကိုယ်ပိုင်ထုတ်ရင် တစ်တန်ကို ဒေါ်လာ ၃၀၊ ၄၀ ပဲ ကျတယ်။ အပြင်ကဝယ်ရင် တစ်တန်ကို ဒေါ်လာ ၁၀၀ လောက်ကျတယ်။ ဒါကြောင့်ကိုယ့်ဘာသာ ကိုယ်ထုတ်ဖို့အတွက် ဦးတို့နဲ့ ကိုရီးယားကိုချိတ်တယ်။ အခုမကြာခင်မှာ ကန်ထရိုက်ပေးလိုက်ပြီ၊ နိုဝင်ဘာ၊ ဒီဇင်ဘာမှာ ဒီစီမံကိန်းစမယ်။ ပြောရရင် ဦးလက်ထဲမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက နှစ်ဘီလီယံလောက် ရှိတယ်။ ကျန်တာတွေလည်း ရှိပါတယ်။ အကျပ်အတည်းတွေကြားကတော့ စီးပွားရေးလုပ်ငန်းများကိုတော့ လုပ်ကိုင်ဆောင်ရွက်နေဆဲပါ"ဟု ၎င်းက ပြောကြားခဲ့သည်။

ထို့အပြင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမှ ဇေကမ္ဘာမှ BOT လုပ်ကိုင်ဆောင်ရွက်နေသည့် တွံတေး-ဒလ-ကော့မှူး- ကွမ်းခြံကုန်း- ဒေးဒရဲ (၃၄/၇)မိုင် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအား လွှတ်တော်တွင် ဆွေးနွေးနေမှုများရှိကြောင်း၊ ဇေကမ္ဘာမှ BOTစနစ်ဖြင့် လုပ်ကိုင်ရာတွင် ၂၀၀၈ နာဂစ်ဖြစ်ပြီး နောက်ပိုင်းတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"လမ်းနဲ့ ပတ်သက်လို့ အခုပြဿနာတက်နေလည်း ပြုပြင်နေဆဲပါ။ တစ်ပေါက်ပေါက်၊ တစ်ပေါက်ဖာစနစ်နဲ့ သွားပါတယ်။ သွားတာတောင် ပြုပြင်လို့မမီဘူး။ အထူးသဖြင့် ၁၀ မိုင်ပါ။ ပြန်ပြီးတော့ ဖာနေရတယ်။ နိုင်ငံတော်က ပြန်သိမ်းမယ်ဆိုရင် လက်ပြပြီးတော့ ပြန်ပေးမယ်။ တစ်ခုပဲ ဦးပြောချင်တာက တစ်ဝက်လောက်တော့ ပြန်ပေးပါ။ ဦး ပိုက်ဆံအရမ်းကုန်ထားတယ်။ လတိုင်းလည်း ကုန်ကျစရိတ်တွေကို စာရင်းလုပ်ပြီးတော့ တင်ထားတယ်။ ဘယ်လမှာ ဘယ်လောက်ကုန်တယ်ဆိုတာ စာရင်းရှိပါတယ်။ အဲ့ဒီထဲက တစ်ဝက်ကိုပဲ ပြန်ပေးစေချင်တာပါ။ လက်ရှိကုန်တာက စလုပ်ပြီးကတည်းက ၁၇ ဘီလီယံနဲ့ အတိုးရှုံးနေပါတယ်။ ရတဲ့ ပိုက်ဆံက အတိုးရဲ့ ၂၀ ရာခိုင်နှုန်းပဲပြန်ရတယ်"ဟု ၎င်းက ပြောသည်။

လုပ်ငန်းများ အကျပ်အတည်း ဖြစ်သောကြောင့် ယခင်က ဝန်ထမ်းပေါင်း သောင်းနှင့်ချီရှိရာ ယခုအခါတွင် ဝန်ထမ်းပေါင်း ၂၀၀၀ ခန့်ရှိကြောင်း၊ အဆိုပါလမ်းပိုင်းနှင့် ပတ်သက်၍ အစိုးရအား Thirt ပါတီ ဖွဲ့၍ စစ်ဆေးပေးရန် တောင်းဆိုထားကြောင်း သိရသည်။

ထက်သာခိုင်

# လေးကျွန်းသူဖောင်ဒေးရှင်းမှ ဒုတိယအကြိမ် အသင်းသူသစ်များအား ကြိုဆိုပွဲကျင်းပ

**ရန်ကုန်၊ စက်တင်ဘာ ၃၀**

လေးကျွန်းသူဖောင်ဒေးရှင်းမှ ဒုတိယအကြိမ် အသင်းသားစုံညီ အစည်းအဝေးနှင့် အသင်းသူသစ်များအား ကြိုဆိုပွဲကို စက်တင်ဘာ ၃၀ ရက်တွင် နိုဗိုတယ် ဟိုတယ်၌ ကျင်းပခဲ့သည်။

"လေးကျွန်းသူဖောင်ဒေးရှင်းမှာက ရာသက်ပန်အသင်းသူတွေလည်း ရှိပါတယ်။ လေးကျွန်းသူဖောင်ဒေးရှင်းက သာသနာရေးကို အဓိကထားပြီးတော့ လူသားချင်း စာနာတဲ့အနေနဲ့ ပရဟိတလုပ်ငန်းတွေကိုလည်း လုပ်ပါတယ်။ အသင်းကို စတင်တည်ထောင်တာက သာသနာရေးကို အထောက်အပံ့ဖြစ်အောင်၊ လူသားချင်းစာနာတဲ့ စိတ်၊ မိခင်စိတ်တွေရှိတဲ့အတွက် ပရဟိတလုပ်ငန်းတွေလုပ်ချင်တဲ့အတွက် တည်ထောင်ထားတာဖြစ်ပါတယ်"ဟု ဖောင်ဒေးရှင်းနာယက က ဆိုသည်။

လေးကျွန်းသူ ဖောင်ဒေးရှင်အား ၂၀၁၅ မှ စတင်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ယခုအခါတွင် သုံးနှစ်တာကာလသို့ ရောက်ရှိပြီဖြစ်ကြောင်း၊ ၂၀၁၅ ကစပြီးတော့ ရေဘေးတွေမှာလည်း ပါဝင်လှူဒါန်းကာ ယခုနှစ်တွင်လည်း ပါဝင်လှူဒါန်းမှုများရှိကြောင်း၊ ထို့အပြင် တောင်ကြီးနှင့်နေပြည်တော်တွင်လည်း မျက်စိခွဲစိတ်မှုလုပ်ငန်းများအား လုပ်ဆောင်ပေးခဲ့ကြောင်း၊ ထို့အပြင် ကရင်ပြည်နယ်ဘက်မှ ကလေးများအများဆုံးရှိသည့် သီလရှင်များကိုလည်း ဆန်အိပ်များလှူဒါန်းမှုများရှိကြောင်း၊ အသင်းသားအနေဖြင့် တစ်ရာကျော်ရှိပြီးဖြစ်ကြောင်း သိရသည်။

# ဩစတြေးလျအစိုးရတက္ကသိုလ် James cook University Singapore တွင် မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများ တစ်နှစ်လျှင် ၇၀ ခန့် တက်ရောက်လျက်ရှိ

**ရန်ကုန်၊ အောက်တိုဘာ ၂**

ဩစတြေးလျအစိုးရတက္ကသိုလ် James cook University Singapore တွင် မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများ တစ်နှစ်လျှင် ၇၀ ခန့် တက်ရောက်လျက်ရှိကြောင်း မြန်မာနိုင်ငံမှ ကိုယ်စားလှယ် မစန်းသူဇာမြိုင်က ပြောကြားခဲ့သည်။

"အစ်မတို့ကအနေနဲ့ကတော့ အိုင်တီနည်းပညာဆိုင်ရာမှာ အဓိကကျတဲ့ Blockchains နဲ့ ပတ်သက်လို့ အသိပညာတွေကို မြန်မာနိုင်ငံမှာရှိတဲ့ အိုင်တီကို စိတ်ပါဝင်စားတဲ့ ကျောင်းသားတွေအတွက် လာပြီးတော့ အသိပညာနှီးနှောဖလှယ်ပေးတဲ့အနေနဲ့ ဆွေးနွေးပွဲလုပ်ပေးတာပါ။ ကျောင်းတက်ရောက်မယ့် ကလေးတွေအနေနဲ့ကတော့ အဓိကပြောချင်တာက အင်္ဂလိပ်စာနဲ့ ပတ်သက်ပြီးတော့ တောင်းတယ်။ ကျောင်းသားတွေအနေနဲ့ ကြိုတင်ပြင်ဆင်ထားသင့်တယ်။ လက်ရှိတက်ရောက်နေသည့် ကျောင်းသားများမှာ တစ်နှစ်လျှင် ၇၀ မှ ၁၂၀ ကြား ရှိပါတယ်။ ကျောင်းသားတွေကတော့ အိုင်တီနဲ့ စီးပွားရေးကို အတက်များပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

အဆိုပါကျောင်းတွင် တက်ရောက်မည့် ကျောင်းသားများမှာ အနိမ့်ဆုံး ၁၀ တန်းအောင်ရမည် ဖြစ်ပြီး အင်္ဂလိပ်စာတွင် အမှတ်ကောင်းရမည်ဖြစ်ကြောင်း၊ အဆိုပါကျောင်းသည် ဩစတြေးလျတွင် ရှိသလို စင်ကာပူနိုင်ငံတွင်လည်း တက်ရောက်နိုင်ကြောင်း၊ ကျောင်းဖွင့်ချိန်တွင် ကျောင်းလျှောက်ထားသော ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးအနေဖြင့် စင်ကာပူဒေါ်လာ ၁၀၀၀ မှ ၅၀၀၀ အထိနှင့် ကျောင်းဝင်ကြေး စင်ကာပူဒေါ်လာ ၂၅၀ ကင်းလွတ်ခွင့်နှင့် စင်ကာပူနိုင်ငံသို့ သွားရောက်ပညာသင်ကြားမည့်သူများအတွက် ကျန်းမာရေးဆေးစစ်မှု အခမဲ့ခံစားခွင့်များကို MSI တွင်ရယူနိုင်ကြောင်း သိရသည်။

ဩစတြေးလျအစိုးရတက္ကသိုလ် James cook University Singaporeကျောင်းတွင် နိုင်ငံတကာ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ထောက်ပံ့လမ်းညွှန်မှုများရရှိခြင်း၊ ပြည့်စုံသော သင်ထောက်ကူပစ္စည်းများနှင့် နိုင်ငံတကာအဆင့်မီ သင်ယူမှုနည်းပညာအရင်းအမြစ်များဖြင့် သင်ကြားနိုင်ခြင်းအပြင် ဩစတြေးလျအစိုးရတက္ကသိုလ်သည် G to G ချိတ်ဆက်ထားသည့်အတွက် နိုင်ငံတကာတွင် ရှိသည့် ကျောင်းပေါင်း ၆၀ ကျော်တွင် တက်ရောက်နိုင်ကြောင်း၊ နိုင်ငံများအနေဖြင့် US၊ UK၊ ဟောင်ကောင် စသည့်နိုင်ငံများ ဖြစ်ကြောင်း သိရသည်။

ထက်သာခိုင်

# ကျွန်တော်တို့ရဲ့ ပြိုင်ဘက်ပါတီတွေအားလုံးကို ရိုးရိုးသားသား ယှဉ်ပြိုင်စေချင်ပါတယ်

## NLD ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်နှင့် တွေ့ဆုံခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို နုတ်ထွက်ခွင့်ပြုပြီးနောက် ပါတီအတွင်း၌ ဒီမိုကရေစီဆိတ်သုဉ်းမှုများ ဖြစ်ပေါ်နေပြီဟု ဝေဖန်မှုများထွက်ပေါ်လာခဲ့သည်။ ထို့ပြင် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီ၏ လက်ရှိဆောင်ရွက်နေပုံများနှင့် ၂၀၂၀ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပုံကို သိရှိနိုင်ရန်အတွက် ပါတီ၏ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်နှင့် မေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။

– နန္ဒမျိုးဆောင် –



ဓာတ်ပုံ-ဇော်မင်းနိုင်(ဒီပဲယင်း)

**Speaker ။** ။ NLD ပါတီကို လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက သူတို့နုတ်ထွက်ရတာ လစာဖြတ်လို့ မဟုတ်ဘဲ လွှတ်တော်မှာ အဆိုတင်တဲ့အခါ အရက်ပုလင်းပေးမှ အဆိုတင်လို့ရတယ်တို့၊ နောက်တစ်ခါ ပါတီမှာ မူဝါဒက အရေးမကြီးဘဲ လူဝါဒတွေ လွှမ်းမိုးနေတယ်လို့ ပြောဆိုတာတွေနဲ့ ပတ်သက်ပြီး အန်ကယ့်အနေနဲ့ ဘာများပြောချင်ပါသလဲ။

**DR.MN ။** ။ နံပါတ် တစ်အချက်က ကျွန်တော်တို့က သူတို့ကို ထုတ်တာမဟုတ်ပါဘူး။ သူတို့က နုတ်ထွက်ခွင့်တင်လို့ ကျွန်တော်တို့က နုတ်ထွက်ခွင့်ပြုလိုက်တာပါ။ နံပါတ်နှစ်အချက်အနေနဲ့ သူတို့က နုတ်ထွက်တာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ကို အမျိုးမျိုးပြောပါလိမ့်မယ်။ ဒီအပေါ်မှာ ကျွန်တော်တို့အနေနဲ့ တစ်ချက်ခြင်း ပြန်လည်ရှင်းလင်းမှာ မဟုတ်ပါဘူး။ အဲဒီလို ပြောမယ်ဆိုရင် ကျွန်တော်တို့က ပါတီအတွင်းရေးတွေကိုပါ ချပြီးပြောရမယ့် သဘောဖြစ်နေပါတယ်။ ဒါကြောင့်မို့ မပြောပါဘူး။ ကျွန်တော်တို့က စည်းနဲ့ကမ်းနဲ့ လုပ်နေပါတယ်။ သေချာတာတစ်ခုကတော့ သူတို့တွေက စည်းနဲ့ကမ်းနဲ့ မလုပ်ချင်ပါဘူး။ မလုပ်နိုင်ပါဘူး။ အဲဒီအတွက် သူတို့စာတင်တယ်။ အကြောင်းကြောင်းတွေကို ထောက်ပြီးတော့ ကျွန်တော်တို့ လက်ခံလိုက်ပါတယ်။

**Speaker ။** ။ သူတို့စာတင်ထားတာ ကြာပြီလို့ပြောပါတယ်။ အန်ကယ်တို့က အချိန်ယူပြီး စိစစ်ခဲ့တယ်လို့ သိရပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ ပြောပြပေးပါဦး။

**DR.MN ။** ။ ကျွန်တော်တို့ကတော့ ဖြစ်နိုင်ရင် ကိုယ့်လူတွေကို မထုတ်ချင်ပါဘူး။ ဒါပေမဲ့ သူတို့က ဆက်ပြီးမလုပ်ချင်တဲ့ သဘောမျိုးလေးတွေ တွေ့နေရလို့ပါ။ ကျွန်တော်တို့ရဲ့ လုပ်ထုံးလုပ်နည်းတွေကို သူတို့အနေနဲ့ မနှစ်သက်တဲ့သဘောမျိုး တွေ့ရလို့ လက်ခံလိုက်တာပါ။

**Speaker ။** ။ NLD ပါတီထဲကို တချို့လူတွေက နေရာရမလားဆိုပြီး ဝင်လာကြတယ်။ ဒါပေမဲ့ တကယ်နေရာမရတဲ့အခါကျတော့ ကန့်လန့်တိုက်တာတွေ လုပ်လာကြတယ်။ အဲဒီလိုလူတွေကိုရော ဘယ်လိုဆောင်ရွက်သွားဖို့ ရှိပါသလဲ။

**DR.MN ။** ။ ဒါတွေက ဘယ်အဖွဲ့အစည်းမဆို ရှိပါတယ်။ စည်းကမ်းထိန်းသိမ်းရေးကို ပိုပြီး စနစ်တကျလုပ်နိုင်လေ ပါတီကို အောင်မြင်အောင် လုပ်နိုင်လေပါပဲ။

**Speaker ။** ။ အခုလာမယ့် ကြားဖြတ်ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ တချို့ပါတီတွေက ရွေးကောက်ပွဲ ကော်မရှင်အနေနဲ့ NLD ပါတီအပေါ်မှာ ဘက်လိုက်မှုတွေ ရှိတယ်ဆိုပြီး ပြောကြ၊ ဆိုကြတာ ရှိပါတယ်။ မဲဆွယ်တဲ့အခါမှာလည်း သမ္မတဦးဝင်းမြင့်တို့၊ ဒေါ်အောင်ဆန်းစုကြည်တို့ ဓာတ်ပုံတွေကို သုံးပြီး မဲဆွယ်တာဟာ ဥပဒေနဲ့မညီဘူး ဆိုပြီး ပြောကြဆိုကြတာတွေ ရှိပါတယ်။ ဒါနဲ့ ပတ်သက်လို့ ဘာပြောချင်လဲ။

**DR.MN ။** ။ ရွေးကောက်ပွဲ ကော်မရှင်ကို လက်ရှိအစိုးရ ကန့်ကွက်ခွင့် ပြုတာဟာ အရင်လူတွေဦးဆောင်ပြီး ရေးဆွဲခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြစ်ပါတယ်။ ဒါကို ကျော်လွန်ပြီး လုပ်လို့လည်း မရပါဘူး။ သို့သော် ကျွန်တော်တို့ဟာ ရွေးကောက်ပွဲ ဥပဒေနဲ့အညီ လုပ်ကိုင်ဖို့ပဲ ကြိုးစားပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်ကလည်း အခုလာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ဘယ်ပါတီကိုမှ မျက်နှာ မလိုက်ဘဲ တိတိကျကျလုပ်ဖို့ ရွေးကောက်ပွဲကော်မရှင်ကို ညွှန်ကြားထားပါတယ်။ ကျွန်တော်တို့ရဲ့ ပါတီဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌပုံတွေကို လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရဲ့ မဲဆွယ်တဲ့နေရာမှာ သုံးတာဟာ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌဖြစ်တဲ့အတွက် သုံးတာပါ။ တစ်ချိန်တုန်းက အခုစွပ်စွဲတဲ့သူတွေကိုယ်တိုင် သုံးလည်း သုံးခဲ့ပါတယ်။ ကိုယ်တိုင်ရာထူးရှိနေတဲ့ အချိန်အတွင်းမှာ မဲဆန္ဒနယ်တွေကို လှည့်လည်ခဲ့တာတွေလည်း ရှိပါတယ်။ ဒါကို အခုသမ္မတဖြစ်နေတဲ့ ဦးဝင်းမြင့်ကလည်း ကန့်ကွက်ခဲ့ဖူးပါတယ်။ ကျွန်တော်တို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကလည်း ရွေးကောက်ပွဲကော်မရှင်ကို ကန့်ကွက်ခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းက ဒီကိစ္စတွေဟာ ဥပဒေနဲ့ညီတယ်လို့ သူတို့တုံ့ပြန်ခဲ့ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့က လုပ်နည်းဟောင်းရှိတဲ့အတွက် လုပ်ပိုင်ခွင့်ရှိတယ်ဆိုပြီး လုပ်နေတာပါ။ အခွင့်အရေးတွေကို ကျွန်တော်တို့သက်သက်မှ ပိုပြီး ယူတာမဟုတ်ပါဘူး။

**Speaker ။** ။ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ဘယ်နှရာခိုင်နှုန်းလောက် အနိုင်ရရှိမယ်လို့ မျှော်လင့်ပါသလဲ။

**DR.MN ။** ။ ကျွန်တော်တို့က ပြိုင်တယ်ဆိုကတည်းက တစ်ရာရာခိုင်နှုန်း နိုင်ရမယ်ဆိုတဲ့ စိတ်နဲ့ ပြိုင်ပါတယ်။ ပြည်သူတွေဟာ ကျွန်တော်တို့ အဖွဲ့ချုပ်အပေါ်မှာ စေတနာထားတယ်၊ စာနာတယ်ဆိုတာ ကျွန်တော်တို့ လုံးဝယုံကြည်ပါတယ်။ သို့သော် အမျိုးမျိုးသော သတင်းတွေ ထွက်ပေါ်နေတဲ့အတွက် အချို့ကိစ္စတွေမှာ ဖြေရှင်းစရာလေးတော့ ရှိပါတယ်။ ကျွန်တော်တို့က မဲဆွယ်စည်းရုံးရင်းနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေး အခြေအနေတွေ၊ စီးပွားရေးအခြေအနေတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ပြည်သူတွေကို တင်ပြရှင်းလင်း သွားပါမယ်။ ဒီဟာတွေဟာ ကျွန်တော်တို့ အဖွဲ့ချုပ်အမှန်တကယ် ရင်ဆိုင်နေရတဲ့ အခက်အခဲတွေ မှန်းသိရင် ကျွန်တော်တို့ အဖွဲ့ချုပ်ကို ထိထိရောက်ရောက် တက်တက်ကြွကြွ ထောက်ခံလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**Speaker ။** ။ ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်လောင်းတွေကိုရော ကျေနပ်မှုရှိရဲ့လား။

**DR.MN ။** ။ ကျွန်တော်တို့ ရွေးချယ်တဲ့မှုတွေကတော့ ဒေသခံတွေကို ဦးစားပေးတဲ့မှုဖြစ်ပါတယ်။ အောက်ခြေက တင်ပြလာတဲ့ စာရင်းတွေအနက်ကမှ တိုင်းနဲ့ပြည်နယ် အလုပ်အမှုဆောင်အဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က စိစစ်ရွေးချယ်တာပါ။ ဒီနေရာမှာ မေးစရာ မြန်းစရာ ကိစ္စတွေ ပေါ်လာရင် သက်ဆိုင်ရာ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ကို ခေါ်ယူမေးမြန်းပြီးတော့ အတည်ပြုပါတယ်။

**Speaker ။** ။ တိုင်းရင်းသားဒေသတွေမှာ NLD အနေနဲ့ အနိုင်ရရှိဖို့ ခက်ခဲနိုင်တယ်ဆိုပြီးတော့ ပြောဆိုနေကြတာနဲ့ ပတ်သက်လို့ ဘာပြောချင်ပါလဲ။

**DR.MN ။** ။ တိုင်းရင်းသားဒေသတွေမှာ အောင်မြင်မှု နည်းပါးတာဟာ ရွေးကောက်ပွဲ အစဉ်အဆက် ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို နားလည်လာအောင် ရှင်းပြရင်းနဲ့ အောင်မြင်မှုရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**Speaker ။** ။ ၂၀၂၀ ရွေးကောက်ပွဲအတွက် ဘာတွေ ပြင်ဆင်ထားပါလဲ။

**DR.MN ။** ။ ကျွန်တော်တို့ပါတီအတွင်းမှာ ပိုပြီးတော့ ကျစ်လျစ်ခိုင်မာအောင်၊ အရည်အချင်းတွေ တိုးတက်လာအောင် လုပ်ဆောင်နေတာဟာ ၂၀၂၀ အတွက် ပြင်ဆင်နေခြင်းတစ်မျိုးပါပဲ။ ပြည်သူတွေကို လက်ရှိရင်ဆိုင်နေရတဲ့ နိုင်ငံရေး၊ စီးပွားရေး အခြေအနေတွေနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားရင်းနဲ့ စည်းရုံးနေပါတယ်။

**Speaker ။** ။ ပြည်ခိုင်ဖြိုးပါတီရဲ့ စည်းရုံးရေးလှုပ်ရှားမှုတွေကလည်း အားကောင်းလာတာတွေ့ရပါတယ်။ အဲဒီအတွက် ဆရာတို့အနေနဲ့ စိုးရိမ်ပူပန်မှုဖြစ်တာ ရှိပါသလား။

**DR.MN ။** ။ ကျွန်တော်တို့ အနေနဲ့ ဘယ်ပါတီကိုမှ အထင်သေးခြင်း မရှိပါဘူး။ ကျွန်တော်တို့ရဲ့ ပြိုင်ဘက် ပါတီတွေအားလုံးကို ရိုးရိုးသားသား ယှဉ်ပြိုင်စေချင်ပါတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ မမှန်မကန်တဲ့ နည်းတွေနဲ့ အောင်မြင်မှုရရှိဖို့ထက် ရိုးရိုးသားသားယှဉ်ပြိုင်ပြီး ရှုံးနိမ့်တာကို ပိုပြီး တန်ဖိုးထားပါတယ်။ တခြားပါတီတွေကိုလည်း အဲဒီလိုပဲ ယှဉ်ပြိုင်စေချင်ပါတယ်။

**ကျေးဇူးတင်ပါတယ်ခင်ဗျာ။**



www.free4readers.com

# 1Stop Mart ဆိုင်တွင် ဝင်ရောက်ခိုးသွားသည့် လူငယ်လေးဦးကို ဖမ်းပေးနိုင်လျှင် ကျပ်သိန်း ၂၀ ဆု ချီးမြှင့်မည်ဟု ကြေညာ

ရန်ကုန်၊ အောက်တိုဘာ ၂

1Stop Mart ဆိုင်အတွင်း အုပ်စုလိုက်ဝင်၍ ပစ္စည်းခိုးယူခဲ့သည့် လူငယ်လေးဦးအား ဖမ်းဆီးပေးနိုင်သူကို ကျပ်သိန်း ၂၀ ချီးမြှင့်မည်ဟု 1Stop Mart ဆိုင်မှ တာဝန်ရှိသူ ကိုအောင်မောင်းက Speaker သို့ ပြောသည်။

ယင်းနှင့်ပတ်သက်ပြီး "ကျွန်တော်တို့ ရဲစခန်းမှာလည်း အမှုဖွင့်ထားပါတယ်။ အခိုးခံရတာကတော့ မြို့နယ်တော်တော်များများ 1Stop Mart တွေမှာ အခိုးခံနေရတယ်။ အခုကြေညာထားတဲ့သူတွေကလည်း ခဏခဏ ခိုးနေတဲ့သူတွေဖြစ်လို့ သူတို့ကို ဖော်ထုတ်ပေးနိုင်တဲ့သူကို သိန်းနှစ်ဆယ် ချီးမြှင့်မယ်လို့ ကျွန်တော်တို့ဘက်က ကြေညာလိုက်တာပါ"ဟုပြောသည်။

1Stop Mart ဆိုင်များသည် ၂၄ နာရီ ဖွင့်လှစ်ရောင်းချသည့် အစားအသောက်ကုန်မျိုးစုံ ရောင်းချသည့်ဆိုင်များဖြစ်ပြီး လက်ရှိအချိန်တွင် မကြာခဏ ခိုးယူခံရခြင်းများ ကြုံတွေ့နေရသောကြောင့် အများပြည်သူများအနေဖြင့် မသမာသည့် ခိုးယူသူများကို ပူးပေါင်းဖော်ထုတ်ပေးရန် အကူအညီတောင်းခံသည်ဟု ဆိုသည်။

ယခု သိန်း ၂၀ ပေးမည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည့် ခိုးသူများသည် စက်တင်ဘာ ၂၈ ရက်က ခိုးယူသွားသူများဖြစ်ပြီး ၎င်းတို့ကိုတွေ့ရှိပါက ၀၉-၇၉၉၇၁၆၇၀၃ သို့ ဆက်သွယ်အကြောင်းကြားပေးရန်လည်း မေတ္တာရပ်ခံထားသည်။

ရွှေထီး




# လူမှုဖူလုံရေး ရန်ပုံငွေအရ အကျိုးခံစားခွင့် မရှိသည့် စည်ပင်လုပ်ငန်းပြ အလုပ်သမားများ ထိခိုက် သေဆုံးခြင်းတို့အတွက် လျော်ကြေး ထောက်ပံ့နိုင်ရေးအတွက် ဆောင်ရွက်နေဟုဆို



လူမှုဖူလုံရေးဥပဒေ၊ နည်းဥပဒေများအရ လူမှုဖူလုံရေးရန်ပုံငွေနှင့် အကျိုးခံစားခွင့်မရှိသည့် စည်ပင်တွင် တာဝန်ထမ်းဆောင်နေသော လုပ်ငန်းပြအလုပ်သမားများ တာဝန်ချိန်အတွင်း လုပ်ငန်းကို အကြောင်းပြု၍ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်း၊ နာတာရှည်ရောဂါစွဲကပ်ခြင်းနှင့် အလုပ်လုပ်နိုင်သည့် အင်အားဆုံးရှုံးခြင်းတို့အတွက် လျော်ကြေးပေးအပ် ထောက်ပံ့နိုင်ရေးအတွက် မူဝါဒတစ်ရပ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောသည်။

"မူဝါဒ ရေးဆွဲထုတ်ပြန်ပြီးနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သန့်ရှင်းရေးဌာနမှ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရ/သေဆုံးခဲ့တဲ့ လုပ်ငန်းပြအလုပ်သမားတွေအတွက် လျော်ကြေးထောက်ပံ့မှုအဖြစ် ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်မှာ သေဆုံးသူ သုံးဦး၊ ထိခိုက်ဒဏ်ရာရ နှစ်ဦး၊ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်မှာ သေဆုံးသူ တစ်ဦး၊ ထိခိုက်ဒဏ်ရာရ သုံးဦး၊ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှာ သေဆုံးသူ နှစ်ဦး၊ ထိခိုက်ဒဏ်ရာရ နှစ်ဦး စုစုပေါင်း ၁၃ ဦးအား ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာဌာနများကလည်း ဌာနအစီအစဉ်ဖြင့် ဂရုဏာ ကြေးပေးအပ်ခြင်း၊ ကျန်ရစ်သော မိသားစုဝင်တွေကို ကြည့်ရှုစောင့်ရှောက်ပေးခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

ဆက်လက်၍ "တာမွေမြို့နယ်မှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ WA လုပ်သား ဦးမြင့်ငွေ(ဘ) ဦးနီပွန်၊ နိုင်ငံသားစိစစ်ရေးအမှတ် (၁၄ /ပသန (နိုင်) ၀၃၈၂၅၀) အသက်(၄၆)နှစ်က ၁၉. ၈. ၂၀၁၈ ရက်မှာ တာဝန်ထမ်းဆောင်းရင်း သစ်ပင်ပေါ်မှလိမ့်ကျသေဆုံးမှုဖြစ်ပေါ်ခဲ့တာကြောင့် တာဝန်ချိန်အတွင်း မတော်တဆဖြစ်မှုအပေါ် သေဆုံးရတဲ့အတွက် လျော်ကြေးထောက်ပံ့နိုင်ရေး မူဝါဒအရ ၎င်းရဲ့ အစဉ်အလိုက် အကျိုးခံစားခွင့်ပြုနိုင်သူတွေကို ထောက်ပံ့ပေးအပ်ရမှာဖြစ်တဲ့အတွက် ဇနီးဖြစ်သူကို ဦးမြင့်ငွေ မသေဆုံးမီ သုံးလအတွင်း လက်ရှိရရှိနေတဲ့ နေ့တွက်စရိတ် ပျမ်းမျှလစာရဲ့ (၂၀)ဆ ငွေကျပ် ၂၁၆၀၀၀၀ကို ကော်မတီအနေနဲ့ ၁၆. ၉. ၂၀၁၈ ရက်မှာ ဦးမြင့်ငွေရဲ့ ဇနီးဖြစ်သူ ဒေါ်ကျင်ဝိုင်းကို လျော်ကြေးငွေ ထောက်ပံ့ပေးအပ်ခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

အောက်တိုဘာ ၂ ရက်က ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းက"ရန်ကုန်တိုင်းအတွင်းရှိ အခြေခံဝန်ထမ်းများသည် လုပ်ငန်းခွင်တွင် အလုပ်လုပ်ရင်း ထိခိုက်ဒဏ်ရာကြောင့် အသက်ဆုံးရှုံးသောအခါ ကရုဏာကြေးသာရပြီး နစ်နာကြေးမရသဖြင့် နစ်နာကြေးပေးရန် အစီအစဉ် ရှိ မရှိကို မေးမြန်းရာ စည်ပင်သာယာရေးဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခြင်းဖြစ်သည်။

လျော်ကြေးပေးအပ် ထောက်ပံ့နိုင်ရေး မူဝါဒတစ်ရပ်ကို ၂၀၁၅ ခုနှစ် မတ်လ ၁၆ ရက်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါ မူဝါဒအရ လျော်ကြေးထောက်ပံ့ရေး အလုပ်အမှုဆောင် အဖွဲ့သည် လုပ်ငန်းပြ အလုပ်သမားများ တာဝန်ထမ်းဆောင်ချိန်အတွင်း ထိခိုက်မှုများနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ပြုမည့်ကာလနှင့် ပေးအပ်မည့် ငွေကြေးတို့ကို စိစစ်ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

ကိုငှက်ခါး

---

နောက်ကျောဖုံး ကြိုးဝိုင်းအပြင် မှအဆက်

နိုင်ငံရေး ဆက်လုပ်မယ်မယ်ဆိုရင် အဘအနားမှာနေပြီး အဘရဲ့ကျန်းမာရေးကို ဂရုစိုက်ဖို့ မှာခဲ့တယ်"ဟု နိုင်ငံရေးလောကထဲ ပြန်လည်ရောက်ရှိလာပုံကို ပြောပြသည်။

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတို့တွင် သူရဦးတင်ဦးနှင့်အတူ တိုင်းနှင့် ပြည်နယ်အနှံ့ မဲဆွယ်စည်းရုံးရေးခရီးစဉ်များတွင် လိုက်ပါဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ် မေလအတွင်း သူရဦးတင်ဦး လေဖြတ်သည့် အချိန်တွင်လည်း အနီးကပ်စောင့်ရှောက်မှု ပေးနိုင်ခဲ့ကြောင်း သူကပြောသည်။ လက်ရှိအချိန်တွင် သူရဦးတင်ဦး၏ ကျန်းမာရေးသည် ၈၀ ရာခိုင်နှုန်းခန့် ကောင်းမွန်နေပြီး နေ့စဉ်သတင်းစာများကို ဖတ်ရှုနိုင်နေပြီ ဖြစ်သည်။ ထို့ပြင် တုတ်ကောက်ဖြင့် လမ်းလျှောက်နိုင်ပြီဟုလည်း သူက ပြောသည်။

"အဘရဲ့ ဇာတာအရ ဆိုးဆိုးရွားရွား မဖြစ်နိုင်ဘူးလို့ သိထားပေမယ့် အသက်ကြီးနေတော့ စိတ်တော့ပူမိတာပေါ့။ အခုတော့ ကောင်းနေပါပြီ။ ကျွန်တော်ကတော့ နေ့စဉ်အဘအတွက် လိုအပ်တဲ့ဆေးတွေ ဝယ်ပေးတာ။ ဆရာဝန်ခေါ် ပေးတာ။ အစားအသောက်စီစဉ်ပေးတာတွေ လုပ်ပေးရပါတယ်"ဟု နေ့စဉ်ဆောင်ရွက်ရသည့် အလုပ်များကို ပြောပြသည်။

သူရဦးတင်ဦးသည် လူတိုင်းလူတိုင်းကို မေတ္တာတရားဖြင့်သာ ဆက်ဆံလေ့ရှိသည့် လေးစားစရာကောင်းသူတစ်ဦးဖြစ်ကြောင်းနှင့် စည်ကမ်းလိုက်နာတစ်ဦး ဖြစ်ကြောင်း သူကပြောသည်။

"ဗိုလ်ကြီးအုန်းကျော်မြင့်တို့ ကိစ္စဆိုရင် အဘကသူကိုယ်တိုင်ဘာမှ မသိဘဲစွပ်စွဲခံရတာလို့ ပြောထားတယ်လေ။ အဲဒီအတွက် သူ့မှာ ဘာပင်စင်မှလည်း မရခဲ့ဘူး။ ပိုင်ဆိုင်မှုတွေလည်း အသိမ်းခံခဲ့ရတယ်။ ဒီနေ့အထိ ဘာအကျိုးခံစားခွင့်မှ မရပါဘူး။ လေးစားစရာကောင်းတဲ့ ပုဂ္ဂိုလ်ပါ။ တပည့်တွေအပေါ်မှာလည်း ခွဲခြားဆက်ဆံတာမျိုး မရှိပါဘူး။ တပ်မတော်ခေါင်းဆောင်ဘဝမှာရော၊ နိုင်ငံရေးသမားဘဝမှာပါ လူချစ်လူခင်များခဲ့တာ ဖြစ်တယ်လို့ထင်ပါတယ်"ဟု ဦးမြင့်ဦးက သူ့ဆရာ အကြောင်းကို ပြောပြသည်။

အစ္စလာမ်ဘာသာဝင်တစ်ဦးဖြစ်သော ဦးမြင့်ဦးသည် သူရဦးတင်ဦးနှင့်အတူ ဗုဒ္ဓဘာသာ အခမ်းအနားများကို တက်ရောက်ခဲ့ရသော်လည်း လိုက်လျောညီထွေ နေထိုင်နိုင်ခဲ့သည်။ ဗန်းမော်ဆရာတော်ကြီးနှင့် သီတဂူဆရာတော်ကြီးတို့ကို လေးစားကြည်ညိုပြီး ဆရာတော်ကြီးများ၏ အဆုံးအမများကို နာယူမှတ်သားလေ့ရှိကြောင်း သူက ပြောသည်။

"ကျွန်တော်က ဘာသာရေးအစွန်းရောက်သမား မဟုတ်ပါဘူး။ အားလုံးနဲ့ လိုက်လျောညီထွေဖြစ်အောင် နေထိုင်ပါတယ်။ ဆရာတော်ကြီးတွေနဲ့ တွေ့တဲ့အခါမှာလည်း ဗုဒ္ဓဘာသာဝင်တွေရဲ့ ပြုမူဆောင်ရွက်ပုံအတိုင်း လုပ်ဆောင်ပါတယ်"ဟု သူကပြောသည်။

သူရဦးတင်ဦးအနားတွင် နေပြီး နေ့စဉ် ပြုလုပ်ရမည့်ကိစ္စများကို ဆောင်ရွက်ပေးနေသော်လည်း လစာယူခြင်းမရှိဟု သိရသည်။ ဦးမြင့်ဦးတို့ မိသားစု၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ရန်ကုန်-မန္တလေး မီးရထားလမ်းပိုင်းတွင် ကုန်ပို့ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသည့်အတွက် စီးပွားရေးအဆင်ပြေသည်ဟု ၎င်းက ပြောသည်။

"လစာတွေဘာတွေ မရပါဘူး။ အဖွဲ့ချုပ်ဆီက နေလည်း ဘာမှ မမျှော်လင့်ထားပါဘူး"ဟု ၎င်းက ပြောသည်။

ရေတပ်ကို ခင်တွယ်သဖြင့် တပ်မတော်ရေ ကိုယ်စားပြုပြီး လက်ဝှေ့ထိုးခဲ့သည့် ဦးမြင့်ဦးသည် ရေတပ်မှ တပ်ကြပ်ကြီးတစ်ဦး၏ သမီးနှင့် အိမ်ထောင်ကျခဲ့ပြီး သားသမီး ငါးဦး ထွန်းကားခဲ့သည်။ ဦးမြင့်ဦးသည် လက်ရှိအချိန်တွင် NLD ပါတီ၏ ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်နေဆဲဖြစ်ပြီး သုဝဏ္ဏတွင် မိသားစုနှင့်အတူ နေထိုင်လျက် ရှိနေသည်။

အသက်(၅၅)နှစ် ရှိပြီဖြစ်သော်လည်း ဦးမြင့်ဦးသည် ငယ်စဉ်က အားကစားပြုလုပ်ခဲ့သည့်အတွက် ကျန်းမာကြံ့ခိုင်ပြီး သွက်လက်နေဆဲ ဖြစ်သည်။ ၂၀၁၂ ခုနှစ်မှစ၍ အသက်(၇၃)နှစ်အရွယ် မိခင်ကြီးရှိရာ ဇာတိမြေမြိတ်သို့ တစ်နှစ်တစ်ခါရောက်အောင် ပြန်လေ့ရှိသည်ဟု ဆိုသည်။ သူ့ဆရာ သူရဦးတင်ဦး အနားတွင်တော့ သက်ဆုံးတိုင်နေသွားမည်ဟု သူဆုံးဖြတ်ထားသည်။

"ကျွန်တော် အရင်သေမလား။ အဘအရင်သေမလား မပြောတတ်ဘူး။ ကျွန်တော်ကတော့ သေရင်တောင် အဘအနားမှာပဲ သေချင်တယ် ..."။

နန္ဒမျိုးဆောင်

www.free4readers.com

SPEAKER news journal

# ချစ်သူကို ချပြချင်ပေမယ့် ဝေဖန်တိုက်ခိုက် ပြောဆိုကြမှာ စိုးရိမ်မိသည်

## သရုပ်ဆောင် အေးမြတ်သူ နှင့် တွေ့ဆုံခြင်း

■ ဘုန်းနေလ (ဒဂုံတက္ကသိုလ်)

အနုပညာအလုပ်တွေကို အရင်ကထက် ပိုမိုလုပ်ကိုင်လာနိုင်သည့်အပြင် သရုပ်ဆောင်နှင့်ပတ်သက်ပြီး ပိုမိုပီပြင်လာခြင်းကြောင့် ရုပ်ရှင်ဇာတ်ကားတိုင်းတွင် ပါဝင်သရုပ်ဆောင်ခွင့်ရလာသည့် အေးမြတ်သူကို တွေ့ဆုံပြီး ရင်ထဲက ချစ်သူအကြောင်းကို ဖွင့်ဟမေးမြန်းခဲ့သည်များကို Speaker ပရိသတ်အတွက် ဖော်ပြပေးလိုက်ပါတယ်။

**Speaker။ ။ ၂၄ နာရီ ၁ ချစ် ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားတာကို ပြောပြပါဦး။**

AMT။ ။ ဟုတ်ကဲ့ပါရှင့်။ ၂၄ နာရီ ဇာတ်ကားဟာဆိုရင် ဟာသလေးတွေနဲ့ ရယ်မောပျော်ရွှင်စေရမယ်လို့ အာမခံပါတယ်ရှင့်။ အချစ်ဇာတ်လမ်းနဲ့ ဟာသ ရောပွှမ်းထားတဲ့ ဇာတ်ကားပါ။ ဒီကားကို လာရောက်အားပေးစေချင်ပါတယ်။ ဒီကားက ၂၀၁၅ ကစပြီး ရိုက်ခဲ့တဲ့ဇာတ်ကား ဖြစ်ပါတယ်။ အေးမြတ်သူဘက်က အနည်းငယ်လေး လိုအပ်ချက်တွေ ရှိတယ်ဆိုရင် လျှော့ပေါ့ပြီး ကြည့်ပေးစေချင်ပါတယ်။ ဒါကို မေတ္တာရပ်ခံချင်ပါတယ်။ အားလုံးပျော်စေရမယ်ဆိုတာကို အာမခံပါတယ်။ အလွန်အကျူးမဟုတ်ဘဲ ရပ်ကွက်ထဲမှာဖြစ်လေ့ဖြစ်ထရှိတဲ့ စကားပြော ဟာသလေးတွေနဲ့ သဘာဝဆန်တဲ့ ဟာသလေးတွေကို တွေ့ရမှာဖြစ်ပါတယ်။

**Speaker။ ။ လတ်တလော ဘာတွေလှုပ်ရှားမှုတွေရှိနေလဲ။**

AMT။ ။ အေးမြတ်သူ လတ်တလောက Sleeping aweek ရိုက်နေတာ ကြာပါပြီ။ ရက်ပေါင်း ၆၀ လောက်ရှိနေပြီ။ လကုန်မှာ 'အလျှံပယ်' ဆိုတဲ့ ရုပ်ရှင်ဇာတ်ကား ရိုက်ပါမယ်။ ဒါရိုက်တာ ကိုစတီးပါ။ ကိုထွန်းထွန်း၊ အလင်းရောင်၊ မခိုင်သင်းကြည်၊ မသက်မွန်၊ ရွှေသမီး၊ မေမြင့်မိုရ်နဲ့ အေးမြတ်သူပါမယ်။ မရိုက်ရသေးပါဘူး။ စက်ရုံမှာ ဝန်ထမ်းကောင်မလေးတွေရဲ့ အခက်အခဲတွေကို ရိုက်မှာပါ။

**Speaker။ ။ ဇာတ်ကားတွေ ရိုက်ကူးခွင့်နဲ့ နေရာတစ်ခုရရှိလာပြီဖြစ်တဲ့ အေးမြတ်သူအနေနဲ့ ဇာတ်ကောင်စရိုက်တွေ၊ လုပ်ပိုင်ခွင့်တွေကို ကိုယ့်ရိုက်ကွင်းမှာ လုပ်ခွင့်ရှိပြီလား။**

AMT။ ။ ဒါရိုက်တာနဲ့ တိုင်ပင်ပြီးတော့ လုပ်သွားမှာပါ။ ဒါရိုက်တာရဲ့ ဆုံးဖြတ်ချက်ကို အလေးထားပါတယ်။ ကိုယ်လုပ်ချင်တာကို ဘယ်တော့မှ ကိုယ်မလုပ်ဘူး။ ကိုယ်လုပ်ချင်တဲ့ အရာကိုဆိုရင် ပြောကြည့်တယ်။ ဒါရိုက်တာက သင့်တော်တယ်ဆိုရင် လုပ်တယ်။ ဒါရိုက်တာက မဟုတ်ဘူး။ မလုပ်သင့်ဘူး၊ မသင့်တော်ဘူး။ ဒီဇာတ်ကောင်က ဘယ်လိုမျိုးဆိုတာလို့ပြောရင် ဒါရိုက်တာရဲ့ စကားကို အေးမြတ်သူ နားထောင်ပါတယ်။ အလေးထားပါတယ်။

**Speaker။ ။ မိုးကောင်းကင်အိပ်မက် ဇာတ်လမ်းတွဲမှာ အေးမြတ်သူကို ပရိသတ် တွေ မုန်းနေကြတဲ့ အပေါ်ကို ဘယ်လိုပြောချင်လဲ။**

AMT။ ။ အေးမြတ်သူက ဇာတ်ပို့ ဇာတ်ဆောင်ရယ်လို့ မစဉ်းစားဘူး။ အေးမြတ်သူက နေခြည်ဝင့်ထည်ဆိုတဲ့ ဇာတ်ကောင်မှာ အရမ်းကိုဆိုးတဲ့ ဇာတ်ကောင် ဖြစ်တယ်။ လက်ခံတယ်၊ လက်မခံတယ် နေရာမှာ အေးမြတ်သူက ဇာတ်ကောင်ကို မကြည့်ဘဲနဲ့ ပရိသတ်ရဲ့ မေတ္တာတရားနဲ့ အေးမြတ်သူ ကြည့်တယ်။ ဘာလို့ အဲဒီလိုပြောလည်းဆိုရင် ဒီဘက်ခေတ်မှာ ဗီဒီယိုတွေက ရှားပါးသွားတယ်ရှင့်။ နယ်တွေမှာလည်း ဈေးကွက်တွေ ပျက်ယွင်းမှုတွေကြောင့် သိပ်မထွက်နိုင်ဘူး။ ရုပ်ရှင်ကားကြီးဆိုရင်လည်း ရုံကြီးတွေမှာ တင်မှသာ လာကြည့်ရတာ။ နယ် ရပ်ဝေးတွေမှာ။ နိုင်ငံရပ်ခြားမှာပေါ့။ နိုင်ငံခြားကို ခဏဖယ်လိုက်ဦး။ ရုံတွေ မရှိတဲ့ နေရာမှာTVတော့ ရှိတယ်။ တောရော မြို့ပါမကျန် အကုန်လုံးမှာ တီဗွီကြည့်ကြတယ်။ တီဗွီကြည့်တဲ့ အိမ်တိုင်းက ဇာတ်လမ်းတွဲကြည့်ကြတယ်။ အေးမြတ်သူ အဲဒါကို စဉ်းစားပြီးတော့ အေးမြတ်သူ ဒီဇာတ်ကားကို လက်ခံလိုက်တယ်။ ငါချစ်တဲ့သူတွေ၊ ငါ့ကိုချစ်တဲ့သူတွေနဲ့ ငါအမြဲတမ်းနီးစပ်ခွင့်ရမယ်။ ဒါကကြီးမားတဲ့ အခွင့်အရေးတစ်ခုပဲ။ ငါက ဒီဇာတ်ကောင်နဲ့မှ မလိုက်တာဆိုတာကို မစဉ်းစားဘူး။ ပရိသတ်ကို ချစ်တယ်။ ပရိသတ်နဲ့ အနီးဆုံးနေရာမှာ နေချင်တဲ့ စိတ်တစ်ခုနဲ့ လက်ခံလိုက်တယ်။ ဒါပြီးတော့ ပြတဲ့အခါပေါ့။ အေးမြတ်သူ ထင်တာက မြန်မာနိုင်ငံအနှံ့နှံ့လို့ ထင်ခဲ့တာ။ အခုကတော့ မဟုတ်ဘူး။ Pyone Play ကနေတစ်ဆင့် မလေးရှားတို့၊ စင်ကာပူတို့မှာ ရောက်နေတဲ့သူတွေကပါ ကြည့်တယ်။ ဒါအေးမြတ်သူ သိသလောက်ပေါ့နော်။ အင်တာနက်ကောင်းတဲ့ နေရာမှာလည်း Pyone Play ရှိရင် ကြည့်ကြမှာပဲဆိုတော့။ ဒါဆိုရင် ငါဒီဇာတ်ကားကို လက်ခံလိုက်တာ မှန်သွားပြီလို့ ခံစားရတယ်ရှင့်။ အကုန်လုံးရဲ့ ရင်ထဲကို၊ အကုန်လုံးရဲ့ စိတ်ထဲကို ရောက်တယ်။ ကြည့်တဲ့သူတွေက အေးမြတ်သူကို အကုန်လုံးက စိတ်ဆိုးနေတာလေ။ စိတ်တိုနေကြတယ်။ အေးမြတ်သူက အရမ်းကို မုန်းဖို့ကောင်းတယ်။ အရမ်းဆိုးတဲ့ မိန်းမဆိုတော့ အဲဒါကို ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုတယ်လို့ အေးမြတ်သူ ခံစားရတယ်။

**Speaker။ ။ အေးမြတ်သူရဲ့ သရုပ်ဆောင်ချက်တွေပီပြင်တော့ ပရိသတ်တွေက အနုပညာကိုမမြင်ဘဲ အထင်မြင်လွဲသွားကြတာလည်း ရှိတော့ ဘယ်လိုခံစားရလဲ။**

AMT။ ။ မသိတဲ့စိတ်က အားငယ်စိတ်တော့ ဝင်မိတာပေါ့။ တချို့ comments တွေဖတ်တဲ့အချိန်ကြရင် အရမ်းမုန်းတယ်။ အဲဒါကြောင့် အားမပေးတာတို့၊ အရင်ကတည်းက အားမပေးဘူးတို့၊ အဲဒီလိုတွေ ပါကြတယ်။ ရေးကြတယ်။ ဒါပေမဲ့လည်း ငါ့ရဲ့သရုပ်ဆောင်မှုကို ဒါဟာ အသိအမှတ်ပြုကြတာပဲ။ ချစ်တဲ့သူတွေကတော့ မရိုက်တော့ပါနဲ့နော်။ မကြည့်ရက်ဘူး။ မကြည့်ချင်ဘူး ဆိုကြတယ်။ ဒီလိုဇာတ်ကောင်နဲ့ကို ပြောကြတယ်။ အေးမြတ် သူကတော့ ဘာပဲပြောပြော ပျော်တယ်ရှင့်။ အေးမြတ်သူအနေနဲ့ ကိုယ့်ကိုယ်ကိုယ်ထက် ပရိသတ်ကို ချစ်တဲ့ အချစ်တစ်ခုကို ထုတ်ပြခွင့်ရတဲ့ အတွက်ကြောင့်လို့ ခံစားရပါတယ်။ ကိုယ့်ကိုယ်ကိုယ် မငဲ့ဘဲနဲ့ပေါ့နော်။

**Speaker။ ။ ဒါဆိုပရိသတ်ကို အနုပညာအလုပ် အပြည့်လုပ်ပြခဲ့တယ်လို့ ဆိုရမှာပေါ့။**

AMT။ ။ အပြည့်ရှိတယ်။ အေးမြတ်သူကတော့ အပြည့်အဝ အကောင်းဆုံးဖြစ် အောင် လုပ်တယ်။ ဒါပေမဲ့ ရလာတဲ့အဖြေက ပရိသတ်အပေါ် မူတည်ပါတယ်။ ကိုယ်ဒီအချိန် ဒီအခါမှာ လုပ်ခွင့်ရတဲ့အချိန်မှာ အကောင်းဆုံးဖြစ်အောင် လုပ်ပါတယ်။ အဲဒီကကောင်းကျိုး၊ ဆိုးကျိုးက ပရိသတ်တွေရဲ့ ဝေဖန်မှုပေါ် မူတည်ပါတယ်ရှင့်။

**Speaker။ ။ ဇာတ်ကားတွေ ရိုက်ရင် အေးမြတ်သူအနေနဲ့ ခုနောက်ပိုင်း ကြိုတင်ပြင်ဆင်လာတဲ့ သဘောလား။**

ဖြေ။ ။ အေးမြတ်သူတို့ ရိုက်ကွင်းပေါ်မှာ ပြင်ဆင်တာထက်စာရင် ကြိုတင် ပြင်ဆင်မှုအနေနဲ့ကလည်း ကြိုတင်ပြင်ဆင်သင့်တယ်။ ဒီလိုကြိုတင်ပြင်ဆင်မှုမှာ ထွက်လာတဲ့အချိန်ကြရင်ရတဲ့ ကောင်းခြင်းဆိုးခြင်းကို ပရိသတ်က တိုက်ရိုက်ပေးတာ။ ပရိသတ်က ဘယ်တော့မှ မညာဘူး။ ဘယ်တော့မှလည်း မလိမ်ဘူး။ ကိုယ်ခိုလိုက်ရင် ခိုလိုက်တဲ့ အလျောက်။ လျှော့လိုက်ရင် လျှော့လိုက်တဲ့ အလျောက် ပရိသတ်တွေက သိတယ်။ အဲဒီအချိန်ခါကြရင် ပရိသတ်က ကိုယ့်ကိုမုန်းသွားတတ်တယ်။ ကိုယ့်ကိုပရိသတ်က ချစ်လာအောင်လို့ ကြိုးစားသင့်တယ်။ အားလုံးကပေါ့နော်။ ကိုယ့်ကို ပရိသတ်မုန်းသွားမှာ အရမ်းကြောက်တယ်။ ဒီအနုပညာသရုပ်ဆောင်အလုပ်ဟာ အေးမြတ်သူရဲ့ အသက် မွေးဝမ်းကျောင်းအလုပ်ဖြစ်ပါတယ်။ အဲဒါကြောင့် အေးမြတ်သူသည် ဘယ်တော့မဆို ဘယ်ဟာပဲဖြစ်ဖြစ် ပြင်ဆင်တယ်။ ဇာတ်ကောင်တစ်ခုရမယ်ဆိုရင် ဇာတ်ဆောင်ဆိုတာကို စိတ်မဝင်စားဘူး။ ဒီထဲက ဇာတ်ကောင်ရဲ့ မဖြူမနီဆိုတာကိုပဲ စိတ်ဝင်စားတယ်။ အကောင်းဆုံးဖြစ်အောင် ကြိုးစားပါတယ်။ အဲဒီတော့ တချို့က အေးမြတ်သူကို ပြောတယ်။ အလုပ်လောဘကြီးတယ်ပေါ့နော်။ အဲဒီလို ပြောကြပါတယ်။ အေးမြတ်သူအနေနဲ့ အလုပ်လောဘကြီးရတာကိုတော့ ပျော်ပါတယ်ရှင့်။ ဘာလို့ဆိုရင် ဒါတွေက ကိုယ့်ကို ရပ်တည်မှုတစ်ခု ပေးတာကြောင့် တန်ဖိုးထားတာ။

**Speaker။ ။ ချူဆီဇာတ်ကားထဲမှာ KTV မှာ အလုပ်လုပ်ရတဲ့ ကောင်မလေးအဖြစ် သရုပ်ဆောင်ခဲ့ရတာဆိုတော့ အပြင်မှာရော ကိုယ်တိုင်ကြုံဖူးလား။ လေ့လာလား။**

AMT။ ။ အေးမြတ်သူ ပြောပါတယ်။ ဒီ မထက်နေရာက အရမ်းကြီးကြိုးစားစရာ အများကြီး မလိုပါဘူး။ ဘာလို့ မလိုလည်းဆိုတော့ KTV ဇာတ်ကောင်စရိုက်တွေ အေးမြတ်သူ ရိုက်ဖူးတယ်။ ဟာသပဲဖြစ်ဖြစ်၊ ဒရမ်မာပဲ ဖြစ်ဖြစ်ပေါ့။ KTV ထဲက မိန်းကလေးဖြစ်ရတာကို အေးမြတ်သူ အတွက် အထူးအဆန်း မဟုတ်ဘူး။ ဘာက ထူးဆန်းလည်းဆိုတော့ မထက်က ထူးဆန်းတယ်ရှင့်။ မထက်က သူဘာဖြစ်ချင်တာလဲ။ သူရဲ့သွားမယ့် အနာဂတ်က ဘာလဲ။ သူ ဘာလုပ်နေတာလဲ။ သူ့စိတ်ကိုသိဖို့ ကြိုးစားရပါတယ်။ အဲဒါကိုသိဖို့ ကြိုးစားရတယ်။ ဒါကိုသိသွားတဲ့အတွက် အေးမြတ်သူ အတွက်က ဘာမှအခက်အခဲမရှိဘဲနဲ့ လုပ်နိုင်ခဲ့တယ်ပေါ့နော်။

**Speaker။ ။ အဲဒီလို KTV မှာလုပ်တဲ့ ကောင်မလေးတွေကို အပြင်မှာ မြင်တွေ့ချိန်မှာ ဘယ်လို Feeling ဖြစ်မိလဲ။**

AMT။ ။ အေးမြတ်သူ အမြဲတမ်း ပြောပါတယ်။



ဓာတ်ပုံ–ကော်မင်းနိုင်(ဒီပဲယင်း)

စာမျက်နှာ (၂၆) သို့

www.free4readers.com

## CLEAR, DOVE နှင့် SUNSILK မှ သဘာဝပါဝင်ပစ္စည်းများဖြင့် ဖန်တီးထုတ်လုပ်ထားသည့် ခေါင်းလျှော်ရည် အမျိုးအစားအသစ်များအား မိတ်ဆက်




ရန်ကုန်၊ အောက်တိုဘာ ၁

မြန်မာနိုင်ငံရှိ သုံးစွဲသူတိုင်း လှပပြီး ကျန်းမာသည့် ဆံကေသာများ ရရှိစေရန်အတွက် သဘာဝပါဝင်ပစ္စည်းများဖြင့် ပေါင်းစပ် ဖန်တီး ထုတ်လုပ်ထားသော CLEAR,DOVE နှင့် SUNSILK တို့၏ Total Hair Natural အမျိုးအစားသစ်များကို အောက်တိုဘာ ၁ ရက်တွင် မိတ်ဆက်ပေးလိုက်ကြောင်း သိရသည်။

"မြန်မာနိုင်ငံက သုံးစွဲသူတွေအနေနဲ့ အမြဲတမ်း တစ်ကိုယ်ရည် လှပကြော့ရှင်းနေစေပြီး မိမိကိုယ်ကိုယ် ယုံကြည်မှုတွေ အစဉ်တိုးပွားနေစေဖို့ Unilever အနေနဲ့ အကောင်းဆုံးထုတ်ကုန်တွေကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက် ရှိပါတယ်။ ဒီနေ့မှာလည်း သုံးစွဲသူတွေ အဆင်ပြေစေဖို့အတွက် CLEAR၊ DOVE နှင့် SUNSILK တို့ရဲ့ အမျိုးအစားသစ်တွေကို မိတ်ဆက်နိုင်ခဲ့တဲ့အတွက် ဝမ်းသာမိပါတယ်။ အသစ်ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေရဲ့ အရည်အသွေးတွေကို သုံးစွဲသူတွေအနေနဲ့ အကောင်းဆုံးရရှိမှာ ဖြစ်ပါတယ်"ဟု အလှကုန်နှင့် တစ်ကိုယ်ရည်သုံး ထုတ်ကုန်ဆိုင်ရာ ဈေးကွက်ရှာဖွေရေး ဒါရိုက်တာ Mr Nipun Talwar က ပြောကြားခဲ့သည်။

ခေါင်းလျှော်ရည်သစ်များမှာ Clear herbal care၊ Dove Thickening Rituval စသည့်ကုန်ပစ္စည်းသစ် ခြောက်မျိုးကို မိတ်ဆက်ပေးခဲ့ခြင်းဖြစ်ကာ အဆိုပါကုန်ပစ္စည်းများကို မြန်မာနိုင်ငံတစ်ဝန်းတွင် ရရှိနိုင်ပြီဖြစ်ကြောင်း၊ အဆိုပါအခမ်းအနားတွင် Brand Ambassador များဖြစ်ကြသည့် မော်ဒယ်သရုပ်ဆောင် မေမြတ်နိုး၊ တေးသံရှင် ပန်းရောင်ခြယ်၊ ဖြိုးပြည့်စုံထွန်း၊ ခင်ြမ်းဖြူ၊ ပန်းသွန်းခြယ်၊ နော်ဖောအယ်ထား၊ မေတိုးခိုင်နှင့် အခြားဖိတ်ကြားထားသည့် သရုပ်ဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထက်သာခိုင်




## Huawei Device Myanmar ၏ ရင်ခုန်စိတ်လှုပ်ရှားဖွယ် ကောင်းသည့် Mobile Legands ဂိမ်းပြိုင်ပွဲကျင်းပ

ရန်ကုန်၊ အောက်တိုဘာ ၁

Huawei Device Myanmar သည် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကောင်းသည့် Mobile Legends ဂိမ်းပြိုင်ပွဲကို စက်တင်ဘာ ၃၀ ရက်က Junction city တွင် နံနက် ၁၀နာရီခွဲက ကျင်းပခဲ့သည်။ Mobile Legemds Championship ပြိုင်ပွဲတွင် စမတ်ဖုန်းများဖြင့် မြန်မာနိုင်ငံ၏ e-gaming အတွေ့အကြုံကို တိုးမြှင့်ခြင်းဖြစ်ပြီး Huawei Nova3 ၏ ချောမွေ့မြန်ဆန်သည့် ဂိမ်းအတွေ့အကြုံများကို မြန်မာလူငယ်ပရိသတ်များ လက်တွေ့ခံစားနိုင်စေရန် ကျင်းပခြင်းဖြစ်သည်ဟုသိရသည်။ အဆိုပါပြိုင်ပွဲကို စက်တင်ဘာလ ၂၂ ရက်တွင် စတင်ခဲ့ပြီး နောက်ဆုံးအသင်းလေးသင်းသည် ဖိုင်နယ်ပွဲစဉ်ကို တက်ရောက်လာခဲ့ပြီး championship ပွဲစဉ် တစ်လျှောက်တွင် Telenor Myanmar မှ ၎င်းတို့၏ လူကြိုက်များနေသည့် broadband service ဖြင့် အင်တာနက်ချိတ်ဆက်ပြီး ပံ့ပိုးပေးခဲ့သည်ဟု Marketing Director မခင်ရတနာဝင်းက ပြောသည်။

ပြိုင်ပွဲတွင် ပထမဆုကို Nova3 ဖုန်း၊ Telenor Broadband၊ In-game15000 Diamonds၊ ဒုတိယရသူကို In-game 10000 Diamonds ၊ တတိယဆုရရှိသူကို In-game Diamonds 5000၊စတုတ္ထရသည့် အသင်းကို In-game 2500 Diamonds ဆုများကို ဆုလက်ဆောင်အဖြစ် ပေးအပ်သွားမည်ဟု သိရသည်။

PNL



## အနုပညာရှင်များစွာ ပါဝင်သည့် "we are oppo voocer" Campaign ကို ကျင်းပ

ရန်ကုန်၊ အောက်တိုဘာ ၁

အနုပညာရှင်များစွာပါဝင်သည့် "we are oppo voocer"Campaign ကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲက Sule Square တွင် ကျင်းပခဲ့သည်။

ယင်းပွဲတွင် ထူးခြားဆန်းသစ်သည့် Oppo f9 Starry Purple အရောင်သစ်ကို မိတ်ဆက်ပေးခဲ့ပြီး Oppo Myanmar က ကမ္ဘာ့အမြန်ဆုံး အားသွင်းနည်းပညာ ဖြစ်သည့် Vooc flash Charge သုံးစွဲသူများ ကိုယ်တိုင်ပါဝင် ဆင်နွှဲနိုင်စေမည့် "We are Oppo Voocer" ပြိုင်ပွဲကို အနုပညာရှင်များဖြစ်ကြသည့် မျိုးကြီး၊ ပိုင်ဖြိုးသု၊ ပိုင်တံခွန်၊ တိုင်ရွှန်း၊ မေတိုးခိုင်၊ ခင်ြမ်းဖြူတို့က ပါဝင်အားဖြည့်ခြင်းနှင့်အတူ Vooc flash charge နည်းပညာသုံးစွဲသူများ ပါဝင်လာစေရန် Oppo Myanmar (Facebook page) မှ တစ်ဆင့်စိတ်ပါဝင်စားသူများကို မိမိတို့နှစ်သက်သည့် အနုပညာရှင်များနှင့်အတူပါဝင်ယှဉ်ပြိုင်စေရန်အတွက် ပြိုင်ပွဲဝင် စည်းကမ်းချက်များနှင့်အတူ post တြိုတင်ဖိတ်ကြားခဲ့ခြင်း ဖြစ်သည်။ အဆိုတော်မျိုးကြီးက ဒိုင်အဖြစ် ဆောင်ရွက်ပေးခဲ့ပြီး အနုပညာရှင်တစ်ဦးစီ ဦးဆောင်ထားသည့် အဖွဲ့ငါးဖွဲ့က အောင်နိုင်သူဖြစ်စေရန် ယှဉ်ပြိုင်ကြခြင်းဖြစ်သည်ဟု သိရသည်။

PNL

The Speaker Cartoon




## ယုံကြည်ချက်၊ ခံယူချက်ချင်းတူကြသည့် IC အဖွဲ့သားများသီချင်း အွန်လိုင်းတွင် စတင်ရောင်းချမည်ဟု မျိုးကြီးဆို



ရန်ကုန်၊ အောက်တိုဘာ ၁

မြန်မာနိုင်ငံ၏ ထိပ်တန်းရော့ခ် အဆိုတော်များဖြစ်ကြသည့် IC အဖွဲ့မှအဆိုတော်များ၏သီချင်းများကို အွန်လိုင်းတွင် စတင်ရောင်းချမည်ဖြစ်ခြင်းကြောင့် လက်ရှိတွင် စိတ်ကြိုက် ဖန်တီးလျက်ရှိသည်ဟု မျိုးကြီးက ပြောသည်။

"ယနေ့အချိန်ထိ အောင်မြင်နေခြင်းက ယုံကြည်ချက်ခြင်းတူကြတယ်။ ခံယူချက်ခြင်းတူတယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတယ်။ ဒါပါပဲ။ ကျွန်တော်တို့က ရော့ခ်မြူဇစ်ကိုး။ စင်ပေါ်မှာတော့ ကြမ်းတယ်။ သီချင်းတွေ ခပ်ကြမ်းကြမ်းတွေဆိုကြတယ်။ အပြင်မှာတော့ အကုန်လုံးသဘော ကောင်းကြပါတယ်။

ရော့ခ်သမားတွေက အသဲနုကြတယ်ဆိုပေမယ့် ဘယ်သူက အသဲအနုဆုံးဆိုတာကိုတော့ မပြောတတ်ဘူး။ သီချင်းတွေက ပြုပြီးတော့ ထွက်လာလိမ့်မယ်ထင်တယ်။ ကိုလေးဖြူ ကိုအငဲ၊ ကိုဝိုင်း၊ ကျွန်တော်နောက်ဆုံးမှ ထွက်လာလိမ့်မယ်ထင်တယ်။ ခုလုပ်နေတာက ကိုလေးဖြူရော၊ ကိုဝိုင်းရောပြီးတော့မယ်။ ကျွန်တော်က နောက်ကျနေတာ ဆိုတော့ နောက်ဆုံး ဖြစ်လိမ့်မယ် ထင်တယ်။ သီချင်းတွေကို အွန်လိုင်းပဲ ထွက်ဖြစ်ဖို့များပါတယ်။ ဘယ်နှပုဒ်ဖြစ်မယ်မှန်း မသိသေးဘူး။ လောလောဆယ်လျာထားတာကတော့ နှစ်ပုဒ်ကနေ လေးပုဒ်လောက်ထိတော့ လျာထားတယ်။ ဘယ်လိုဖြစ်မယ်မှန်းတော့ မသိသေးဘူး"ဟု ပြောသည်။

လာမည့် အောက်တိုဘာ ၂၃ ရက်တွင် IC ရှိုးပွဲကို ပုဂံမြေမှစတင်ကာ ဖျော်ဖြေပြီး တခြားသောမြို့များနှင့် ရန်ကုန်မြို့များတွင် လှည့်လည်ဖျော်ဖြေသွားမည်ဟု မျိုးကြီးကပြောသည်။

ဘုန်းနေလ(ဒဂုံတက္ကသိုလ်)

www.free4readers.com








ဓာတ်ပုံ-ဇော်မင်းနိုင်(ဒီပဲယင်း)

# ကြိုးဝိုင်းအပြင်က ကိုယ်ရံတော်

နန္ဒမျိုးဆောင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၏ နာယက၊ တပ်မတော်ကာကွယ်ကာကွယ်ရေး ဦးစီးချုပ်ဟောင်းနှင့် ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦး အနားတွင် အသားမဲမဲ၊ အရပ်ပုပု လူကြီးတစ်ယောက်ကို ၂၀၁၂ ခုနှစ်မှစ၍ ပြည်သူများ သတိထားမိခဲ့ကြသည်။ သူသည် သူရဦးတင်ဦး၏ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသူ ဦးမြင့်ဦး ဖြစ်သည်။

ဦးမြင့်ဦးသည် တနင်္သာရီတိုင်းဒေသကြီး မြိတ် မြို့ ကံကောင်းရပ်ကွက်တွင် မွေးဖွားခဲ့သည့် မြိတ်သား တစ်ယောက်ဖြစ်သည်။ မွေးချင်းလေးယောက်တွင် အကြီးဆုံးသား ဖြစ်သည်။ ငယ်စဉ်က လက်ဝှေ့အားကစားကို နှစ်သက်ခဲ့ပြီး အပြင်းအထန်လေ့ကျင့်ခဲ့သည်။ ထို့ကြောင့် တိုင်းနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲတွင် တနင်္သာရီတိုင်း ကိုယ်စားပြုအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ထို့နောက် ဗမာ့ လက်ရွေးစင်အဖြစ် ရွေးချယ်ခံရကာ ၁၉၈၃ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပသည့် ကျွန်းဆွယ်ပြိုင်ပွဲနှင့် ၁၉၈၆ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် ကျွန်းဆွယ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

ဦးမြင့်ဦးသည် ရှစ်တန်းတက်သည့်နှစ်တွင် မြိတ်မြို့မှ ရန်ကုန်သို့ပြောင်းရွှေ့လာခဲ့ပြီး အထက(၁) တာမွေတွင် ပညာသင်ကြားခဲ့သည်။ ရှစ်တန်းအောင်ပြီးနောက် ရန်ကုန်မြို့ နတ်မောက်စက်မှုလက်မှု အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ထို့နောက် ၁၀ တန်း စာမေးပွဲကို အထက(၁) မင်္ဂလာတောင်ညွန့်မှ ပြင်ပဖြေအဖြစ် ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့သည်။ ၁၀ တန်းအောင်ပြီးနောက် သန်လျင်တံတားတွင် ကရိန်းမောင်းလုပ်သားအဖြစ် အလုပ်လုပ်ရင်း ဗိုလ်တထောင် လုပ်သားကောလိပ်တွင် ရူပဗေဒအထူးပြုဖြင့် ကျောင်းတက်ခဲ့သည်။ ၁၉၈၇ ခုနှစ် စက်တင်ဘာလတွင် ငွေစက္ကူအချို့ကို တရားမဝင်ကြောင်း မဆလအစိုးရက ကြေညာခဲ့မှုကို မကျေနပ်သောကြောင့် ဆန္ဒပြမှုများတွင် ပါဝင်ခဲ့ပြီး နိုင်ငံရေးလောကထဲ ရောက်လာခဲ့ခြင်းဖြစ်သည်။ သူ၏ ကျောင်းပညာရေးမှာလည်း ရူပဗေဒ တတိယနှစ်ဖြင့် အဆုံးသတ်ခဲ့ရသည်။

"၈၈ မှာ နှစ်လ ထိန်းသိမ်းခံရတယ်။ တနင်္သာရီတိုင်းကို ကိုယ်စားပြုပြီး လက်ဝှေ့ထိုးရာကနေ နောက်တော့ တပ်မတော်(ရေ)ကို ကိုယ်စားပြုပြီး လက်ဝှေ့ထိုးတယ်။ ဗိုလ်မှူးဘသော် (စာရေးဆရာမောင်သော်က)နဲ့ အဲဒီမှာရင်းနှီးတယ်။ သူက ကျန်းမာရေး သိပ်မကောင်းတော့ သူ့နောက်ကို ပြုစုဖို့ လိုက်ရင်းနဲ့ ၈၈ ကြတော့ သူနဲ့အတူ နိုင်ငံရေးထဲ ပါလာခဲ့တာ။ အဲဒီအချိန်ကတည်းက ဘဘဦးတင်ဦးအိမ်မှာ ဝင်ထွက်နေတာပေါ့။

၈၈ မှာ NLD ပါတီစဖွဲ့တော့ ပါဝင်ခဲ့တယ်။ ဗိုလ်တထောင်မြို့နယ် NLD ဆိုင်းဘုတ်ကို ကျွန်တော်နဲ့ ၉၀ ပြည့်နှစ်ရွေးကောက်ပွဲ ဗိုလ်တထောင် NLD ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ကျော် တင်ခဲ့တာ"ဟု ၎င်းက ပြောသည်။

ဦးမြင့်ဦးသည် ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်း လုံခြုံရေး တာဝန်ယူခဲ့သည်။ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးတွင် မန္တလေးမြို့သို့ ရောက်ရှိနေချိန်၌ ဖမ်းဆီးခံခဲ့ရပြီး ပုဒ်မ-၁၇ (၁)၊ ၅ (ည) တို့ဖြင့် တရားစွဲကာ ထောင်ဒဏ် ၅ နှစ် ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရသည်။ မန္တလေးမြို့ အိုးဘိုထောင်နှင့် ရွှေဘိုထောင်တို့တွင် နှစ်နှစ်ကျော် ပြစ်ဒဏ်ကျခဲ့ရပြီးနောက် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလတွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။

ပြန်လည်လွတ်မြောက်လာပြီးနောက် ၂၀၁၁ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်က သူ့ကိုခေါ်ယူတွေ့ဆုံကာ သူရဦးတင်ဦးကို အနီးကပ်စောင့်ရှောက်ရန် တာဝန်ပေးခဲ့သည်ဟု ဆိုသည်။

"အန်ကယ်တီနဲ့ ကျွန်တော် ရှေ့ဆင့်နောက်ဆင့် လွတ်တယ်။ အန်ကယ်တီက နိုင်ငံရေး ဆက်လုပ်မှာလားလို့ မေးတယ်။

စာမျက်နှာ (၃၂) သို့

> အသက် ၅၅ နှစ်ရှိပြီဖြစ်သော်လည်း
> ဦးမြင့်ဦးသည် ငယ်စဉ်က
> အားကစား လိုက်စားခဲ့သည့်အတွက်
> ကျန်းမာကြံ့ခိုင်ပြီး
> သွက်လက်နေဆဲ ဖြစ်သည် ...

